www.burmeseclassic.com

သူရိန် စာပေ


# ထောင်မှူးကြီးသိန်းဝင်းနှင့်သူရိန်ထွန်း

စီစဉ်သော

# အမှတ်ထင်ထင်

အပါအဝင်

## အကျဉ်းထောင်သုတ၊ ရသဝတ္ထုတိုများ



မြောင်းမြမောင်တိုး၊ အငြိမ်းစားထောင်အရာရှိတစ်ဦး၊ မင်းသူရိန်
မတိုဇော၊ စိုးဝေ၊ ထောင်မှူးကြီးသိန်းဝင်း၊ ရေချမင်းသျှင်၊ ထောင်မှူးမေ

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

သူရိန် စာပေ

# ထောင်မှူးကြီးသိန်းဝင်းနှင့်သူရိန်စွန်း

စီစဉ်သော

## အမှတ်ထင်ထင်

အပါအဝင်

အကျဉ်းထောင်သုတ္တရသဝတ္ထုတိုများ



ပြောင်းမြှောက်တို့၊ အပြင်ထားထောင်အကျဉ်းသားတစ်ဦး၊ ဖဟိုဒေါ၊ မိုးဝေ
ထောင်မှူးကြီးသိန်းဝင်း၊ ဝေလျှပ်စင်းလှိုင်၊ ထောင်မှူးဖေဖေ၊ ဖင်းညွှန့်

www.burmeseclassic.com

စီစဉ်သူ

ထောင်မှူးကြီးသိန်းဝင်းနှင့်သူ့ရိန်ထွန်း

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၄၊ ဇူလိုင်လ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ *Myat Min Han (New Idea)*
ကွန်ပျူတာစာစီ ။ *Maw Maw (New Idea)*
အတွင်းဖလင် ။ *Zin Oo & Brothers*

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန် (ဖြိုးဝေလှုံပုံနှိပ်တိုက်) (၀၀၆၅၉)
ဆန်စက်အပိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ထုတ်ဝေသူ

ဦးသူရိန်ထွန်း (မြဲ) (၀၄၈၅၃)
သူရိန်ထွန်းစာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၁၈၀၀ ကျပ်

၈၉၅ ・ ၈၃
ကလောင်စုံ
အမှတ်ထင်ထင်အပါအဝင် အကျဉ်းထောင်သုတ၊ရသ
ဝတ္ထုတိုများ၊/ထောင်မှူးကြီးသိန်းဝင်းနှင့်သူ့ရိန်ထွန်း။ –ရန်ကုန်၊
သူရိန်ထွန်းစာပေ၊ ၂၀၁၄။
၂၆၈–စာ ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ။
(၁) အမှတ်ထင်ထင်အပါအဝင် အကျဉ်းထောင်သုတ၊ရသဝတ္ထုတိုများ။

## မာတိကာ

| စဉ် | ဝတ္ထုအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | အမှတ်ထင်ထင် | |
| | မြောင်းမြမောင်ကို | |
| ၂။ | မန္တလေးထောင်ရောက် အိန္ဒိယမျိုးချစ်သူရဲကောင်း (နေတာဂျီ) ဆုဘာတ်ချန္ဒြာဘို့စ် | ၂၁ |
| | အငြိမ်းစားထောင်အရာရှိတစ်ဦး | |
| ၃။ | ကညင်ခြောက်ပင်ရွာတနာသိုက် | ၄၄ |
| | ထောင်မှူးကြီးသိန်းဝင်း | |
| ၄။ | အမုန်းမီးတောက် | ၆၈ |
| | မိုးဝေ | |
| ၅။ | နေနှင့်အတူ | ၁၀၃ |
| | လေယျမင်းသျှင် | |
| ၆။ | စည်းခြားနေသော သီးခြားကမ္ဘာ | ၁၃၀ |
| | ထောင်မှူးမမ | |
| ၇။ | တံကျားခွင်ပေါ်က ဓိန်ခေါ်ပွဲ | ၁၆၄ |
| | ဝယ်ရိုဇော | |
| ၈။ | သား | ၂၀၂ |
| | ပင်းသူရိန် | |

www.burmeseclassic.com

www.burmeseclassic.com

16 JUL 2014



www.burmeseclassic.com

www.burmeseclassic.com

# [ ၁ ]

တိရစ္ဆာန်များ မသိနိုင်သည်ကို လူတို့က သိကြသည်။ လူတို့မသိနိုင်သည်ကို နတ်သိကြားများက သိကြပေမည်။ နတ်သိကြားများ မသိနိုင်သည်ကို ဘုရား၊ ရဟန္တာများက သိကြ၏။ သို့နှင့် လူနတ်သတ္တဝါများ မသိတတ်မှုကို အကြောင်းပြု၍ ဘုရား၊ ရဟန္တာတို့သည် သတ္တဝါများအပေါ်တွင် များစွာ ကရုဏာဖြစ်ကြသည်ဟု ဆိုလေသည်။ သို့ရာတွင် သတ္တဝါဟူသမျှသည် မိမိတို့ဖြစ်ရာဘဝတွင် ပျော်ပိုက်လျက်သာ ရှိကြလေသည်။

ထိုနည်းအတူပင် လူ့ဘဝတွင် လွတ်လပ်စွာနေရသော လူအပေါင်းတို့က အကျဉ်းထောင်တွင် ထောင်ဒဏ်ခံစားလျက် မလွတ်မလပ် နေရရှာသောသူများကို ကရုဏာသက်လေ့ ရှိကြပြန်သည်။ သို့ရာတွင် ကရုဏာအသက်ခံရသော အကျဉ်းသားများတို့သည် အမြဲစိတ်ညစ်နေသည်တော့ မဟုတ်။ နောက်ကြောင်းကို တွေးမိချိန်တွင်သာ စိတ်ညစ်ကြ၍ ဘဝခရီးတွင် ပျော်သလိုပင် နေသွားကြပေသည်။

မှန်၏။ အကျဉ်းသားဘဝသည် ကမ္ဘာ့ဒွာန်းထိုင်သူတစ်ဦးနှင့်တူသည်ဟု ဆိုရပေမည်။ အကြောင်းမှာ ကမ္ဘာ့ဒွာန်းထိုင်သူတစ်ဦးသည် တရားသဘောသက်ဝင်ကြသောအားဖြင့် ဘဝဟူသည်မကောင်း။ ဤခန္ဓာကိုယ်ကြီးသည်





အပုပ်ကောင်၊ မြင်မြင်သမျှသည် အနိစ္စသဘောရှိချေ၏ဟု တွေးနေသောအခါ သူသည် လူ့ဘဝကို ငြီးသလိုလိုတော့ ဖြစ်သွားပေမည်။ သို့ရာတွင် သူသည် ကမ္ဘာ့ဒွာန်းထိုင်ပြီးသည်နှင့် တစ်ပြိုင်နက် ထိုအာရုံမရှိတော့ဘဲ သားကျွေးမှု၊ မယားကျွေးမှုအလုပ်နှင့် ပျော်မွေ့နေပြန်တော့သည်။

အကျဉ်းသားဘဝလည်း ထိုနည်းတူပင်ဖြစ်လေသည်။ ကမ္ဘာ့ဒွာန်းဆရာကြီး လူ့ဘဝ စိတ်ညစ်စရာအလုပ်ကို တွေးသလို အကျဉ်းသားတစ်ဦးသည် သားအကြောင်း၊ မယားအကြောင်း သပ္ပရာန်ပေါင်း တွေးမိသောအခါ အလွန် စိတ်မကောင်း ဖြစ်ရပေမည်။

သို့ရာတွင် သူသည် အဆက်မပြတ် ထိုကိစ္စကို တွေးမနေပေ။ လူ့စိတ်သည် မျောက်တစ်ကောင်ကဲ့သို့ အငြိမ်နေသည်မဟုတ်၍ သူနှင့် အတူရှိနေကြသော ဘဝတူအကျဉ်းသားများနှင့် ဖြစ်သလို ပျော်နေသော အချိန်လည်း ရှိပြန်လေသည်။ ဘဝဟူသည် ဤကဲ့သို့သာမဟုတ်ပါက သက်ရှိလောကပင် ဤကမ္ဘာတွင် ရှိနိုင်တော့မည်မဟုတ်ပေ။

အကျဉ်းသားပေါင်း ငါးရာ၊ တစ်ထောင်ခန့်တို့သည် ထောင်ကြီး၏ အိပ်ထောင်နှစ်လုံးအကြား ကွင်းပြင်ကြီးတွင် ပျော်ရွှင်စွာ အော်ဟစ်ဆူညံလျက်ရှိသည်ကို အပြင်လူတစ်ဦးသာ မြင်ရပါက . . .

"ဟော . . . ဒီအကျဉ်းသားတွေ ထောင်ကျတာ စိတ်မညစ်ကြပါလား"

ဟူ၍ပင် ပြောလေမလား၊ သို့တည်းမဟုတ်၊

"အင်း . . . ထောင်ကျတာ ပျော်စရာကြီးပါလား"

ဟုပင် ထင်လေမလားမသိ။

ထောင်စကား 'အိပ်ထောင်' ဆိုသည်မှာ အကျဉ်းသားများ ညဘက်အိပ်သော အဆောက်အဦကို ခေါ်ခြင်းဖြစ်ပါသည်။

အိပ်ထောင်ကြီး တစ်လုံးတစ်လုံးတို့၏အရှည်မှာ တိုင်ပေါင်း ၄ ဆယ်ခန့်ကို တန်းစီပြီး စိုက်ကာ ဆောက်ထားသဖြင့် အပြင်လောက လေးပင်သုံးခန်းဆိုသည့် အိမ်တစ်လုံးနှင့် နှိုင်းယှဉ်ကြည့်က မည်မျှရှည်လျားကြီးမားသည်ကို ခန့်မှန်းနိုင်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ဆောင်ကြီး နှစ်လုံးကြားတွင် ကွင်းပြင်ကြီးသဖွယ်ဖြစ်နေသော မြေကွက်လပ်မှာ အကျဉ်းသားများ၏ ကစားကွင်း၊ အပန်းဖြေဥယျာဉ်ဟု ဆိုနိုင်ပေသည်။

တနင်္ဂနွေ နေ့အားများတွင် အဝတ်လျှော်သူလျှော်၊ ကစားသူကစား၊ အိပ်သူအိပ်၊ အကြံအဖန်လုပ်သူလုပ်နှင့် ဘုရားပွဲတော်ကဲ့သို့ တစ်စုတစ်ဝေး မြင်ရသော နေ့ပင်ဖြစ်သည်။

တနင်္ဂနွေနေ့ ရုံးပိတ်ရက်ဟူသည် ထောင်အမှုထမ်းများအားလုံး အတွက် အားလပ်သောနေ့မဟုတ်ပေ။ ဥပမာ–ထောင်တစ်ထောင်တွင် အမှုထမ်း အရာထမ်း ၁၀၀ ရှိအံ့။ လူငါးဆယ်က နေ့တစ်ဝက် အလုပ်လုပ်၍ တစ်ဝက်က နေ့တစ်ဝက်ကို စောင့်ပေးရသော အလုပ်မျိုးဖြစ်လေသည်။ အပြင် ရုံးများကဲ့သို့ အားလပ်သောနေ့တွင် တံခါးပိတ် ထွက်နိုင်သော အလုပ်မျိုး မဟုတ်ပေ။ အကြောင်းမှာ ထောင်ဟူသည် မိတစ်ရာ၊ မိတစ်ထောင်သားများ၏ လုံခြုံရေး၊ လူလူချင်းစောင့်ရသော အလုပ်ဖြစ်ခြင်းကြောင့်ပင်တည်း။

ထောင်မှူးရွှေမောင်သည် တနင်္ဂနွေနေ့တစ်နေ့တွင် အားလပ်ခွင့် မရဘဲ ဝတ္တရားဆောင်ရွက်ရန် ထောင်ထဲသို့ ဝင်လာခဲ့လေသည်။ ယနေ့အဖို့ ထောင်မှူးတစ်ဝက်သာ ရှိသောနေ့ဖြစ်၍ ရုံးအလုပ်ကို မလုပ်နိုင်တော့ဘဲ အကျဉ်းသားများ လုံခြုံရေးအတွက် ထောင်တစ်ထောင်လုံးကို တုတ်ထမ်း လမ်းလျှောက်လုပ်နေရလေသည်။

အကျဉ်းသားပေါင်း ငါးရာတစ်ထောင်ခန့်တို့သည် အုန်းအုန်းကျွက် ကျွက်နှင့် ရယ်ကာမောကာ ပျော်ရွှင်နေကြသည်ကို မြင်ရ၍ သူသည် တစေ့ တစောင်း အဝေးမှ လှမ်းကြည့်နေလေသည်။

ထောင်မှူးရွှေမောင် မြင်ရသောမြင်ကွင်းမှာ အကျဉ်းသားများ ပန်း ပြေးပွဲ ပြုလုပ်နေကြသည်ကို တွေ့ရ၏။ အကျဉ်းသား သူတို့အချင်းချင်း၊ အပြေးပြိုင်နေကြခြင်းမှာ စိတ်ဝင်စားစရာ ပျော်စရာကြီးပင်ဖြစ်သည်။

ဖဲရိုက်တတ်သော သူတစ်ဦးသည် ဖဲဝိုင်းကိုတွေ့လျှင် ဝင်မရိုက် သည့်တိုင် ခဏတော့ မတ်တတ်ဝင်ကြည့်လိုက်သေးသည်။ ထို့အတူ ဘောလုံး





ပွဲ၊ မြင်းပွဲ အစရှိသော ပွဲမျိုးကိုတွေ့မြင်ရပါက မိမိတို့ ဝါသနာအလျောက် ကြည့်ချင်စိတ်၊ ကိုယ်တိုင်ပင် ဝင်နွှဲချင်စိတ်များ တဖွားဖွား ပေါ်လာစမြဲ ဖြစ်သည်။

ထောင်မှူးရွှေမောင်သည် ကျောင်းသားဘဝက နာမည်ကြီး ဘော လုံးသမား၊ အပြေးသမား ဖြစ်ခဲ့လေသည်။ သူသည် ယခုတိုင်ပင် မြို့ရွာ လူကြီးတန်း ဘောအသင်းတွင် ကစားလျက်ပင်ရှိရာ အကျဉ်းသားများ ပြေး လွှားကြသည်ကို မြင်ရသောအခါ သူသည် တဖြည်းဖြည်းနှင့် ပြိုင်ပွဲအနီးသို့ ရောက်မှန်းမသိ ရောက်သွား၏။

အကျဉ်းသားပြိုင်ပွဲသည် အမှန်ပင် အားတက်စရာ၊ ပျော်စရာ မြင်ရ၏။ အကြောင်းမှာ သူတို့သည် ပြိုင်ပွဲတို့ ထုံးစံအတိုင်း အဖွဲ့အစည်းနှင့် အားတက်သရော ပြိုင်နေကြခြင်းကြောင့်ပင်တည်း။

အဖွဲ့အစည်းဆို၍ အကျဉ်းသားများ အဖွဲ့အစည်းဟူသည် အရုံသင့် အသင်းအဖွဲ့ထားခြင်းမျိုးမဟုတ်၊ သူတို့အဖွဲ့အစည်းမှာ နယ်အဖွဲ့အစည်းပင် ဖြစ်သည်။

အထက်နယ်သားများက အညာသားဟု အမည်ခံ၍ တစ်လုံးတင် စည်းရှိကြသလို ဧရာဝတီပိုင်းက လူများက သူတို့ကိုယ်သူတို့ အောက်သား ဟူ၍လည်းကောင်း၊ မော်လမြိုင်နယ်မှ သူတို့က မွန်စသည်ဖြင့် ရခိုင်၊ ဘိတ် ထားဝယ်သားများတို့လည်း မိမိတို့နယ်ကို ဂုဏ်ပြုကာ ပြိုင်ပွဲပြုလုပ်နေခြင်းပင် ဖြစ်လေသည်။

ဤအပြေးပွဲပြိုင်ပွဲကြီးကို မည်သည့် ထောင်အရာထမ်း အမှုထမ်း များက ဦးစီးဦးဆောင် ကြပ်မတ်ဆောင်ရွက်ခြင်းမဟုတ်ဘဲ သူတို့ဟာ သူတို့ လူတစ်ဦးစ နှစ်ဦးစ အစပြုလုပ်ကြရာမှ ဆူသံညံသံကြောင့် တဖြည်းဖြည်း အပြေးပြိုင်ပွဲမှာ တစ်ထောင်လုံး ပြေးပွဲအဖြစ်သို့ ရောက်သွားခြင်းပင်ဖြစ် ၏။

ဤပြိုင်ပွဲ စိတ်ဝင်စားဖွယ်အဖြစ်သို့ ပြောင်းလဲသွားခြင်းမှာ အချင်း ချင်း လောင်းကစားခြင်းကြောင့် လူတိုင်း စိတ်ပါဝင်စား၍ ဆင်နွှဲနေကြခြင်း ပင်ဖြစ်၏။ အကျဉ်းသားများ အလောင်းအစားလုပ်ခြင်းမှာ ငွေနှင့်ကြေးနှ

www.burmeseclassic.com



မဟုတ်၊ သူတို့သည် ငွေကိုင်ခွင့်မရှိ။ သူတို့ငွေမှာ ဆေးလိပ်ပင်ဖြစ်လေသည်။ ထောင်တွင်းဆေးလိပ်မှာ အကျဉ်းသားများတို့၏ ငွေပင်တည်း။

ထောင်ဟူသည် ဆေးလိပ်မသောက်ရဟု ပိတ်ပင်ထားသော အရပ်ဖြစ်ရာ အဘယ်လူသားသည် ဆေးလိပ်သောက်တတ်ပါလျက် ဆေးလိပ်နှင့် ကင်းကွာ၍ နေနိုင်ပါမည်နည်း။ သို့ဖြစ်ရာ ဆေးလိပ်ကို အကျဉ်းသားတို့သည် ရှေးယခင် အင်္ဂလိပ်ခေတ် အကျဉ်းသားများ အလွန်ကျပ်တည်းသော ခေတ်တွင်ပင် ထောင်တွင်း၌ ဆေးလိပ်သောက်၍ နေသည်သာဖြစ်သည်။

အင်္ဂလိပ်ထွက်သွားပြီး လွတ်လပ်ရေးခေတ်တွင်မူ ဆေးလိပ် မသောက်ရဟူသော ထောင်ဥပဒေမှာ ထောင်ဥပဒေစာအုပ်တွင်သာ ရှိတော့၍ အကျဉ်းသားများ ဆေးလိပ်သောက်ခြင်းကို များစွာ ကြီးကြပ်ခြင်း မရှိကြတော့ပေ။ သို့ရာတွင် အကျဉ်းသားများ ဆေးလိပ်လိုသလိုလည်း မရဘဲ ထောင်ဝင်စာတွင် ထောင်မှူးထောင်ပိုင်များက အနည်းအကျဉ်းပေးခွင့် ပြုထားသဖြင့် ယခင်ခေတ်ထက် အကျဉ်းသားများအဖို့ များစွာ စားသာသော ခေတ်ဟု ဆိုနိုင်လေသည်။

ယခု အကျဉ်းသားများ ပြုလုပ်နေကြသော ပွဲတော်တွင် အကျဉ်းသားများသည် တပျော်တပါး ဆေးလိပ်ပုံကြီးကို ရှေ့တွင်ချ၍ သူ့လူကိုယ့်လူ အော်ဟစ်အားပေးကာ ပြိုင်ပွဲကျင်းပနေကြလေသည်။

"ဟော့ . . . အညာသားကျော်ရနဲ့ ဘယ်သူပြိုင်မလဲကွ"

အညာသားတို့ လူသိုက်က ကျော်ရကို ပွဲထုတ်လာခဲ့သည်။

"တို့အဖွဲ့က ဒန်ဘီနဲ့ ပြိုင်မဟေ့"

ဘိတ်သားများအဖွဲ့က အားကျမခံ၊ လူတစ်ယောက်ဆွဲထုတ်လာခဲ့ပြန်၏။

ဆေးလိပ်လောင်းသူတို့သည် ဟိုလူနိုင်နိုး၊ ဒီလူနိုင်နိုးနိုးနှင့်။ ကျွက်စီကျွက်စီတိုင်ပင်၍ ဆေးလိပ်ကို ပုံနေကြသည်ကို မြင်ရ၏။

သူတို့နှစ်ဦး ပြိုင်ကြပေပြီ။ အော်လိုက်ကြသည့် ဖြစ်ခြင်း။

အညာသားကျော်ရ မဲကြုတ်ကြုတ်သည် လေအဟုန်ကဲ့သို့ မြန်လှပေသည်။ ထားဝယ်သားဘိတ်သားများသည် သူတို့၏ ဝဲတဲဝဲတဲအသံနှင့်





ဒန်ဘီကို အားပေးလိုက်ကြသည်မှာ ဆူညံလျက်ရှိလေသည်။ အညာသားကျော်ရက ဒန်ဘီကို သုံးလံလောက်ဖြတ်ချပြီး အနိုင်ယူသွား၏။ ကျော်ရနိုင်မည်ထင်ပြီး လောင်းထားသူများ ကျွမ်းထိုးကြပေပြီ။ နိုင်သူများက ကျော်ရဆီ ပြေးသွားပြီး ပွေ့ခေါ်လာကြလေသည်။ ဒန်ဘီထားဝယ်သားက စပ်ဖြဲစပ်ဖြဲနှင့် ပြန်လာရာ တဟားဟားနှင့် တစ်ဦးက ပြေးသွားပြီး . . .

"မအေပေး . . . ငါ့ရှိတာလေး ပြုတ်ပြီ။ မင်းကိုပဲ မြင်းစီးတော့မယ်"

ဟု ပြောပြောဆိုဆို ဒန်ဘီကျောပေါ်သို့ ခုန်တက်လိုက်၍ တဝါးဝါး ပွဲကျနေကြ၏။

"ဟော့ . . . ရွှေဒဂါးကို ဘယ်သူပြိုင်မလဲကွ။ သတ္တိရှိတဲ့သူ လာခဲ့။ ဆေးလိပ် အစိတ်ကြေးကွာ"

တစ်ဦးသော ထောင်မင်းသားက ကြွေးကြော်မှုပြုလိုက်သည်။

ဟော . . . ရခိုင်သားတစ်ယောက် ထွက်ခဲ့ပေပြီ။

"ပြိုင်မယ်။ တို့ဆီက ကျော်လှဖြူနဲ့ ပြိုင်မယ်"

ကျော်လှဖြူ၏ ခြေဆံလက်ဆံသည် ပြိုင်မြင်းတစ်ကောင်ကဲ့သို့ အချိုးအဆစ် ညီညွတ်လှပေသည်။

ရွှေဒဂါးက ကရင်အမျိုးသားဖြစ်သည်။ လူကတော့ သိပ်လည်းမထွား၊ သိပ်လည်းမပု။ သို့ရာတွင် အထက်အောက် ညီသူဖြစ်သည်။ စကားကလည်း နည်းဟန်ရှိ၏။ ထောင်သားကြီးက ဆွဲထုတ်လာသောအခါ သူသည် ရှက်သလိုလို ကြောက်သလိုလို ဖြစ်နေရှာ၏။ ရခိုင်ကျော်လှဖြူကတော့ လူလည်ဖြစ်ဟန်တူ၏။

"လာစေ့ . . . ပြိုင်မယ်၊ မင်းကို ငါမနိုင်၊ ထမင်းမစား"

ရခိုင်စကားသည် ဗမာစကားကဲ့သို့ အပြည့်မပြော၊ တိုတောင်း၏၊ သို့ရာတွင် တစ်မျိုးနားထောင်၍ ကောင်းလေသည်။

"အေး . . . အဝေ . . . ကောင်းကောင်းပြေးပလိုက်၊ ဇာကို ဟဲ ရောက်ဖို့လေး"



www.burmeseclassic.com

www.burmeseclassic.com



ဗမာအကျဉ်းသား လူငယ်တစ်ဦးက၊ ကျော်လှဖြူအား ရခိုင်လေသံနှင့် နောက်လိုက်၍ တဝါးဝါး ပွဲကျသွားပြန်သည်။

ဤအတွဲ ပြိုင်ပွဲကို မြင်သူတိုင်း အထင်ကြီးကြသည်။ အကြောင်းမှာ ရခိုင်ကျော်လှဖြူသည် 'ရခိုင်ကျင်သန်' ခေါ် ရခိုင်နပန်းသမားအဖြစ် ထောင်ထဲတွင် နာမည်ထွက်သကဲ့သို့ ကရင်ရွှေဒင်္ဂါးကလည်း အပြင်ဘက် တွင် ပန်းပြေးစားနေသည်ဟု သိသူက သိကြလေသည်။ သို့နှင့် အကျဉ်းသားများတို့သည် မရှိမဲ့ရှိမဲ့ အောချကာ ဆေးလိပ်အလောင်းအစားကို အားတက်သရော လုပ်ကြသည်မှာ ဆူညံနေကြတော့သည်။

ရခိုင်ကျော်လှဖြူက ရခိုင်ကျင်သန်ထုံးစံ ကျင်ကွင်းခြင်း ခေါ်သည့် နပန်းအကကိုပင် ကပြပြီးနောက် အပြေးသန်သောသူရှိလျှင် ထွက်ခဲ့ဦးဟု ဟန်နှင့်ပန်နှင့် လုပ်ပြနေရာ တဝါးဝါးဖြစ်နေကြသည်။ ဟန်ရေးပြကောင်းသလောက် လူကလည်း ပြိုင်မြင်းကဲ့သို့ လှပလေရာ ကျော်လှဖြူဘက်မှ လောင်းသော ဆေးလိပ်ပုံမှာ ထောင်ချီပြီး ဖြစ်သွား၏။ ဤပွဲတွင် ဒိုင်လုပ်သူကလည်း အတော် သတိနှင့် တာလွှတ်ရသည်။ တာမှာ ကိုက်တစ်ရာကျော်ခန့်ရှိလေသည်။

တာလွှတ်သည်နှင့်တစ်ပြိုင်နက် ကျော်လှဖြူက ရှေ့သို့ရောက်သွားရာ ရခိုင်အကျဉ်းသားများ၏အသံမှာ ဆူညံသွားလေသည်။ ကျော်လှဖြူသည် အပြေးကောင်းသူ အမှန်ဖြစ်သည်။ သို့ရာတွင် ပြေးပုံက နည်းမကျ၊ သူ၏ရင်ဘတ်က ပြေးရင်း နောက်သို့သာ လန်နေသည်။

ထိုအချိန်တွင် ကရင်ရွှေဒင်္ဂါး အတင်းပြေးတက်လာရာ ကျော်လှဖြူကို မှီလာလေတော့သည်။ ဝိုင်းအော်လိုက်ကြသည်မှာ အတော်ပင် ပျော်စရာကောင်းလှ၏။ ပန်းဝင်တွင် ရွှေဒင်္ဂါးက တစ်လံသာသာနှင့် အနိုင်ယူလိုက်ရာ ကရင်လူစု ထကလိုက်ကြသည်မှာ ပြောစရာမလိုတော့။ ဆေးလိပ်ပုံကြီးသည် ကရင်ဘက်လောင်းသူများလက်ထဲသို့ ရောက်သွားပေပြီ။ ရှုံးသူ နာခေါင်းရှုံ့သကဲ့သို့ နိုင်သူများ ဝမ်းသာမဆုံးရှိကြ၏။





အားလုံး အထင်ကြီးသည်က ကျော်လှဖြူ၊ နိုင်သည်က ရွှေဒင်္ဂါး၊ ရွှေမောင်သည် အပြေးသမားတစ်ဦးဖြစ်၍ အကျဉ်းသားလူအုပ်များနှင့် ရောနှောပျော်ရွှင်နေမိသည်။

"ဟော့ ... ရွှေဒင်္ဂါးက နောက်တစ်ပွဲ ဆက်ပြေးမယ်တဲ့။ ဘယ်သူထွက်ခဲ့မလဲ"

ထောင်သားကြီးတစ်ဦးက ကြေညာလိုက်၍ အောက်သားတစ်ဦးက ဖြန်းဆိုထွက်လာပြီး ကျော်လှဖြူရခိုင်သား ကျင်ကွင်းသကဲ့သို့ ထွက်လုပ်ပြပြီး ...

"မအေပေးလုပ်တာနဲ့ ငါ့ရှိတာလေး ပြုတ်ပြီဗျာ။ ဝေး ... ဘစောင်းလေးအစ်ကို"

ဟု အော်ပြီး လူအုပ်ထဲ ရှုတ်နောက်ပြီး ဝင်သွားသဖြင့် အူနှိပ်ရယ်ကြပြန်သည်။ ဤလူနောက်သည် ခြေထောက်တစ်ဖက် မသန်သူဖြစ်ရာ ရွှေဒင်္ဂါးနှင့် ပြိုင်နိုင်သူမဟုတ်မှန်း သိကြသည့်အပြင် သူ့မိတ်ဆွေ ရခိုင်သားကို နောက်ခြင်းဖြစ်၍ အတော်ပွဲကျကုန်၏။

ဒီကရင်ကို ပြိုင်ရန် တော်တော်နှင့်ထွက်မလာ၊ ထိုအခါ လူမျိုးရေးလိုလို အားကျမခံဖြစ်လာသည်ကို တွေ့ရလေသည်။

"ဒီကရင်ကို ဘာကြောက်ရမလဲကွ၊ ထွက်သွားစမ်းပါ"

အောက်သားဝိုင်းက မခံမရပ်ဖြစ်နေသည်ကို မြင်ရ၏။ သူ့ငါဆွဲ ငါ့သူဆွဲနှင့် လူရွေးနေကြသည်။ နောက်ဆုံးတွင် လူစွမ်းကောင်းတစ်ဦး ထွက်လာလေသည်။

"ကဲ ... ဆေးလိပ်တစ်ရာကွ။ ရွှေဒင်္ဂါးရှုံးရင် တစ်ရာ နောက်ထင်ပေးမယ်"

ကရင် အကျဉ်းသားကြီးက စိန်ခေါ်လိုက်သည်။ အောက်သားမင်းချင်၊ သူတို့ ဝိုင်းပြီး ဆေးလိပ်စုကြပြန်၏။

ပြိုင်ပွဲအစတွင် ထုံးစံအတိုင်း ဆူညံနေကြသည်။ ပြိုင်ပွဲလွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် ရွှေဒင်္ဂါးက ရှေ့ကပန်းဝင်ရာတွင် သုံးလံမျှ ရွှေဒင်္ဂါး ဖြတ်တက်သွားရာ အောက်သားများ ပက်လက်လန်သွားကြလေသည်။

www.burmeseclassic.com



ရွှေဒင်္ဂါးသည် တာကယ်မြန်သူပင်တည်း။ ဆေးလိပ်အားလုံးနီးနီး ကရင်လက်သို့ ရောက်ကုန်ပေပြီ။

"ဟော့ . . . ရွှေဒင်္ဂါးက နောက်တစ်ပွဲပြေးမယ်တဲ့။ သုံးလေး တစ်လေးကွာ။ ရွှေဒင်္ဂါးရှုံးရင် တစ်ဆမယ် သုံးဆလျော်ရမယ်"

ဗမာလူငယ်အကျဉ်းသားများ ရွှေဒင်္ဂါးကို မြှောက်စားကြပေပြီ။ ပွဲတော်ကြီးသည် ခဏမျှ တိတ်ဆိတ်သွားလေသည်။ လူရွေးကြသည်မှာ ဟိုလူကလည်း ဟင့်အင်း၊ ဒီလူကလည်း ဟင့်အင်း ဖြစ်ကုန်ကြသည်။

ထိုအချိန်တွင် ဘယ်ပုံဘယ်နည်း မြန်ပုံ၊ သူတို့နယ်တွင် ရွှေဒင်္ဂါး ဘယ်သို့ စားလာပုံကို အားရပါးရ ချီးကျူးခန်းဖွင့်နေသူတစ်ဦးမှာ ရွှေမောင် အနီးတွင် အော်ကျယ်အော်ကျယ် ပြောနေလျက်ရှိနေ၏။

"ရွှေဒင်္ဂါး ဘယ်လောက်မြန်သလဲဆို အမဲလိုက်ခွေးတောင် သူ့နောက် ကျန်ရစ်ခဲ့တာဗျ။ ဒီအကောင်မျိုး လောကမှာ မပေါ်သေးဘူး။ အခု လူတစ်ထောင်ရှိတာ၊ တစ်ထောင်လုံးပြိုင် ဘယ်တော့မှမရဘူး"

ရွှေဒင်္ဂါးက ပြယုဂ်ရှိနေရာ ကြွားသူကလည်း ကြွားရှုံကောင်းပေမည်။ သူသည် ရွှေဒင်္ဂါးကိုမှီပြီး ဆေးလိပ်တစ်ရာကျော် ပိုင်ထားပြီမဟုတ်ပါလား။

အကျဉ်းသားများ အလွန့်မခံမရပ်နိုင် ဖြစ်နေကြသည်။ သူ့လူစုနှင့်သူ ရွှေဒင်္ဂါးကိုပြိုင်ရန် လူရှာတုန်း။ အတော်ကြာအထိ မည်သူမျှ ရွှေဒင်္ဂါးကိုပြိုင်မည့်သူ မပေါ်လာ။ သို့ရာတွင် အတော်ကြီးကြာမှ လူစွမ်းကောင်းကြီးတစ်ဦး ပေါ်လာသောအခါ ထွက်လာမည့် လူစွမ်းကောင်းကို အထူးမျှော်လင့်နေကြသော အကျဉ်းသားလူထုပင် အံ့သြသွားကြသည်။

"ဟော . . . ထောင်မှူး ဦးရွှေမောင်ပါလား"

အကျဉ်းသားများ ကျွက်စီကျွက်စီနှင့် အားရဝမ်းသာ ဖြစ်လာကြပြန်သည်။ အကျဉ်းသားဒိုင်လူကြီးသည် ရွှေမောင်အနီးသို့ ကပ်လာပြီ။

"ဟော့ . . . ဆရာ၊ ဆရာသာ နိုင်မယ်ဆို ဆယ်လေးတစ်လေးပဲ ဟဲ . . . ဟဲ . . .။ ကျွန်တော့်လူ ရွှေဒင်္ဂါးကို ဘယ်နည်းနဲ့မှ မနိုင်ပါဘူး"





အကျဉ်းသားများ ရွှေဒင်္ဂါးကိုကြည့်လိုက်၊ ဦးရွှေမောင်ကို ကြည့်လိုက် ဖြစ်နေကြသည်။ အမှန်တော့ ကရင်လူလည်တစ်ဦးက ရွှေဒင်္ဂါးကို တာရာဏာသီ ချဲ့ပြောနေကြသည်ကို ဗမာအကျဉ်းသားများက များစွာ မခံမရပ် ဖြစ်နေကြဟန်တူ၏။ သို့ရာတွင် ရွှေဒင်္ဂါးကိုပြိုင်ရန်မှု သူတို့မှာလူက ရှာမရ။ ပေါ်မဲ့ပေါ်လာတော့ မမျှော်လင့်သော ထောင်မှူး။ ပွဲကြီးပွဲကောင်းတော့ဖြင့် ဖြစ်ပေပြီ။ သို့ရာတွင် သိပ်တော့ အားမရှိကြ။

ရွှေမောင်က အကျဉ်းသားများအား သူ့ဘက်မှလောင်းကြရန် ကြေညာလိုက်လေသည်။ သို့ရာတွင် အားလုံးက ဟက်ဟက်ပက်ပက် မရှိကြ။ သူတို့တစ်တွေ ရွှေဒင်္ဂါးဘက်မှချည်း ဖြစ်နေ၏။ သို့နှင့် ရွှေမောင်က သူ၏ ရုံးခန်းမှ သူ့လူအကျဉ်းသားများအား လှမ်းအော်လိုက်ရသည်။

"ဟော့ . . . ငါ့ဘက်က လောင်းကြ၊ ဘယ်သူနဲ့မဆို ပုံချ။ ရှုံးရင် ငါခံမယ်"

ဤကဲ့သို့ အော်သည်ကိုပင် အကျဉ်းသားများက တဝါးဝါး ရယ်ကြလေသည်။

ရွှေမောင်ဘက်မှ လောင်းသူမရှိ။ ရွှေမောင်၏လူများပင် ရွှေမောင်အား ယုံပုံမပေါ်။ သို့ရာတွင် ခြောက်ထောင်ပိုင်ခေါ် အကျဉ်းသား လူကြီးတစ်ဦးက ရွှေမောင်အား အားနာဟန်ဖြင့် . . .

"ကျွန်တော် လောင်းမယ်ဆရာ။ ဟော့ . . . ဆေးလိပ်တစ်ရာကွ"

ဟု ဆေးလိပ်ထုပ်ကြီးကို မြှောက်ပြလိုက်မှ တစ်ထောင်လုံးနှင့် အကျဉ်းသားခြောက်ထောင်ပိုင်ကြီးက တစ်ဖက်၊ လောင်းဖြစ်လေတော့သည်။

ခြောက်ထောင်ပိုင်ဆိုသည်မှာ အကျဉ်းသားထဲတွင် အကျဉ်းသားအရာရှိ အကြီးဆုံးပေတည်း။

ပြိုင်ပွဲကား စပေပြီ။ အားလုံးသော အကျဉ်းသားများတို့မှာ ရွှေမောင်ရှုံးမည်ကို ယုံကြည်ထားကြသည်။ ပြိုင်ပွဲအနေနှင့် အားတက်သရေ တော့မရှိကြ။ သို့ရာတွင် အရာရှိတစ်ဦး အကျဉ်းသားများနှင့် တပျော်တပါး ဝင်ကစားသည်ကိုဖြင့် အလွန်နှစ်သက်ဟန်ဖြင့် ပျော်ရွှင်စွာ မြင်ရလေသည်



www.burmeseclassic.com

www.burmeseclassic.com



အမှန်လည်း ထောင်ထုံးစံတွင် မည်သည့်ထောင်မှူးမှ အကျဉ်းသားများနှင့် ရောနှောကစားခဲ့သည်ဟု ထောင်ရာဇဝင်တွင် မရှိ။ ယခု ရွှေမောင်တစ်ဦးသာ ထူးဆန်းစွာပေါ်လာ၍ အကျဉ်းသားများ ပျော်ရွှင်နေကြဟန်ရှိသည်။

ရွှေမောင်ကလည်း အသက်နှစ်ဆယ်ကျော်၊ ရွှေဒင်္ဂါးနှင့်ရွယ်တူ၊ သူလည်း ခေသူမဟုတ်။ ကျောင်းအပြေးပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သူပေတည်း။ သို့ရာတွင် ဤအကြောင်းကို မည်သူမျှ မသိ။ ရွှေမောင်၏စိတ်ထဲတွင် ရွှေဒင်္ဂါးကို ယခုမနိုင်သော်မှ ကြိုးစားလေ့ကျင့်လိုက်လျှင် နောက်တနင်္ဂနွေတွင် အမှန်နိုင်ရမည်။ ယခု ခြေစမ်းကြည့်မည်သဘောနှင့် အပျော် ဝင်လိုက်ခြင်းပင်ဖြစ်လေသည်။

တာထွက်ကောင်းသော ရွှေမောင်သည် ရွှေဒင်္ဂါးကို ထွက်လျှင်ထွက်ချင်း တစ်လံမျှ ထားပစ်ခဲ့လေသည်။ သို့ရာတွင် ရွှေဒင်္ဂါးက ချက်ချင်းမီလာတော့သည်။

ပြိုင်ပွဲမှာ မျှော်လင့်သည်ထက် ကောင်းသလားမသိ။ အော်လိုက်ပျော်လိုက်ကြသည်မှာ ထောင်ပိုင်ကြီးပင် အိမ်ပေါ်မှ ထွက်ကြည့်ရတော့သည်။

ရွှေမောင် အပြေးသမားသည် တာထွက်နှင့်တာဝင်ကို အတော်လေ့ကျင့်လာခဲ့သူဖြစ်သည်။ ခေတ်ပေါ်စနစ်တကျ ပြေးနည်းကိုလည်း သိထားသူဖြစ်သည်။ ရွှေဒင်္ဂါး၏ခြေကိုလည်း အကဲခတ်ပြီးဖြစ်ရာ တာအဝင်တွင် ရွှေမောင်က ရွှေဒင်္ဂါးကို နှစ်တောင်မျှအနိုင်နှင့် ပန်းဝင်သွား၍ တစ်ထောင်လုံး ဆူညံသွားတော့သည်။

ရွှေမောင်၏ဘက်တော်သား ခြောက်ထောင်ပိုင်အကျဉ်းသား ကျွမ်းထိုးလိုက်သည်မှာ ပြောစရာမလိုတော့။ ရွှေမောင်၏ရုံးတွင် လုပ်သူတို့လည်း ဝိုင်းကကြပြန်သည်။ ခြောက်ထောင်ပိုင်ကြီးသည် တစ်ချီတည်းနှင့် ဆေးလိပ်လုံချည်နှင့် ထစ်ထုပ်ရသွားရာ အကျဉ်းသားများ ရွှေမောင်ကို အံ့ဩမဆုံးတော့ပြီ။

ထိုစဉ် အလွန်ရှက်သွားဟန်တူသော ရွှေဒင်္ဂါးက နောက်တစ်ခေါက်ပြိုင်မည်ဟု ကြေညာတော့သည်။ သူက ထောင်မှူးမို့ လျှော့ပြေးသည်ဟု





ဆိုသည်။ ရွှေမောင်က သူနိုင်သည်မနိုင်သည် ပမာနမဟုတ်။ အကျဉ်းသားလူထု ပျော်ကြသည်နှင့်ပင် ဝမ်းသာလှပေပြီ။ ရှုံးလျှင်လည်း သူ့ကမမှု။

နောက်တစ်ပွဲပြိုင်ရန် ရွှေမောင်ကလည်း သဘောတူလိုက်သည်။ အကျဉ်းသားများ ဒီတစ်ကြိမ် အကြိတ်အနယ် လောင်းလိုက်ကြသည်မှာ ပြောစရာမလို။ ပြိုင်မြင်းနှစ်ကောင်၏အစွမ်းကို သိကြပြီမဟုတ်ပါလော။ ရှိသမျှ ဆေးလိပ်သာမက ဝှက်ထားသည့်ပိုက်ဆံများပါ ချလောင်းကြသည်ဟု နောက်မှသိရသည်။ ဆူညံကြသည်မှာ ပြောဖွယ်မရှိ။

ရွှေမောင်သည် တစ်ခေါက်ပြေးကာ သွေးပူနေပြီဖြစ်၍ ယခင်ကထက် သွက်လက်နေလေသည်။

စပြေးသည်နှင့် တစ်ပြိုင်နက် ရွှေဒင်္ဂါး ယခင်အတိုင်း ကျန်ရစ်ခဲ့သည်မက တာဝင်တွင် တစ်လံကျော်နှင့် ရွှေမောင်က ပန်းဝင်လာခဲ့ရာ ရှုံးသူများ ဆေးလိပ်တစ်တိုမှ မကျန်သလို နိုင်သူများ ဆေးလိပ်ထုပ်ကြီး ကုပ်ပိုးပြီး ကလိုက်ခုန်လိုက်ကြသည်မှာ တစ်ထောင်လုံး ဆူညံနေတော့သည်။ ထိုအချိန်တွင် ရွှေဒင်္ဂါးတစ်ယောက် ထိုင်ပြီး အားရပါးရငိုနေသည်ကို ရွှေမောင်က ထူးဆန်းစွာ မြင်ရသဖြင့် စိတ်မကောင်းစွာနှင့် ထွက်လာခဲ့လေသတည်း။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၂]

❑

ရှေးခေတ်က အကျဉ်းသားများတို့သည် ထောင်မှူးထောင်ပိုင်များအား ရန်သူသဖွယ် ထင်မှတ်ခဲ့ကြသည်။ မတတ်သာ၍သာ ခံနေရသော အဖြစ်ဖြင့် နေခဲ့ကြရ၏။ ထောင်မှူး၊ ထောင်ပိုင်များကလည်း အကျဉ်းသားကို တိရစ္ဆာန်လောက်သာ သဘောထားပြီး ထင်သလို ကြဲခဲ့ကြလေသည်။

အမှန်မှာ ထောင်မှူးနှင့် အကျဉ်းသားများမှာ အညမညပစ္စည်းများသာ ဖြစ်ကြရလေသည်။ တစ်ဦးနှင့်တစ်ဦး အတူနေထိုင်ရသူများဖြစ်သည်။ အထူးသဖြင့် အကျဉ်းသားများတို့၏ သာရေး နာရေးမှာ ထောင်မှူး ထောင်ပိုင်တို့၏လက်တွင် ရှိလေသည်။ လူကိုလူချင်း ကြည့်ရှုစောင့်ရှောက်ရမည်သာဖြစ်သည်။

အကျဉ်းသားများနှင့် ထောင်မှူး၊ ထောင်ပိုင်တို့ တစ်ဖက်တစ်လမ်းနေကြလျှင် အကျဉ်းသားများသည် ထွေရာကမာ စိတ်ကူးနေတတ်ကြသည်။ သူတို့၏စိတ်ကူး အကောင်အထည်ပေါ်လျှင် အုပ်ချုပ်သူများပင် အလုပ်များရပြန်သည်။ အောက်ထစ်အကျဉ်းသားများ ပျော်ရွှင်မှုကင်းလျှင် ထွက်ပြေးရန် ကြံစည်တတ်လေသည်။ သို့ဖြစ်ရာ ထောင်အာဏာပိုင်တို့သည် အကျဉ်းသားများ စိတ်ပါဝင်စား၍ အကျိုးရှိမည့်အလုပ်တစ်ခုကို အကျဉ်းသားများအားလပ်ချိန်တွင် ပြုလုပ်နိုင်ရန် ကြိုးစားသင့်ကြသည်။

---

သူရိန်စာပေ



ထောင်မှူးရွှေမောင် အပြေးကောင်းသည်ကို အကြောင်းပြု၍ အကျဉ်းသားများသည် ပြောမဆုံးရှိနေကြသည်။ ယခင်ထက်လည်း ရွှေမောင်အပေါ်တွင် ပွင့်လင်းစွာ ဆက်ဆံကြသည်ကို တွေ့ရ၏။ ဤသည်ပင်လျှင် အကျဉ်းသားနှင့် ထောင်မှူး ဆက်ဆံမှု တိုးတက်ခြင်းဟု ဆိုရပေမည်။

ထောင်မှူးထောင်ပိုင်အလုပ်မှာ လုံခြုံရေး အဓိကဆိုသော်လည်း ပြုပြင်မှုကို မေ့ထား၍မသင့်ပေ။ ပြုပြင်မှုဆိုသည်မှာ ပုဂ္ဂိုလ်ခင်မှ တရားမင်ဆိုသလို ပထမထောင်မှူး၊ ထောင်ပိုင်များက အကျဉ်းသားများတို့၏ မေတ္တာကို ခံယူကြရပေမည်။ မေတ္တာခံယူမည့်အလုပ်မှာ တရားသဖြင့် အခွင့်အရေးနှင့် စေတနာကိုပြလျှင်ပင် အကျဉ်းသားက ချက်ချင်းသိကြသည်သာဖြစ်သည်။

ထောင်မှူးရွှေမောင်နှင့် အကျဉ်းသားရွှေဒင်္ဂါးတို့သည် အပြေးပြိုင်ပြီး နောက်တစ်နေ့သို့ ရောက်ခဲ့သည်။ ထိုနေ့တွင် ရွှေမောင်၏တာဝန်တွင် အပြင်လုပ်အကျဉ်းသားများကို လှည့်ပတ်စစ်ဆေးရန် ရှိနေ၍ တုတ်ကလေးတစ်ချောင်းဆွဲပြီး ထောင်ပြင်သို့ ထွက်သွားလေသည်။

ထောင်မှူးများဝတ္တရားမှာ ရုံးအလုပ်အပြင် ညညကျလျှင် ထောင်တွင်းသို့ ဝင်ရောက်စစ်ဆေးရခြင်း၊ နေ့ခင်းနေ့လယ် ထောင်အပြင်ဖက်တွင် လုပ်နေကြရသည့် အကျဉ်းသားများအား စစ်ဆေးခြင်းကို ထောင်မှူးကြီးက အစီအစဉ် ပြုလုပ်ထားသလို လိုက်နာဆောင်ရွက်ရပြီး အစီရင်ခံစာ ရေးကြရလေသည်။

ရွှေမောင်သည် လေကလေးချွန်ကာ အေးအေးဆေးဆေး တစ်နေရာမှ တစ်နေရာသို့ လှည့်လည်ပြီး စစ်ဆေးရင်း ထောင်ကြီးနောက်သို့ ရောက်ခဲ့လေသည်။ ထိုအချိန်တွင် မမျှော်လင့်ဘဲ ထောင်ဘူးဝရှိ ဂိတ်မကြီးခေါ်သည့် လက်နက်တိုက် မျှော်စင်ကြီးမှ သေနတ်ပစ်သံ ဒိုင်းခနဲ တစ်ချက်ကြား၍ ရိုးရိုးပင် ထောင်လှန့်ခြင်းဖြစ်ပေမည်ဟု ထင်လိုက်သည်။

ထောင်လှန့်ခြင်းဆိုသည်မှာ ထောင်ဂိတ်မကြီးပေါ်မှ သေနတ်နှင့် အချက်ပေးပြီး နာရီမောင်းကို အဆက်မပြတ်တီးပေးရသည်။ တစ်လတွင် တစ်ကြိမ် ပြုလုပ်လေ့ရှိသည်။ ရည်ရွယ်ချက်မှာ ထောင်ထခြင်း၊ ဆူပူခြင်းဖြစ်က ထောင်အမှုထမ်း အရာထမ်းများနှင့် စစ်တပ်၊ ရဲအဖွဲ့တို့ ဖူးလတ်နိုးကြားခြင်းရှိမရှိ လေ့ကျင့်ထားခြင်းပင်ဖြစ်သည်။

---

သူရိန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထောင်လွှန့်ခြင်းကို အကျဉ်းသားထွက်ပြေးခြင်း၊ တားမနိုင်ဆီးမရအောင် အကျဉ်းသားများ အုပ်စုလိုက် ရိုက်နှက်ခြင်းများဖြစ်သောအခါလည်း ပြုလုပ်လေ့ရှိသည်။ ထောင်လွှန့်ရန် ရှားရှားတစ်လတစ်ကြိမ် အစီအစဉ်ရှိသည်ကို ထောင်ပိုင်နှင့် ထောင်မှူးကြီးတို့က ငယ်သားများကိုအား အသိမပေးဘဲ အချိန်မရွေး ပြုလုပ်တတ်သည်။

ထောင်လွှန့်တွင် အားလုံး အရာထမ်းအမှုထမ်း ချက်ချင်းပြေးလာရသည်။ အကျဉ်းသားများ အပြင်တွင်ရှိနေက အားလုံး ချက်ချင်းပြန်ခေါ်လာရ၏။ စစ်တပ်နှင့်ရဲအဖွဲ့ကိုမူ ထောင်ပိုင်ကြီးက လျှို့ဝှက်စွာဖြင့် အကြောင်းကြားထားမြဲဖြစ်သည်။

ယခု ဂါတ်မကြီးပေါ်မှ သေနတ်သံကို ရွှေမောင်က ရှားရှားလုပ်မြဲထောင်လွှန့်ခြင်းပင်ဟု ထင်ပြီး တံခါးဝဆီသို့ လှည့်မည်ပြုနေစဉ် ဂါတ်မကြီးမှ သေနတ်သံသာမက ရွှေမောင်နှင့် အနီးဆုံးအုတ်ရိုးပေါ်ရှိ မျှော်စင်ကလေးမှ သေနတ်သံပါထွက်လာသည်ကို ကြားရလေရာ ရွှေမောင်သည် လှမ်းသည့်ခြေလှမ်းကို ရုပ်လိုက်သည်။

"ထောင်ထဲမှာ ရိုက်ကုန်ကြပြန်ပလား"

ရွှေမောင်က စဉ်းစားလိုက်သည်။ သို့ရာတွင် ထောင်၏အခြေအနေ ကို ရွှေမောင်သည် ကောင်းစွာသိသည်ဟု ယုံကြည်ထားသူဖြစ်၏။ သို့ရာတွင် ထောင်ဆိုသည်မှာ မိတစ်ရာသားများရှိနေကြ၍ အခြေအနေမှာ တစ်နာရီနှင့် တစ်နာရီ မတူပေ။ အချိန်မရွေး ချက်ချင်း ကာလနာတိုက်သည်ထက် မြင်းထန်သောအဖြစ်မျိုး ဖြစ်နိုင်သောအရပ်ဖြစ်သည်။

ရွှေမောင်နှင့် အလွန်နီးကပ်သော မျှော်စင်ပေါ်မှ စန္ဒရီအစောင့်သည် ဆက်ကာဆက်ကာပစ်သလို၊ ဂါတ်မကြီးမှ သေနတ်သံမှာလည်း အဆက်မပြတ်ဖြစ်နေ၍ နောက်တစ်ချက် အတွေးပေါ်လာသည်မှာ အကျဉ်းသားပဲ ပြေးလေသလားဟူ၍ပင် ဖြစ်သည်။ သို့နှင့် ရွှေမောင်သည် ထောင်နောက်ဖေးဖက်ဆီသို့ ပြေးကြည့်လိုက်ရာ အမှန်ပင် အကျဉ်းသားတစ်ယောက် အုံ့ဩဖွယ်အုတ်ရိုးပေါ်မှ အောက်သို့ခုန်ချလိုက်သည်ကို တွေ့ရလေသည်။

"ဟေး ... ပြေးပြီကွ၊ ပစ် ... ပစ်"

---

သူရိန်စာပေ



ရွှေမောင်၏ပါးစပ်မှ ... အော်ရင်း အကျဉ်းသားပြေးရာသို့ ဖွင့်လိုက်မိတော့သည်။

ထောင်အုတ်ရိုးများသည် (၁၆) ပေမှ (၁၈) ပေအထိ မြင့်ကြလေသည်။ အံ့ဩစရာကောင်းသည်မှာ သေနတ်ပစ်သည့်ကြားက တစ်ယောက်ပြီးတစ်ယောက် ခုန်ဆင်းနေကြသည်မှာ သုံးဦးတိတိရှိပေပြီ။ ဒီမျှအမြင့်ကခုန်ချသည်ပင် ခြေမကျိုး လက်မကျိုး တောက်လျှောက်ပြေးနိုင်ကြသည့် အာဂလူများပေတည်း။

ထောင်နောက်ဖေးတွင် ကပ်လျက် လယ်ကွင်းကြီးသည် ရွှေရောင်စပါးပင်များနှင့် မျက်စိတစ်ဆုံးရှိလေသည်။ ထွက်ပြေးသူများသည် စပါးတောထဲဝင်ကာ ပျောက်သွားကြသည်။

ပြေးသူနှင့် ရွှေမောင်တို့ ကိုက်တစ်ရာကျော်ဝေးလေသည်။ တခြားမည်သည့် အရာထမ်းအမှုထမ်းမှလည်း ပေါ်မလာသေး။ သို့နှင့် ရွှေမောင်က အုတ်ရိုးပေါ်သို့ မျှော်ကြည့်မိပြန်သည်။

"ဟော ... တက်လာပြန်ပြီတစ်ယောက်"

ခက်သည်မှာ ဤမြင့်သော အုတ်ရိုးကြီးကို အတွင်းဘက်တွင် အစောင့်ရှိပါလျက် မည်ကဲ့သို့ လှေကား၊ ကြိုးတက်စရာများ ရပါလေသနည်း။ ရွှေမောင်တွေးလို့မရ။

ရွှေမောင်က အုတ်ရိုးပေါ်မှအကျဉ်းသားကို ငေးကြည့်နေစဉ်ပင် သေနတ်သံက ဒိုင်းခနဲပေါ်လာပြီး ထိုအကျဉ်းသားသည် အုတ်ရိုးပေါ်တွင်ပင် ကားယားခွပြီး မှောက်ရက်ကလေး ဖြစ်သွားလေသည်။

"ထိပြီဟေ့ ... ထိပြီ"

ရွှေမောင်က တစ်ဦးတည်းအော်လိုက်မိပြန်သည်။ အတော်ကြာ သေနတ်သံများ ရပ်စဲသွားပြီး အရာထမ်းအမှုထမ်းများ တုတ်ဓား၊ သေနတ်များဆွဲ၍ လိုက်လာကြတော့သည်။

"ဟော ဟိုမယ် ထိလို့ အုတ်ရိုးပေါ် ကားယားကြီး ဖြစ်နေပြီ"

ရွှေမောင်က အုတ်ရိုးပေါ် လက်ညှိုးထိုးပြလိုက်သဖြင့်

"အေး ဟုတ်သားပဲ"

---

သူရိန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟု လိုက်လာသူများ အော်လိုက်ကြလေသည်။

"တခြားအကောင်တွေကောဗျ"

တစ်ဦးက ရွှေမောင်အား လှမ်းမေးလေသည်။

"သုံးယောက် လယ်ကွင်းထဲ ဆင်းသွားတယ်။ ဟောဟိုနေရာကနေ စလိုက်"

"လာကြဟေ့ ... လာကြ"

တစ်ဦးက ညာသံပေးပြီးအော်လိုက်ရာ လယ်ကွင်းထဲ ဆင်းလိုက်သွားကြပြန်သည်။

ရွှေမောင်သည် အုတ်ရိုးပေါ်တင်နေသည့်သူအား ထောင်မှူးကြီးအားပြပြီး ထောင်မှူးကြီးနှင့်ပင်အတူ ကျန်ရစ်ခဲ့လေသည်။ ကြည့်နေရင်းနှင့် အုတ်ရိုးပေါ်မှ အကျဉ်းသားခြေကားယား လက်ကားယားနှင့် လိမ့်ကျလာတော့သည်။

သေနတ်မှန်ထား၍ ကြည့်မကောင်းအောင် ဖြစ်နေ၏။ သို့ရာတွင် အသက်တော့ မကုန်သေး။ ထောင်မှူးကြီးနှင့် ရွှေမောင်တို့ မည်သူမည်ဝါ မှန်းသိရအောင် မျက်နှာကို လှန်ကြည့်လိုက်ကြသည်။

"ဟင် ... ရွှေဒင်္ဂါးပါလား"

ရွှေမောင်၏ အာမေဋိတ်အသံ။

ထောင်မှူးကြီးက ရွှေမောင်အား တအံ့တသြနှင့် ပြောလိုက်သည်။

"ဟာ ... ဦးရွှေမောင်၊ တယ်မှတ်ဉာဏ်ကောင်းတယ်ဗျာ။ အကျဉ်းသားတစ်ထောင်ကျော်မယ် ကျုပ်ဖြင့် ရှုံးခန်းနေတဲ့ အကောင်တစ်ယောက် နာမည်ပဲ ခေါ်တတ်တယ်"

အမှန်မှာ ရွှေမောင်မှတ်ဉာဏ် ဤမျှကောင်းသည်မဟုတ်။ သို့ရာတွင် ထောင်မှူးကြီးထက်တော့ အကျဉ်းသားများကို အမှန်ပင် သိသူဖြစ်သည်။ သို့ရာတွင် ထောင်မှူးကြီးတစ်ဦးအနေနှင့် သူက သိစရာမလို။ ဟော့ကောင် ခေါ်လိုက် ပြီးသည်ဟု သူက ပြောဖူး၏။ အမှန်မှာ လူဟူသမျှ ဟော့ကောင်ခေါ် သည်ကို မည်သူမျှ မခံလို။ အမည်နာမနှင့် ခေါ်သည်ကို လူတိုင်း ကြိုက်ကြ သည်သာဖြစ်သည်။ အထူးသဖြင့် ထောင်အရာထမ်း အမှုထမ်းများသည်





အကျဉ်းသားကို နာမည်နှင့်ခေါ်နိုင်လေ ကောင်းလေပင်ဖြစ်သည်။ တစ်ဦးနှင့် တစ်ဦး ခင်မင်မှုတိုးတက်နိုင်သည့် လူတိုင်းမသိသော အချက်ကြီး တစ်ချက် ပင်ဖြစ်လေသည်။

ရွှေဒင်္ဂါးကို ထောင်ဝသို့ ထမ်းဆောင်ခဲ့ကြသည်။ သတိမရတော့ပေ။ သတိမရသည်မက ထောင်ဘူးဝတံခါးကြီးသို့ ရောက်သောအခါ အသက် မရှိပြီကို တွေ့ကြရလေသည်။

ရွှေဒင်္ဂါး ဘာကြောင့် ထွက်ပြေးရသနည်း။ ဘယ်လိုလုပ်လို့ ထွက် ပြေးနိုင်သနည်းကို သိလိုသော ရွှေမောင်သည် ထောင်တွင်းသို့ ဝင်သွား လေသည်။ ဝင်သွားသည်နှင့်ပင် ခြောက်ထောင်ပိုင် အကျဉ်းသားအဘိုးကြီး နှင့် တွေ့ရ၏။

"ဟာ ... ဆရာ၊ သိပ်အကြံပိုင်တဲ့ကောင်တွေ။ အဆောက်အဦ ဌာနက အိပ်ထောင်တွေ ရေနံလာသုတ်နေကြတာ။ ရေနံသုတ်နေတဲ့ အ ကောင်ကို လှေကားပေါ်ကတွန်းချပြီး လှေကားယူပြေးပြီး အုတ်ရိုးထောင် တက်ကုန်ကြတာပဲ"

"စောင့်နေတဲ့ဝါဒါ ဘယ်ကိုသွားသလဲ"

ရွှေမောင်က မေးလိုက်သည်။ ထောင်ထုံးစံထောင်တွင် လှေကား သွင်းလျှင် ဒါမျိုးမဖြစ်ရအောင် ထောင်မှူးကြီးက စပါယ်ရှယ်အစောင့် သီး သန့်ပေးရရိုး ထုံးစံရှိ၏။

"ဝါဒါက လူအပဲ။ သူ့ကို တစ်ယောက်က လက်ဖက်ရည်ကြမ်း လာသောက်ပါဦးဆိုပြီး အခန်းထဲ အပြင်က တံခါးကို ချက်ထိုးထားတော့ ဘယ်ထွက်လို့ရမတုံး။ ကျွန်တော် အခုဘဲ ဖွင့်ပေးလိုက်ရတယ်"

ရွှေမောင်ပင် တဟားဟား ရယ်မိသည်။

"အေးဗျာ ... ဒါကတော့ သူ့တာဝန်နဲ့ သူတို့ပဲ။ ဒါနဲ့ ရွှေဒင်္ဂါး ဘယ်လိုလုပ် ထွက်ပြေးသလဲဗျာ။ ဒီအကောင်ကြည့်ရတာ လူအေးပါ"

ရွှေမောင်က မကျေမနပ် မေးမိလေသည်။

"ဟာ ... ဆရာကလည်း ထောင်ဆိုတာ ဒါပဲ။ ကျွန်တော် ... နှစ်သားကပဲ ထောင်ကျလာတာ အခါပေါင်း ရေတွက်မရပါဘူး။ အ



www.burmeseclassic.com

www.burmeseclassic.com



အသက်ခြောက်ဆယ်ကျော်ပြီ။ ထောင်ထဲမှာ ဘုရားအကာ၊ ကျောင်းအကာ တစ်ယောက်မှ မတွေ့ခဲ့ရဘူး။ ဟဲ . . . ဟဲ . . .''

ခြောက်ထောင်ပိုင် ဦးကြည်၏စကားသည် ရွှေမောင်တို့လို ထောင်မှူးပေါက်စအတွက် ကြီးစွာသော သင်ခန်းစာပင် မဟုတ်လော။

''အဲ . . . တစ်ခုလည်း ရှိသေးတယ်။ ဒီရွှေဒဂါးဟာ အမှန်တော့ လူအေးပဲ။ ဒါပေမဲ့ မနေ့က ဆရာလေးနဲ့ အပြေးပြိုင်တာ ရှုံးလို့တဲ့၊ တစ်ညလုံး ငိုတော့တာပဲ။ သိပ်ရှက်တယ်လို့ ပြောတယ်။ အပြင်မှာ တကယ်ပန်းပြေးစားနေတဲ့ အကောင်တဲ့။ တစ်ခါမှ မရှုံးခဲ့တာ ဒီတစ်ခါရှုံးသွားလို့ အတော်ရှက်နေတယ်လို့ ကြားရတယ်။ ရှက်ရှက်နဲ့ လုပ်သွားသလားမှ မသိဘဲ''

''ဟာဗျာ . . . ဒါ ရှက်စရာလား။ ကစားကြတာပဲဟာ''

''အဲဒါလည်း ထောင်ဆိုတာ ဒါပဲဆရာ။ မိတစ်ရာ မိတစ်ထောင်သားတွေ လူအမျိုးမျိုး စိတ်အထွေထွေ ဆရာသိသားပဲ။ တချို့ ယောက်ျားလုပ်နေပြီး ထောင်ထဲမယ် အစားတစ်လုပ်နဲ့ မိန်းမလုပ်စားနေကြသူတွေ။ တချို့က အပြင်မှာ သူခိုး၊ ထောင်ထဲရောက် နိုင်ငံရေးသမားလုပ်၊ လူမျိုးစုံ၊ စိတ်ကူးမျိုးစုံပဲ။ ထောင်ထဲမြင်ရတဲ့ လူတွေဟာ ရိုးရိုးလူတွေ စိတ်မကူးတာကို စိတ်ကူးကြလို့ ထောင်ကျလာကြတာပဲ''

ထောင်သက်အလွန်ရှိပြီး ထောင်အကြောင်း နောကြေနေသော အကျဉ်းသားကြီးက မှတ်လောက်သားလောက် ရွှေမောင်အား ပြောပြနေ၏။

သို့ရာတွင် ရွှေမောင်သည် သူ့စကားကို နားတွင်သိပ်မဝင်။ ရွှေဒဂါး အုတ်ရိုးပေါ်မှ ခြေကားယား လက်ကားယားလိမ့်ကျလာသည်ကိုသာ မျက်စိတွင် မြင်ယောင်နေ၏။ မျက်စိတွင် မြင်ယောင်သလို တစ်နေ့ကပင် သူနှင့် ရွှေဒဂါးတို့ အပြေးပြိုင်ခဲ့ကြသည်ကို ဆက်လက်တွေးနေမိပြန်သည်။

မြောင်းမြမောင်ကို



www.burmeseclassic.com

www.burmeseclassic.com

# [၁]

❑

၁၉၂၄–ခုနှစ်တွင် ဆွာရပ်ချ်ပါတီသည် အောင်ပွဲများဆက်တိုက်ရရှိခဲ့သည်။ ဆွာရပ်ချ်ပါတီ၏ နိုင်ငံတစ်ဝန်း ရေပန်းစားလာမှုကို ထိတ်လန့်လာသော ဗြိတိသျှအုပ်စိုးသူများသည် ပါတီအားဖြိုခွဲရန် ကြံစည်လာတော့သည်။ ထိုနှစ် အောက်တိုဘာ (၂၅)ရက်နေ့တွင် ဆွာရပ်ချ်ပါတီဝင် နိုင်ငံရေးသမားများကို အုပ်လိုက်ချီ၍ ဖမ်းဆီးခဲ့သည်။ နောက်ဆုံးတွင် ကာလကတ္တား မြူနီစီပယ်ကောင်စီ အုပ်ချုပ်ရေးအရာရှိချုပ်ဖြစ်သူ ဘို့စ်ကိုပါ ဖမ်းဆီးသည်။ ဤသည်ကို ဆွာရပ်ချ်ပါတီခေါင်းဆောင်ကြီးနှင့် ကာလကတ္တားမြို့တော်ဝင်ဖြစ်သူ စီ၊ အာရ်၊ ဒတ်စ်က လုံးဝမခံနိုင်တော့။

"ဘို့စ်ဟာ လူမှုပြုပြင်ပြောင်းလဲရေး၊ ကျန်းမာရေး၊ ပညာရေးစတဲ့ လုပ်ငန်းတွေကလွဲလို့ အစိုးရဆန့်ကျင်တဲ့လုပ်ငန်း တစ်ုးတစ်ုတောင် မလုပ်ခဲ့ဘူးဆိုတာ ကျုပ်ကောင်းကောင်း အာမခံတယ်။ တကယ်လို့ ဘို့စ်ဟာအစိုးရဆန့်ကျင်ရေး လုပ်ခဲ့မိရင်လည်း သူ့မှာအပြစ်မရှိဘူး။ သူ့အထက်က မြို့တော်ဝန်ဖြစ်တဲ့ ကျုပ်အနေနဲ့သာ တာဝန်ရှိတာမို့ ကျုပ်ကိုသာ ဖမ်းနိုင်တယ်"

ဟု ဒတ်စ်က ရဲရဲဝံ့ဝံ့ပြောကြားခဲ့သည်။





ဘို့စ်ကို ဖမ်းရာတွင် တင်သောစွဲချက်များမှာ ပြင်းထန်လှသည်။ အစိုးရ၏ အစီအရင်ရှုယ်ချက်မှာ မြူအဖွဲ့ ဆွာရပ်ချ်အုပ်ချုပ်မှုကို တိုက်ဖျက်ခြင်းသာဖြစ်မည်ဟု ပြည်သူတို့က တင်လာသည်အထိပင် ဖြစ်တော့သည်။ ဘို့စ်ကို ပထမ ဘင်္ဂလားအချုပ်ထောင်တွင်ထားရာမှ နောက်ဆုံးမြန်မာပြည် မန္တလေးထောင်သို့ ရွှေ့ပြောင်းထားခဲ့သည်။ မန္တလေးထောင်တွင် အိန္ဒိယအမျိုးသား ခေါင်းဆောင်ကြီး လောကမာညာတိလပ်သည် (၆)နှစ်၊ လာလာဂျပတ်ရေးသည် တစ်နှစ်နေခဲ့ဖူးသည်။

ဘို့စ်က အဖမ်းခံရပုံနှင့် မန္တလေးထောင် အတွေ့အကြုံများကို သူ၏ "အိန္ဒိယအမျိုးသားများ လှုပ်ရှားမှု"စာအုပ်တွင် မြန်မာပြည်အကျဉ်းထောင် (၁၉၂၅–၂၇) ဟူသောအခန်း၌ အောက်ပါအတိုင်း ရေးသားမှတ်တမ်းတင်ထားခဲ့သည်။

၁၉၂၄–ခု အောက်တိုဘာ (၂၅) ရက်နေ့ နံနက်လင်းအားကြီးချိန်တွင် ပုလိပ်အရာရှိအချို့က ကျွန်တော့်ကို တွေ့ဆုံလိုသည် ဖြစ်သဖြင့် အိပ်ရာမှ အစောကြီး ထခဲ့ရသည်။ ကာလကတ္တား ဒုတိယပုလိပ်မင်းကြီးဖြစ်သူက ကျွန်တော့်ကို တွေ့တွေ့ခြင်းပင်။

"မစ္စတာဘို့စ် ခင်ဗျား၊ ကျွန်တော့်မှာ မသာယာတဲ့ တာဝန်ထမ်းဆောင်ဖို့ အချိန်ပါလာပါတယ်။ အဲဒါကတော့ ခင်ဗျားကို ၁၈၁၈–ခုနှစ်၊ နည်းဥပဒေအပိုဒ် (၃)အရ ဖမ်းဆီးဖို့ ကျွန်တော့်မှာ ဝါရမ်းပါလာခြင်းပါပဲ"

ဟု ဆီးကြိုနှုတ်ဆက်လေတော့သည်။ ထို့နောက် သူသည် ဆက်လက်၍ လက်နက်ခဲယမ်း၊ ကျောက်များ ပေါက်ကွဲစေတတ်သော ပစ္စည်းများ ကျွန်တော့်အိမ်အတွင်းရှာဖွေရန် ဝါရမ်းကိုပါ ထုတ်ပြခဲ့လေသည်။ သူလည်း မည်သည့်လက်နက်ကိုမျှ မတွေ့သဖြင့် ကျွန်တော့်အိမ်အတွင်းမှ စာရွက်စာတမ်းအချို့ကိုသာ သိမ်းဆည်း၍ ကျေနပ်ခဲ့ရလေသည်။

ပတ်ဝန်းကျင်ရှိ လူထု၏စိတ်ဝင်စားမှုမှ ရှောင်ကွင်းစေရန် ပုလိပ်မင်းကြီးဖြစ်သူသည် ကျွန်တော့်ကို အကျဉ်းထောင်ရှိရာသို့ သူ၏ကားဖြင့်တင်၍ခေါ်ခဲ့လေသည်။ လမ်းတစ်လျှောက် တွေ့ရှိရသော မျက်နှာသိအချို့



www.burmeseclassic.com

www.burmeseclassic.com



က မည်သည့်နည်းနှင့်မျှ ကျွန်တော့်ကို ငြိတီသျှကော်ရာဖ်ဖေါ် အလီပိုအကျဉ်းထောင်ကြီးသို့ ဖမ်းဆီးခေါ်ဆောင်သွားသည်ဟု ထင်ကြလိမ့်မည်မဟုတ်ပေ။

ကျွန်တော်လည်း အလီပိုဗဟိုအကျဉ်းထောင်သို့ ရောက်ရောက်ချင်းပင်၊ ကျွန်တော်နှင့် တစ်လှေထဲစီးများကို တွေ့ရသည်။ အကျဉ်းဌာန အာဏာပိုင်များအနေဖြင့် ကျွန်တော့်လို နိုင်ငံရေးသမားများကို လက်ခံရသည်ကို စိတ်ကောင်းပုံ မရကြရှာပါ။ ကျွန်တော်တို့ကို အခြားအကျဉ်းသားများနှင့် ရောနှောမထားဘဲ အထူးအစီအစဉ်ဖြင့် သီးခြားထားရှိပါသည်။ ရက်အတန်ကြာလာသောအခါ ကျွန်တော်တို့ နိုင်ငံရေးအကျဉ်းသား စုစုပေါင်း (၁၈)ဦးဖြစ်လာ၍ အတန်ငယ် အားတက်လာပေသည်။

ကျွန်တော့်အနေနှင့်မူ ကာလကတ္တားမြို့ အုပ်ချုပ်ရေးအရာရှိချုပ် (မြို့မင်းကြီး)ဖြစ်၍ ကျွန်တော့်ကို ဖမ်းဆီးမှုသည် မြို့လုပ်ငန်း၌ အတန်ငယ် အနေအထား ပျက်သွားမည့်မှာ သေချာလှပေသည်။ ထို့ကြောင့် အင်္ဂလိပ်အစိုးရနှင့် ဘုရင်ခံချုပ်က ၁၉၂၄–ခု၊ ဒီဇင်ဘာလထိအောင် အကျဉ်းထောင်ထဲမှနေ၍ မြို့နိုစီပယ်ကိစ္စများကို ရုံးထိုင်ဆောင်ရွက်ပေးရန် အထူးအမိန့်တစ်ရပ် ထုတ်ပြန်ခဲ့လေသည်။

ကျွန်တော်၏ အတွင်းရေးမှူးကိုလည်း မကြာခဏ လုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများနှင့်တကွ ကျွန်တော်နှင့် တွေ့ဆုံခွင့်ပေးခဲ့၏။ ဤသို့ ကျွန်တော်နှင့် ကျွန်တော့်အတွင်းဝန်တို့ လုပ်ငန်းသဘောအရ တွေ့ဆုံတိုင်း ကျွန်တော်တို့အနားတွင် အကျဉ်းထောင်အရာရှိတစ်ယောက်နှင့် အဆိုးဆုံး ပုလိပ်အရာရှိတစ်ယောက်မှာ ရှိနေမြဲဖြစ်၏။ ထိုအချက်ကိုလည်း ကျွန်တော်က လက်မခံလို။ ထို့ကြောင့် အနားရှိ ပုလိပ်အရာရှိနှင့် မကြာခဏ အချင်းများရလေသည်။

မကြာမီပင် ကျွန်တော့်ကို အပြစ်ပေးသည့် အနေဖြင့် (ဘာဟန်ပို) အကျဉ်းထောင်သို့ ပြောင်းရွှေ့ခဲ့လေသည်။ ဤနည်းအားဖြင့် ကျွန်တော့်ကို တွေ့ဆုံရန်လာသော ရောင်းရင်းများအဖို့ ခရီးအနည်းငယ် ကွာလှမ်းသွားသဖြင့် အခက်အခဲတွေ့ရလေသည်။ ကျွန်တော့်အနေဖြင့်မူ အလီပိုမှာရော ဘာဟန်ပိုမှာပါ အကျဉ်းထောင်အာဏာပိုင်များနှင့် မပြေမလည်မရှိခဲ့ပါ။ သို့





ရာတွင် ဘာဟန်ပိုသို့ရောက်သောအခါ ပုလိပ်အရာရှိများနှင့် စကားများရပြန်လေသည်။

အကျဉ်းခံနေရသောတစ်ချိန်လုံး၌ ကျွန်တော့်တို့ နိုင်ငံရေးသမားများသည် စာဖတ်ကြ၊ ထောင်မှလွတ်ချိန်၌ ပြုလုပ်ရမည့် နိုင်ငံရေးလှုပ်ရှားမှုလုပ်ငန်းများအကြောင်းကို ဆွေးနွေးကြနှင့်သာ အချိန်ကုန်ရလေသည်။ ကျွန်တော့်လို နိုင်ငံရေးသမားများအနေဖြင့်ကား တစ်ရက်ပြီးတစ်ရက် အစိုးရ၏ အဖမ်းအဆီးကြောင့် နိုင်ငံရေးသမားများ လာလေလေ၊ သဘောကျလေလေဖြစ်၏။ သို့ရာတွင် ဘာဟန်ပိုတွင် နေထိုင်ရသော ကျွန်တော့်အနေနှင့် (၂)လထက်ပို၍ မကြာခဲ့ပေ။

၁၉၂၅–ခုနှစ်၊ ဇန်နဝါရီလ (၂၅)ရက်နေ့၌ ကျွန်တော့်ထံ အမိန့်တစ်ရပ် ရောက်လာပြန်သည်။ ထိုအမိန့်မှာ ကာလကတ္တားသို့ ပြန်လည်၍ ထောင်ပြောင်းရမည်ဖြစ်၏။ ထိုဘာဟန်ပိုအကျဉ်းထောင်မှ ကာလကတ္တားသို့ အသွားလမ်း၌ ကြားရသည်ကား ကျွန်တော်အကြီးအကျယ် အံ့အားသင့်သွားလောက်အောင်ပင် ဖြစ်သည်။ ကျွန်တော့်ကို ကာလကတ္တား၌ ထားမည်မဟုတ်ဘဲ အထက်မြန်မာပြည် မန္တလေးမြို့အကျဉ်းထောင်သို့ ပို့မည်ဖြစ်ကြောင်း သိရ၍ဖြစ်ပါသည်။

ညသန်းခေါင်ကျော်တွင် ကျွန်တော်တို့ ကာလကတ္တားသို့ ရောက်ရှိလေသည်။ ထို့နောက် ကျွန်တော့်ကို လာ(လ်)ဘဇာပုလိပ်ဌာနသို့ ခေါ်ဆောင်သွား၍ ၎င်း၌ ကျွန်တော်ညအိပ်ရလေသည်။ ပုလိပ်ဌာနထဲ၌ရှိသော အချုပ်ခန်းကား အလွန်ညစ်ပတ်လှ၏။ အခန်းထဲရှိ ခြင်၊ ကြမ်းပိုးတို့ကြောင့် ကျွန်တော့် တရေးမျှမမေးခဲ့ရ။ အိပ်သာ၊ ရေချိုးခန်း စသည့်သန့်ရှင်းရေးဆောင်ရွက်ချက်များဟူ၍ လုံးဝမရှိပေ။

လာ(လ်)ဘဇာ အကျဉ်းခန်းသည် လောကရဲ့သားတကား အကျဉ်းခန်းထဲသို့ ကျိုးတိုးကျဲတဲဝင်ရောက်လာသော နေရောင်ခြည်တန်းများက ပေးမောရေတွက်ရင်း ကျွန်တော် လဲလျောင်းနေမိသည်၊ ယင်းအခိုက်အတန့်တွင် ကျွန်တော်နှင့် အခန်းချင်းကပ်လျက်မှ ကျွန်တော်နားယဉ်သော အသံဗလံများကို ကြားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အို . . . ကောင်းလေစွ၊ အင်္ဂလိပ်အစိုးရက ကျွန်တော်၏ အပေါင်းအသင်း ရောင်းရင်းများကို ကျွန်တော့်ထံ ပို့ဆောင်ပေးလေပြီတကား။ မှောင်ကောင်းဆဲရှိသေးသော နံနက်ခင်း၌ ကျွန်တော်၏ မြင်ကွင်းရှေ့သို့ ပုလိပ်အရာရှိတစ်ဦး ဝင်ရောက်လာလေသည်။ သူကား လက်ထောက်ပုလိပ်မင်းကြီးချုပ် မစ္စတာလိုမန်းဖြစ်၍ ကျွန်တော့်ကို မန္တလေးပို့ရာတွင် ခြံရံလိုက်ပါမည့်သူဖြစ်၏။ အခန်းအသီးသီးလည်း ပွင့်လာလေပြီ။ ထိုအခန်းများထဲမှ ကျွန်တော်နှင့် မျက်နှာသိအကျဉ်းသား (၇)ဦးတို့ ထွက်လာကြ၍ ကျွန်တော်ကဲ့သို့ ခရီးတူကို သွားကြရမည်ဖြစ်၏။

အမှောင်လွှမ်းမိုးနေသော အောက်တွင် ကျွန်တော်နှင့် အကျဉ်းသား(၇)ယောက်တို့ကို လက်နက်ကိုင်၊ အစောင့်အကြပ်များဝိုင်း၍ ပုလိပ်ဌာနအပြင်ဘက်သို့ ခေါ်ဆောင်ခဲ့လေသည်။ ပုလိပ်ဌာနအပြင်ဘက်၌ တံခါးဟာရုံဟ၍ ဖွင့်ထားသော အချုပ်ကားနှစ်စီး၊ ကားတစ်စီးတွင် ကျွန်တော်တို့ပိုင်မဖြစ်စလောက်သော ပစ္စည်းပစ္စယကလေးများကိုတင်၍ ကျန်တစ်စီး၌ ကျွန်တော်တို့ အကျဉ်းသားများကို တင်လေသည်။

ကျွန်တော်တို့ စီးလာသောကားသည် အမြန်ဆုံးမောင်းလာခဲ့သည်ဖြစ်ရာ ကားထိုးရပ်ချိန်ကျမှ ကျွန်တော်တို့ မြစ်ကမ်းတစ်ခုသို့ ရောက်နေကြောင်းသိရလေသည်။ သင်္ဘောတစ်စင်းသည် မြစ်ကမ်း၌ကပ်ထားကြောင်းကိုလည်း တွေ့ရ၏။ သို့ရာတွင် ကျွန်တော်တို့ကိုမူ မော်တော်ဘုတ်တစ်စင်းပေါ်သို့ တက်စေ၏။

သုံးနာရီနီးပါးမျှ မြစ်တစ်လျှောက် မော်တော်ဘုတ်ကို မောင်းသွားပြီး သင်္ဘောထွက်ချိန်ကျခါမှ မြစ်လယ်တွင် မော်တော်ပေါ်မှ သင်္ဘောပေါ်သို့ တိတ်တဆိတ်တင်ခဲ့သည်။ နံနက်(၉)နာရီခန့်တွင် သင်္ဘောသည် မြစ်တစ်လျှောက်မှ ပင်လယ်သို့ ဦးတည်ထွက်ခွာလာခဲ့သည်။ သင်္ဘောအတွင်း ကျွန်တော်တို့ရှိရာ အခန်းကို တင်းကျပ်သော အစောင့်များ ချထားလေသည်။ သင်္ဘောစီးခရီးသည်များအနေနှင့် ဘာကြောင့် လက်နက်ကိုင်အစောင့်အရှောက်များ ထူထဲစွာ ချထားသည်ကိုသာ စူးစမ်းကြရုံမှလွဲ၍ ကျွန်တော်တို့ ပါလာသည်ကို သိကြဟန်မတူပေ။





အပြောကျယ်သော ပင်လယ်ပြင်သို့ ရောက်သောအခါ ကျွန်တော်တို့ အခန်းရှေ့မှ အစောင့်များကို ရုပ်သိမ်းလိုက်၍ လက်နက်မဲ့အရာရှိများကိုသာ ကျွန်တော်တို့အား စောင့်ကြပ်စေခဲ့လေသည်။ မြန်မာပြည်သွား လေးရက်ခရီးကား ကျွန်တော်တို့အဖို့ အတော်ပင် စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။

ကျွန်တော်တို့ကို စောင့်ကြပ်လိုက်ပါလာသော မစ္စတာလိုမန်းမှာ အထူးပင် ဆက်ဆံရေးကောင်းမွန်လှ၍ ကျွန်တော်တို့နှင့်အတူ ဘုရင်ခံချုပ်များ၊ အုပ်ချုပ်ရေးကောင်စီလူကြီးများ၊ လူထုခေါင်းဆောင်များ စသည်ဖြင့် ရောက်တတ်ရာရာ အိန္ဒိယနိုင်ငံရေးရာများကို ဆွေးနွေးနိုင်လေသည်။ ကျွန်တော် သူနှင့်ဆွေးနွေးရာ၌ နိုင်ငံရေးအကျဉ်းသားများအား ပုလိပ်က အဘယ့်ကြောင့် ညှဉ်းဆဲရသည်ဆိုသောအချက်ကို ထည့်သွင်းဆွေးနွေးလိုက်၏။

ထိုအခါ မစ္စတာလိုမန်းက ပထမဆုံး ကျွန်တော့်စွဲချက်ကို ငြင်းဆိုသေးသော်လည်း နောက်၌ အချို့အရေးအခင်းတွင် နိုင်ငံရေးသမားများကို ပုလိပ်တို့က ညှဉ်းပန်းမှုမကင်းခဲ့ကြောင်း ဝန်ခံခဲ့၏။ ထိုကဲ့သို့ ဆွေးနွေးခဲ့ကြပြီး ရန်ကုန်ရောက်ရန် တစ်ညအလို၌ မစ္စတာလိုမန်းမှာ ကောင်းစွာအိပ်မပျော်ခဲ့ပေ။ နံနက်ရောက်သောအခါ သူက . . .

''ညကတစ်ညလုံး အိပ်မက်ဆိုးများမက်လျက် ၎င်းအိပ်မက်ထဲတွင် နိုင်ငံရေးအကျဉ်းသားများ ဆိပ်ကမ်းမှ လွတ်သွားကြောင်းတို့ပါဝင်ကြောင်း''

ပြောပြလေသည်။

ရန်ကုန်မှ မန္တလေးခရီးကား ရှည်လျားလှပြီး နာရီ(၂၀)မျှ ကြာမြင့်လေသည်။ ကျွန်တော်တို့၏ မီးရထားခရီးစဉ်တစ်လျှောက်လုံးတွင် မီးရထားရပ်တိုင်း ထူထပ်သော ပုလိပ်အစောင့်အကြပ်များ ရထားဘေးတစ်ဖက်တစ်ချက်၌ ချထားခဲ့ကြသည်။ ထို့ကြောင့် မြန်မာလူမျိုး ခရီးသည်များအနေဖြင့် ကျွန်တော်တို့အား ထိပ်တန်းနိုင်ငံတော်အရာရှိကြီးများ (သို့မဟုတ်) အနိုင်းအစိုင်း သတ္တဝါကောင်များဟု ထင်ကောင်းထင်မှတ်ဖွယ်ရာရှိ၏။ ရန်ကုန်မန္တလေးခရီး ရထားစီး၍ သွားနေသည်ထိအောင် ကျွန်တော်တို့ အနေဖြင့် မန္တလေးဆိုသည်မှာ နာမည်သာ ကြားဖူးခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ကျွန်တော့်အတွေးထဲ၌ မန္တလေးဆိုသည်မှာ လွတ်လပ်သော မြန်မာပြည်၏ နောက်ဆုံး မင်းနေပြည်တော်ဖြစ်သည်နှင့် အင်္ဂလိပ်–မြန်မာတတိယစစ်ပွဲ စသည့် မြင်ကွင်းများက ဝိုးတဝါး ဝင်ရောက်စိုးမိုးလာကြသည်။ သို့ရာတွင် ထင်ထင်ရှားရှား ကျွန်တော် သတိရခဲ့သည့် အိန္ဒိယနိုင်ငံရေးခေါင်းဆောင်များ ဖြစ်ကြသော 'လောကမာညာတိလပ်' ဤမန္တလေးထောင်တွင် ထောင်(၆)နှစ် အပြစ်ပေးခံခဲ့ရပုံနှင့် နောက်ပိုင်း 'လာလာဂျ်ပတ်ရေး' ထောင်တစ်နှစ် အပြစ်ပေးခံရပုံတို့ပင် ဖြစ်သည်။

ရင်းသတိရချက်က ကျွန်တော့်ကိုယ်ကျွန်တော်သည်လည်း သူတို့ခြေရာနင်းရပြီတကားဟု ဂုဏ်ယူစိတ်တစ်ဆက်တည်း ပေါ်လာခဲ့ပေသည်။ ကျွန်တော်တို့ မန္တလေးဘူတာကြီးမှ မန္တလေးမြို့ရိုးအတွင်းရှိ ထောင်ကြီးသို့ ပို့ပေးခဲ့သည်။ မန်းမြို့ရိုးအတွင်း၌ အဖမ်းခံ အိန္ဒိယခေါင်းဆောင်ကြီးများဖြစ်ကြသော 'လာလာဂျီးနှင့် ဆာဒါအဂျစ်ဆင်းနံ'တို့ ထိန်းသိမ်းခံရင်း နေထိုင်ခဲ့ကြသည့် အိမ်များကို တွေ့ရသည်။

လှပသော နံနက်ခင်း၏ ကောင်းကင်ပြင်ကို နောက်ခံပြု၍ လှပသော အဆောက်အဦများ (နောက်မှ နန်းတော်ဟောင်းနှင့် မြန်မာဘုရင်နိုင်ငံတော်၏ အဆောက်အဦများဟု သိရသည်) ကိုလည်း တွေ့ရပေသည်။ ယင်းသို့ မြန်မာနိုင်ငံတော်၏ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ရာများကို သတိရသည်နှင့်နည်းတူ ကျွန်တော်တို့၏ နှလုံးသားများလည်း တစ်ချိန်တည်းမှာ ခုန်လာကြပြီး မြန်မာနိုင်ငံလည်း တစ်ချိန်တွင် မိမိ၏လွတ်လပ်ရေးအလံတော် လွှင့်ထူနိုင်စွမ်း ရှိပေလိမ့်မည်ဟု တောင့်တတွေးတောခဲ့မိပါသည်။

ကျွန်တော်တို့ မန္တလေးထောင်၏ ညို့မှိုင်းသော နံရံအနီးသို့ရောက်လာသည်နှင့်အမျှ ကျွန်တော်တို့၏ စိတ်ကူးယဉ်မှုအားလုံး လွင့်စဉ်သွားတော့၏။ မြန်မာပြည်၏ အကျဉ်းထောင်အတွင်းပိုင်း အနေအထားကား အိန္ဒိယ အကျဉ်းထောင်တစ်ခု၏ အနေအထားနှင့် မတူချေ။ ဤသည်မှာ ထောင်ထဲဝင်ဝင်ချင်း ပထမဆုံးအကြိမ်အဖြစ် လေ့လာခဲ့မိခြင်းသာဖြစ်၏။

ပထမဆုံး ကျွန်တော်တို့ သတိထားခဲ့မိသည်မှာ ထောင်အဆောက်အဦများကို ကျောက် (သို့မဟုတ်) အုတ်များဖြင့် တည်ဆောက်ထားခြင်း





မဟုတ်ဘဲ သစ်သားများဖြင့် တည်ဆောက်ထားခြင်းဖြစ်၏။ ထို့ကြောင့် ထောင်အဆောက်အဦများမှာ တိရစ္ဆာန်ရုံး (သို့မဟုတ်) ဆပ်ကပ်များထဲမှ လှောင်အိမ်များနှင့် တကယ်တူလှပေသည်။ ထောင်အဆောက်အဦများ၏ အပြင်ဘက်မှနေကြည့်လျှင် အထူးသဖြင့် ညဘက်များတွင် အကျဉ်းသားများမှာ ထောင်သံတန်းများနောက်၌ တိရစ္ဆာန်များသဖွယ် နေထိုင်ခဲ့ရလေသည်။

ဤအဆောက်အဦများအတွင်း၌ ကျွန်တော်တို့လည်း အင်္ဂလိပ်လက်ပါးစေထောင်အမှုထမ်းများ ပြုသမျှ နုကြရပေတော့သည်။ ထောင်ထဲတွင် ကျွန်တော်နှင့်တကွ အကျဉ်းသားအားလုံးအတွက် ဆောင်းရာသီအအေးဒဏ်ကိုလည်းကောင်း၊ နွေရာသီ၏ ပြင်းထန်သော အပူဒဏ်ကိုလည်းကောင်း၊ မန်းအပူပိုင်း မိုးဒဏ်ကိုလည်းကောင်း အကာအကွယ်ပေးနိုင်ရန် ဘာမျှပေးထားခြင်း မရှိခဲ့ပေ။ ထို့ကြောင့် ကျွန်တော်တို့အားလုံး ဘယ်ကဲ့သို့ အသက်ရှင်နေရမည် ကိုပင် တွေးစပြုလာကြတော့၏။

သို့ရာတွင် ကျွန်တော်တို့မှာ ကူကယ်မည့်သူ ဝေးလှသဖြင့် ကျွန်တော်တို့အနေဖြင့် အဆိုးဆုံး အခြေအနေကို အကောင်းဆုံးလုပ်၍ နေခဲ့ရ၏။ ကျွန်တော်နေထိုင်ရာ ထောင်အဆောက်အဦနှင့် တွဲလျက်ရှိသော အဆောက်အဦကား တိလပ်ထောင်(၆)နှစ်မျှ အကျဉ်းခံသွားရရှာသော နေရာဖြစ်ကြောင်း သိခဲ့ရသည်။ အမှုထမ်းများထဲတွင် တိလပ်ရှိစဉ်က အမှုထမ်းခဲ့သူများ အများအပြားတွေ့ရ၏။

ရင်းအမှုထမ်းများထံမှလည်းကောင်း၊ ထို့နောက် အကျဉ်းဌာနမင်းကြီးထံမှလည်းကောင်း အကျဉ်းထောင်အတွင်း၌ 'တိလပ်' တစ်ယောက်မည်သို့မည်ပုံ နေထိုင်သွားပုံကို သိရသည်။ 'တိလပ်'ကိုယ်တိုင် သံပရာပင်များစိုက်ပျိုးသွားခဲ့ပုံကိုလည်း သိရလေသည်။ အင်္ဂလိပ်အစိုးရ အကျဉ်းသားများထဲမှ မစ္စတာဂျီဘွန်လာလ်ချတ္တားဂျီး၏ အကူအညီဖြင့် ကျွန်တော်တို့ ပထမဆုံး မြန်မာစာကိုသင်ကြရ၏။

သို့ရာတွင် ကျွန်တော့်အနေဖြင့် မြန်မာလူမျိုးများကို အလွန်အမင်းနှစ်သက်သဘောကျချိန် ရောက်သည်အထိကို မြန်မာစာသင်တန်း၌ မတက်



www.burmeseclassic.com

www.burmeseclassic.com



ရောက်နိုင်ခဲ့ပေ။ မြန်မာလူမျိုးများတွင် တစ်စုံတစ်ယောက်က မနှစ်သက်ဘဲ မနေနိုင်လောက်အောင်ကောင်းသော ကောင်းကွက်တစ်ကွက် အမြဲတန်းရှိနေ၏။ သူတို့ကား အလွန်အမင်း ဖော်ရွေတတ်၍ ပွင့်လင်းပျော်ရွှင်တတ်လှပေသည်။ သို့ရာတွင် မြန်မာတို့သည် စိတ်မြန်လက်မြန်ရှိပြီး တစ်ခါတစ်ရံ၌ မိမိကိုယ်ကိုယ် မထိမ်းသိမ်းနိုင်ဘဲ ဒေါသနောက်ကို ပါတတ်ကြ၏။

ကျွန်တော်တို့၏ သောင်ပိုင်ဝန်ကပ္ပတိန်စမစ် (နောက်မေဂျာစမစ်) သည် ကျွန်တော်တို့အပေါ်တွင် ဆက်ဆံရေးအတော်ကောင်းလှ၍ ကျွန်တော်တို့နှင့် သူ၏ကြား၌ ဘာမျှပြဿနာမရှိခဲ့ပေ။ ကျွန်တော်တို့က အင်္ဂလိပ်အစိုးရကို သောင်ထဲမှ တိုက်ပွဲဝင်ရင်း အစာငတ်ခံဆန္ဒပြသည့်တိုင် ကျွန်တော်တို့၏ ခင်မင်သော ဆက်ဆံရေးမှာ မပြေမလည်မဖြစ်ခဲ့ရပေ။ သောင်မှူးကြီးနှင့်မူကား ကျွန်တော်တို့ မကြာခဏ မပြေမလည်ဖြစ်ရသည်။ ၎င်းပြင် သူကလည်း အမြဲတမ်းလို မထိတထိနှင့် ကျွန်တော်တို့ကို ဒုက္ခပေးတတ်သည်။ သူ၏အကြောင်းပြချက်မှာ သူ့အနေနှင့် အမြဲတမ်း အထက်အမိန့်အတိုင်း ဆောင်ရွက်ရသည်ဟူ၏။

သို့ရာတွင် နောက်ပိုင်း၌ သူတို့က ကျွန်တော်တို့ကို ဒုက္ခပေးသလို ကျွန်တော်တို့ကလည်း သူတို့ကို ဒုက္ခပေးနိုင်ကြောင်း သိလာသောအခါ တဖြည်းဖြည်း ကျွန်တော်တို့နှင့် မဟာမိတ်ပြုလာတော့သည်။ အကျဉ်းဦးစီးဌာနမင်းကြီးမှာ ဒုပိုလ်မှူးကြီး တာရာပိုဆိုသူဖြစ်၍ အလွန်ဖျတ်လတ်ပါးနပ်သူတစ်ဦးဖြစ်သည်။ မန္တလေးရှိ သောင် (သို့မဟုတ်) မြန်မာပြည်အခြားသောင်များရှိ အင်္ဂလိပ်အစိုးရအကျဉ်းသားများ မပြေမလည်ဖြစ်ရတိုင်း သူသည် ကျွန်တော်တို့ကို ကောင်းစွာပြုမူဆက်ဆံသည်ဟု ဝန်ခံရမည်ဖြစ်၏။

သူ၏ အခက်အခဲမှာ ပထမဆုံးအနေဖြင့် ကျွန်တော်တို့နှင့်ပတ်သက်၍ လုံးဝတာဝန်ရှိသော ဘင်္ဂလားအစိုးရက သူတစ်ချက်မှားလျှင် သူ့ကို ဒုက္ခပေးမည်ဖြစ်၏။ ဒုတိယအချက်အနေဖြင့် အိန္ဒိယအစိုးရက မြန်မာပြည်နှင့် ဝေးကွာလွန်းလှ၍ သူ၏သဘောထားနှင့် ခြားနားလွန်းလှသည်။ တတိယအချက်အနေဖြင့်ကား မြန်မာအစိုးရသည် ကျွန်တော်တို့ကို ဒုက္ခပေးလိုစိတ်





မရှိသော်လည်း သူတို့ကိုယ်တိုင် တာဝန်ခံ၍ ကျွန်တော်တို့နှင့် ပတ်သက်ပြီး မကိုင်တွယ် မဆက်ဆံလိုကြပေ။

ဒုပိုလ်မှူးကြီး တာရာပိုက အကျဉ်းသောင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းကို များစွာ စိတ်ထက်သန်သူတစ်ဦးဖြစ်လေရာ သူရောက်ဆဲကာလ၌ အင်္ဂလန်ရှိ ဘုရင့်အကျဉ်းဌာန မင်းကြီးများထဲမှ တစ်ဦးဖြစ်သူ မစ္စတာပတ်တာဆင်ကို မြန်မာပြည်သို့ ဖိတ်ခေါ်၍ အကျဉ်းဌာနပြုပြင်ပြောင်းလဲရေးလုပ်ငန်းအကြံပေးပါရန် တောင်းပန်ခဲ့သည်။ သို့ရာတွင် မည်သူမျှ စိတ်ထက်သန်စေကာမူ အကျဉ်းသောင်ပြုပြင်ပြောင်းလဲရေးမှာ ခေတ်နောက်ပြန်ဆွဲနေသောသူ၏ ပတ်ဝန်းကျင်ကြောင့် ထင်သလောက် အကောင်အထည် မဖော်ခဲ့ပေ။

သာမန်မြန်မာတစ်ဦးအဖို့ ငယ်ငယ်ကတည်းက ဆေးလိပ်သောက်တတ်ကြရာ ဆေးလိပ်ကို ထမင်းထက်ပို၍ မက်သူများရှိကြလေသည်။ သို့ရာတွင် ဆေးလိပ်၊ ဆေးရွက်ကြီးတို့မှာ မြန်မာအကျဉ်းသောင်များတွင် ပိတ်ပင်ထားရာ မြန်မာအကျဉ်းသားများသည် ဆေးလိပ်မှောင်ခိုသွင်းရန်အတွက် သောင်ပြစ်မှုများစွာကို ကျူးလွန်ကြောင်းတွေ့ရှိရသည်။ ထို့ကြောင့် အကျဉ်းဌာနမင်းကြီးအနေဖြင့် ဆေးလိပ်ကို တရားဝင်ပြုလုပ်လိုက်လျှင် သောင်ပြစ်မှု ဖြစ်ပွားခြင်းများ လျော့နည်းသွားမည်ဟု တွက်ခဲ့၏။ ထို့ကြောင့် အကျင့်စာရိတ္တကောင်းမွန်သော အကျဉ်းသားတိုင်းကို ဆုလာဘ်အဖြစ် နေ့စဉ် ဆေးလိပ်ဆေးရွက်များ ပေးမည်ဟူသော အမိန့်ကို ထုတ်ပြန်ခဲ့၏။

ယင်းအမိန့်ကြောင့် အကျဉ်းသောင်ပြုပြင်ပြောင်းလဲရေး၌ သိသိသာသာ ထူးခြားမှုမရှိသော်လည်း တစ်စုံတစ်ခုသော အတိုင်းအတာအထိကား ထိရောက်ခဲ့ပေသည်။ ထိုအမိန့်ကို တစ်နှစ်စမ်းသပ်လုပ်ကိုင်ခဲ့ရာ တစ်နှစ်ပြည့်သောအခါ သောင်ပိုင်ဝန်အတော်များများက ၎င်းစမ်းသပ်မှုကို ဆန့်ကျင်သော အစီရင်ခံချက်များ တင်သွင်းကြ၍လည်းကောင်း၊ ဘဏ္ဍာရေးဌာန အနေဖြင့်လည်း သောင်အတွက် ငွေပိုကုန်ရသည့် အတွက်ကြောင့်လည်းကောင်း ပြုပြင်ပြောင်းလဲရေးကို ရပ်စဲလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ မြန်မာပြည်မှ ထွက်ခါနီးအောင် သူလုပ်ခဲ့သော အခြား ပြုပြင်ပြောင်းလဲချက်တစ်ခုလည်း ရှိသေး၏။ ၎င်းမှာ ထောင်ပြင်ပ၌ အကျဉ်းစခန်းများဖွင့်၍ လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများတွင် အကျဉ်းသားများအဖို့ လွတ်လပ်ခွင့် ပိုမိုရကြ၍ ထမင်းအစားအသောက်အပြင် အခြား အခွင့်အရေးများလည်း ရရှိလေသည်။ ဤပြုပြင်ပြောင်းလဲမှုနှင့် ပတ်သက်၍ နောက်ဆုံးအခြေအနေ ဘယ်သို့ရှိသည်ကိုမူကား ကျွန်တော်မသိချေ။

သို့ရာတွင် ကျွန်တော် မြန်မာပြည်မှ ထွက်လာသည့်အချိန်ထိမူကား ဤကဲ့သို့ ထောင်အပြင်အလုပ်စခန်းများ ဖွင့်ရေးအတွက် သင့်လျော်သော အရာရှိများကို ရှာမရခြင်းပင်ဖြစ်၏။ အကျဉ်းဌာနမင်းကြီးနှင့် ကျွန်တော်တို့ တွေ့ဆုံဆွေးနွေးတိုင်း သူက 'အကျဉ်းသားများကို လူမဆန်စွာ ဆက်ဆံ၍ အကျဉ်းထောင်ပတ်ဝန်းကျင်အခြေအနေကို မေ့ပစ်နိုင်သော အရည်အချင်း မျိုးနှင့် ပညာအမြော်အမြင် ပြည့်စုံသည့်အရာရှိကောင်းများ ရှာမရပါ'ဟု ညည်းခဲ့လေသည်။

ကျွန်တော် မြန်မာပြည်၌ အကျဉ်းကျနေစဉ်အတွင်း ရာဇဝတ်မှုခင်း စိတ္တဗေဒနှင့် အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေး ပြဿနာများကို လေ့လာ နိုင်ခွင့်ရခဲ့၏။ အကျဉ်းဌာနမင်းကြီးသည် လိုအပ်သော စာအုပ်စာတမ်းများကို လေ့လာနိုင်ရန် များစွာအကူအညီပေး၏။ တစ်ဖန် မြန်မာပြည် ထောင်အသီး သီးရှိ အကျဉ်းသားများ၏ အခြေအနေ အရပ်ရပ်ကလည်း ထောင်ဘဝကို လေ့လာနိုင်ရေးအတွက် အကြောင်းအရာကောင်းတစ်ရပ်အဖြစ် အထောက် အကူပြုခဲ့လေသည်။

ကျွန်တော် လေ့လာမိသမျှတွင် လူသတ်မှုကျူးလွန်သူကို အသိုင်း အဝိုင်းက အဆိုးဆုံး ရာဇဝတ်သားများဟု မှတ်ယူကြ၏။ စင်စင်အားဖြင့် ကျွန် တော့်အတွေ့အကြုံအရ အကျဉ်းသား အများအပြားထဲ၌ လူသတ်မှု ကျူးလွန် ခဲ့ကြသူများသည် စိတ်ထား ပိုမိုကောင်းသူများဖြစ်ကြောင်း တွေ့ရှိရလေသည်။ ကျွန်တော် သတိထားမိသမျှ အဆိုးဆုံးအကျဉ်းသား အမျိုးအစားမှာ ခါးပိုက် နှိုက်ခြင်း၊ ခိုးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းသူများသာ ဖြစ်၏။





မကြာခဏဆိုသလို ကျွန်တော်တို့ထံသို့ အရာရှိများ အပါအဝင် များပြားလှသော စိတ်ဝင်စားဖွယ်ကောင်းသည့် ဧည့်သည်များ လာရောက် တတ်ကြသည်။ ပြည်ထဲရေးဝန်ကြီးမှအစ အထက်တန်းတရားသူကြီးများ အထိ ပါဝင်ကြ၍ ကျွန်တော်တို့ကဲ့သို့ အိန္ဒိယအမျိုးသားအစိုးရ အကျဉ်းသား များကို သူတို့အားလုံးလိုလိုက ဂရုတစိုက် လေ့လာသွားကြ၏။ ၎င်းဧည့်သည် များထဲမှ တစ်ဦးဖြစ်သော အင်္ဂလန်မှ အကျဉ်းဌာနမင်းကြီး မစ္စတာပတ်တာ ဆင်က အိန္ဒိယရှိ အန္တရာယ်အများဆုံး လူများထဲမှ (၈)ယောက်မြောက်လူ ဟု ကျွန်တော့်ကို ကင်ပွန်းတပ်သွားသည်။

ကျွန်တော်တို့ရဲ့ အမြဲတမ်းဧည့်သည်တော်ကြီးအား မန္တလေးအရေး ပိုင် မစ္စတာဘာရောင်းဆိုသူဖြစ်၏။ သူ့အနေဖြင့် မန္တလေးလူထုအပေါ် မည်သို့ ပြုမူဆက်ဆံလေသည်မသိ။ ကျွန်တော်တို့အပေါ်၌မူကား ဖြောင့်ဖြောင့်သမား တစ်ဦးဖြစ်၏။ ၎င်းအပြင် သူသည် ကျွန်တော်တို့ ဖတ်လိုသော စာအုပ်စာ တမ်းများကို အကူအညီပေးသည့်အပြင် ကျွန်တော်တို့နှင့် အကျဉ်းဌာနအရာ ရှိများ မပြေမလည်ဖြစ်တိုင်း ကြားဝင်စေ့စပ်ပေး၏။

ကျွန်တော်တို့၏ ထောင်ပိုင်ဖြစ်သူ မစ္စတာစမစ်ခွင့်ယူသွားသော အခါ ကျွန်တော်တို့နှင့် အကျဉ်းဌာနအရာရှိများ အချင်းများခဲ့ကြလေသည်။ မစ္စတာစမစ်၏နေရာတွင် မေဂျာဖင်လေးဆိုသူ ဝင်လာရာ အသေးအဖွဲကိစ္စ များနှင့် ပတ်သက်၍ မေဂျာဖင်လေးနှင့် ကျွန်တော်တို့ စကားများရ၏။ ထို့ နောက် ကျွန်တော်တို့လည်း အစာငတ်ခံဆန္ဒပြကြလေသည်။ သို့သော် မစ္စတာဘာရောင်း၏ ကြားဝင်စေ့စပ်မှုဖြင့် ကျွန်တော့် ထိုပြဿနာမှာ ပြေလည် သွားခဲ့လေသည်။

မြန်မာပြည်သို့ နယ်နှင်အကျဉ်းကျခံနေရသော အစိုးရအကျဉ်းသား များတွင် ကျွန်တော်တို့အုပ်စုသည် ပထမအသုတ်မဟုတ်ချေ။ ကျွန်တော်တို့ မြန်မာပြည်မရောက်မီ တစ်နှစ်ခန့်က ပထမအသုတ်အဖြစ် ပို့လိုက်ကြသေး ၏။ ထိုပထမအသုတ် မြန်မာပြည်သို့ရောက်သောအခါ တစ်အုပ်လုံးကို ထောင်ထဲမှာ မထားဘဲ နှစ်စုခွဲ၍ ထောင်ခွဲပြီး ထားလေသည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ပထမအသုတ်ပါ လူများမှာ အထူးအကျဉ်းရောက်ကြပြီး ၎င်းတို့၏ ထောင်တွင်း အခြေနေ သက်သာချောင်ချိရေးအတွက် ပူးတွဲတိုက်ပွဲမဝင်နိုင်ခဲ့ပေ။

ထိုစဉ်က အစိုးရအကျဉ်းသားများထဲမှ မစ္စတာဂျီဘွန်ဘားလ် ချက် တာဂျီဆိုသူနှင့် မစ္စတာဘူပန်တရာကူမာဒတ် ဆိုသူနှစ်ဦးက အိန္ဒိယနိုင်ငံ ဆိုင်ရာအတွင်းဝန် လော့ဒ်အော်လီဗီးယားထံသို့ တိုင်စာတင်သွင်း၍ စာထဲ တွင် (အိန္ဒိယတွင် ထောက်လှမ်းရေးဌာနခွဲဟု ခေါ်သော)ဘင်္ဂလား ပုလိပ် အဖွဲ့၏ နိုင်ငံရေးဌာနခွဲ၏ ပြုမူဆောင်ရွက်ချက်များကို ပြင်းထန်စွာ ဝေဖန် ခဲ့လေသည်။

စာပါ အဓိကအကြောင်းအရာမှာ ပုလိပ်အဖွဲ့က ပုလိပ်သတင်းပေး များကို (အပြစ်မဲ့သော်လည်း စိတ်တက်ကြွနေသော လူငယ်များအား ထောင် ဖမ်းနိုင်ရန်) မွေးထားကြပြီး ထိုလူငယ်များကို သူပုန်ပုဒ်မတပ်ကြကြောင်း။ ဤသို့ ပြုလုပ်ပါမှ ပုလိပ်အဖွဲ့ ထောက်လှမ်းရေးဌာနခွဲအနေဖြင့် အပိုလစာ အဖြစ် (အန္တရာယ်ကြေး)များကိုလည်းကောင်း သတင်းပေးများ ငှားရမ်းခ အတွက် ငွေကြေးများကိုလည်းကောင်း မတရား လိမ်ထုတ်ယူကြကြောင်းတို့ ပါဝင်လေသည်။

ဤစာကို အိန္ဒိယသတင်းစာတစ်စောင်က အနံ့ရသွားပြီး သတင်း အဖြစ် ထည့်သွင်းသည့်အပြင် ဆွာရပ်ျပါတီခေါင်းဆောင် ပန်ဒစ်မိုတီလာ နေရူးကလည်း ကောင်စီအစည်းအဝေးမိန့်ခွန်းတစ်ခု၌ ဤသတင်းကို ကိုးကား ထည့်သွင်းပြောဆိုပြီး အမှုမစစ်ဘဲ လူများကို အကျဉ်းချထားခြင်းကို ပြင်းထန် စွာ ကန့်ကွက်ခဲ့လေသည်။

ဤစာကို သတင်းအဖြစ် ထည့်သွင်းဖော်ပြခြင်းအပေါ် အင်္ဂလိပ် အစိုးရက မကျေမနပ်ဖြစ်ပြီး မြန်မာပြည်ရှိ အိန္ဒိယအကျဉ်းသားများကို စည်း ကမ်းများ ပိုမိုတင်းကျပ်ခဲ့လေသည်။ အင်္ဂလိပ်အစိုးရပိုင်းက စိတ်ပြေတန် သလောက်ရှိမှ မြန်မာနိုင်ငံရှိ အိန္ဒိယအကျဉ်းသားများကို တစ်စုတစ်ရုံးတည်း တစ်ထောင်ထဲမှာ စုပေါင်းထားခဲ့လေသည်။ သို့ရာတွင် ထိုစာကို သတင်းစာများ အနံ့ရသွားရန် ဆောင်ရွက်ခဲ့သော မစ္စတာကုမာဒတ်ကိုမူကား သတင်းစာ တွင်ပါအောင် လုပ်မှုအတွက် သီးခြားထားမြဲထားခဲ့လေသည်။





ထောင်ထဲတွင် မကြာခဏဆိုသလို မြန်မာနိုင်ငံရေးသမားများနှင့် တွေ့ဆုံရပြီး ၎င်းတို့ထံမှ မြန်မာနိုင်ငံရေးတွင် အင်္ဂလိပ်တို့ ရှုပ်ထွေးစွာ ပါဝင် စွက်ဖက်နေပုံအများအပြားကို သိခဲ့ရ၏။ ကျွန်တော်တို့နှင့် တွေ့ရသူများထဲ တွင် ဘုန်းကြီးအများအပြားလည်းပါသည်။ ဤဘုန်းကြီးတို့ကား ကျွန်တော် တွေ့ကြုံဖူးသမျှတွင် လူအဆန်ဆုံးစံပြပုဂ္ဂိုလ်များပင် ဖြစ်တော့သည်။ မြန်မာ ပြည်ဆိုသည်ကား ဇာတ်အနိမ့်အမြင့်နှင့် လူတန်းစားခွဲခြားမှု လုံးဝမရှိသော နိုင်ငံသာတည်း။

လူတန်းစားခွဲခြားမှု မရှိဆုံးသော နိုင်ငံကိုပြပါဆိုလျှင် မြန်မာပြည် သာ ဖြစ်နိုင်ပေသည်။ ဗုဒ္ဓဘာသာကား မြန်မာပြည်အတွက် ရှင်သန်နေသော ဘာသာရေးတစ်ရပ်ဖြစ်၍ ၎င်းဘာသာကို လက်ကိုင်ပြုထားသော ရဟန်း တော်များကား အမြင့်မားဆုံးသော ကောင်းချီးကို ရရှိကြပေသည်။ ရာစု ပေါင်းများစွာကတည်းက ၎င်းရဟန်းများသည် မြန်မာယောကျ်ား–မိန်းမ တို့ကို အခမဲ့ပညာရေးများ ပေးအပ်ခဲ့၍ စာတတ်မြောက်မှုနှင့် ပတ်သက် လျှင် မြန်မာတို့သည် အိန္ဒိယသားများမမီအောင် အခြေခံပညာတတ်သူများ များကြလေသည်။

အထက်မြန်မာနိုင်ငံကိုပါ အင်္ဂလိပ်တို့ သိမ်းယူပြီးကတည်းက ဘုန်း ကြီးများကသာလျှင် မြဲမြဲစပြုနေသော အမျိုးသားရေး မီးရှူးတန်ဆောင်ကို ဆက်လက်၍ တောက်လောင်စေခဲ့သူများ ဖြစ်သည်။

ရဟန်းများ၏ ခိုင်မြဲသော နိုင်ငံခြားအစိုးရ ဆန့်ကျင်ရေးကြောင့် အရာရှိရော အရာရှိမဟုတ်သူ အင်္ဂလိပ်လူမျိုးအားလုံးက ပြင်းထန်စွာ မုန်း တီးခြင်းကို ခံရလေသည်။ ထူးခြားချက်မှာ ရဟန်းတော်များသည် အင်္ဂလိပ်ကို ဆန့်ကျင်သော်လည်း အိန္ဒိယကို မဆန့်ကျင်ကြပေ။ ထို့အပြင် အိန္ဒိယနှင့် ခွဲရေးကိုပင် ပြင်းထန်စွာ ကန့်ကွက်ခဲ့ကြ၏။

အိန္ဒိယနိုင်ငံနှင့် ယဉ်ကျေးမှုချင်း မတူသော်လည်း အကယ်၍ မြန် မာပြည်ကို အိန္ဒိယနှင့် ခွဲလိုက်လျှင် အင်္ဂလိပ်ကို နိုင်ငံရေးလွတ်လပ်မှုအ တွက် တိုက်သည့်နေရာ၌ ပို၍ အားနည်းသွားမည်ဟု တွက်ခဲ့ကြ၏။ မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



လူထုအကြား၌လည်း ဘုန်းကြီးရဟန်းများ၏ ဩဇာကား အထူးသက်ရောက်လှတော့၏။

သို့ရာတွင် အင်္ဂလိပ်စာတတ် မြန်မာတစ်စုအနေဖြင့် နိုင်ငံရေးအရ သီးခြား အစုအဝေးတစ်ရပ်သာဖြစ်၏။ ထိုအင်္ဂလိပ်စာတတ် မြန်မာအများစုက ဘုန်းကြီးများ၏ မူဝါဒကို ဆန့်ကျင်ပြီး အိန္ဒိယကိုပါ ဆန့်ကျင်ကာ အင်္ဂလိပ်ကို ဒူးထောက်သူများသာ ဖြစ်ကြ၏။ အင်္ဂလိပ်စာတတ်မြန်မာများထဲ၌ အနည်းစုကမူ နိုင်ငံရေးအရ ရဟန်းတော်များနှင့် မဟာမိတ်ပြုထားလေသည်။

အင်္ဂလိပ်စာတတ် မြန်မာများအနေဖြင့် ယူဆကြသည်မှာ အိန္ဒိယပြည်နှင့် ခွဲလိုက်ခြင်းအားဖြင့် မြန်မာပြည်၏ အခြေအနေ တိုးတက်လာမည်။ မြန်မာပြည်၏ ကောင်းရာကောင်းကျိုး လုပ်ဆောင်ပေးနေသည်မှာ အိန္ဒိယမဟုတ်။ အင်္ဂလိပ်သာဖြစ်သည်ဟု မြင်ကြ၏။ အင်္ဂလိပ်အလိုတော်ရိ 'ဘိုရူး' မြန်မာကား လွတ်လပ်ရေးတိုက်ပွဲ ဆင်နွှဲလိုသော ရည်ရွယ်ချက် (သို့မဟုတ်) အကြံအစည်မျှပင် မရှိကြပေ။

သူတို့၏စိတ်ထဲ၌ မြန်မာပြည်ထဲရှိ အိန္ဒိယသားများကို မောင်းထုတ်လိုက်ခြင်းဖြင့် မြန်မာပြည်၏ အခြေအနေအားလုံး ကောင်းမွန်လာလိမ့်မည်ဟု ထင်မြင်နေကြဟန်တူသည်။ သို့ရာတွင် ဘုန်းကြီးများမှာမူကား နိုင်ငံရေးစိတ်ဓာတ်အပြည့်ရှိကာ အိန္ဒိယအမျိုးသား ကွန်ဂရက်ကြီး၏ မူဝါဒပေါ်လစီနှင့် လုပ်ထုံးလုပ်နည်းများကို အတုယူလိုက်နာကြပေသည်။ ကျွန်တော် မြန်မာပြည်တွင် ရှိစဉ်အခါက (မြန်မာပြည်၏ သရဖူမဆောင်းသော ဧကရာဇ်) ကား ဘုန်းတော်ကြီးတစ်ပါးဖြစ်သော ဆရာတော် ဦးဥတ္တမပင် ဖြစ်တော့သည်။

ကျွန်တော် မြန်မာပြည်တွင် ရှိစဉ်အတွင်း ထင်မြင်ယူဆချက် အမြင့်မားဆုံးမှာ တစ်ပြည်လုံး၏ ထောက်ခံချက် အပြည့်အဝ ရရှိကြသော ဘုန်းကြီးများပင်ဖြစ်၏။ ဘုန်းကြီးများက အင်္ဂလိပ်အစိုးရက မြန်မာပြည်အတွင်း ချမှတ်ပေးသော အုပ်ချုပ်ရေးဥပဒေကို ၁၉၂၀ပြည့်နှစ်မှစ၍ သပိတ်မှောက်ကြသည်။

သူရိန်စာပေ



ဤကဲ့သို့ ဥပဒေပြုကောင်စီတွင် ဘုန်းကြီးများ မပါဝင်ခြင်းကပင်လျှင် အင်္ဂလိပ်အစိုးရအနေဖြင့် မြန်မာတို့က အိန္ဒိယနိုင်ငံမှ ခွဲရေးကို လိုလားသည်ဟု အင်္ဂလိပ်စာတတ်၊ မြန်မာများ ပြောသည့်နည်းအတိုင်း ထင်မြင်ယူဆကြခြင်းဖြစ်၏။ သို့သော် မကြာမီကျင်းပခဲ့သော ခွဲရေးတွဲရေး ရွေးကောက်ပွဲက မြန်မာလူထုကြီးတစ်ရပ်လုံးအနေဖြင့် ခွဲရေးကို လုံးဝမလိုကြောင်း ပြခဲ့ကြ၏။ ခွဲရေးသမားများ၏ အင်္ဂလိပ်စာတတ်များ ရှိကြသကဲ့သို့ တွဲရေးသမားများတွင်လည်း အင်္ဂလိပ်စာခေတ် ပညာတတ်များ ရှိကြလေသည်။

မြန်မာတို့အနေဖြင့် ပုဂ္ဂိုလ်ရေးမျက်နှာလိုက်မှု၊ အားနာမှုများသည် မြန်မာ့နိုင်ငံရေးတွင် အရေးကြီးသောအခန်းက ပါဝင်နေပေ၏။ တွဲရေးသမားများ၌သာလျှင် စုစည်းခိုင်မာသော သံဃာအဖွဲ့အစည်းများရှိ၏။

ကျွန်တော် မြန်မာပြည်တွင်ရှိစဉ်က အင်္ဂလိပ်စာတတ် ခေတ်ပညာတတ် မြန်မာများအကြား၌ နိုင်ငံရေးပါတီ များစွာပေါ်ခဲ့၏။ ၎င်းတို့ထဲတွင် အရေးအပါဆုံးမှာ (၂၁)ဦး ပါတီဖြစ်၏။ အဖွဲ့ဝင် (၂၁)ဦးပါဝင်ဖွဲ့စည်း ထားခြင်းကြောင့်ဖြစ်သည်။ မြန်မာပြည်၏ အမျိုးသားပါတီတစ်ရပ်ဖြစ်သော ပါတီတစ်ခုကား ဂျီစီဘီအေပင်ဖြစ်သည်။

လူအများက အင်္ဂလိပ်အစိုးရအနေဖြင့် မြန်မာပြည်ကို အိန္ဒိယနှင့် ခွဲထုတ်ရေးကို အဘယ့်ကြောင့် လိုလားဟန်ရှိပါလိမ့်မည်ဟု တွေးတောအံ့ဩကောင်း အံ့ဩကြမည်ဖြစ်၏။ သို့ရာတွင် အချက်အတိအကျကို သိပါက အံ့ဩမည်မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် အင်္ဂလိပ်လူမျိုး အတော်များများက အကယ်၍ အိန္ဒိယကို မိမိပိုင်နိုင်ငံအဖြစ်မှ လက်လွှတ်သွားရသည်ထားဦး မြန်မာပြည်ကို ကြိုးစားထိန်းသိမ်းထားလိုသော သဘောရှိ၏

မြန်မာပြည်ရှိ လူဦးရေမှာ နည်းပါးလှသည့်အပြင် သယံဇာတဖြင့် ကြွယ်ဝ၍ ကိုလိုနီနယ်ချဲ့ထွက်ရှာနေသူ အင်္ဂလိပ်များအဖို့ နှစ်သက်ဖွယ်ရာသိဥစ္စာလည်းရှိ၏။ တစ်ဖန်လည်း မြန်မာပြည်မှာ အရှေ့ဖျားဒေသ၏ တံခါးဝဖြစ်၍ အရေးကြီးသော စစ်ရေးအချက်အချာဒေသလည်း ဖြစ်သည်။

သူရိန်စာပေ

www.burmeseclassic.com



ကျွန်တော့်အနေဖြင့် မြန်မာပြည်၏ နိုင်ငံရေးမှာ စိတ်ဝင်စားစရာ ကောင်းသကဲ့သို့ပင် မြန်မာပြည်နှင့် မြန်မာပြည်သူများက ပို၍စိတ်ဝင်စား ဖွယ် ကောင်းလှတော့သည်။ မြန်မာနိုင်ငံ၏ ရှေးဖြစ်ဟောင်းသမိုင်းကို လေ့လာ ရာ၌ ကျွန်တော်အချိန်များစွာ ပေးခဲ့ရသည်။ သာကီအနွယ်တို့ အိန္ဒိယမှ မြန်မာပြည်သို့ ဝင်လာခဲ့သည်ဆိုခြင်းကို သံသယဖြစ်ဖွယ် မရှိချေ။

သာကီဝင်များနည်းတူ သီဟိုဠ်နှင့် အိန္ဒိယတောင်ပိုင်းတို့မှလည်း ဗုဒ္ဓဘာသာနှင့် ပါဠိစာပေကို မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းသယ်ဆောင် လာခဲ့ကြသည်။ မြန်မာပြည်၏ ယဉ်ကျေးမှုပိုင်းနှင့် အတွေးအခေါ်ပိုင်းတို့မှာ အိန္ဒိယဟန်များ လွှမ်းမိုးနေကြောင်းကိုလည်း တွေ့ရ၏။ မြန်မာအက္ခရာ စာလုံးများမှာ သက္ကတဘာသာမှ ယူခဲ့ကြ၍ အရေးအသားမှာလည်း အိန္ဒိယအရေးအသားများနှင့် ဆင်လေသည်။

မြန်မာပြည်ရှိ ကျောင်းကန်ဘုရားတို့မှာ မိမိတို့ဟန်ဖြင့် တစ်သီး တခြား သပ္ပာယ်လှသော်လည်း အိန္ဒိယနှင့်မူ သဏ္ဌာန်အရ နီးနွယ်လျက်ပင် ရှိသေးသည်။ ပုဂံနှင့် အခြားသော မြန်မာ့ခေတ်ဟောင်း ယဉ်ကျေးမှုထွန်းကား ရာ ဒေသများရှိ ဘုရား၊ ဂူ၊ ကျောင်းသဏ္ဌာန်များကိုကြည့်လျှင် ဟိန္ဒူစစ်စစ် ပုံစံ ဘုရား၊ ဂူ၊ ကျောင်းပုထိုးများနှင့် မြန်မာစင်စစ်ပုံစံ ဘုရားဂူ၊ ကျောင်း ပုထိုးများကို ပုံစံအရ ကူးလူးနေကြကြောင်း တွေ့ရှိနိုင်ပေသည်။

ထိုနည်းတူ မြန်မာတို့၏ အနုပညာအဆင့်အတန်းကလည်း မြင့် မားလှသည်။ ထောင်ထဲတွင် မြန်မာအကျဉ်းသားများ လက်ဖြစ်ပန်းပုနှင့် ထောင်တွင်း ပွဲလမ်းရက်များအတွင်း မြန်မာအတီးအမှုတ်၊ အဆိုအက အနု ပညာ၏ မြင့်မားမှုကိုပါ လေ့လာခွင့်ရခဲ့လေသည်။

၁၉၂၅-ခု အောက်တိုဘာလသို့ ရောက်သောအခါ ဒါဂါပူရ်ဂျာခေါ် ကျွန်တော်တို့၏ အမျိုးသားဘာသာရေးပွဲတော် ကျင်းပရန် အချိန်တန်လာ၏။ ထို့ကြောင့် ကျွန်တော်လည်း ထောင်ပိုင်ထံ ခွင့်ပြုမိန့်နှင့် ဘာသာရေးအခမ်း အနားအတွက် ကုန်ကျမည့်စရိတ်ကို တောင်းခံခဲ့၏။ အိန္ဒိယ အကျဉ်းထောင်





များတွင် ယင်းကဲ့သို့ ဘာသာရေးပွဲလမ်းများ၌ ခရစ်ယာန် အကျဉ်းသားများအား လိုအပ်သော အကူအညီများကို ထောင်ပိုင်က ပေးအပ်သကဲ့သို့ ထောင် ပိုင်ဝန်ကလည်း ကျွန်တော်တို့အား ခွင့်ပေးခဲ့၏။

သို့သော် အစိုးရက အခမ်းအနားနှင့် ကျင်းပခွင့်ကို ဖျက်သိမ်းပစ် သည့်ပြင် ထောင်ပိုင်ဝန်မေဂျာ ဖင်းလေးကိုပါ အမိန့်မရဘဲ ခွင့်ပေးသည် ဆိုကာ အရေးယူခဲ့လေသည်။ ထို့ကြောင့် ကျွန်တော်တို့လည်း အစိုးရကို ဆန္ဒပြသည့်အနေဖြင့် အကယ်၍ ခွင့်မပြုပါက အစာငတ်ခံကြပြီး တိုက်ပွဲ ဝင်မည်ဖြစ်ကြောင်း စာတင်လေသည်။ သို့ရာတွင် အစိုးရက ငြင်းမြငြင်းခဲ့ လေရာ ၁၉၂၆ ခု၊ ဖေဖော်ဝါရီလမှစ၍ အစာငတ်ခံတိုက်ပွဲဝင်ခဲ့၏။

ထောင်အာဏာပိုင်များကလည်း ချက်ချင်းပင် ကျွန်တော်တို့ကို ပြင်ပနှင့် အဆက်အသွယ်မပြုလုပ်ရန် တားမြစ်လိုက်ကြတော့၏။ သို့ရာတွင် ကျွန်တော်တို့ အစာငတ်ခံ၍ (၃)ရက်မြောက်သောနေ့၌ ကာလကတ္တားမြို့ ထုတ် ဖော်ဝပ်သတင်းစာကြီးက ကျွန်တော်တို့၏ အစာငတ်ခံတိုက်ပွဲ အကြောင်းကို စတင်ရေးသား၍ အစိုးရထံ ကျွန်တော်တို့ ပေးပို့လိုက်သော ရာဇသံကိုပါ ဖော်ပြလိုက်လေသည်။

တစ်ပြိုင်နက်မှာပင် ဖော်ဝပ်က ၁၉၂၁ခုနှစ်၊ အိန္ဒိယအကျဉ်း ထောင် စုံစမ်းရေးကော်မတီ အစီရင်ခံစာပါ ကောက်နုတ်ချက်များကိုလည်း ဖော်ပြခဲ့၏။ ထိုကော်မရှင်သို့ အိန္ဒိယအကျဉ်းဌာနအရာရှိကြီးတစ်ဦးဖြစ်သူ ဒုဗိုလ်မှူးကြီး မာဘာနီက သူ၏ အထက်အရာရှိဖြစ်သူ ဘင်္ဂလားအကျဉ်း ဌာနမင်းကြီး တိုက်တွန်းချက်ကြောင့် အကျဉ်းသားများ၏ ကျန်းမာရေး အစီ ရင်ခံစာအစစ်ကို မသွင်းဘဲ အတုကိုသာ တင်သွင်းခဲ့သော အမှုကိုပါ ဘွားဘွား ကြီးပေါ်အောင် ရေးပြခဲ့၏။

ဤတွင် အိန္ဒိယဥပဒေပြု ကောင်စီထဲ၌ ပွက်လောရိုက်မှုများကာ ကောင်စီလူကြီး ဆွာရပ်၍ ပါတီဝင်တစ်ဦးဖြစ်သူ၊ မစ္စတာတီ၊ စီ၊ ဂိုစ် ဝါးနီးက ဤအစီရင်ခံစာ အတုကိစ္စနှင့်ဆက်လျက် မန္တလေးထောင် အိန္ဒိယနိုင်ငံရေး



www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းသားများ အစာငတ်ခံဆန္ဒပြမှုကိုပါ ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်သွင်းလေတော့သည်။ နောက်ဆုံး၌ အင်္ဂလိပ်အစိုးရတို့မှာ အရှက်တကွဲကြားမှပင် ကျွန်တော်တို့၏ ထောင်တွင်းဘာသာရေးပွဲတော်အတွက် ကုန်ကျခဲ့သမျှ ငွေကြေးကို ပြန်လည်ထုတ်ပေး၍ နောင်တွင်ဘာသာရေးကိစ္စရပ်များ၌ အစိုးရက လိုအပ်သော အကူအညီပေးရန် အမိန့်ထုတ်လေတော့သည်။

ကျွန်တော်တို့လည်း အစာငတ်ခံဆန္ဒပြရက် (၁၅)ရက် အကြာတွင် ရည်ရွယ်ချက်အောင်မြင်ပြီဖြစ်၍ အစာဆက်စားခဲ့ကြ၏။ ၁၉၂၆ ခုနှစ်လယ်သို့ ရောက်သောအခါ အိန္ဒိယပြည်တွင် စိတ်ဝင်စားဖွယ်ဖြစ်ရပ်များ ပေါ်ပေါက်ခဲ့လေသည်။ အိန္ဒိယဥပဒေပြုကောင်စီဟောင်းကို ဖျက်သိမ်း၍ ကောင်စီသစ်ရွေးကောက်ပွဲများကို ၁၉၂၆ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပခဲ့၏။

ထိုအခါ ကျွန်တော်နှင့် အကျဉ်းကျဘက် မစ္စတာ အက်စ်စီမီထရာကို ဘင်္ဂလားကွန်ဂရက်ပါတီက ဥပဒေပြုကောင်စီလွှတ်ကြီး အမတ်လောင်းအဖြစ်လျာထား၍ ရွေးကောက်ပွဲဝင်ခဲ့၏။ ကျွန်တော့်ကိုမူ ကာလကတ္တား ကောင်စီလွှတ်ကြီးအမတ်လောင်းအဖြစ် အရွေးခံရန် ညွှန်ကြားခဲ့၏။ မစ္စတာ မီတရာတွင် အတိုက်အခံမရှိသော်လည်း ကျွန်တော့်တွင် အတိုက်အခံရှိနေသည်။ ဘင်္ဂလားနယ်(လစ်ဘရယ်ပါတီ)မှ မစ္စတာဂျေအင်န်ဘာသူးဆိုသူ ဖြစ်၏။

ထိုစဉ်က ကွန်ဂရက်အမည်ခံ၍ ဆွာရပ်ဂျ်ပါတီဝင်တို့ ဝင်ရောက်အရွေးခံကြခြင်းဖြစ်ပြီး နိုင်ငံရေးအကျဉ်းသားများကိုပါ အမည်အသုံးပြု၍ အရွေးခံစေလေသည်။ ဆောင်ပုဒ်ကား 'ထောင်မှလွတ်ရန် အရွေးခံဝင်သည်' ဟူ၏။ ဤပွဲ၌ ကျွန်တော်သည် ဥပဒေပြုကောင်စီလွှတ်ကြီးအဖြစ် ဆန္ဒမဲ အများအပြားဖြင့် အရွေးခံရလေသည်။ သို့ရာတွင် အင်္ဂလိပ်အစိုးရက မအူမလည်လုပ်ထားကာ ကျွန်တော့်မှာ မန္တလေးထောင်ထဲတွင် နေမြဲနေခဲ့ရ၏။

၁၉၂၆ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာပြည်ဆောင်းရာသီ၌ ကျွန်တော်၏ ကျန်းမာရေးမှာ ရာသီဥတုကြောင့်လည်းကောင်း၊ ပြီးခဲ့သောနှစ်က အစာငတ်ခံမှု အရပ်ရပ်တို့ကြောင့်လည်းကောင်း၊ သိသိသာသာကြီး ချို့ယွင်း



မန္တလေးထောင်ရောက် အိန္ဒိယမျိုးချစ်သူရဲကောင်း (နေတာဂျီ) ဆုဘတ်ချန္ဒြာဘို့စ် ❀ ၄၁

ခဲ့ရ၏။ ထို့ကြောင့် ကျွန်တော်အား ဆေးစစ်ဘုတ်အဖွဲ့ဖြင့် စစ်ဆေးရန် ရန်ကုန်ထောင်သို့ ပြောင်းရွှေ့စေခဲ့၏။ ရန်ကုန်ဆေးစစ်ဘုတ်အဖွဲ့၌ ဒု-ဗိုလ်မှူးကြီး ကယ်လ်ဆောနှင့် ကျွန်တော်၏ညီအစ်ကိုတော် ဒေါက်တာအက်စ်စီဘို့စ်တို့ ပါဝင်လေသည်။

၎င်းစစ်ဆေးဘုတ်အဖွဲ့က ကျွန်တော့်အား အကျဉ်းထောင်တွင်း၌ ဆက်လက်ထိန်းသိမ်းထားရန် မသင့်ဟု မှတ်ချက်ပြုရာ ကျွန်တော်လည်း အစိုးရ၏အမိန့်ကို စောင့်နေဆဲအချိန်၌ ရန်ကုန်ထောင်ပိုင်ဝန်မေဂျာ ဖလားဝါးကျူးနှင့် စကားများရပြန်လေသည်။ ထောင်ပိုင်ဝန်နှင့် စကားများခြင်းကြောင့် ကျွန်တော့်ကို ရန်ကုန်ထောင်မှ အင်းစိန်ထောင်သို့ ပြောင်းရွှေ့ချုပ်ထားလိုက်ကြလေသည်။

သို့သော် ကျွန်တော် အင်းစိန်ထောင်ရောက်ခြင်းကား ဘုရားမခြင်းပင် ဖြစ်တော့သည်။ အဘယ့်ကြောင့်ဆိုသော် ယခင်က မန္တလေးထောင်ပိုင်ဝန်ဖြစ်ခဲ့ဖူးသူ မေဂျာဖင်လေးမှာ ယခု အင်းစိန်ထောင်ပိုင်ဝန်တည်း။ သူက ကျွန်တော့် ကျန်းမာရေးအခြေအနေကို မြင်တွေ့သောအခါ အထူးစိတ်ထိခိုက်သွားပြီး ကျွန်တော် လွတ်မြောက်ရေးအတွက် တိုက်တွန်းချက်ပါသော ထောက်ခံစာတစ်စောင်ကို အစိုးရထံ တင်သွင်းလေတော့သည်။

အင်္ဂလိပ်အစိုးရအနေဖြင့် ထောင်ပိုင်ဝန်၏စာကိုပါ ရရှိသောအခါ ကျွန်တော့်ကိစ္စကို အလေးအနက်ထား ဆောင်ရွက်ရမည့်သဘောများ ပါဝင်လာသည်။ သို့သော် အစိုးရက ဘင်္ဂလားဥပဒေပြုကောင်စီတွင် ကမ်းလှမ်းချက်တစ်ရပ်တင်ပြ၍ အကယ်၍သာ ကျွန်တော်က မိမိစရိတ်ဖြင့် ဆွစ်ဇာလန်နိုင်ငံသို့ သွားမည်ဆိုပါက လွှတ်ပေးမည်ဖြစ်ပြီး ရန်ကုန်ရှိ ဥရောပသွား သင်္ဘောတစ်စင်းတွင် တင်ပေးလိုက်မည်ဟူသတည်း။

သို့ရာတွင် ကျွန်တော်က ဤကမ်းလှမ်းချက်ကို ပြင်းပြင်းထန်ထန် ငြင်းဆိုခဲ့၏။ ထိုအခါ နောက်ထပ်အမိန့်တစ်ရပ် ရောက်လာပြန်၍ ကျွန်တော့်ကို အိန္ဒိယပြည်၊ ယူပီနယ်ရှိ အယ်လ်မိုဒါထောင်သို့ ပို့မည်ဖြစ်ပြန်သည်။ ဒုတိယအမိန့်အရ ကျွန်တော့်ကို အိန္ဒိယပြည်သို့ ပြန်ခေါ်ရန် အထူး[illegible]ကွာ



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်၍ ၁၉၂၇ခုနှစ်၊ မေလ၏ တစ်ခုသောနံနက်ခင်းဝယ် အင်းစိန်ထောင်မှ ရန်ကုန်ဆိပ်ကမ်းရှိ ပင်လယ်ကူး သင်္ဘောတစ်စင်းပေါ်သို့ ရောက်ရပြန်လေသည်။

(၄)ရက်မြောက်သောနေ့တွင် အိန္ဒိယပြည် ဟူးဂလီမြစ်ဝဒိုင်းမွန်းဆိပ်ကမ်းသို့ ပြန်လည်ရောက်ရှိခဲ့ပြီး (ယခုအခါ ထောက်လှမ်းရေးဌာန အကြီးအကဲဖြစ်နေသော) မစ္စတာလိုမန်း၏ လာရောက်တွေ့ဆုံခြင်း ခံရပြန်လေသည်။ ကျွန်တော့်စိတ်ထဲ၌ သူ့ကို တွေ့တွေ့ချင်း ကျွန်တော့်ကို ခိုးထုတ်သွားရန် လာလေသလောဟု စိတ်ထင့်ခနဲဖြစ်သွားပြီး သို့ဖြစ်လျှင် မလိုက်ဟု တွေးလိုက်မိသေး၏။

သို့ရာတွင် သူက ဘုရင်ခံအမိန့်နှင့် လာခြင်းဖြစ်ကြောင်း ဘုရင်ခံက ကျွန်တော့်ကို ဆေးစစ်ဘုတ်အဖွဲ့တွင် ဆေးစစ်ခံစေလိုကြောင်းများ ရှင်းပြရာ ကျွန်တော်က လက်ခံခဲ့၍ ကျွန်တော့်ကို စောင့်နေသော ဆေးစစ်ဘုတ်အဖွဲ့တွင် ဆာ–စာကာ–ဒေါက်တာ–ဘီ–စီ–ရွိုင်၊ ဒုပိုလ်မှူးကြီး ဆင်းဒ်နှင့် ဘုရင်ခံ၏သမားတော်ကြီး မေဂျာတင်စတာန်တို့ ပါဝင်လေသည်။ ၎င်းဆေးစစ်ဘုတ်အဖွဲ့က ကျွန်တော်၏ ဆေးစစ်ချက်များကို ဒါဂျီလင်ရှိ ဘုရင်ခံထံသို့ ပေးခဲ့လေသည်။

ကျွန်တော်လည်း ဘုရင်ခံက နေရာချထားသောနေရာ၌နေရင်း အမိန့်စောင့်ခဲ့ရာ ၁၉၂၆–ခု၊ မေလ (၁၆) ရက်နေ့တွင် မစ္စတာလိုမန်း ပေါက်လာပြန်ပြီး ကျွန်တော့်ကို လွှတ်မိန့်ထုတ်ပြခဲ့၏။ လွှတ်မိန့်၌ ဘုရင်ခံက မေလ (၁၁)ရက်တွင် လက်မှတ်ရေးထိုးထားရာ ကျွန်တော်က အဘယ့်ကြောင့် (၁၆)ရက်နေ့မှ လွှတ်ရသနည်းဟု မစ္စတာလိုမန်းအား စောဒကတက်ခဲ့၏။

ပထမတွင်မူ သူက မဖြေလိုသေးဘဲ အတင်းအကျပ်မေးမှလည်းကောင်း(၁၁)ရက်နေ့ လွှတ်မိန့်အပြင် အယ်လ်မိုဒါအကျဉ်းထောင်သို့ ပြောင်းရွှေ့မိန့်ကိုပါ (၂)မျိုး ဘုရင်ခံက လက်မှတ်ထိုးထားကြောင်း အကယ်၍ (၁၅) ရက်နေ့ ဆေးစစ်ခဲ့ရာတွင် အောင်မြင်ပါက ကျွန်တော့်ကို ထိုထောင်သို့ ပြောင်းရွှေ့ရန်ဖြစ်ပြီး ဆေးစစ်ရာတွင် ကျန်းမာရေးညံ့ဖျင်းသဖြင့်သာ ကျွန်တော့်ကို လွှတ်လိုက်ကြောင်း သိရလေသည်။





နောက်ပိုင်းမှ ကျွန်တော်သိရသည်မှာ ပုလိပ်အရာရှိများက ကျွန်တော်၏ ဆေးစစ်ဘုတ်အဖွဲ့ကို ကျွန်တော့်အား ထောင်ပြောင်းရွှေ့ရန်လည်းကောင်း သို့မဟုတ် ဆွစ်ဇာလန်သို့ ပို့ရန်လည်းကောင်း. ထောက်ခံချက်ပေးရန် ကြိုးစားခဲ့ပြီး ဆေးစစ်ဘုတ်အဖွဲ့က အလိုမလိုက်သောကြောင့်သာ ကျွန်တော့်ကို လွှတ်ခဲ့ရခြင်းဖြစ်၏။

ဤနည်းဖြင့် ထောင်မှလွှတ်ပြီး နိုင်ငံရေးပြန်လည်လုပ်ဆောင်နိုင်ပါတော့သည်။

သတ္တဝါများ ကျန်းမာချမ်းသာကြပါစေ

✲ ✲ ✲

**အငြိမ်းစားထောင်အရာရှိတစ်ဦး**

ကျမ်းကိုး –

အိန္ဒိယမျိုးချစ်သူရဲကောင်း (နေသာဂျီ)

ဆူဘတ်ချန္ဒြာဘို့စ် (ဟိန်းလတ်ပြုစုသည်)

www.burmeseclassic.com

www.burmeseclassic.com



❑

ကျွန်ုပ်၏အဖေအမည်မှာ ဦးစံကြိုင်ဖြစ်သည်။ ဇာတိမှာ သက်နှင်းကျွန်းကြီး ကျေးရွာက ဖြစ်သည်။ ငယ်စဉ်က လယ်ယာလုပ်ငန်းအပြင်၊ အမဲလိုက်မုဆိုးလည်း လုပ်ခဲ့ဖူးသည်။ ကန်တွင်းတောဟု ခေါ်ဆိုသော သာစုကန်တော၊ လှော်ကားကန်တောမှာ ယခင်က စိမ့်တောကြီးဖြစ်သည်။

တောကောင်ငယ်သာမက ကျား၊ ဆင်နှင့် ကြံ့သူတော်ပင် ရှိခဲ့သည်ဟု အဆိုရှိသည်။ တောထွက်ပစ္စည်းအနေဖြင့်လည်း သစ်အမျိုးမျိုး၊ ကြိမ်ဝါးနှင့် ပျားရည်၊ ပျားဖယောင်း၊ ပွေးညက်ပါ ရသည်။ ရာသီစာအနေဖြင့်လည်း မိုးရာသီတွင် မှိုအမျိုးမျိုး၊ ဖရစ်ရိုး ဖလံတောင်ဝှေးနှင့် မျှစ်အမျိုးမျိုး၊ ဇင်ပြွန်းသီးပါ ရသည်။ နွေနှင့်ဆောင်းရာသီတွင် ပုတတ်စာ၊ ဝိန္ဒြဲသီး၊ ကနစိုသီးများ အလွန်ပေါသည်။

ကန်တွင်းတောအား ငမိုးရိပ်ချောင်းအနီးရှိ သယ်နှင်းကျွန်းကြီး ပေါက်တလောက်၊ ထားဝယ်ချောင်၊ စစ်ပင်၊ မ,ဒ၊ ဆင်ဖုန်ရွာများက မှီခိုနေကြရသည်။ ယခင်က ကြိုးဝိုင်းသစ်တောမဟုတ်၊ အပတောသာဖြစ်၍ အိမ်သုံးရန်အတွက် လိုသလောက်ခုတ်ယူ၍ လှည်းများဖြင့် တိုက်ကြသည်။ ယင ကတ္တရာလမ်းဘေးရှိ ငွေယားတောင်မှာလည်း ထူးဆန်းလှသည်။ တောင်ခြေချိုင့်ထဲတွင် ငွေယားများ စုပုံနေသည်။ တောအနံ့၊ တောင်အနံ့လည်း ပြန့်ကျဲနေသည်။

သူရိန်စာပေ

www.burmeseclassic.com



ငွေယားများအား ကောက်ယူ၍ ဆောကစားခြင်း၊ တောတွင်းအနှံ့ ပစ်ခတ်ပြန့်ကျဲခြင်းအတွက် ပြဿနာမရှိပါ။ အိမ်ကိုယူဆောင်လာလျှင်တော့ ယူဆောင်လာသူတင်မက တစ်အိမ်သားလုံး ယားတော့သည်။ သူ့နေရာသူ အမြန်ပို့ပါမှ အယားပျောက်တော့သည်။ ထို့ကြောင့် ငွေယားအပုံကြီးအား တောတွင်းသွားလာဖူးသူများက လှည့်ပင် မကြည့်ကြတော့။ တောတွင်းပါသွားသည့် သူစိမ်းတစ်ရံဆံများသာ စိတ်ဝင်တစား ကြည့်ကြတော့သည်။

ယခင်က တောသူ၊ တောင်သားများမှာ လောဘမရှိကြ။ မိမိအိမ်အတွက် လိုအပ်သော သစ်၊ ဝါး၊ ကြိမ်၊ ထင်း၊ ဟင်းချက်စရာများကိုသာ တစ်နိုင်ယူကြသည်။ ရောင်းစားရန်ပင် မလုပ်ကြပါ။ ထို့ကြောင့်လည်း ပဒေသာပင် တောကြီးသဖွယ်၊ ကန်တွင်းတောကြီးက တောရွာများအား ကူညီနေသည်။

ကျွန်ုပ်ဖခင်တွင် သစ်သမား၊ ထင်းသမား၊ ကြိမ်သမားနှင့် လှည်းသမား၊ ယာသမား၊ လယ်သမား၊ အပေါင်းအသင်းစုံရှိသည်။ မုဆိုးကအစစ်များ မဟုတ်ကြသော်လည်း အင်္ဂလိပ်အဆုတ်၊ ဂျပန်အတက်တွင် ငွေယားတောင်အနီးမှ အင်္ဂလိပ်လက်နက်တိုက်ကို တောတိုးရင်း တွေ့ကြရသဖြင့် အင်္ဂလိပ်ရိုင်ဖယ်ကြီးများအား ပစ်ခတ်တတ်ကြသည်။ သူတို့အမဲလိုက်ရာတွင် သေနတ်ကို အိမ်က ယူဆောင်သွားလေ့မရှိ။ အိမ်တွင်လည်းမထား၊ တောထဲရောက်မှ ထုတ်ယူ၍ အသုံးပြုပြီး ပြန်ထားခဲ့လေ့ရှိသည်။ ထို့ကြောင့်လည်း ဂျပန်ခေတ်တစ်လျှောက်လုံး အန္တရာယ်ကင်းခဲ့သည်။

ကန်တွင်းတောမှာ ရန်ကုန်မြို့နှင့် ဝေးသဖြင့် ထိုအချိန်ကတောကြီးမျက်မည်းဖြစ်သည်။ လူအရောက်အပေါက်နည်းသည်။ အနီးအနားရှိသောရွာသားများသာ စာတ်သိဖြစ်၍ အဝင်အထွက်ရှိကြသည်။ ဂျပန်များ အဆုတ်တွင် ချေးတပ်ဆွဲတော့သည်။ ထိုအချိန်က အဖေတို့အုပ်စု ကန်တွင်းတောထဲဝင်၍ လှည့်ပတ်ရှောင်နေရကြောင်း သိရသည်။ ရွာတွင် ကျန်ခဲ့သောယောကျ်ားများကတော့ မလွတ်၊ ချေးတပ် အဆွဲခံကြရတော့သည်။





ကျွန်တော်တို့မှာ အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်ကို မမီခဲ့၊ လွတ်လပ်ရေးရပြီး ရောင်စုံသူပုန်ခေတ်တွင် မွေးခြင်းဖြစ်၍ အရွယ်ရောက်လာသောအချိန်တွင် အဖေက တောအကြောင်း၊ တောင်အကြောင်းနှင့် အင်္ဂလိပ်ခေတ်နှင့် ဂျပန်ခေတ်များအကြောင်းကို ပြောပြသောအခါ အလွန်စိတ်ဝင်စားကြသည်။

အဖေတို့မှာ တောသူ၊ တောင်သားများဖြစ်၍ အရက်သောက်တတ်ကြသည်။ အဖေ အရက်သောက်သောနေ့တွင် အပြင်က ပြန်လာသည်နှင့် ရေမိုးချိုး၊ ညစာစားပြီး၊ တစ်ချိုးတည်း အိပ်တတ်သည်။ အဖေ အရက်မသောက်သောနေ့တွင် ညစာ စားပြီးသည်နှင့် စိတ်ရှည်စွာ သူ၏ ငယ်စဉ်ကအကြောင်းအရာများကို ပုံပြင်သဖွယ် ပြောပြလေ့ရှိသည်။ ပုံပြင်နားထောင်ချင်သော ကျွန်ုပ်တို့ သား၊ သမီးများက အဖေ အရက်မသောက်သောနေ့ကိုအမြဲဆုတောင်းပြီး မျှော်နေကြရသည်။

တစ်နေ့တွင် အဖေအပြင်က ပြန်လာတော့၊ မိုးချုပ်နေပြီး ည (၈)နာရီလောက် ရှိပြီထင်သည်။ အရက်သောက်မလာပါ။ အမေ ပြင်ဆင်ပေးသည့် ညနေစာထမင်းကို စားပြီးသည်နှင့် . . .

"သားတို့၊ သမီးတို့ . . . ပုံနားထောင်မလို့ စောင့်နေတာမဟုတ်လား။ ဒီနေ့တော့ အဖေတို့ငယ်စဉ်က ရတနာသိုက်တူးတဲ့အကြောင်းကို ပြောပြမယ်။ ဂျပန်တွေ မြှုပ်ခဲ့တဲ့ 'ကညင်(၆)ပင် ရတနာသိုက်' အကြောင်းပေါ့။ နားထောင်ကြမယ်မဟုတ်လား"

အားလုံး . . .

"နားထောင်ပါမယ် အဖေ"

"အဖေ . . . အခုပြောမဲ့ပုံပြင်က အဖေတို့ငယ်စဉ်က ကြုံခဲ့တဲ့ တကယ့်အဖြစ်အပျက်ပါ။ ကန်တွင်းတော၊ အခု သာဓုကန်တောခေါ် လှော်ကားတောနဲ့ စပ်ဆိုင်နေတယ်။ ကဲ . . . နားထောင်ကြ။"

"ဂျပန်ခေတ်ဦးပိုင်းကပေါ့။ ခုနှစ်အရ ပြောရရင်တော့ ၁၉၄၅ မှာ ပဲခူးယ်ကုန်းမြို့အနောက်ဘက်၊ ကြို့ပင်ဦးရွာမှာနေကြတဲ့ ဦးချစ်အောင်၊ ဖမယ်



www.burmeseclassic.com

www.burmeseclassic.com



နွေလင်မယားနဲ့ ညီအစ်ကိုတွေဖြစ်ကြတဲ့ ဦးလှသူနဲ့ ဦးဘသူမိသားစုတွေ အဖေတို့ သက်န်းကျွန်းကြီးရွာကို ပြောင်းလာကြတယ်။ အဖေတို့ရွာကို သက်န်းကျွန်းကြီးရွာလို့ ခေါ်တာက သက်န်းပင်ကြီးရှိလို့ပဲ။ အင်္ဂလိပ်ပြန်အဝင်၊ ဂျပန်အဆုတ်မှာတော့ အဲဒီသက်န်းပင်ကြီး ပုံးထိပြီး ပြတ်သွားပေမဲ့ အတက်ပြန်ထွက်လို့ အခုထိ ရွာအဝင်မှာ သက်န်းပင်ကြီး ရှိသေးတယ်။ အရင်ကလောက်တော့ မကြီးတော့ဘူးပေါ့။

ဦးချစ်အောင်တို့မိသားစု ပြောင်းလာတော့ ရွာခံဖြစ်တဲ့ အဖေတို့က အိမ်ဝိုင်းဆောက်ပေး၊ သစ်ခုတ်၊ သစ်တိုက်ပေး လုပ်ရတာပေါ့။ သူတို့ကလည်း ပါလာတဲ့ ငွေကြေးကလေးနဲ့ လယ်ပွဲတွေဝယ်၊ လှည်းဝယ်၊ နွားဝယ်နဲ့ ရွာမှာ အခြေချ နေထိုင်ကြတယ်။ ဦးချစ်အောင် ညီတွေဖြစ်တဲ့ ဦးလှသူ၊ ဦးဘသူတို့နဲ့ အဖေတို့က သက်တူရွယ်တူတွေမို့ အလွန်ခင်ကြတယ်။

လူသစ်တွေဖြစ်ပေမဲ့ အဖေတို့ရဲ့ တောရွာသဘာဝအတိုင်း လိုက်လိုက်လှဲလှဲ ရင်းရင်းနှီးနှီး ကူညီကြလို့ အဖေတို့ဆိုရင် သူတို့အိမ်က တံခါးမရှိ၊ ဓားမရှိ၊ စားအိမ်သောက်အိမ်ပေါ့။ မိသားစုများလို့ အဖေတို့က သူတို့ကို နှစ်ထပ်အိမ်ကြီးဆောက်ပေးထားလို့ အတော်ကျယ်ဝန်းပါတယ်။ အဖေတို့အဖွဲ့လည်း အားတာနဲ့ ဦးချစ်အောင်တို့အိမ်မှာ လူစုကြပြီး မမယ်နွေစီစဉ်ပေးတဲ့ အစားအသောက်တွေကို စားကြ၊ သောက်ကြ၊ စကားပြောကြပေါ့။ မမယ်နွေကလည်း အလွန်ဖော်ရွေပါတယ်။ အဖေတို့ စားသောက်ဖို့အတွက် မရှိ၊ ရှိတာ ကြံဖန်လုပ်ပေးလေ့ရှိတယ်။

အဖေတို့ ရွာခံအဖွဲ့ထဲမှာ ငနီရယ်၊ အောင်သူရယ်၊ ကျော်လှရယ်၊ ညီအစ်ကို (၃) ယောက်လည်း ပါတယ်။ လူပျိုတွေပေါ့။ ငနီက အချက်အပြုတ်လည်း တတ်တော့ မမယ်နွေကို မီးဖိုချောင်ကိစ္စ အမြဲတမ်း၊ အကူအညီပေးတတ်တော့ သူတို့တစ်အိမ်သားလုံးက ငနီကို အတော်ချစ်ကြတယ်။

တစ်နေ့မှာ အဖေရယ်၊ ဦးချစ်အောင်ရယ်၊ ဦးလှသူနဲ့ ဦးဘသူရယ်၊ နတဲ (နွားတဲ) ဆောက်ဖို့အတွက် ကန်တွင်းတောထဲကို လှည်းတစ်စီးနဲ့ ဝင်ခဲ့ကြတယ်။ နတဲအတွက် တိုင်အရွယ်အစားက သေးတာမို့ တောစပ်မှာပဲ လိုသလောက်ရပါတယ်။ တိုင်ခုတ်ပြီးတော့ ပါလာတဲ့ ထမင်းထုပ်တွေ





ဖြေစားကြပြီး အချိန်ကလေးရတာနဲ့ အဖေတို့ ငွေယားတောင်နားက အင်္ဂလိပ်ရိုင်ဖယ်တွေယူပြီး တောလည်ကြတယ်။ သားကောင်လည်း မစားရတာကြာပြီလေ။

တောင်ကုန်းအကျော်၊ လျှိုအဆင်း၊ ကန်ရေစပ်မှာ ချေတစ်ကောင်ရေသောက်နေတာတွေ့လို့ အဖေတို့ ဝိုင်းပစ်ကြတာနဲ့ ရလာတယ်။ တိုင်တွေကို လှည်းပေါ်တင်နေတုန်း ရွာဘက်က သေနတ်သံတွေ ကြားရတာနဲ့ အဖေတို့လည်း ကြောက်လန့်ပြီး ပုန်းနေကြရတယ်။ ရွာကို ဓားပြလား၊ ဂျပန်လား၊ ဝင်တာသေချာနေလို့ မိုးချုပ်အောင်စောင့်နေပြီးမှ ကန်တွင်းတောက ပြန်ခဲ့ကြတယ်။ မိုးအတော်ချုပ်မှ ရွာပြန်ရောက်တယ်။ ရွာရောက်တာနဲ့ မမယ်နွေက ဆီးပြီးပြောတော့တာပဲ . . .

"ကိုချစ်အောင်ရေ . . . ဂျပန်တွေ၊ ရွာကို ချွေးတပ်ဝင်ဆွဲတာ တော်တို့ပြန်လာရင် နတဲဆောက်ဖို့ ဝိုင်းကူညီနေတဲ့ ငနီတို့ညီအစ်ကိုသုံးယောက်တော့ ပါသွားရှာပြီ။ ဘယ်လိုလုပ်ကြမလဲတော်။ ကျွန်မက စကားပြန်ကို ရှိသမျှပိုက်ဆံ ပေးပါ့မယ်ဆိုတာတောင် လက်မခံဘူးရှင့်။ တော်တို့ကို ကျွန်မက စိုးရိမ်နေတာ။ ရွာထဲရှိ ယောကျ်ားမှန်သမျှ အကုန်ပါသွားတယ်။ လူ (၂၀) ကျော်မယ်ထင်တယ်"

ဦးချစ်အောင် . . .

"ငနီကလေး . . . သနားပါတယ်။ မင်းက ပိုက်ဆံလေးဘာလေး ကပ်မပေးလိုက်ဘူးလား။ လမ်းခရီး သုံးရအောင်ပေါ့။ အတော်ဒုက္ခရောက်ကြမှာကွယ့်"

မမယ်နွေ . . .

"ကျွန်မ ထမင်းထုပ်တွေရော၊ လွယ်သမျှပိုက်ဆံပါ ပေးလိုက်ပါတယ်ရှင်။ အောင်သူနဲ့ ကျော်လှက ဘာမှမဖြစ်ပေမဲ့ ငနီက ငိုနေတယ်"

ဦးချစ်အောင် . . .

"ဒီကောင်က လူကောင်ကြီးပေမဲ့ ကလေးစိတ်ကွယ့်။ သူက မိန်းကလေးလိုပဲ။ အလျှော်အဖွပ်၊ အချက်အပြုတ်၊ ဝါသနာပါတဲ့ကောင်။ နူးနယ်နယ်နဲ့ လမ်းခရီးမှာတော့ ဒုက္ခရောက်ရှာကြတော့မှာပဲ။ တို့လည်း ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မတတ်နိုင်တော့ဘူး။ မယ်နွေရေ . . . ဘုရားရှိခိုးပြီး၊ မေတ္တာသာ ပို့ပေရော့ကွယ်။ ဖက်ဆစ်စနစ်အောက်မှာ ကျွန်ဖြစ်ရတဲ့ တို့တစ်တွေ ဘယ်တော့များမှ လွတ်လပ်ခွင့်ရပါ့မလဲနော်''

အဲဒီညနေက ချောင်းမတွင်းသားဟင်းနဲ့ အရက်သောက်ကြဖို့ အစီအစဉ်ရှိပေမယ့် ငနီတို့ ညီအစ်ကိုသုံးဦးနဲ့ ရွာသားများအတွက် စိတ်မကောင်းလွန်းလို့ အရက်မသောက်ဖြစ်ကြဘူး။ ညစာထမင်းကိုသာ စားပြီး အဖေလည်း ကိုယ့်အိမ်ကိုယ် ပြန်ခဲ့တယ်။

အဲဒီအချိန်က ဒုတိယကမ္ဘာစစ်ကာလမို့ ကျီးလန့်စာစားပါပဲကွယ်။ အဖေတို့လည်း နွေခင်းဘက်မှာ ရွာမှာမနေရဲတာမို့၊ ကန်တွင်းတောထဲမှာပဲ ပုန်းခိုနေရတာ များပါတယ်။ အေးချမ်းတာနဲ့ရွာပြန်၊ လယ်လုပ်လိုက်၊ အခြေအနေမကောင်းရင် ကန်တွင်းတောထဲ ပြန်ဝင်ခိုလိုက်ပေါ့။ တစ်ခါတစ်ခါ ဂျပန်စစ်တပ်ကြီး ချီလာပြီဆိုရင် ကျွဲရော၊ နွားရော၊ တောထဲ မောင်းသွင်းပြီး ဖွက်ထားရတာ။ ဒီကောင်တွေက ကျွဲရော၊ နွားပါ အလွတ်ပေးတာမဟုတ်ဘူး။ တွေ့တာနဲ့ သတ်ပြီး စားတတ်တယ်။

အဲဒီလိုနဲ့ ၁၉၄၅ ခုနှစ် နှစ်ကုန်ပိုင်းရောက်လာတော့ ဂျပန်တွေကို အင်္ဂလိပ်နဲ့ မြန်မာတပ်တွေက ပူးပေါင်းပြီး ပိုင်းတိုက်ကြတော့ သူတို့ ဆုတ်ရပြီပေါ့။ ဒါပေမဲ့ အဲ့ဒီအချိန်မှာ အင်္ဂလိပ်လေယာဉ် မည်းမည်းကြီးနှစ်စင်းက လှုပ်ရှားနေတာတွေ့သမျှ ပစ်ခတ်တတ်တယ်။ ကျွဲညီနောင်လို့ ခေါ်တယ်ကွယ့်။ သိပ်ကြောက်ဖို့ကောင်းတာ၊ ပစ်မှတ်တွေ့တာနဲ့ အနိမ့်ပျံဝဲပြီး ပစ်တော့တာပါပဲ။ ချောင်းထဲသွားနေတဲ့လှေတောင် မကျန်ပါဘူး။ အဲ့ဒီအချိန်က လူ့အသက်ကို ဖက်နဲ့ထုပ်ထားရမလို အနေအထိုင် အလွန်ခက်ခဲတာပေါ့ကွယ်။

ဂျပန်တော်လှန်ရေးပြီးတော့ အင်္ဂလိပ်က ပြန်အုပ်စိုးတယ်။ ဒါပေမဲ့ ဂျပန်ခေတ်ကလို နှိပ်စက်ညှဉ်းပန်းတာ၊ ချွေးတပ်ဆွဲတာတွေ မရှိတော့ပါဘူး။ အတော်အေးချမ်းသွားလို့ အဖေတို့လည်း လယ်ယာတွေကို ကောင်းကောင်း ပြန်လုပ်နိုင်ကြတယ်။ ဦးချစ်အောင်တို့ညီအစ်ကို ကြိုးစားတာကြောင့် စစ်ပြီးခေတ်မှာ ကျွဲနွားနဲ့ လယ်ယာတွေကို ထပ်ဝယ်နိုင်တယ်။





ဦးချစ်အောင်နဲ့ မမယ်နွေက ဂျပန်အဆုတ်မှာပဲ သမီးကလေးတစ်ယောက် မွေးတယ်။ နီနီရဲရဲကလေး၊ ငယ်နာမည်က မနီဆိုပေမဲ့ ဂျပန်အပြေးမှာ မွေးတာကြောင့် အဖေတို့က ဂျပန်မလို့ ခေါ်ကြတယ်။

တစ်နေ့ အဖေတို့ လယ်ရိတ်ပြီးချိန်၊ အားလပ်ရက်မှာပေါ့။ ဦးချစ်အောင်က နတဲ (နွားတဲ)မှာ နွားတွေကြပ်နေလို့ နတဲ(နွားတဲ) အသစ်ဆောက်ချင်တယ် ပြောတာနဲ့ အဖေတို့အုပ်စု လှည်းတစ်စီးနဲ့ ကန်တွင်းတောထဲ ဝင်ခဲ့ကြတယ်။ ရွာမှာလည်း စစ်ဘေး၊ စစ်ဒဏ်ကြောင့် အဖေတို့ရွာကို ပြောင်းရွှေ့လာသူတွေများတာကြောင့် တိုင်အရွယ်သစ်တွေက တောစပ်မှာတင် မရတော့လို့ တောနက်ထဲ ဝင်ခဲ့ကြရတယ်။

လှည်းနဲ့ နွားကိုတော့ ကျားဆွဲမှာကြောက်လို့ ဦးချစ်အောင်က တောစပ်မှာပဲ ရေနွေးအိုးကျိုရင်း စောင့်နေတယ်။ အဖေတို့လည်း တောနက်ထဲ ဝင်ရမှာမို့ ပုဆိန်နဲ့ လွှတွေအပြင် ငွေယားတောင်ချောက်ထဲက အင်္ဂလိပ်ရိုင်ဖယ် သေနတ်ကိုယ်စီပါ ယူခဲ့ကြတယ်။ အဖေနဲ့ ဂျပန်ချွေးတပ် အဆွဲခံသွားရတဲ့ ငနီနဲ့၊ အောင်သူ၊ ကျော်လှတို့က သေနတ်ပစ်တတ်ကြပေမဲ့ ကိုလှသူနဲ့ ကိုဘသူတို့ ညီအစ်ကိုနှစ်ယောက်က မပစ်တတ်ကြဘူး။ အဲဒါကြောင့် အဖေက သာမုကန်စပ်မှာ သူတို့ညီအစ်ကိုကို သေနတ်ပစ်သင်ပေးမလို့ပဲ။

ဒီနေ့မှပဲ အရွယ်တော်တိုင်က ရှားနေတယ်။ အိမ်တိုင်အရွယ်အစားနဲ့ လူတစ်ဖက်၊ နှစ်ဖက်အပင်တွေကိုပဲ တွေ့နေရတယ်။ နတဲတိုင်က ကြသောင်းဝါးကြီးကြီး အရွယ်ဆိုရင် ရပြီလေ။ ထွာဆိုင်ပေါ့။ အရှည်ကလည်း (၁၀'၊ ၁၅') ပေဆိုရင် ရတယ်။ တောနက်ထဲက တောစပ်ကို ထမ်းထုတ်ရမှာမို့ တစ်ယောက်ထမ်းနိုင်တဲ့ အရွယ်ပေါ့။

သာမုကန်စပ်က တောင်ကုန်းလေးပေါ်မှာ အဖေတို့လိုချင်တဲ့ ထွာဆိုင်အရွယ်အစား၊ မအူပင်ပေါက်တွေကို တွေ့တယ်။ မအူပင်ဆိုတာက တစ်ဖြောင့်တည်းတက်ပြီး ကိုင်းခွဆုံ၊ အဆင့်ဆင့်တက်သွားတဲ့ အပင်မျိုး၊ သားတို့ သိမှာပါ။ ရွာထိပ်ရေတွင်းဘေးက အပွင့်ဝါဝါလုံးလုံးတွေပွင့်တဲ့ အပင်လေ။ ထိန်ပင်လို့လည်း ခေါ်တယ်။ အရွက်ကြီးကြီးနဲ့ တစ်ပင်လုံး ဝါဖန်နေ



www.burmeseclassic.com

www.burmeseclassic.com



အောင် ပွင့်တတ်လို့ ထိန်ပင်လို့ခေါ်တာ။ အဖေတို့ပစ္စည်းတွေချပြီး ခုတ်မယ် ပြင်တာပေါ့။

အဲ့ဒီအချိန်မှာ တောင်ကုန်းအောက်ခြေ မြေကမူကလေးပေါ်မှာ ပြိုပျက်နေတဲ့ နတ်စင်လိုအရာကို တွေ့ရတယ်။ အဖေကတော့ နတ်တွေ၊ စုန်းတွေ၊ သရဲတွေကို အယုံအကြည်ရှိတာ မဟုတ်ဘူး။ ကိုဘသူနဲ့ ကိုလှသူတို့ကတော့ နယ်က ပြောင်းရွှေ့လာကြတာမို့ အယုံအကြည်ရှိကြတယ်။

ကိုဘသူ ...

“ကိုကြီးစံ ... ဒီတောင်ကုန်းက အပိုင်စားပေးထားတာလားမသိဘူး။ ဒီတောင်ကုန်းအခြေမှာ နတ်စင်ရှိတယ်။ ကျွန်းပေါ်မှာလည်း အပင်တွေက အရမ်းချောတယ်။ ခုတ်စ၊ ခုတ်နတောင် မတွေ့ရဘူး။ နောက်ပြီး ထိန်ပင်ဆိုတာ နတ်နဲ့ပတ်သက်တာ မဟုတ်လား။ တခြားနေရာ ရှာကြရအောင်ဗျာ”

အဖေ ...

“ဟေ့ကောင် ... ဘသူ၊ အချိန်က မနည်းတော့ဘူး။ အရွယ်ညီတိုင်ကိုးလုံးကို တစ်တောလုံး တစ်နေရာစီ ပတ်ရှာနေရမှာ။ ဒီမှာ တစ်နေရာတည်း လိုသလောက်ရနိုင်တယ်။ မင်းတို့မခုတ်ရဲရင် ငါခုတ်မယ်။ မင်းတို့က ကိုင်းပဲရှင်း။ ဟုတ်ပြီလား ...”

ကိုလှသူ ...

“ဟုတ်ကဲ့ ... အစ်ကို ... ခဏတော့ နေပါဦး။ ကျွန်တော်တို့ တောင်းပန်ပြီး ခွင့်တောင်းပါရစေဦး”

ဆိုပြီး ပါလာတဲ့ လက်နက်တွေကို နတ်စင်မျက်နှာမှာစုပုံပြီး ထိုင်ကန်တော့နေကြတယ်။ အဖေကတော့ အယုံအကြည်မရှိပေမဲ့ အနှောင့်အယှက်မပေးလိုတာနဲ့ တောင်ကုန်းအခြေမှာ ပေါက်နေတဲ့ ဖလံတောင်ဝှေးအနုတွေကို လိုက်ချိုးနေမိတယ်။ ဖလံတောင်ဝှေးဆိုတာက အနီမျိုးနဲ့ အဖြူမျိုး နှစ်မျိုးရှိတယ်။ မိုးဦးကျမှာ ထွက်တာများတယ်။ အခုဟာက ကန်ရေစပ်နဲ့နီးလို့ နွေဘက်ကြီး ဖြစ်ထွန်းနေတာ။ ဖလံတောင်ဝှေးက အခွံခွာ၊ အလက်ချွေပြီး ကြော်စားရတာလေ။ အလွန်နူးညံ့ပြီး၊ အရသာရှိတယ်။ နားရောဂါ





ပျောက်တယ်။ အဖေက ဖလံတောင်ဝှေးပင်ပေါက်တွေကို တစ်စွပ်စွပ်လိုက် ခုတ်နေတုန်း အပင်ခြေအုံ့အရင်းမှာ အရောင်ထွက်နေတဲ့ ဝါဝါထိန်ထိန် အပြားလေးတစ်ပြားကို ထောင်လျှက် မြေမြှုပ်နေတဲ့ အနေအထားနဲ့ တွေ့လိုက်ရတယ်။

အဖေလည်း ပါလာတဲ့ ဓားကလေးနဲ့ ကလော်ကြည့်တော့ မြိတ်တုံးရွှေဒင်္ဂါးပြားလေးဖြစ်နေတယ်။ အဲ့ဒီခေတ်က မြိတ်တုံးနဲ့ ကျောခေါင်း ရွှေဒင်္ဂါးနှစ်မျိုး ရှိတယ်။ မြိတ်တုံးက ရှေးကျတယ်။ တန်ဖိုးကတော့ အတူတူပါပဲ။ တစ်ကျပ်သား၊ ရွှေဒင်္ဂါးပြားတွေပါ။ အဖေလည်း အံ့သြလွန်းလို့ ဆက်တူးကြည့်တော့၊ ရွှေဒင်္ဂါးနှစ်ပြား ထပ်ထွက်လာပြန်တယ်။ အဲ့ဒါနဲ့ ဖလံတောင်ဝှေးတစ်အုံလုံးကို တူးကြည့်တာ။ နောက်ထပ် နှစ်ပြားထွက်လာပြန်တယ်။ အားလုံး ငါးပြားရတာပေါ့။ အဲ့ဒီအချိန်မှာ ကိုဘသူနဲ့ ကိုလှသူတို့လည်း အဖေအနီးရောက်လာကြပြီး ရွှေဒင်္ဂါးတွေကို မြင်တာနဲ့ ...

“ကိုကြီးစံတော့ ကော်တာပဲဗျို့။ ကျွန်တော်တို့လည်း ဆက်တူးကြည့်ဦးမယ်”

လို့ ပြောကြပြီး တောင်ကုန်းအခြေပတ်လည်က ဖလံတောင်ဝှေးအုံခြေရင်းကို တူးကြတာပေါ့။ တစ်ပတ်လည်သွားတော့ သုံးဦးစလုံး၊ ငါးပြားစီ အညီအမျှ ရကြတယ်။ မြိတ်တုံး ရွှေဒင်္ဂါးပြားတွေပဲ။ ဆက်တူးပေမဲ့ မရကြတော့ဘူး။

ကိုဘသူနဲ့ ကိုလှသူတို့က ...

“ကိုကြီးစံရေ ... သုံးယောက်စလုံး အညီအမျှ ငါးပြားစီပဲ ပေးတယ် ထင်ပါရဲ့။ ထပ်မတွေ့ရတော့ဘူး။ ဒါကန်တော်ရှင်မ မ,စတာပဲ ဖြစ်မယ်”

အဖေ ...

“ကဲ ... ကန်တော်ရှင် မ,စတာ၊ မ ,မ စတာ၊ အသာထား အလုပ်လုပ်ရင် စည်းကမ်းတော့ရှိရတယ်။ နုတ်ထားတဲ့ ဖလံတောင်ဝှေးအုံတွေကို သူ့နေရာ သူပြန်စိုက်ပါ။ ဒါမှ မိုးဦးကျမှာ ဖလံတောင်ဝှေးအနုအစို့တွေကို ထပ်စားရမှာ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . အစ်ကိုကြီးစံ"

အဖေတို့ တောင်ကုန်းပေါ်တက်၍ တိုင်ခုတ်ကြသည်။ ထိန်ပင် ကိုးပင်ကို ခုတ်ပြီးသော်လည်း မလဲပါ။ အပင်ကိုင်းချင်း ငြိနေ၍ဖြစ်သည်။ ထို့ကြောင့် ဘေးအပင်များကိုလည်း ခုတ်ကြရပြန်သည်။ သစ်ပင်များလဲသော် ကိုင်းတက်များကို ခုတ်ထွင်ရှင်းလင်းရပြန်သည်။ အတော်ကြာမှ ကိုင်းတက်များနှင့် ပင်စည်လုံးများအား တောင်အောက်သို့ ထမ်းချရသည်။

လှည်းတစ်စီးတိုက် ကျော်ပေလိမ့်မည်။ အဖေတို့အဖွဲ့ တောင်ခြေတွင် စုပုံ၍ ခေတ္တနားရင်း အမောအပန်းဖြေနေကြစဉ် ကိုဘသူက . . .

"ကိုကြီးစံ . . . ကျွန်တော်တို့ အားရက်တစ်ရက်မှာ ကန်တော် အရှင်မနတ်နန်းကို ပြန်ဆောက်ပေးကြရအောင်"

"အေး . . . အေး . . . လုပ်ကြတာပေါ့။ ကဲ . . . လာကြ။ မင်းတို့ကို သေနတ်ပစ်သင်ပေးမယ်။ အချိန်ကလေးရတုန်း သင်ကြ။ ယောကျ်ားဆိုတာ ဒီလိုခေတ်မျိုးမှာ သေနတ်ပစ်တတ်ရမယ်"

"ပထမဆုံး သင်ပေးရမှာက ကျည်မထည့်သေးဘဲ ချိန်တဲ့နည်း။ ဘယ်လက်ဖဝါးပေါ်ကို ပြောင်းရင်းတင်၊ ညာဘက်လက်နဲ့ သေနတ်ဒင်ကို ဆုပ်ပြီး ညာပခုံးရင်းမှာ အလိုက်သင့်ကပ်ထား၊ ဘယ်မျက်လုံးကို မှိတ်၊ ညာမျက်လုံးနဲ့ နောက်ချိန်ပေါက်ကကြည့် ရှေ့ချိန်သီးအစွန်းက နောက်ချိန်ခွက်အလယ်ပေါက်ရောက်ရင် ပစ်မှတ်နဲ့တန်း၊ မတန်းကြည့်။ ပစ်မှတ်ရှေ့ ချိန်သီးနဲ့ နောက်ချိန်ပေါက် တစ်တန်းတည်းဖြစ်နေရင် သေနတ်ဒင်ကို ပါးကလေးနဲ့ကပ်ပြီး အသက်အောင့် မောင်းကို ဖြည်းဖြည်းလေး တစ်ဆင့်ပြီးတစ်ဆင့် ဆွဲရင် 'ဒိုင်း' ဆို ကျည်ဆန်ထွက်သွားလိမ့်မယ်။ မကြောက်နဲ့ အနေအထား မှန်ပြီးငြိမ်ရင် ပစ်မှတ်ကို ထိတာချည်းပဲ။ ကဲ . . . လာ တစ်ယောက်"

ကိုဘသူက အရင်ချိန်ကြည့်သည်။ အဖေက အနေအထား မှန်ကန်စေရန် ပြင်ပေးရသည်။ အနေအထားမှန်တော့ သေနတ်မောင်းခလုတ်ကို ဖြည်းညင်းစွာ ဆွဲခိုင်းရသည်။

တစ်ယောက်ပြီးတစ်ယောက် သေနတ်ကို ငြိမ်စွာ အနေအထား မှန်စေရန် အတော်ကြာအောင် လေ့ကျင့်ပေးရသည်။ ပြီးမှ လှည့်ထုတ်





နည်း၊ ကျည်ထိုးနည်းကို တစ်ဆင့်ပြီးတစ်ဆင့် သင်ပေးရသည်။ စိတ်ချရမှသာ ကန်ရေပြင်ပေါ်မှာ သစ်ငုတ်ကိုချိန်၍ ပစ်ခိုင်းရသည်။ အစပိုင်းဖြစ်၍ မထိကြ။ ကိုလှသူမှာ သေနတ်ယမ်းကန်အား မထိန်းနိုင်၍ ဖင်ထိုင်လျက် ပင် လဲကျသည်။ ကိုဘသူကတော့ မဆိုးပါ။ တစ်ခဏ သင်ပေးသည်နှင့် တတ်လွယ်သည်။

တဒိုင်းဒိုင်း ပစ်ခတ်နေသဖြင့် မြယာချုံထဲမှ လန့်၍ထွက်လာသော တောဝက်မတစ်ကောင်အား အဖေ ပစ်ခတ်ရရှိတယ်။ ဝက်သေကြီးကို နှစ်ယောက်ထမ်း သစ်တိုင်တွေကို အခေါက်ခေါက် အခါခါ သယ်ကြရတယ်။ အဖေတို့ နေ့လယ်စာ ထမင်းစားတော့ နေ့လယ် (၁)နာရီထိုးနေပြီ။ အဲဒီနေ့က မောမောပန်းပန်းနဲ့ စားလို့အတော်ကောင်းတယ်။ အဖေနဲ့ ကိုလှသူ ကိုဘသူတို့က ရွှေဒင်္ဂါးတစ်ပြားစီစုပြီး ဦးချစ်အောင်ကို ပေးလိုက်တယ်။ ဦးချစ်အောင်လည်း အတော်ဝမ်းသာသွားတယ်။

စားသောက်ပြီးတော့ တိုင်တွေကို အဓိကထားပြီး သယ်ရတယ်။ ကိုင်းတက်တွေကိုလည်း အကုန်သယ်ပြီး လှည်းရပ်စခန်းနားမှာ စုပုံထားတယ်။ အဖေတို့ တောရွာရဲ့ဓလေ့က သူတစ်ပါးစုပုံထားတဲ့ သစ်တို့၊ ထင်းတို့ကို ဘယ်သူမှ မယူကြဘူး၊ စည်းကမ်းရှိကြတယ်။ အဖေတို့လှည်း တစ်စီးတိုက်၊ တိုင်တွေနဲ့ ကိုင်းတက်တွေကိုတင်ပြီး ဝက်သေကြီးကို အပေါ်က တင်ရတယ်။

လှည်းစခန်းကထွက်လာတော့ တောရိပ်တောင်ရိပ်ကြောင့် မှောင်စပြုပြီ။ သစ်တွေက အတော်လေးလို့ ထင်ပါရဲ့ နွားနှစ်ကောင် ခြေကန်ရုန်းနေရှာတယ်။ ဦးချစ်အောင်က သူ့နွားနှစ်ကောင်ကို သနားတယ်ဆိုပြီး ကိုင်းတက်တွေကို လမ်းဘေးမှာ ပစ်ခဲ့သေးတယ်။ ဒါပေမဲ့ လှည်းက ပေါ့မသွားဘူး။ လေးမြဲတိုင်း လေးနေပြန်တယ်။ မိုးချုပ်လာတာနဲ့အမျှ အပုပ်နံ့လိုလို အနံ့တစ်မျိုးလည်း လှည်းပေါ်မှာ ပါလာတယ်။

အဖေကတော့ ဝက်သေက အနံ့လို့ ထင်နေတာ။ အဲဒီအချိန်မှာ အတွေ့အကြုံများတဲ့ ဦးချစ်အောင်က ပြောလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"သတိထားကြ . . . ညီတို့ရေ့ အပတစ်ကောင်တော့ ငါတို့လှည်းနဲ့ လိုက်လာပြီ"

အဖေတို့ ကြက်သီးထ သွားကြတယ်။ နွားတွေကလည်း တစ်ဘူးဘူးနဲ့ နှာမှုတ်ပြီး ရုန်းနေရရှာတယ်။ အဲဒါကြောင့် အဖေရယ်၊ ကိုလှသူနဲ့ ကိုဘသူတို့ ညီအစ်ကိုရယ်၊ လှည်းအောက်ဆင်းပြီး နောက်က တွန်းပေးကြရတယ်။ လှည်းကလည်း လေးလိုက်တာ မကြုံဖူးအောင်ပါပဲ။

အဲဒီအချိန်မှာ ကိုလှသူတစ်ယောက် တုန်ချမ်းပြီး ဖျားလာတာ။ ငှက်ဖျားမိတယ်ထင်ပြီး လှည်းပေါ်တင်ရတယ်။ အဲ့ဒီတော့မှ လှည်းဦးပေါ့သွားပြီး နွားနှစ်ကောင်လည်း ပုံမှန်ရုန်းတော့တာမို့ အဖေတို့လည်း လှည်းပေါ်ပြန်တက်ပြီး စီးနိုင်ကြတယ်။ ကိုလှသူကတော့ တဟီးဟီး ညည်းနေပြီး တစ်ကိုယ်လုံး တုန်နေတယ်။ အဖေတို့ ပုဆိုးစုတ်တွေနဲ့ ပိုင်းအုပ်ပေးကြရတယ်။ သူတစ်ကိုယ်လုံးကလည်း ပူခြစ်နေတာပဲ။

အဖေတို့ ရွာအဝင် သက်နန်းပင်ကြီးနားရောက်တော့ ကိုလှသူတစ်ယောက် အဖျားကျသွားပုံရတယ်။ ငြိမ်သွားတယ်။ သူ့ကိုယ်ကို စမ်းကြည့်တော့ အေးစက်နေတာပဲ။ ခြစ်ခြစ်တောက်ကိုယ်ပူနေပြီး ချက်ချင်းအေးစက်သွားတာ အံ့သြစရာပဲ။ ငှက်ဖျားဖြစ်ရင် ဒီလိုပဲ။ ကန့်တွင်းတောငှက်ဖျားကလည်း အတော်ဆိုးတယ်။ ဒါပေမဲ့ ဘာဆေးမှ မသောက်ရသေးဘဲ အဖျားကျသွားတာကိုတော့ အဖေတို့ မကြုံဖူးသေးဘူး။ စစ်တွင်းကာလဆိုတော့လည်း ဆေးကောင်းဝါးကောင်း မရှိပါဘူးကွယ်။ မိရိုးဖလာဆေးမြီးတိုနဲ့ ပျောက်ရတာပါပဲ။ မပျောက်တော့လည်း သေရုံပါပဲ။ ငှက်ဖျားဖြစ်လာလို့ ဆေးမတွေ့ရင် သေရင်သေ၊ မသေရင် ရူးတာပါပဲ။

အဖေတို့ရိုးရာ ဆေးနည်းကတော့ ရွာဖျားက ရှမ်းဆရာကြီးရဲ့ ထုံးမန်းပဲ။ (၇)လုံးသောက်ရတယ်။ ပျောက်ကြတာ များပါတယ်။ နောက်ဆေးနည်းတစ်ခုကတော့ ဖျားတဲ့သူကို အိမ်အနောက်ဘက်တွဲခေါ်ပြီး သူ့လက်ခုပ်ထဲ အပေါ့စွန့်ခိုင်းပြီး ရှူရတဲ့နည်းပဲ။ အဲဒီနည်းကလည်း (၃)ကြိမ်လောက်လုပ်ရုံနဲ့ ပျောက်ပါတယ်။ မိုက်ထဲက 'ဘေလုံး' တောင် တဖြည်းဖြည်း သေးပြီး ပျောက်သွားတယ်။





ကျွန်ုပ် . . .

"အဖေတို့ ဆေးနည်းတွေကလည်း အတော်ထူးဆန်းတာပဲ။ ကွီနိုင်တို့၊ ကလိုရိုကွင်းတို့ဆေးတွေ မသောက်ဘူးလား"

"ကြားတောင် မကြားဖူးဘူး . . . ငါ့သားရေ၊ စစ်အတွင်းဆိုတော့ ရိုးရာဆေးတွေအပြင် ရှမ်းဆရာကြီး နည်းပေးတဲ့အတိုင်း ကြက်သွန်ဖြူကို ထက်ခြမ်းခွဲအထဲမှာ ဘိန်းထည့်ပြီး၊ မီးဖုတ်၊ ကျေးတာနဲ့ ပျောက်ကင်းတာပါပဲ။ ဘိန်းဆိုတာက သုံးတတ်ရင်ဆေး၊ မသုံးတတ်ရင် ဘေးဖြစ်စေတယ်ကွယ့်။ အလွန်ခါးတဲ့အတွက် ဆေးခါးကြီးတစ်မျိုးပါပဲ။ ချောင်းဆိုးရောဂါကိုလည်း အဲ့ဒီနည်းနဲ့ ပျောက်စေတယ်ကွယ့်။ မူးယစ်ရီဝေပြီး စွဲမက်စေတတ်တဲ့ သတ္တိရှိတယ်ကွယ့်။

ဆေးအဖြစ်သုံးတာတောင်၊ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်အပြင် ခဏခဏသုံးရင် စွဲသွားတတ်တယ်။ ရောဂါတစ်ခုခုဖြစ်တာနဲ့ အဲဒီဘိန်းဆေးကို မသုံးတော့ရင် ရောဂါက တာရှည်နေရော၊ ဘိန်းဆေးသောက်မှ ရောဂါပျောက်တော့တာ။ အဲ့သည်လိုနဲ့ ဘိန်းစားဖြစ်ကြတာပေါ့ကွယ်။ အဖေတို့ခေတ်တုန်းက ဘိန်းဆိုတာက အလွန်ပေါတဲ့ ပစ္စည်းပါပဲ။ ဘိန်းစားဖြစ်မှာကိုတော့ လူတိုင်းက ကြောက်ကြတယ်။

ကျွန်ုပ် . . .

"ဘိန်းစားဖြစ်တော့၊ ဘာဖြစ်တတ်သလဲ အဖေ"

"ဘိန်းစားဖြစ်တော့ ဘိန်းစွဲပြီး တစ်ချိန်လုံး မှိန်းနေတာပေါ့။ အစာလည်း မစားနိုင်။ အလုပ်လည်း မလုပ်နိုင်၊ သွားတာလာတာတောင် ဘိန်းမစားရရင် မသွားနိုင်ဘူးပေါ့။ တကယ့်လူမမာကြီးအတိုင်းပေါ့ . . . သားရယ်။ ဘိန်းသမားဖြစ်တာနဲ့ လူမှုရေး၊ စီးပွားရေးနဲ့ အိမ်မှုအလုပ်တွေကိုလုံး၀၊ စိတ်မဝင်စားတော့ဘူး။ လူ့ဘ၀ ပျက်တာပေါ့ကွယ်"

ကျွန်ုပ် . . .

"အလွန်ဆိုးတာပဲနော်။ ဒါနဲ့ အဖေတို့ဇာတ်လမ်းကို ဆက်ပါဦး"

"အဲ . . . အဖေတို့လည်း ရွာလယ်ရောက်လာတော့ တစ်ရွာလုံးက ခွေးတွေ ဟိုင်းအူကြတယ်။ ကိုလှသူကို ပိုင်းချီမပြီး အိမ်ပေါ်ထမ်းတင်



www.burmeseclassic.com

www.burmeseclassic.com



တော့၊ ဦးချစ်အောင်က အဖေ့ကို ရွာဖျားက ရှမ်းဆရာကြီးကို သွားပင့်ခိုင်းတယ်။ အဖေနဲ့ရှမ်းဆရာကြီး အိမ်ပြန်ရောက်လာတော့ ကိုလှသူတစ်ယောက် သတိရလာပြီး၊ ထထိုင်နေတယ်။ နှုတ်ကလည်း တရွရွပြောနေတယ်။ ရှမ်းဆရာကြီးက အပမှီလာတာလို့ပြောပြီး မေးတော့တာပဲ''

''မင်း ဘယ်သူလဲ၊ ပြောစမ်း''

ကြိမ်လုံးကြီးနဲ့လည်း ကြမ်းပြင်ကို ဖြန်းခနဲ ရိုက်လိုက်တယ်။

''ကျွန် ... ကျွန်တော် ငနီပါ။ ချွေးတပ်အဆွဲခံရပြီး ဂျပန်တွေသတ်လို့ သေသွားတဲ့ ငနီပါ''

ဦးချစ်အောင် ...

''ဩော် ... ငနီ၊ သေရှာပြီကိုး။ ဒါနဲ့ ... ငနီရေ မင်းအစ်ကို အောင်သူနဲ့ ကျော်လှရော''

''သူတို့လည်း ကျွန်တော်နဲ့အတူ ဂျပန်သတ်လို့ သေကြပါပြီ။ အခု ကျွန်တော်တို့ညီအစ်ကိုတွေ သရဲဖြစ်နေကြတယ်။ ကျွန်တော်တို့အိမ်က ဆွမ်းသွတ်အမျှဝေမှာဖြစ်ပေမဲ့ ကျွန်တော်တို့ အဝေးရောက်နေလို့ မရကြပါဘူး။ ကျွန်တော်တို့ညီအစ်ကိုတွေ မကြာခင် ကျွတ်တော့မှာပါ။ အဲ့ဒါ အဆင်ပြေတဲ့နေ့ကျရင် ဘုန်းကြီးသုံးပါးပင့်ပြီး မုန့်ဟင်းခါးဆွမ်းလေးနဲ့ အလှူလုပ်ပေးပါ။ အခုတော့ ကျွန်တော့်ကို အိမ်ရှေ့က သရက်ပင်မှာ နေခွင့်ပေးပါ။ ကျွန်တော် ဦးချစ်အောင်တို့ကို လုပ်ကျွေးပြုစုပါ့မယ်''

ဆရာကြီး ...

''ကဲ ... ချစ်အောင်ရေ၊ မင်းတို့သဘောက ဘယ်လိုလဲ''

ဦးချစ်အောင် ...

''ငနီ သနားပါတယ် ... ဆရာကြီး။ နေစရာမရှိရင်တော့ အိမ်ရှေ့က သရက်ပင်မှာ နေပါစေ''

အားလုံး ...

''ဟုတ်ပါတယ် ... ဆရာကြီး၊ ငနီ နေပါစေ''

ဆရာကြီး ...





''အေး ... အေး ... အိမ်ရှင်တွေက သဘောတူရင်တော့ နေပေါ့။ ငနီလည်း ကျွတ်ခါနီးပြီပဲ အိမ်သားတွေနဲ့ ရပ်ရွာကိုတော့ မနှောင့်ယှက်ရဘူးနော် ... ငနီ''

ငနီ ...

''ဟုတ်ကဲ့ပါ ... ဆရာကြီး၊ ကျွန်တော်က ဦးချစ်အောင်နဲ့ မမယ်နွေနဲ့ အပေါင်းအသင်းတွေကို ချစ်လို့ခင်လို့ လိုက်လာတာပါ။ အနှောင့်အယှက် မပေးပါဘူး။ အကူအညီပေးမှာပါ''

ဆရာကြီး ...

''ကောင်းပြီ။ လူ့စည်း၊ ဘီလူးစည်းတဲ့၊ သူ့စည်း၊ ကိုယ့်စည်းနဲ့ နေကြပေရော့။ ဟုတ်ပြီလား ... ငနီ''

''ဟုတ်ကဲ့ပါ ... ဆရာကြီး''

ထိုနေ့မှစ၍ ငနီက ကလေး ပွက်လွှဲပေးသည်။ ထမင်းချက်၊ ဟင်းချက်လျှင် မီးမှုတ်ပေးသည်။ ဒေါ်မယ်နွေက ရွာထိပ်တွင် မုန့်ဟင်းခါးရောင်းသဖြင့် ငနီက အတတ်နိုင်ဆုံး ကူညီစောင့်ရှောက်သည်။ ပြောင်းဖူးဖက်ဆေးလိပ်ကြိုက်ပြီး၊ မုန့်ဟင်းခါးလည်း ကြိုက်သဖြင့်၊ သူ့အတွက် နေ့စဉ်ပင် အိမ်ရှေ့သရက်ပင်တွင် စင်ကလေးဆောက်၍ ကျွေးမွေးရသည်။

ငနီက ညစဉ်ပင် ရွာကို ကင်းပတ်ပေးပြီး မားပြ၊ သူခိုးများ လာပါက ခြောက်လှန့်၍ လွှတ်တတ်သည်။ တစ်နှစ်ပြည့်သောအချိန်တွင် ငနီက သူ ကျွတ်ခါနီးပြီဖြစ်၍ ဘုန်းကြီးသုံးပါးဖြင့် သူ့အတွက် ဆွမ်းသွတ်အလှူလုပ်ပေးရန် ကိုလှသူကို ပူးပြီး ပြောလာသည်။ ဦးချစ်အောင်တို့ တစ်အိမ်သားလုံးသာမက တစ်ရွာလုံးက သရဲငနီကို ချစ်ကြသည်။ ထို့ကြောင့် ဦးချစ်အောင်က ...

''ငနီရေ ... မင်းကျွတ်တော့မယ်ဆိုတော့ ငါတို့အလွန် ဝမ်းသာပါတယ်။ ဒါပေမဲ့ မင်းတို့နဲ့ ဝေးတော့မှာမို့ ဝမ်းနည်းရပြန်တယ်။ ဒါနဲ့ မင်းနဲ့ အတူ အသတ်ခံကြရတဲ့ မင်းအစ်ကို အောင်သူနဲ့ ကျော်လှရော ကျွတ်မှာလား''



www.burmeseclassic.com

www.burmeseclassic.com



"သူတို့လည်း ကျွတ်မှာပါ။ သူတို့က ဂျပန်ရတနာသိုက်ကို စောင့်နေကြရတယ်။ အဲ့ဒီတာဝန်ကို လက်လွှတ်ပြီးတာနဲ့ ကျွတ်ပါပြီ။ ဦးချစ်အောင်တို့ ညီအစ်ကိုနဲ့ ကိုကြီးစံတို့ လာမဲ့လကွယ်နေ့ညမှာ ကန်တွင်းတောထဲသွားရမယ်။ ဘုရားလေးလမ်းဘက်က ဝင်ပါ။ လှည်းကိုတော့ သစ်ခုတ်စခန်းမှာ ထားခဲ့ပါ။ အဲ့ဒီကနေ မြောက်ဘက် တောနက်ထဲဝင်ပါ။ မှဆိုးလမ်းတော့ ရှိတယ်။ မီးတုတ်၊ မီးတိုင်နဲ့ လက်နက်တွေတော့ ယူခဲ့ပါ။ တောထဲကို တစ်မိုင်လောက် ဝင်ရမယ်။ ကန်စပ်ရောက်ရင် လက်ယာဘက်ကို ချိုးပြီး ခြေလှမ်း (၁၀၀)လောက် လျှောက်ရမယ်။ အဲဒီမှာ ကညင်ဖြူပင်ကြီး (၆)ပင်ကို တွေ့ရမယ်။ ကြိုးရှည်ရှည်တွေ ယူခဲ့ပါ။ ပေါက်တူး၊ ပေါက်ချွန်းတွေလည်း ယူခဲ့ပါ။ သစ်ပင်ခြောက်ပင်ကို နှစ်ပင်စီ ကြိုးဖြတ်ဆွဲပါ။ ကြိုးသုံးကြောင်း ဆုံတဲ့နေရာကို ပဟိုထားပြီးတူးပါ။

တူးတဲ့အချိန်မှာ ကျွန်တော်တို့ (၃)ယောက်ကို ရည်မှန်းပြီး မေတ္တာပို့အမျှဝေပါ။ အဲ့ဒါ ကျွန်တော်တို့စောင့်ရတဲ့ 'ကညင်(၆)ပင်၊ ရတနာသိုက်' ပဲ။ စဉ်သုံး၊ သံသေတ္တာကြီးသုံးလုံးတွေ့လိမ့်မယ်။ အကြီးဆုံး (၂)လုံးက လက်နက်ပစ္စည်းနဲ့ ကျည်ဆန်သေတ္တာ၊ အသေးဆုံးက ရတနာသေတ္တာပဲ။ အဲ့ဒီသေတ္တာတွေနားမှာ ကျွန်တော်တို့ အရိုးတွေရှိတယ်။ အဲ့ဒီအနားမှာပဲ မြေကျင်းသပ်သပ်တူးပြီး တစ်ဦးချင်း မြေမြှုပ်ပေးပါ။ အသေးဆုံးရတနာ သေတ္တာကိုပဲယူပြီး အညီအမျှ ခွဲဝေကြပါ။

နောက်တစ်နေ့မှာတော့ ဘုန်းကြီး (၃) ပါးနဲ့ ဦးချစ်အောင်အိမ်မှာပဲ ကျွန်တော်တို့အတွက် ဆွမ်းသွတ်အမျှဝေပေးပါ။ ဪ ... အဲ့ဒီညမှာ ငါးကြော်၊ ကြက်ကြော်နဲ့ အရက်သုံးလုံးတော့ ယူခဲ့ပေးပါ။ ကျွန်တော်တို့ အစားကောင်းကောင်း မစားရ၊ မသောက်ရတာ ကြာပြီ။ အဲ့ဒီ စားစရာ၊ သောက်စရာတွေကိုတော့ အရှေ့ဘက်က အကြီးဆုံးကညင်ပင်ကြီးအောက်မှာ ခင်းကျင်းပြင်ဆင်ပေးပါ။

'ငနီနဲ့ အောင်သူ၊ ကျော်လှတို့ စားကြ၊ သောက်ကြပါ' လို့လည်း အော်ပေးပါ။ မအော်ရင် တခြားကောင်တွေ ဝင်စားကုန်မယ်။ အထူး သတိထားပါ။ တူးရမဲ့အချိန်က ည (၉) နာရီတိတိနော်၊ မလွဲစေနဲ့။ ကြိုတင်သွား





ပြီး ကြိုးဆွဲပြင်ဆင်ထားပါ။ အချိန်ကျတာနဲ့ ချက်ချင်းတူးပါ။ ကျွန်တော်တို့အတွက် အမျှဝေ၊ မေတ္တာပို့ဖို့လည်း မမေ့နဲ့ဦး။ စားစရာ၊ သောက်စရာတွေလည်း ယူလာခဲ့ပါ။

ဦးချစ်အောင် ...

"အေး ... အေး ... ငနီ၊ စိတ်ချပါ၊ ငါတို့ကြိုတင်သွားပြီး ကြိုတင်လုပ်ထားပါ့မယ်။ မင်းတို့အတွက်လည်း မမေ့ပါဘူး"

ငနီ ...

"အစ်ကိုကြီးတို့က ကျွန်တော်တို့ကို ကျွေးမွေးပြုစုခဲ့လို့ ပေးတာပါ။ ကဲ ... ကျွန်တော် သွားတော့မယ်။ ဟိုမှာ ... ကိုအောင်သူနဲ့ ကိုကျော်လှတို့နဲ့လည်း တိုင်ပင်စရာတွေ ခွင့်တောင်းစရာတွေ ရှိသေးတယ်။ သွားပြီဗျို့"

ဟု ပြောဆို၍ ထွက်သွားမှ ကိုလှသူတစ်ယောက် တဝါးဝါး သမ်းဆရင်း သတိရလာတယ်။ သူကတော့ ဘာမှမသိရှာ။ ငိုင်းကြည့်နေတဲ့ အဖေတို့ကို တအံ့တဩ လိုက်ကြည့်နေတယ်။

ဦးချစ်အောင်က အကျိုးအကြောင်းရှင်းပြတော့ ...

"ဒီငနီကလည်း ကျွန်တော့်ပဲ ဝင်ဝင်ပူးတယ်။ တခြားသူတော့ မပူးဘူး"

ဦးချစ်အောင် ...

"မောင်လှသူရဲ့၊ ငနီက မင်းကိုချစ်တယ်လေကွာ။ နောက်ပြီး မင်းက လိပ်ပြာလှလို့ ဖြစ်မှာပေါ့။ သရဲ၊ တစ္ဆေဆိုတာ လိပ်ပြာလှမှ ဝင်ပူးတတ်ကြတယ်။ တော်ရုံတန်ရုံလူကို ဝင်ပူးလို့ မရဘူးကွယ့်"

"ဟုတ်ကဲ့ပါ ... အစ်ကိုကြီး"

လကွယ်ညမှာ သုံးရက်ခန့်လိုသေးလို့ အဖေတို့ ပြင်ဆင်ချိန်ရပါတယ်။ ပုလောလျှော် (ဂုန်လျှော်) တွေနဲ့ ကြိုးကျစ်တယ်။ ပေါက်တူး၊ ပေါက်ချွန်းတွေက အိမ်မှာရှိပြီးသားမို့ အရန်သင့် စီစဉ်ထားတယ်။ ငှက်ကြီးတောင်ဓားတွေနဲ့ သစ်ခုတ်ဓားမကြီးတွေကိုလည်း မြနေအောင် သွေးထား



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အရက်နဲ့ ကြွက်ကတော့ ရွာမှာ အသင့်ရှိနေတာမို့ ပူစရာမလိုဘူး။ လကွယ်နေ့ကိုပဲ အသင့်စောင့်နေကြတာပေါ့''

လကွယ်နေ့ညရောက်တော့ အဖေတို့အုပ်စု၊ ညစာ စောစောစားကြပြီး ညဥ့် (၆)နာရီလောက်ကတည်းက လှည်းတစ်စီးနဲ့ ထွက်ခဲ့ကြတယ်။ အဖေတို့ရွာနဲ့ ကန်တွင်းတောက (၁၀)မိုင်လောက် ဝေးတယ်။ ည (၈)နာရီမှာ ဘုရားလေး လှည်းရပ်နားစခန်းကို ရောက်တယ်။ အဲဒီ ဘုရားလေးနားက ဖရပ်မှာ ရသေ့ကြီးတစ်ပါးရှိတယ်။ လှည်းတွေကို အဖေတို့တောထဲဝင်ရင် သူ့ကို အပ်နေကျ။ ဆေးလိပ်လေး၊ မုန့်လေး ကန်တော့ ရုံပါပဲ။ မကန်တော့ရင်လည်း သူက ဘာမှမပြောပါဘူး။ ကူညီပါတယ်။ အဲဒီညက သူ့ကို လှည်းအပ်ပြီးတော့ ...

ရသေ့ကြီး ...

''ဒကာတို့ မိုးချုပ်မှ တောထဲ ဘာသွားလုပ်ကြမှာလဲ။ တောကောင်ရန်လည်း သတိထားကြဦးနော်''

''တပည့်တော်တို့ အမဲလိုက်ဖို့ပါဘုရား''

''အိမ်း ... အိမ်း ... သတိထားကြ၊ သတိထားကြ''

''တင်ပါ့ ဘုရား။ တပည့်တော်တို့ လူအင်အားလည်း တောင့်ပါတယ်ဘုရား။ လက်နက်လည်း ပြည့်စုံပါတယ်ဘုရား။ မီးတိုင်တွေလည်း ပါပါတယ်ဘုရား။ တုတ်မီး (လက်နှိပ်မီး) တွေလည်း ပါပါတယ်ဘုရား''

ဘုရားလေးစခန်းနှင့် ငွေယားတောင်လက်နက်တိုက်မှာ အနည်းငယ် လှမ်းသော်လည်း မဝေးလှ၊ အဖေတို့ လက်နက်တိုက်ဘက် သွားကြပြီး အင်္ဂလိပ်ရိုင်ဖယ် (၂)လက်နဲ့ ကျည်ဆန်တွေ ယူခဲ့ကြတယ်။ ညဘက် တောထဲသွားရမှာဆိုတော့ လိုရမည်ရပေါ့။ ကန်တွင်းတောမှာက ကျားတွေ၊ ဆင်တွေရှိတယ်လေ။ အဲဒါနဲ့ ငနီပြောတဲ့အတိုင်း တောထဲဝင်ခဲ့ကြတယ်။

မုဆိုးလမ်းအဆုံး၊ ကန်ရေစပ်ရောက်တော့ ညာဘက်ကို ချိုးရာမှာ မုဆိုးလမ်းပျောက်သွားလို့ ပါလာတဲ့ ဓားတွေနဲ့ ချုံတွေကိုရှင်းပြီး သွားကြရတယ်။ ခြေလှမ်း (၁၀၀)ပြည့်တော့ အောက်ခြေရှင်းတဲ့ ပြန့်တောထဲ





ရောက်တယ်။ တကယ့်နေရာပဲပေါ့။ မီးရောင်အောက်မှာ ပင်စည်ကြီးတဲ့ သစ်ပင်ကြီးတွေကို မြင်ရတယ်။

သစ်ပင်ကြီးတွေနောက်ကွယ် မှောင်ထဲကလည်း မျက်လုံးစိမ်းစိမ်း နီနီတွေကို မကြာခဏ တွေ့ရတယ်။ မျက်လုံးနီနီက သားစားသတ္တဝါ၊ မျက်လုံးစိမ်းစိမ်းကတော့ အသီးအရွက်စားတဲ့ သတ္တဝါပေါ့။ မျက်လုံးနီနီက လူကို အန္တရာယ်ပေးမဲ့သတ္တဝါ။ မျက်လုံးစိမ်းစိမ်းက သမင်၊ ဒရယ်၊ ချေ၊ စိုင်ဆတ်တွေပေါ့။ သူတို့ လူကိုကြောက်တယ်။ အထူးသဖြင့် မီးရောင်ကို ကြောက်တယ်။ အဖေလည်း သေနတ်ကိုကျည်ထိုးပြီး အဆင်သင့်ဆိုတော့ ပစ်ချင်လိုက်တာ လက်ကိုယားနေတာပဲ။ ရတနာသိုက်တူးဖို့ လာတာဖြစ်တာကြောင့် စည်းမပေါက်အောင် မနည်းထိန်းသိမ်းထားရတယ်။

တောစည်း၊ တောင်စည်း၊ မုဆိုးစည်းဆိုတာ ရှိတယ်သားတို့ရဲ့။ တောထဲဝင်တာနဲ့ သားကောင်ငယ့်ဆို သားကောင်ငယ်၊ သားကောင်ကြီးဆို သားကောင်ကြီးပဲ ပစ်ရတယ်။ တွေ့ရာ မပစ်ရဘူး။ ငါးမရလို့ ရေချိုးပြန်တယ်ဆိုတဲ့ စကားပုံလို တောထဲမှာ ရရာပစ်မယ်ဆိုရင် အန္တရာယ်ရှိတယ်။ အဲဒါတော့ စည်းကမ်းပဲ။

အဲဒါနဲ့ အဖေတို့အုပ်စု ပြန့်တောထဲမှာ ကညင် (၆)ပင်ကို လိုက်ရှာကြတယ်။ လကွယ်ညလည်းဖြစ်၊ တောရိပ်၊ တောင်ရိပ်ကြောင့် တောထဲမှာ အလွန်မှောင်တယ်။ ဒါပေမဲ့ တောသားတွေဖြစ်တဲ့ အဖေတို့အတွက်တော့ အပွေးမြင် အပင်သိဆိုတဲ့ စကားပုံအတိုင်း သစ်ပင် ပင်စည်ကြီးကို မြင်တာနဲ့ ညဘက်ဖြစ်ပေမဲ့ တောထဲမှာ အမြင့်ဆုံးဖြစ်တာကြောင့် သိသာပါတယ်။ ရှာရတာ လွယ်ပါတယ်။

လွင်ပြန့်တစ်ခုရောက်တော့ ကညင်ဖြူပင်ကြီးတစ်ပင်ကို စတွေ့တယ်။ အဲဒီအနီးအနားမှာ လိုက်ရှာတော့ ဟိုဘက်သည်ဘက် တန်းစီပြီး ဝိုင်းပေါက်နေတဲ့ ကညင်ပင်ကြီး (၆)ပင်ကို တွေ့ရတယ်။ အချိန်က ည(၁း၃၀) နာရီရှိနေတာကြောင့် အဖေတို့ ခပ်သုတ်သုတ်ပဲ ကြိုးတွေဆွဲပြီး ဗဟိုချက် နေရာကို ရှာကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖဟိုချက်နေရာမှာ လိပ်သဲကျောက်တုံးတစ်တုံးကို တွေ့ရတယ်။ နေရာမှန်တဲ့ သဘောပေါ့။ အဲဒီနောက်မှာတော့ အချိန်စောင့်ဆိုင်းရင်း အရှေ့ဘက်က အကြီးဆုံး ကညင်ပင်ကြီးခြေရင်းမှာ ငနီတို့အတွက် စားစရာသောက်စရာတွေကို ခင်းကျင်းပြင်ဆင်ပေးတယ်။ ပြီးတော့ ငနီမှာတဲ့အတိုင်း ဦးချစ်အောင်က အော်ပြောတယ်။

"ငနီ၊ အောင်သူနဲ့ ကျော်လှတို့ . . . စားကြပါ။ သောက်ကြပါ"

တောနက်ကြီးထဲ လကွယ်ည၊ သန်းခေါင်ယံအချိန်မှာ ဦးချစ်အောင်ရဲ့ အသံကြီးဟာ တစ်တောလုံး၊ တစ်တောင်လုံး ဖုံးလွှမ်းသွားတယ်လို့ ထင်ရတယ်။ ပဲ့တင်သံကြောင့်လည်း (၃)ချိန် (၃)ခါလောက် ကြားလိုက်ရတယ်။ ပဲ့တင်သံရဲ့ နောက်ကွယ်မှာလည်း . . .

"အေး . . . အေး . . . ဝေး . . . ဝေး . . ."

လို့ အော်သံလိုမျိုးလည်း ကြားလိုက်ရတယ်။ ကိုလှသူဟာ ကြောက်လွန်းလို့ ဦးချစ်အောင်ကို ထဖက်ထားတော့တယ်။ အဲဒီအချိန်မှာပဲ ဦးချစ်အောင်က အိပ်ဆောင်နာရီကလေးကို ထုတ်ကြည့်ပြီး ကိုးနာရီထိုးတော့မှာမို့ အသင့်နေရာယူကြဖို့ ဆော်သြတော့တာပါပဲ။

"ကဲ . . . မောင်စံနဲ့ ဘသူတို့ နေရာယူကြ။ ငါက ကြိုးတွေဖြုတ်ပေးမယ်။ လှသူက မီးပြ၊ မီးတုတ်တွေ မငြိမ်းစေနဲ့။ မင်းတို့ အလှည့်နားတာနဲ့ ငါနဲ့လှသူက တူးကြမယ်။ ကဲ . . . ကိုးနာရီထိုးပြီ စတူးကြ"

အဖေနဲ့ ကိုဘသူတို့ ပထမဆုံး ကျောက်တုံးကြီးကို ဖော်ကြတယ်။ ကျောက်တုံးပေါ်တော့ တစ်ယောက်တည်း မနိုင်လို့ နှစ်ယောက်မရွှေ့ရတယ်။ ပြီးတာနဲ့ ဆက်တူးကြတာ၊ မောရ၊ ပန်းရမှန်းတောင် မသိပါဘူး။ ဖောနဲ့ တစ်ယောက်ကတူး၊ တစ်ယောက်က မြေကြီးထုတ်နဲ့ တစ်နာရီလောက်ကြာတော့ အနက် (၆)ပေလောက်အရောက်မှာ သံသေတ္တာကြီးကို တူးမိသံကြားရတယ်။

"ဒုတ် . . . ဒုတ် . . . ချင် . . . ချင် . . ."

ဦးချစ်အောင် . . .





"ကဲဟေ့ . . . မောင်စံတို့ နားကြတော့။ ငါနဲ့လှသူ တစ်လှည့်တူးကြဦးမယ်။ အရေးကြီးလာပြီ မောင်စံက သေနတ်မောင်းတင်ပြီး ကင်းစောင့်၊ ဘသူက မီးတုတ်ပြပေး"

သေတ္တာကြီးအောက်ကို ဝိုင်းတူးတော့ ဖြူဖြူဖွေးဖွေး လူအရိုးတွေထွက်လာတယ်။ အရိုးခေါင်းခွံတွေကတော့ သွားဖြဲပြီး ရယ်နေတဲ့ပုံပဲ။ ကိုလှသူဘ ကြောက်ပြီး တွင်းပေါ်ပြန်တက်လာလို့ ကိုဘသူက ဆင်းရပြန်တယ်။ ဆက်တူးကြတာနဲ့ မကြာပါဘူး။ သေတ္တာကြီးသုံးလုံးနဲ့အတူ လူအရိုးစု (၃)စုပေါ်လာတယ်။ ဦးချစ်အောင်က တယုတယကိုင်တွယ်ပြီး အပေါ်ကို တင်ပေးတယ်။ ကိုလှသူက မကိုင်ရဲလို့ အဖေကပဲ တစ်ပုံစီ ပုံထားရတယ်။ ဘယ်သူ့အရိုး၊ ဘယ်သူမှန်းတော့ ခွဲခြားလို့ မရပါဘူး။

အရိုးတွေ တွင်းပေါ်တင်ပြီးတာနဲ့ အငယ်ဆုံးသံသေတ္တာကို နှစ်ဖက်ကြိုးနဲ့သိုင်းပြီး အဖေနဲ့ ကိုလှသူ ဆွဲတင်ကြတယ်။ လေးငါးပိဿာလောက်ပဲ လေးမယ်ထင်ပါတယ်။ ဂျပန်ကြေးသော့ကြီး ခတ်ထားတယ်။ စစ်တွင်းသုံးကျည်ဆန်သေတ္တာပါပဲ။ ဘေးနှစ်ဖက်မှာ လက်ကိုင်ကွင်းနှစ်ကွင်းပါတယ်။ "NIPPON ARMY" လို့လည်း ရေးထားတယ်။ ဆေးနဲ့မဟုတ်ဘူး။ သံပြားပေါ်မှာ ဖောင်းကြွစာလုံးပါ။

ငနီမှာတဲ့အတိုင်းပဲ ဦးချစ်အောင်က ရတနာသေတ္တာကိုပဲ ဖော်ယူပြီးတာနဲ့၊ ငနီနဲ့ ညီအစ်ကိုဖြစ်ကြတဲ့ အောင်သူနဲ့ကျော်လှတို့ ကောင်းရာသုဂတိ လားပါစေ။ ငါတို့တစ်တွေ ပြုလုပ်ခဲ့ကြတဲ့ ကုသိုလ်ကောင်းမှုတွေကို အမျှပေးဝေပါတယ်။ 'အမျှ . . . အမျှ . . . အမျှ' လို့ သုံးကြိမ်အော်တယ်။

အဲဒါပြီးတဲ့နောက်မှာ တောဟိန်းသံကြောင့်လား ပဲတင်သံကြောင့်လား မသိပါဘူး။ သာဓုခေါ်သံ (၃) ကြိမ်လိုလို အဝေးကနေ ကြားလိုက်ရတယ်။ အဖေတို့လည်း ကြေးသော့ကြီးကို တူရွင်းနဲ့ကလန့်ပြီး ပေါက်တူးအနောင့်နဲ့ ရိုက်ဖြုတ်တော့ ကြေးညှိတက်နေတဲ့ ဂျပန်သော့ကြီး ပြုတ်သွားတော့တယ်။ နောက်တစ်ခါ ဒေါက်ချိတ်တွေကို ကလော်ထုတ်မှ သေတ္တာအဖုံးပွင့်သွားတယ်။ သေတ္တာထဲမှာတော့ ရွှေ၊ ငွေ၊ လက်ဝတ်၊ လက်စားတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြိုးပြိုးပြက်ပြက်နဲ့ ဝင်းလက်နေတာပါပဲ။ အဖေ့အထင် သံသေတ္တာအပြည့် ဆိုတော့ သုံးလေးပိဿာ ရှိမယ်ထင်ပါရဲ့။ အဲဒီနောက်မှာတော့ အဖေတို့ တွင်းကြီးကို ပြန်ဖို့ကြတယ်။ အရိုးစုတွေကိုတော့ ကညင်ပင်ကြီးတစ်ပင်စီ ကို ခေါင်းပြုပြီး မြှုပ်လိုက်ကြတယ်။ အားလုံး အလုပ်တွေပြီးတော့ မနက် ရောင်ခြည်တောင် လာနေပြီ''

တောတွင်းမနက်ခင်းရဲ့ ထုံးစံအတိုင်း တောသတ္တဝါနဲ့ ငှက်ကလေး တွေ နိုးထလာကြပြီး စီစီရီရီအသံတွေကို ကြားလာကြရတယ်။ အဖေတို့ လည်း နားကြမယ်ဆိုပြီး အရှေ့ဘက်က ကညင်ပင်ကြီးအောက်မှာ ထိုင်ကြ တော့ ငနီတို့ကိုကျွေးထားတဲ့ အစားအစာနဲ့ အရက်တွေ တစ်ခုမှမရှိတော့ ဘူး။ ပင်ပန်းပြီး အိပ်ရေးပျက်ကြတာမို့ ဦးချစ်အောင်က သူယူလာတဲ့ သူ့ လွယ်အိတ်ထဲက တောအရက်ပုလင်းကို ထုတ်ပေးတယ်။ အမြည်းကတော့ မရှိတော့ပါဘူး။ တစ်ငုံစီ၊ နှစ်ငုံစီ မော့ကြရင်း တောအရက် ငှက်ပျောဖူးပုလင်း လည်း တစ်ထိုင်တည်း ကုန်တာပါပဲ။

အပြန် ပြန့်တောကအထွက် မုဆိုးလမ်းထိပ်က ကန့်စပ်မှာ ရေ သောက်ဆင်းတဲ့ တောဝက်အုပ်နဲ့ တိုးတယ်။ အဖေလည်း အကြီးဆုံးကောင် ကို ပစ်ချလိုက်ပြီး ဝက်အုပ်ထွက်အပြေးမှာ နောက်ဆုံးက ဝက်ပေါက်တစ် ကောင်ကိုပစ်နိုင်လို့ ဝက်နှစ်ကောင် တစ်နေရာတည်းရတယ်။ ဝက်မအုပ် ဖြစ်လို့ အန္တရာယ်တော့ မရှိပါဘူး။

မိုးထိန်ထိန်လင်းတော့ အဖေတို့ ဘုရားလေး၊ လှည်းရပ်နားစခန်း ကို ပြန်ရောက်တယ်။ သားကောင်တွေ ထမ်းလာတာမြင်တော့ ရသေ့ကြီး လည်း အဖေတို့ကို တကယ့်မုဆိုးတွေ ထင်သွားရှာတယ်။ လက်နက်တွေ ကို ငွေယားတောင် လက်နက်တိုက်မှာ ပြန်ထားမယ်လုပ်တော့ ဦးချစ်အောင် က တားတယ်။ ရတနာတွေ ရှိလာပြီမို့ လုံခြုံရေးအရ လိုအပ်တယ်ဆိုတာနဲ့ လှည်းအခင်း ကောက်ရိုးတွေအောက်မှာ ဝှက်ပြီးယူလာခဲ့ရတယ်။ အဲဒီနေ့ နေ့ဆွမ်းအဖြစ် ဘုန်းကြီးသုံးပါးကို ပင့်ဖိတ်ပြီးကပ်တယ်။ တရားနာ၊ အမျှဝေ တယ်။ တစ်ရွာလုံးကို ဖိတ်ကျွေးတယ်။ ဟင်းကတော့ ဝက်သားဟင်းပေါ့ ကွာ။





ကျွန်ုပ် . . .

"အဖေတို့ ရတနာတွေကို ဘယ်လိုခွဲဝေကြသလဲ"

"ဦးချစ်အောင်က အလွန်စိတ်ကောင်းရှိတဲ့သူပါ။ ရတနာတွေကို (၇) ပုံ ပုံတယ်။ (၄) ပုံကို အဖေတို့လေးယောက် အညီအမျှယူတယ်။ ကျန် (၃) ပုံကို ကွယ်လွန်သွားပြီဖြစ်တဲ့ ငနီရယ်၊ ကျော်လှရယ်၊ အောင်သူရယ် အတွက် သူ့မိသားစုကို တိတ်တဆိတ်ပေးလိုက်တယ်။ ခေတ်ကြီးကမကောင်း တော့ ပေါ်ပေါ်တင်တင် မနေရဲကြဘူးလေ"

"အဲ . . . နောက်ပိုင်းမှာတော့ အဖေတို့လည်း မြို့တက်လာခဲ့ကြ တယ်။ အဖေက သမိုင်းလမ်းဆုံမှာ ကုန်မာဆိုင် (အိမ်သောက်ပစ္စည်း) ဖွင့် တယ်၊ လက်ဖက်ရည်ဆိုင် ဖွင့်တယ်။ အဲဒီမှာ မင်းတို့အမေနဲ့ အိမ်ထောင် ကျပြီး မင်းအစ်ကိုတွေ အစ်မတွေကို မွေးတာ။ တစ်ခါ ကျောက်ရောဂါတွေ ဖြစ်လာပြန်တော့ မင်းအစ်မလတ်တစ်ယောက် ဆုံးတာနဲ့ မင်းတို့အမေက သမိုင်းမှာ မနေချင်ပြန်ဘူးဆိုတာကြောင့် အုတ်ကျင်းကို ပြောင်းရတာ။ အဲဒီ အချိန်တွေက လွတ်လပ်ရေးရခါနီး အချိန်တွေပဲ။

အုတ်ကျင်းဆိုတာက အင်္ဂလိပ်လက်ထက် ရန်ကုန်မြို့ကြီး ပြန် လည်တည်ဆောက်တော့ အုတ်ဖုတ်တဲ့နေရာပဲ။ ဗိုလ်ချုပ်ဈေးနဲ့ ရန်ကုန် ကမ်းနားလမ်းတစ်လျှောက်က အုတ်ခဲမည်းမည်းကြီးတွေဟာ အဖေတို့အုတ် ကျင်းက ရွှံ့စေးမြေနဲ့ ဖုတ်တာပေါ့။ အဖေဟာ ခဝဲခြံတိုက်ပွဲ အင်းစိန်တိုက်ပွဲ တွေမှာ ပါခဲ့ဖူးတယ်။ မင်းကိုတော့ လွတ်လပ်ရေးရပြီးမှ မွေးတာပါ"

ကျွန်ုပ်အဖေ့ကို လွန်စွာ သတိရမိသည်။ အဖေဆုံးသည့်မှာ အနှစ် (၃၀) ပြည့်ပြီ။ 'ယောကျ်ားဆိုတာ သေနတ်ပစ်တတ်ရတယ်ကွ' ဟူသော အဖေ၏ အဘိုးအမိန့်ကို လွန်စွာ သဘောကျမိသည်။ ကျွန်ုပ်တို့ နိုင်ငံသား များသည် တိုင်းပြည်၏ အမာခံအင်အားများ မဟုတ်ပါလော။ ယောကျ်ား တိုင်း စစ်ပညာတတ်ထားသင့်သည်ဟု ကျွန်ုပ်ဆိုလိုချင်ပါသည်။

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



[၁]

❑

လောကကြီးမှာ လှေကားမှန်ရင် လှေကားထစ်နဲ့ မကင်းသလို လူသားမှန်ရင်လည်း အချစ်နဲ့ မကင်းကြပါဘူး။

အချစ်နဲ့ မကင်းနိုင်သ၍ ခွဲခွာရခြင်း၊ ဝေးကွာရခြင်းကြောင့် ကျဆာရတဲ့ မျက်ရည်ဆိုတာမျိုးကလည်း ရှိနေမှာပါ။

တကယ်တော့ လူရယ်လို့ ဖြစ်လာကြရင် ဝမ်းသာလွန်းလို့ပဲကျကျ၊ ဝမ်းနည်းလို့ပဲကျကျ၊ မျက်ရည်မကျဘူးတဲ့သူရယ်လို့ ရှိတာမှမဟုတ်ပါဘဲလေ။ အဲဒီလို အစမကောင်းခဲ့တဲ့ အကြောင်းတရားတွေ ရှိနေလေတော့ အနှောင်းမှာလည်း မသေချာမရေရာတော့ပါဘူး။

ဒါကြောင့်လည်း ဘဝခရီးတစ်လျှောက်လုံး ဆူးခင်းလမ်းပေါ်မှာပဲ လျှောက်ရ၊ လျှောက်ရ၊ ပန်းခင်းလမ်းပေါ်မှာပဲ လျှောက်ရလျှောက်ရ၊ တစ်နေ့နေ့၊ တစ်ချိန်ချိန် တစ်နေရာရာမှာတော့ မိမိသံယောဇဉ်အတွယ်အတာဆုံး ပုဂ္ဂိုလ်နဲ့ ခွဲခွာရလို့ ဝေးကွာသွားရလို့ မျက်ရည်ကျခဲ့ရတာ မဆန်းပါဘူး။

သူရိန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီလို တစ်ဦးနဲ့တစ်ဦး ဝေးကွာခဲ့ရလို့ ခွဲခွာသွားခဲ့ရတဲ့အခါ နှစ်ဦးသဘောတူ ခွဲခွာသွားရခြင်းထက် ကိုယ့်ကိုပစ်ခွာသွားခဲ့လို့ ခံစားရတဲ့ဝေဒနာက ပိုပြီး နှလုံးသားဒဏ်ရာဒဏ်ချက်ပြင်းထန်မှာ အမှန်ပါပဲ။

ဘယ်လောက်ပဲ ကျောချင်းခိုင်းခိုင်း သူ့ပုံရိပ်က မျက်ဝန်းထဲမှာ စွဲကျန်နေရစ်မှာ ဖြစ်သလို၊ သူ့ရဲ့အသံကလည်း နားစည်ထဲမှာ ရိုက်ခတ်နေဆဲဖြစ်မှာပါ။ ဒါကြောင့်လည်း ...

ဝေဒနာပုံရိပ်တွေက နှလုံးသားမှာ တရိပ်ရိပ် တဖြည်းဖြည်းနဲ့ ဖြေဆည်ရာမဲ့လွန်းလို့ သောကမျက်ရည်ကျောထဲ စီးမျောသွားကြရတာ ဖြစ်မယ်ထင်တယ်။

တကယ်တော့ တစ်ဦးနဲ့တစ်ဦး အကျွမ်းတဝင်ရှိခြင်းတို့က သံယောဇဉ်ဖြစ်ဖို့ အစပျိုးခဲ့တာပါ။

"အကျွမ်းတဝင်" ဆိုတဲ့ စကားလေး လေးလုံးက တော်တော်ကို ဘဝတစ်ခုကို ခရီးရောက်လွန်းပါတယ်။

ကိုယ့်အပေါ် သိတတ်တဲ့သူ။

ကိုယ့်အပေါ် နားလည်မှုပေးနိုင်တဲ့ သူကသာလျှင် ကိုယ့်အတွက် အကျွမ်းတဝင်ရှိတဲ့ ပုဂ္ဂိုလ်ဖြစ်နိုင်တာပါ။

ဒါပေမဲ့ ...

အချစ်ဆိုတာက မျက်စိမှ မရှိတာဘဲ။

ဒီတော့ အကျွမ်းတဝင်ဖြစ်မဖြစ် လေ့လာနိုင်ဖို့ အသိဉာဏ်မျက်စိက မောဟနေကာမျက်မှန်ကြောင့် အရှိကို အရှိအတိုင်း မဖြစ်နိုင်တော့ဘူး။

ချစ်သူဘဝဆိုတာက တစ်ဦးနဲ့တစ်ဦး အကျွမ်းတဝင်ဖြစ်ဖို့ မဖြစ်ဖို့ လေ့လာသုံးသပ်ရတဲ့ အချိန်ကာလပဲ။

တစ်ဦးနဲ့တစ်ဦး စိတ်တူကိုယ်တူဖြစ်ဖို့ဆိုတာ မလွယ်ပါဘူး။

သူက ဒူးရင်းသီး သိပ်ကြိုက်တယ်။

ကိုယ်က ဒူးရင်းသီးကို အနံ့တောင် မခံနိုင်ဘူး။

အကြိုက်ချင်းတူမှ အဆင်ပြေမှာပေါ့။





အကျွမ်းတဝင် ရှိတယ်ဆိုတာကိုက သူ့အပြုအမူ၊ သူ့အပြောအဆို၊ သူ့အနေအထိုင်၊ သူ့စရိုက်လက္ခဏာကို ကိုယ်က နားလည်မှုပေးနိုင်တာကို ဆိုလိုတာပါ။

တကယ်တော့ အပြန်အလှန် နားလည်စာနာတတ်ဖို့။

အကျွမ်းတဝင်ရှိလာရင် မှားနေတာကို ပြင်ပေးနိုင်တဲ့ ပြုပြင်ပေးမပေးနိုင်တဲ့ စွမ်းရည်လည်း ရှိပါတယ်။

အကျွမ်းတဝင်ရှိလာမှလည်း မှားနေတာကို နားလည်ခွင့်လွှတ်ပေးနိုင်မှာပါ။ တရားတော်မှာ ...

ဝိယေဟိ ဝိပ္ပယော ဂေါဒုက္ခော၊

အပိယေဟိ သမ္ပယောဂေါ ဒုက္ခော

လို့ ဆိုထားပါတယ်။

ချစ်သူနဲ့ ကွေကွင်းရလို့ ဆင်းရဲတယ်ဆိုတာကလည်း ပိုင်ဆိုင်လို့မှုကြောင့်ပါ။ ဘယ်လောက်ပဲ မိဘမေတ္တာရိပ်က အေးမြကြည်လင်နေပါစေ တာမတဏှာရဲ့ စေ့ဆော်မှုကို ခံစားလာရပြီဆိုရင်တော့ ...

သူ့တစ်မျက်နှာ တစ်ကမ္ဘာထင်ပြီး မှုးမှုးမေ့မေ့နဲ့ သူ့ကိုသာ အရိပ်တကြည့်ကြည့် သူ့မျက်နှာညိုမှာ စိုးရတာတစ်မျိုး၊ သူ စိတ်ချမ်းသာဖို့ ဘဝတွင် မဟုတ်ဘူး။ အသက်ပါပေးဖို့ ဝန်မလေး ဖြစ်လာကြတာ များပါတယ်။

အမှန်တော့ ကာမသုခကိုပဲ ထာဝရသုခရယ်လို့ ထင်မှတ်မှားခဲ့ကြတာကိုး။ အဲဒီလို အချစ်ရေးမှာ ဆင်ခြင်တုံတရား ကင်းမဲ့သွားခဲ့တဲ့ ပညာတတ် မိန်းကလေးတစ်ယောက်ရဲ့ ဖြစ်ရပ်မှန် ဇာတ်လမ်းလေးက ဒီလိုပါ။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

# [၂]

❑

တစ်နေ့ ညနေထောင်ပိတ် တာဝန်ကျနေစဉ် မိမိတာဝန်ယူထောင်ပိတ်ခဲ့သော အိပ်ထောင်လူပေါင်းစာရင်းပေးပြီး မိန်းဂျေးလ် (Main Jail) ရုံးခန်းလေးထဲမှာ ထောင်ပိတ်စောင့်နေခဲ့တယ်။

ဒီအချိန်မှာ အမျိုးသမီးဆောင် တာဝန်ခံထောင်မှူး ဒေါ်ခင်မြကြွယ်တစ်ယောက် အမျိုးသမီးအိပ်ထောင် လူပေါင်းစာရင်းပေးဖို့ မိန်းဂျေးလ်ရုံးခန်းထဲကို ဝင်ရောက်လာနေတယ်။

အမျိုးသမီးဆောင် လူပေါင်းစာရင်းကို ညနေထောင်ပိတ်တာဝန်ခံထောင်မှူးကြီး ဦးအောင်ကျော်ဌေးထံ စာရင်းပေးပြီးနောက် အလ္လာပသလ္လာပစကားကို ဆိုလာပါတယ်။

"ဆရာစိုး ... ဆရာ့အတွက် ကုန်ကြမ်းရမယ့် ဇာတ်လမ်းတစ်ပုဒ် ... ဒီနေ့ အမျိုးသမီးဆောင်ထဲ ထောင်ကျပြီး ရောက်လာတယ်"

"ဟုတ်လား ... ဆရာမ၊ ဇာတ်လမ်းက စိတ်ဝင်စားစရာကောင်းမှ စာဖတ်သူက လက်ခံမှာမဟုတ်လား"





"အို ... စိတ်ဝင်စားစရာ ကောင်းလား၊ မကောင်းလားဆိုတာ လူချင်းတွေ့ မေးကြည့်တော့ သိပါလိမ့်မယ်။ သစ္စာဖောက်သွားတဲ့ ယောကျ်ားတွေကို တုံ့ပြန်လက်စားချေပြလိုက်တာလေ"

ကျွန်ုပ် ထောင်မှူးလေးစိုးဝေတစ်ယောက် စာပေနယ်မှာ မှုခင်းဇာတ်လမ်းဝတ္ထုလေးတွေ ရေးပြီး မဂ္ဂဇင်းမှာ ရေးသားနေမှန်းသိသောကြောင့် သတင်းပေး ပြောဆိုနေခြင်း ဖြစ်ပါတယ်။

"ဟာ ... အဲဒီလိုတော့ ဝါးလုံးရှေးသုတ်ရမ်းပြီး မပြောပါနဲ့ဗျာ။ ယောကျ်ားတိုင်း သစ္စာဖောက်ဖျက်ကြသူတွေမှ မဟုတ်ဘဲလေ။ မဟုတ်ဘူးလား ... သူငယ်ချင်း"

ကျွန်ုပ်က တစ်ပတ်စဉ်ထဲ သင်တန်းဆင်းလာသော ထောင်မှူးကြီးဦးအောင်ကျော်ဌေးကို သူ့နိုးသေဖော်ညှိသလို တိုင်တည်ပြောဆိုလိုက်တယ်။ ထောင်မှူးကြီး ဦးအောင်ကျော်ဌေးဆိုတာက ကျွန်ုပ်တို့ အပတ်စဉ်မှာတော့ လူရည်လည်ပြီး အပေါင်းအသင်းများ၍ အတွေ့အကြုံရှိသူ ဖြစ်ပါတယ်။

"ဟုတ်ပါတယ် ... ဆရာမကြီးရယ်၊ ယောကျ်ားတိုင်းတော့ မဆိုလိုပါဘူး။ တချို့ယောကျ်ားတွေဟာ မွေးရင်ပန် နံရင်ပစ်ကြတာက ဗီဇပါပဲ။ ဒါပေမဲ့ တချို့ကျတော့ တစ်ပွင်လဲလို့ တစ်ပင်ထူရတာကို သူ့ဘဝအတွက်တစ်သက်တာ အဖော်မွန်လိုလာလို့ ဆေးပေးမီးယူ ထားကြရတာလည်း ရှိပါတယ်"

"ဟုတ်မယ် ... ဟုတ်မယ် ... ဟောဒီဆရာစိုးက တစ်ပင်လဲသွားလို့ သူ့အိမ်ဘေးက အပျိုကြီးမမနဲ့ တစ်ပင်ထူမလို့ ကြံနေတာ မသိရင် ခက်မယ်"

"ဟာ ... ဆရာမကြီးကလည်း အိပ်မက်စိမ်းအရက်ဆိုင်မှာ အရက်ဝိုင်းဖွဲ့သောက်စားနေကြရင်း သူငယ်ချင်းအချင်းချင်း အရက်မူးမူးနဲ့ ပြောကြဆိုကြတာကို ဦးသိန်းဝင်းကြီးက ဖောက်သည်ချလိုက်ပြီ ထင်တယ်"

"ကဲ ... ထောင်ပိတ်ချိန်လည်း နီးနေပြီ၊ အိပ်ဆောင်ထဲမှာ ယူစရာရှိတာယူပြီး အိမ်ပြန်ဖို့ အဆင်သင့်လုပ်ဦးမယ် ဆရာစိုး။ ဇာတ်လမ်းလေး



www.burmeseclassic.com

www.burmeseclassic.com



က သိပ်စိတ်ဝင်စားစရာကောင်းလွန်းလို့ ကြုံတဲ့အခါ ဝင်မေးကြည့်ပေတော့''

''ဟုတ်ကဲ့ပါ ... ဆရာမရယ်၊ ကျွန်တော် တာဝန်မှူးကျတဲ့နေ့မှပဲ အိပ်ဆောင်ထဲဝင်တွေ့ပြီး မေးကြည့်လိုက်ပါ့မယ် ... ကျေးဇူးပါပဲ''

ထောင်မှူး ဒေါ်ခင်မြကြွယ်တစ်ယောက် ထောင်ပိတ်လူပေါင်းစာရင်းပေးပြီးသွားလို့ အမျိုးသမီးဆောင်ဆီ ပြန်သွားတယ်။ ကျွန်ုပ်လည်း ထောင်ပိတ်လူပေါင်းကိုက်ညီမှု ရှိ၊မရှိ ထောင်မှူးကြီး ဦးအောင်ကျော်ဌေး လူပေါင်းပေါင်းကြည့်နေတာကို စောင့်စားကြည့်နေခဲ့တယ်။

မကြာမီမှာပဲ ဂိတ်မကြီးပေါ်က အစောင့်စန္ဒရီရဲ့ ထောင်ပိတ်သံချောင်းခေါက်လိုက်သံကို ကြားလိုက်ရတယ်။

''ဒေါင် ... ဒေါင် ... ဒေါင် ... ဒေါင်''

ဆိုတဲ့ ထောင်ပိတ်ရှေ့ရင်အေးသံချောင်း ခေါက်လိုက်သံဟာ တစ်နေ့တာ ထောင်ကြီးထဲမှာ တာဝန်ထမ်းဆောင်နေကြတဲ့ အရာရှိနှင့် အခြားအဆင့်ဝန်ထမ်းများ၏ အပူသောကကို ပြေငြိမ်းသွားစေခဲ့တယ်။

ဘာဖြစ်လို့လည်းဆိုတော့ အကျဉ်းထောင်ဝင်းကြီးထဲမှာ ထောင်ကျနေကြသူများ၊ အချုပ်ကျနေကြသူများ၏ ပြဿနာအရပ်ရပ်ကို ဖြေရှင်းဆောင်ရွက်ပေးနေရသော တာဝန်တစ်ရပ် ပြီးစီးသွားခဲ့လို့ပါပဲ။

မည်သည့်နေရာက ဘာပြဿနာများ ပေါ်ပေါက်လာလေမလဲဆိုတဲ့ စိုးရိမ်ပူပင်သောကများနဲ့ ကိုယ့်တာဝန်ကျနေသည့်နေရာမှာ ရင်တထိတ်ထိတ်နှင့် ရှိနေခဲ့ရာမှ ခုတော့ အပူလုံးကြီး ကျသွားခဲ့လို့ပါဘဲ။

နေ့တာဝန်ကျနေကြတဲ့ ဝန်ထမ်းအားလုံးဟာ ထောင်ပိတ်ပြီးသွားပြီမို့ ကိုယ့်ပစ္စည်းလေးတွေ ကိုယ်ယူပြီး ထောင်ထဲကနေ မိသားစုဆီပြန်လာခဲ့ကြပါတယ်။

✺✺✺

|၃|

❑

တစ်နေ့ညဘက် ကျွန်ုပ်သည် တာဝန်မှူးတာဝန်ကျနေသောကြောင့် ထောင်ပူးဝထဲရှိ ရုံးခန်းထဲမှ တာဝန်မှူးခုတင်တွင် ညဘက်ပုတီးစိပ်နေစဉ်ဖြစ်သည်။

အမျိုးသမီးဆောင် ညဘက်တာဝန်ကျ ဝန်ထမ်းအမျိုးသမီးမှ ဂိတ်မကြီးပေါ်ရှိ အစောင့်စန္ဒရီထံ ညဘက်အရေးပေါ်ကိစ္စ ဖြစ်ပေါ်လာသောကြောင့် လှမ်းသတင်းပို့နေတယ်။ ဂိတ်မကြီးပေါ်မှ တာဝန်ကျ အစောင့်စန္ဒရီကလည်း တယ်လီဖုန်းဖြင့် တံခါးတာဝန်ကျသံ ဆက်လက်သတင်းပို့လာသည်။

တံခါးတာဝန်ကျ ဝန်ထမ်းမှတစ်ဆင့် ကျွန်ုပ်ထံ ဆက်လက်သတင်းပို့လာသည်။ ကျွန်ုပ်လည်း ပုတီးစိပ်ဝတ်ကို ဖျက်ပြီး ခုတင်တိုင်မှာ ချိတ်ထားသော ယူနီဖောင်းအကျီကို ကောက်ဝတ်လိုက်သည်။

နောက်တံခါးထဲရှိ တာဝန်ကျဆေးမှူး တပ်ကြပ်ထွန်းလှနှင့် တံခါးတာဝန်ကျ ဝန်ထမ်းတပ်သား မောင်ဖြူတို့ကို ခေါ်ဆောင်ကာ အမျိုးသမီးဆောင်ဆီ ထွက်လာခဲ့ကြသည်။

ယင်းသို့ အမျိုးသမီးဆောင်ထဲ ဝင်ရောက်ရန် တစ်ဦးတည်း ညဘက်ဝင်ရောက်နိုင်ခွင့်မရှိဘဲ ယောက်ျားသုံးဦးပေါင်းပြီး ဝင်ရောက်ရန် ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ကြသည်။ အမျိုးသမီးဆောင်ထဲသို့ ရောက်သောအခါ ညတာဝန်ကျ ဝါဒါမလေးက ...

"ဟော့ ... အားလုံး တိတ်တိတ်နေကြ၊ တာဝန်မှူးဝင်လာတယ်"

ကျွန်ုပ်တို့ အဖွဲ့ အိပ်ဆောင်ထဲသို့ ဝင်လာနေသဖြင့် ဝါဒါမလေးက အဆောင်ထဲရှိ အကျဉ်းသူများကို ဆူပေါက်အော်ဟစ်ပြောဆိုနေသည်။ အကျဉ်းသူများထဲမှ လူနာအကျဉ်းသူတစ်ဦးအား အိပ်ဆောင်ဘေးနား သံတိုင်ပေါက်နားဆီသို့ တွဲခေါ်လာနေသည်။

ဆေးမှူးက လူနာအကျဉ်းသူအား ရောဂါအခြေအနေကို မေးမြန်းစစ်ဆေးနေသည်။ လိုအပ်သောဆေးဝါးများကို ပေးနေပြီး အားဆေးတစ်လုံးထိုးပေးရန် စီစဉ်နေသည်။

ကျွန်ုပ်လည်း ဝါဒါမလေးအား လွန်ခဲ့သောတစ်ပတ်က ထောင်ထဲရောက်လာသော ထောင်ကျအကျဉ်းသူလေးကို ရှာဖွေခေါ်ခိုင်းလိုက်သည်။ သူမက လူသတ်မှုဖြင့် ထောင်ဒဏ်ဆယ်နှစ်ကျခံလာရသူဖြစ်သည်။

ဝါဒါမလေးသည် အမျိုးသမီးဆောင်ထဲရှိ အကျဉ်းသူများကြား အော်ဟစ်ခေါ်မေးနေစဉ် အကျဉ်းသူတစ်ဦးသည် မိမိအိပ်ရာနေရာမှ လဲလျောင်းနေရာမှ သံတိုင်ပေါက်ဆီ လျှောက်လာနေသည်။

အကျဉ်းသူမလေးရဲ့ သွင်ပြင်လက္ခဏာကို ကြည့်ရှုလိုက်ရသည်မှာ ရုပ်ရည်အသင့်အတင့် ချောမောလှပလျက်ရှိပြီး ကိုယ်လုံးကိုယ်ပေါက်မှာလည်း အချိုးအဆစ်ပြေလျက် တောင့်တင်းခိုင်မာသူဖြစ်သည်။

"ညီမလေးက ... လူသတ်မှုနဲ့ ထောင်ကျလာခဲ့တာလား"

"ဟုတ်ပါတယ် ..."

အကျဉ်းသူလေးမှာ မွန်မွန်ရည်ရည်နှင့် စကားအပြောအဆိုမှာလည်း ညင်သာသိမ်မွေ့သည်။ အထက်တန်းလွှာ ပေါက်ဖွားလာခဲ့သူဖြစ်မှန်း သူမ၏ ဟန်ပန်က သက်သေပြနေသည်။ အသက်အရွယ်မှာ နှစ်ဆယ့်ငါးနှစ်ပတ်ဝန်းကျင်ခန့် ရှိမည်ထင်သည်။

ကျွန်ုပ်မေးမြန်းလိုက်သော အမေးနှင့်ပတ်သက်၍ အရှိုက်ကို ထိသွားသလို၊ အနာပေါ်တုတ်ကျသလို ခံစားသွားရဟန်တူသည်။

သူ့ရိန်စာပေ



ဒါကြောင့်လည်း သူမ၏ မျက်နှာသွင်ပြင် ဟန်ပန်အမူအရာမှာ တင်းမာခက်ထန်နေသည်။ ပြီးဆုံးသွားခဲ့ သောအတိတ်မှ ဇာတ်လမ်းတစ်ပုဒ်ကို ပြန်လည်ဖော်ထုတ်ပေးသလို ဖြစ်နေသည်။

"ညီမလေးက ... လူတစ်ယောက်အပေါ် ဘယ်လိုအငြိုးအတေးများရှိနေလို့ ရက်ရက်စက်စက် သတ်ဖြတ်ချင်တဲ့ စိတ်ဆန္ဒဖြစ်လာခဲ့ရတာလဲ"

"ဖြစ်ရတာပေါ့ ... ဆရာရယ်၊ ကျွန်မရဲ့နှလုံးသား ကွဲကြေပျက်သုဉ်းသွားအောင် ရက်ရက်စက်စက် နင်းခြေပစ်သွားခဲ့လို့ပဲ"

"ပစ်သွားခဲ့ရတဲ့ အကြောင်းရင်းတော့ ရှိမှာပေါ့ကွယ်"

"ရှိပါပြီကော ... ဆရာရယ်၊ ကျွန်မအပေါ်မှာ ကတိဖောက်ဖျက်ပြီး သစ္စာဖောက်ဖျက်သွားတာကို မကျေနပ်လို့ လက်စားချေခဲ့တာပါ"

"ဟုတ်လား ... ဘာဖြစ်လို့လဲ သစ္စာဖောက်သွားခဲ့တဲ့အကြောင်းကကော"

"ကျွန်မတို့အချင်းချင်း လက်ထပ်ပေါင်းသင်းကြတော့မယ့် ကတိတွေထားခဲ့ကြပြီးပါမှ သူက တခြားမိန်းကလေးတစ်ယောက်ကို လက်ထပ်ပေါင်းသင်းဖို့ မင်္ဂလာဆောင်သွားတယ်"

"ဟင် ... ဒါဆို သူတို့နှစ်ယောက်က ပေါင်းသင်းသွားခဲ့ကြပြီးညီမက ကျန်ရစ်ဖြစ်ခဲ့တာပေါ့"

"ဟင့်အင်း ... သူတို့နှစ်ယောက်မပေါင်းဖြစ်အောင် ကျွန်မကလုပ်ကြံပစ်ခဲ့တာလေ"

"ဟုတ်လား ... ဘယ်လိုများ လုပ်ကြံခဲ့ရတာလဲကွယ်"

"ကျွန်မဘဝမှာ လူသိရှင်ကြား စေ့စပ်ကြောင်းလမ်းပြီးမှ သူက တခြားလူနဲ့ မင်္ဂလာဆောင်တော့မယ်ဆိုတော့ အရှက်ကကွဲ အကျိုးနည်းဖြစ်ခဲ့ရတယ်။ ကျွန်မကို ဒုက္ခရောက်အောင် လုပ်ခဲ့တဲ့သူတွေကို ကျွန်မလို ဝမ်းနည်းပက်လက် အဖြစ်ဆိုးနဲ့ ကြုံရအောင် မင်္ဂလာပွဲမှာ ပွဲဖျက်ပေးလိုက်တာပဲ"

သူ့ရိန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မင်းဟာ ဆဒ္ဒန်ဆင်မင်းဇာတ်တော်ထဲက အင်ကြင်းပန်းခိုင်ကြောင့် ဆဒ္ဒန်ဆင်မင်းအပေါ် အငြိုးကြီးခဲ့လေတဲ့ စူဠသုဘဒ္ဒါလို မိန်းကလေးပဲ ဖြစ်နိုင်မယ်ဆိုရင် မင်းရဲ့ ဖြစ်ရပ်မှန်ဇာတ်လမ်းလေး ဆရာ့ကို ပြောပြပါလားကွယ်"

"ဟုတ်ကဲ့ ... ကျွန်မအပေါ် ရက်စက်စိမ်းကားသွားသူရဲ့ ယုတ်မာမှုကို သိချင်တယ်ဆိုရင်တော့ ပြောပြရတာပေါ့ ... ဆရာရယ်"

ကျွန်ုပ်က အချစ်ရှုံးသမား အကျဉ်းသူလေးရဲ့ ကြေကွဲဖွယ်ရာ ဖြစ်ရပ်မှန်ဇာတ်လမ်းလေးကို ကြားသိနိုင်စေရန် မေတ္တာရပ်ခံလိုက်ခြင်းဖြစ်သည်။

အကျဉ်းသူမလေးက အတိတ်ကဝေဒနာကို ပြန်လည်သတိရလာဟန်ဖြင့် မျက်ဝန်းဝယ် ခိုတွယ်လာနေသော မျက်ရည်စများကို သူမ၏ လက်ဖဝါးနုစ်ဖက်ဖြင့် သုတ်ပစ်လိုက်ပြီး အောက်ပါ ချစ်ဇာတ်လမ်းလေးတစ်ပုဒ်ကို ဆက်လက်ပြောပြနေသည်။

အချစ်တွေများလေလေ ...

ပူလောင်မှုတွေ များလေလေဖြစ်မှာအမှန်ပါပဲ။

လူသားအချင်းချင်း ချစ်ခင်မြတ်နိုးကြတဲ့ နေရာမှာ ...

အချစ်သက်သက်ထက်၊

မေတ္တာလေးစွက်ပြီးချစ်ရင်၊

ကရုဏာလေးထည့်ပြီး ချစ်ရင်၊

မုဒိတာလေးပွားပြီး ချစ်ရင်လည်း၊

ပူလောင်မှု လျော့နည်းတာပါပဲ။

ကိုယ့်အသက်အရွယ်ကိုမှ မထောက်၊ ပညာတတ်တစ်ယောက်ဖြစ်ပါလျက် မစဉ်းစား မဆင်ခြင် မိုက်တွင်းနက်ခဲ့ကြတဲ့ မိုက်တဲ့ 'ကြီးမိုက်' ကြီးတွေ အများကြီးပါပဲ။ ဒီအထဲကမှ သူလည်း တစ်ယောက်ဆိုရမလို့။

✹ ✹ ✹

[၄]

❑

ကျွန်မအဖြစ်ကို ဆရာကြားလိုက်ရရင် ယုံချင်မှယုံမှာပါ။ ရက်စက်ရမ်းကားလွန်းတဲ့ မိန်းမတစ်ယောက်အဖြစ် မြင်ချင်မြင်မယ်။ ဘာပဲဖြစ်ဖြစ်ပေါ့ဆရာရယ်၊ လူဆိုတာ ကိုယ့်ဝမ်းနာ ကိုယ်အသိဆုံးပါ။

တရားတော်မှာ ဟောကြားထားတာ ရှိပါသေးတယ်။

"ပိယ ဇာယတိ သောကော

ပိယ ဇာယတိ ဘယံ'

အချစ်ဟာ သောကပရိဒေဝမီးတွေ တောက်လောင်စေတယ်။

အချစ်ဟာ ဘေးဒုက္ခဆင်းရဲအမျိုးမျိုး ဖြစ်စေတယ်လို့။

မောင်ချစ် နှမချစ်ရော၊

မိဘ သားသမီးချစ်ရော၊

ဆွေမျိုး ဉာတကာအချစ်ရော၊

မိတ်ဆွေသူငယ်ချင်းအချစ်ရော၊

ဘယ်အချစ်မျိုးပဲဖြစ်ဖြစ် အချစ်ဆိုတဲ့အရာဟာ သောကကိုဖြစ်စေတာပါပဲ။

ပုထုဇဉ်လူသားတွေဆိုတော့ အချစ်ကတော့ ရှိနေကြမှာပဲ

သူရိန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ . . .

ချစ်တော့ချစ်ပါ၊ လျှော့ချစ်ဖို့တော့ လိုတာပေါ့။

လျှော့ချစ်ဖို့ဆိုတာက ဟိုဟာကလေးပဲ၊ ဒီဟာကလေးပဲ၊ အသစ်ကလေးပဲဆိုပြီး မြင်မြင်သမျှ၊ ကြားကြားသမျှ နီးနီးသမျှ ထိထိသမျှ ချစ်နေမယ်ဆို အချစ်တွေများလေလေ၊ ပူလောင်မှုတွေ များလေလေ ဖြစ်နေမှာပဲ။

ဒါကြောင့် မုထုဇဉ်ဆိုရင် ချစ်နေကြမှာပဲ။

ဒါပေမဲ့ ချစ်တတ်ကြဖို့တော့ လိုပါတယ်။

မိမိချစ်ခင်နှစ်သက်သူ တစ်ယောက်ယောက် အကြောင်းတစ်ခုခုကြောင့် ဝေးကွာသွားခဲ့ကြပြီဆို အဲဒီလူကို ဘာလို့ တမ်းတနေမလဲ။

အပိုတွေးတွေ တွေးပြီး ကိုယ့်ကိုယ်ကိုယ် စိတ်ဆင်းရဲခံပြီး ညှင်းပန်းနေမလား။

ကျွန်မကတော့ လက်စားချေဘို့ပြန်မှု (Revenge) လုပ်ရမှ ကျေနပ်တယ်။

ဒါကြောင့်လည်း ကျွန်မဘဝကို နစ်မွန်းအောင် လုပ်သွားရက်သူ ကျွန်မဘဝ လူတောထဲမှာ ခေါင်းမဖော်ဝံ့အောင် အရှက်တကွဲ အကျိုးနည်းရစေသလို ဒင်းတို့ကိုလည်း တုံ့ပြန်လက်စားချေရင်း တူသောအကျိုးပေးခံစားသွားစေရမယ်လို့ ဆုံးဖြတ်ချက်ချခဲ့တယ်။

"ဒါကြောင့်လည်း ကျွန်မအပေါ်မှာ တစ်ဖက်သတ် သစ္စာဖောက်သွားခဲ့တဲ့ ယောကျ်ားတစ်ယောက်ကို တုံ့ပြန်လက်စားချေလိုစိတ်နဲ့ ပြုခဲ့မိတာပါ။ ယောကျ်ားဆိုတဲ့ လူတန်းစားတွေဟာ ဘယ်တော့မှ သစ္စာမရှိကြသူက များတယ်။"

"အို . . . ကန်တော့နော်၊ ဆရာ . . . ဆရာ့ကို မဆိုလိုပါဘူး။"

"များသောအားဖြင့် ယောကျ်ားတွေဟာ အချစ်နဲ့ပတ်သက်လာရင် ကတိမတည်ကြ၊ ဖောက်ဖျက်ကြတယ်"

သူတို့ကိုယ်သူတို့ မိုးကျရွှေကိုယ်တွေလို့ပဲ ထင်မှတ်နေကြတယ်။ ရုပ်ရည်ရူပကာလေး ဗန်းပြပြီး မိန်းကလေးတွေအပေါ်မှာ လှည့်စားချင်ကြ





တယ်။ ဒီလို ကောက်ကျစ်ယုတ်မာသူတွေအတွက် ပေးဆပ်ရမယ့် တန်ကြေးကတော့ ဝမ်းနည်းကြေကွဲခြင်းဆိုတာပဲ။

ဒါကြောင့် ကျွန်မက သူ့အပေါ်မှာ နှစ်နှစ်ကာကာ ချစ်ခဲ့မိပေမယ့် ကျွန်မအချစ်ကို တန်ဖိုးမထားဘဲ မျက်နှာလွှဲ ခဲပစ်လုပ်ခဲ့တော့ ရင်ထဲမှာ သိပ်နာကျင်အောင် ခံစားခဲ့ရတယ်။

ကျွန်မတို့ မိန်းမသားဆိုတာကလည်း မုန့်ကိုသာအတူတူ ခွဲဝေစားချင်ပေမယ့် အချစ်ကိုခွဲဝေပေးရမှာကိုတော့ သေမလောက် ကြောက်တယ် ဆရာရယ်။

ကျွန်မနဲ့သူဟာ တက္ကသိုလ်မှာ ဆုံစည်းလာခဲ့ကြတဲ့ ချစ်သူတွေပါ။ တက္ကသိုလ်မှာ ကျောင်းတက်နေစဉ်ကာလတစ်လျှောက်လုံး တတွဲတွဲမခွဲ အတူသွားလာနေတဲ့ ချစ်သူတွေအဖြစ် လူသိရှင်ကြား နေလာခဲ့ကြတယ်။

ဩော် . . . ကျွန်မတို့ တက်ရောက်နေတဲ့ တက္ကသိုလ်ကတော့ ဆေးကျောင်းဖြစ်ပေမယ့် တိရစ္ဆာန်ဆေးကုသရေး တက္ကသိုလ်ကျောင်းပါ။

တက္ကသိုလ်ရောက်စနှစ်မှာပဲ ကျွန်မတို့နှစ်ယောက် ဆုံတွေ့ခဲ့ကြပြီး ချစ်သူတွေ ဖြစ်ခဲ့ကြတယ်။ သူက နယ်ကနေ ပညာလာသင်ရလို့ အဆောင်မှာနေတယ်။ ကျွန်မကတော့ ငွေကြေးချမ်းသာတဲ့ လူ့ကုံထံမိဘက ပေါက်ဖွားလာသူဆိုတော့ ကိုယ်ပိုင်ကားစီးပြီး ကျောင်းတက်နေတယ်။

ကျွန်မ မိဘတွေက မိုးကုတ်ဆက်တွေဆိုတော့ အလုံမြို့နယ်ထဲက လူချမ်းသာရပ်ကွက်မှာ ခြံနဲ့ဝင်းနဲ့ ခမ်းခမ်းနားနား နေထိုင်နေကြတယ်။ ကျွန်မကလည်း တစ်ဦးတည်းသောသမီးမို့ မျက်စိအောက်က အပျောက်မခံနိုင် ချစ်မဝနိုင် ရှိကြတယ်။

မောင်ကတော့ သာမန်အစိုးရဝန်ထမ်းသားသမီးဆိုတော့ ကျောင်းပညာရေးကို အစိုးရထောက်ပံ့စရိတ်နဲ့တက်ပြီး အဆောင်မှာ နေရတယ်။ အစကတော့ သူ့ကို ရိုးသားပြီး တည်ကြည်ဖြောင့်မတ်သူ တစ်ယောက်လို့ မှတ်ထင်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း စတွေ့ကြကတည်းက အရှုံးအမှူးပဲ စွဲလမ်းချစ်ခဲ့တယ်။ မောင့်ရဲ့ ကြင်နာယုယမှုတွေအောက်မှာ သာယာကြည်နူးနေမိတယ်။ မောင်ဟာ ကျွန်မအပေါ်မှာ နှစ်နှစ်ကာကာ ချစ်တတ်သူတစ်ယောက်လို့ ယုံကြည်နေတယ်။ မောင်နဲ့ဝေးရမှာကို မလိုလားသလို၊ မောင်နဲ့ ခွဲရမှာကိုလည်း အကြောက်ကြီးကြောက်ခဲ့တယ်။ မောင့်အပေါ် အဲဒီလောက်တောင် ချစ်နေခဲ့မိတဲ့ ကျွန်မပါ။

ဒီလိုနဲ့ ကျွန်မတို့နှစ်ယောက် ကျောင်းပြီးသွားခဲ့ကြတယ်။ မောင်ဟာ သူ့မိဘတွေရှိရာနယ်ကို ပြန်သွားတယ်။ ကျွန်မတို့နှစ်ယောက် ကျောင်းပြီးသွားတဲ့အခါ လက်ထပ်ကြမယ်လို့ ကတိထားခဲ့ကြတာကြောင့် သူ့မိဘတွေကို ခေါ်လာခဲ့ပြီး နှစ်ယောက်စလုံး စေ့စပ်ကြောင်းလမ်းခဲ့ကြတယ်။

လောလောဆယ်မှာ မောင်ဟာ သူ့မိဘတွေကို လုပ်ကျွေးရဦးမှာဆိုတော့ နှစ်နှစ်လောက် သည်းခံစောင့်ဆိုင်းပေးခဲ့တယ်။ ကျွန်မကတော့ ရန်ကုန်မှာပဲ ကိုယ်ပိုင်ဆေးခန်းလေးဖွင့်ပြီး တိရစ္ဆာန်လေးတွေ ဆေးကုနေတယ်။

ဟိုတုန်းက ကျောင်းအတူတူ တက်နေကြစဉ်ခါမှာ မောင်ဟာ ကျွန်မအပေါ်မှာ တကယ် စွဲလမ်းတွယ်တာခဲ့တာပါ။ မျက်စိအောက်က အပျောက်မခံချင်လောက်အောင် ချစ်ခဲ့ရတာပါလို့ တဖွဖွပြောဆိုခဲ့တယ်။

အချစ်သက်တမ်း ရှည်ကြာလာသည်နှင့်အမျှ မောင့်အပြုအမူတွေ ရိုးအီသွားတယ်ပဲ ဆိုရမလား၊ ကျွန်မထံပါးကနေ ခွဲခွာသွားပြီးနောက်ပိုင်းမှာတော့ တဖြည်းဖြည်းခွာသွားနေသလိုပဲ ကျွန်မဆီကို မှန်မှန်ဆက်သွယ်မှု မလုပ်တော့ဘူး။

ကျွန်မကို လက်တွဲဖြုတ်ချင်လာတဲ့သဘောတွေ သက်ရောက်လာနေတယ်။ ပိုဆိုးတာက ကျွန်မနဲ့သူက နှစ်ဘက်မိဘကြည်ဖြူခဲ့ကြလို့ စေ့စပ်ကြောင်းလမ်းခြင်းတွေတောင် ပြုလုပ်ခဲ့ပြီးသားလေ။ ကျောင်းပြီးပြီးခြင်း ကျွန်မ မောင့်ကို လက်ထပ်ဖို့ပြောတော့ . . .

"မောင် . . . ကျွန်မတို့ လက်ထပ်ပြီး အတူတူပေါင်းသင်းကြရအောင်နော်"





"စောပါသေးတယ် . . . နွယ်ရယ်၊ မောင့်မိဘတွေကို နှစ်နှစ်လောက် လုပ်ကျွေးပြီးမှ လက်ထပ်ကြတာပေါ့ကွယ်"

"ဘာခက်လို့လဲ . . . မောင်ရယ်၊ နှစ်ဦးအတူတူ လက်ထပ်ပေါင်းသင်းပြီး လုပ်ကျွေးခဲ့ကြရင်လည်း ဖြစ်တာပဲဥစ္စာ"

"ဘယ်တရားပါ့မလဲ . . . နွယ်ရယ်၊ မောင့်မိဘတွေခမျာ ဆင်းရဲဒုက္ခခံပြီး မောင့်ကို ပညာတတ်ကြီးတစ်ယောက် ဖြစ်စေချင်လို့ ပညာသင်ကြားပေးပြီးမှ မောင်က မိန်းမယူသွားတယ်ဆိုတော့ ဘယ်သင့်တော်ပါ့မလဲကွယ်"

အဲဒီလို အကြောင်းပြချက်တွေနဲ့ အခါခါငြင်းပယ်ဖို့ ကြိုးစားခဲ့ပေတယ်။ ကျွန်မကတော့ ချစ်ရတဲ့သူဖြစ်လို့လည်း မောင့်ကို ယုံကြည်နေခဲ့တယ်။ မောင့်မှာ အခက်အခဲတွေ မပြေလည်သေးတော့ စောင့်ရဦးမှာပေါ့လေ ဆိုပြီး သည်းခံစိတ်မွေးတယ်။

ဒါပေမဲ့ . . .

မောင် ကျွန်မကို ညာနေခဲ့မှန်း နောက်မှသိလာခဲ့ရတယ်။

မောင်ဟာ ကျွန်မကွယ်ရာမှာ အရွယ်ငယ်ငယ်ကောင်မလေးတစ်ယောက်နဲ့ တပူးတွဲတွဲ သွားလာနေတယ်ဆိုတဲ့ သတင်းကို အပေါင်းအသင်းတွေကတစ်ဆင့် ကြားလာတယ်။

မောင် ကျွန်မကို ဘယ်လောက်ထိ အဆက်အသွယ်ဖြတ်ထားခဲ့တယ်ဆိုတာ မောင်တို့မိသားစု ရန်ကုန်မြို့ကို ပြောင်းရွှေ့လာခဲ့တာတောင် ကျွန်မကို အဆက်အသွယ်မလုပ်ခဲ့တာသာကြည့်။

မောင်နဲ့ကောင်မလေးတစ်ယောက် သွားသွားလာလာ ဖြစ်နေတာကို သူများတွေကတစ်ဆင့် ပြောမှ နားမဆံ့အောင်ကြားရတယ်။ ကျွန်မယုံတောင် မယုံခဲ့ပါဘူး။ ကျောင်းပြီးသွားလို့ အလုပ်ထဲဝင်သွားတာပဲ သုံးနှစ်ဆိုတဲ့ ကာလကျော်နေပြီ။ မောင်ဟာ ကျွန်မကိုပေးထားတဲ့ ကတိမေ့သွားပြီထင်ပါတယ်။

ခုဆို သူများပြောမှ သိလာရတယ်။ သူများပြောမှ ကြားလာရတယ်။ မောင့်သတင်းတွေဟာ လှိုင်လှိုင်ထနေပေမယ့် အလကား ဘွားပုပ်



www.burmeseclassic.com

www.burmeseclassic.com



လေလွင့် ပြောကြတာပဲလို့ ကိုယ့်ကိုယ်ကိုယ် မှတ်ထင်နေခဲ့တယ်။ မောင်ဟာ ကျွန်မကလွဲပြီး ဘယ်သူ့ကိုမှ မချစ်နိုင်ဘူးဆိုတာ ကျွန်မ ရဲရဲကြီး အာမခံရဲပါတယ်။

တကယ် လက်တွေ့ကျကျ ရင်ဆိုင်လိုက်ရတော့မှပဲ ကျွန်မ အံ့ဩတုန်လှုပ်သွားခဲ့သည်ထိ ဖြစ်ပေါ်ခဲ့ရတယ်။ လုပ်ရက်လေခြင်း … မောင်ရယ်လို့ နှုတ်မှ တဖွဖွဆိုရင်း ဝမ်းနည်းပက်လက်ဖြစ်သွားတယ်။

မောင်ရယ် ကျွန်မတို့ အသိုင်းအဝိုင်းကြားမှာ ကျွန်မ ဘယ်လို မျက်နှာပြရတော့မလဲ၊ ကျွန်မဟာ ဂုဏ်မနေချို့ငဲ့လို့လား၊ ရုပ်ရည်ရူပကာ ရင့်ထော်သွားလို့လား အဘက်ဘက်က ပြည့်စုံနေတဲ့ လူတစ်ယောက်ဖြစ်ပါလျက် မောင်ဘာဖြစ်လို့များ ထားသွားခဲ့ရတာလဲကွယ်။

မောင်က ပြည်ပန်းညှိုးချိုချင်လျက် ဆားက ဖျက်သည်လား။

တူနှစ်ကိုယ် ကြင်လိုပါလျက် ကြားကဖျက်သည့်စကားကြောင့် ထားရစ်ခဲ့တာလား။ ကျွန်မက မောင်မနှစ်သက်တဲ့ အပြုအမူ၊ မောင်မလိုလားတဲ့ ပြစ်ချက်တွေအားလုံး ဖြူစင်နေပါလျက် သက်သက်မဲ့ သစ်စိမ်းချိုးစကား ဆိုလာတာလားကွယ်။

☼☼☼

|၅|

❑

ကျွန်မ အသိုင်းအဝိုင်းကြားမှာ တစ်နေ့ကျရင် လက်ထပ်ကြမယ် ဆိုတဲ့ ယုံကြည်ချက်နဲ့ စောင့်စားနေကြတာ။ အားလုံး လူသိရှင်ကြားဖြစ်နေတဲ့ ကိစ္စပေါ်မှာ မောင်ဘာဖြစ်လို့ လက်လွတ်စပယ် ဆုံးဖြတ်ချက်ချခဲ့ရတာလဲ။

တစ်နေ့ ကျွန်မ ဆေးခန်းလေးထဲမှာ မှန်ဗီရိုထဲက အဆိပ်ရှိသတ္တဝါလေးတွေကို အဆိပ်ထုတ်စမ်းသပ်အလုပ်ရှုပ်နေတုန်း မောင် ရုတ်တရက် ဆေးခန်းထဲ ဝင်လာတယ်။ မောင့်မျက်နှာ မရွှင်မပျဖြစ်နေတာကို မြင်တော့ ကျွန်မ စိုးရိမ်ပူပန်သွားခဲ့တယ်။

"မောင် … ဘာဖြစ်လို့လဲ … ဟင်"

မောင်ဟာ ကျွန်မ အမေးကို ရုတ်တရက် ပြန်မဖြေနိုင်သေးဘဲ ခပ်ငူငူကြီး ရပ်လျက် စဉ်းစားနေဟန်တူတယ်။ နောက်မှ ခပ်လေးလေး တစ်လုံးချင်း ပြောချလိုက်တယ်။

"မောင် … လက်ထပ်တော့မယ် … နွယ်"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနှုတ်က ဘာဆိုတဲ့ အော်ဟစ်မေးမြန်းလိုက်သံဟာ ဆေးခန်းလေးထဲမှာ ဗုံးတစ်လုံး ထပေါက်ကွဲသွားသလို ကျယ်ကျယ်လောင်လောင် ပေါက်ကွဲသံကြောင့် မောင်ဟာ ဘာဆက်ပြောရမှန်းမသိအောင် နှုတ်ဆွံ့နေတယ်။

"ဘယ်သူနဲ့ လက်ထပ်မှာလဲ"

ဒီတစ်ခါ မောင်ဟာ နှုတ်နဲ့ မဖြေနိုင်တော့ဘဲ သူ့လက်ထဲမှာ ကိုင်ဆွဲလာတဲ့ သားရေအိတ်မည်းကြီးထဲက ဇစ်ကို ဆွဲဖွင့်ပြီး မင်္ဂလာဖိတ်စာတစ်စောင် ကျွန်မရဲ့စားပွဲပေါ် တင်ပေးလာတယ်။

"မောင်နဲ့ စိမ်းလဲ့ဖြူတို့ မင်္ဂလာဆောင်တော့မယ့် ဖိတ်စာပါ"

"ဘာပြောတယ်"

ကျွန်မ နားစည်မှာ မယုံကြည်နိုင်လောက်အောင် အားပြင်းတဲ့ ဗုံးတစ်လုံး ထပေါက်ကွဲသွားသလို အော်ဟစ်မေးမြန်းလိုက်တယ်။ ကျွန်မ ဒေါသပေါက်ကွဲပြီး စိတ်လှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်ဆိုတာ သဘောပေါက်လိုက်ဟန်တူပါတယ်။ မောင့်ရဲ့ မျက်နှာဟာ ဖိုးရွက်လိုငယ်သွားပြီး ညှိုးညှိုးငယ်ငယ်ဖြစ်နေတဲ့မျက်နှာနဲ့ အောက်ချပြီး လေသံပျော့လေးနဲ့ ကျွန်မအပေါ် တောင်းပန်နေသလိုလိုမျိုး မပွင့်တပွင့်လေး ဖွင့်ဟပြောဆိုလာတယ်။

"မောင် ... အခြေအနေအရ လက်ထပ်ရတော့မယ်ကွယ်"

"ဘာဖြစ်လို့ ... လက်ထပ်ရတာလဲ မောင်"

"မောင်တို့အဖေရဲ့ အထက်အရာရှိကြီးသမီးနဲ့ လူကြီးတွေချင်း သဘောတူပေးစားဖို့ စီစဉ်တာကို လက်ခံခဲ့ရလို့ပါပဲ"

"နေစမ်းပါဦး ... မောင့်ကို ကျွန်မ လက်ထပ်ကြရအောင်လို့ ပြောတုန်းက မောင် ဘာပြန်ပြောခဲ့သလဲ"

"အဲဒီတုန်းက မောင့်မိဘတွေကို တစ်လှည့် ပြန်လုပ်ကျွေးဦးမယ်လို့ အဆင်မပြေသေးတာကြောင့် ငြင်းခဲ့ရတာပါ"

"ခုကျတော့ ဘာဖြစ်လို့ မငြင်းခဲ့တာလဲ"

"ငြင်းမရနိုင်အောင် ချည်ပြီးတုပ်ပြီးလို ဖြစ်နေတယ်။ မောင့်အဖေရဲ့ အထက်အရာရှိကြီးက အဖေ့ကို ရာထူးတိုးပေးပြီး ရန်ကုန်ကို ပြောင်းရွှေ့ပေးသည်ထိ ကျေးဇူးတွေ ရှိခဲ့တယ်"





"ဪ ... ကျေးဇူးရှင်ကို ကျေးဇူးဆပ်လိုက်တာပေါ့"

"ဟုတ်ပါတယ် ... သူတို့ရဲ့သမီးလေးနဲ့ မောင့်ကို လက်ထပ်ပေးစားဖို့ အတင်းအကျပ်ပူဆာလို့ မောင့်မိဘတွေက ခေါင်းညိတ်ခဲ့ရတာပါ"

"ရှင်က မိဘစကားကို မြေဝယ်မကျ နားထောင်တတ်တဲ့ သားလိမ္မာတစ်ယောက် ဖြစ်သွားပြီကိုး"

"မောင့်ကိုခွင့်လွှတ်ပါ ... နွယ်ရယ် ... မောင် မှားပါတယ်"

"ရှင့်ဘက်က မှားပါတယ်ဆိုတဲ့ စကားတစ်ခွန်းနဲ့ ပြီးသွားပေမဲ့ ကျွန်မဘက်မှာ ကျွန်မဘက်က မိဘမျက်နှာ အိုးမဲသုတ်ခံရသလို လောကအလယ်မှာ ခေါင်းမဖော်ဝံ့အောင် အရှက်တကွဲအကျိုးနည်း ဖြစ်ခဲ့ရပြီလေ"

"မောင့်ကို ကြိုက်သလိုအပြစ်ပေးပါ၊ မောင်သွားမယ် .. နွယ်"

မောင်ဟာ စားပွဲပေါ်မှာ ဖိတ်စာလေးတစ်စောင် တင်ပြီးတော့ အခန်းထဲကနေ ကမူးရှူးထိုး ထွက်သွားတော့တယ်။ ကျွန်မ ဆေးခန်းဝကို ထွက်ကြည့်လိုက်တော့ ဆေးခန်းရှေ့မှာ ရပ်ထားတဲ့ အစိမ်းရောင် မာဇဒါ ဂျစ်ကားလေးပေါ် တက်သွားခဲ့တယ်။ ကားရှေ့ခန်းမှာ ကောင်မလေး ခပ်ငယ်ငယ်နဲ့ ယှဉ်တွဲထိုင်လျက် ကားမောင်းသွားတယ်။

ကျွန်မ စားပွဲပေါ်မှာတင်ထားတဲ့ မင်္ဂလာဆောင်ဖိတ်စာလေးကို ကောက်ယူပြီး အထဲက ဖိတ်စာလေးကို ဆွဲထုတ်ဖတ်ကြည့်လိုက်သောအခါ ...

ရန်ကုန်မြို့၊ (          )ရပ်ကွက်၊ ပျဉ်းကတိုးလမ်းနေ
ဦးမောင်မောင်(မန်နေဂျာ၊ သစ်လုပ်ငန်းဦးစီးဌာန)၊
ဒေါ်ခင်နု(အထပြ-ငြိမ်း) တို့၏တစ်ဦးတည်းသောသား
မောင်ခင်နှမင်းမောင် (B.V.S)

နှင့်

ရန်ကုန်မြို့၊ (          )မြို့နယ်၊ (          )လမ်းနေ
ဦးဖြူအေး (သစ်တောအရေးပိုင်) နှင့် ဒေါ်စိမ်းသွင်
တို့၏ သမီးထွေး
မစိမ်းလဲ့ဖြူ (B.A)



www.burmeseclassic.com

www.burmeseclassic.com



တို့၏ မင်္ဂလာညည့်ခံပွဲကို ရန်ကုန်မြို့ (      )ဟိုတယ်တွင် ကျင်းပ ပြုလုပ်ပါမည်။

ဒါဆို မောင်တို့နှစ်ယောက် ဒီတနင်္ဂနွေနေ့မှာ လက်ထပ်ကြတော့မှာပါလား။ ကျွန်မရဲ့ မျှော်လင့်ချက်ရောင်ခြည် ပျက်သုဉ်းသွားခဲ့ပြီပေါ့။ မောင်နဲ့ကျွန်မ တည်ဆောက်ကြမယ်ဆိုတဲ့ ချစ်စံအိမ်လေးနှင့်အတူ ပြိုလဲပျောက်ကွယ်သွားပြီမဲလေ။

"တောက် ..."

ကျွန်မ နာနာကြည်းကြည်းနဲ့ တောက်တစ်ချက် ပြင်းထန်စွာ ခေါက်လိုက်တယ်။ ကျွန်မရင်ထဲမှာ ဒေါသတွေ တလိပ်လိပ်တက်လာနေလို့ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်သွားခဲ့တယ်။ ရက်စက်လိုက်တာ မောင်ရယ်၊ ကျွန်မကိုတောင် မတိုင်ပင် မဆွေးနွေးဘဲ လုံးဝ ဥပေက္ခာပြုရက်လေခြင်းလို့ ရင်ထဲမှာ ယူကျုံးမရဖြစ်နေမိတယ်။

ခုတော့ မောင့်ကို လက်လွှတ်ဆုံးရှုံးရတော့မှာပါလားဆိုတဲ့ အသိစိတ်က နှလုံးသားမှာ မီးလောင်ဆွဲအောင် ဖြစ်ပေါ်လာတယ်။

ကျွန်မ ဘာလုပ်ရမလဲ။ ဘာလုပ်ရင် ကောင်းမလဲဆိုတဲ့ အတွေးတွေ ကယောက်ကယက်ဆန်အောင် ဖြစ်လာတယ်။ ဂနာမငြိမ်နိုင်အောင် စိတ်တွေ လှုပ်လှုပ်ရှားရှား ဖြစ်လာလို့ ဝေခွဲမရအောင် ဖြစ်နေတယ်။

တကယ်တော့ ဘဝပျက်ခဲ့ရတာက ကျွန်မပါ။ ကျွန်မဘဝကို အစိတ်စိတ် အမြွှာမြွှာကွဲကြေသွားအောင် ဖျက်ဆီးရက်တဲ့မောင့်ကို ကျွန်မ လုံးဝ ခွင့်မလွှတ်ဘူး။ အချစ်ကြီးတော့လည်း အမျက်ကြီးတယ်ဆိုတဲ့စကား သိပ်မှန်တာပဲ။ ကျွန်မရင်ထဲက နှလုံးသားတွေ ပျက်ကြေပြုန်းအောင် ခံစားနေရသလို ဒင်းတို့ကိုလည်း တူသောအကျိုး ပြန်ပေးဆပ်မှသာ တရားမျှတမှာလေလို့ စိတ်ကို ဆုံးဖြတ်လိုက်တယ်။

ဟုတ်တယ်လေ ...

လူဆိုတာ သွေးနဲ့ကိုယ်၊ သားနဲ့ကိုယ်ဖွဲ့ ဖွဲ့စည်းတည်ဆောက်ထားတာ မဟုတ်လား။ ကျောက်ဆစ်ရုပ်လို အသည်းမာတတ်လာပြီပေါ့။





ကိုယ့်ကို မချစ်လို့ ကျောခိုင်းသွားရက်သူကို ဘာဖြစ်လို့ တမ်းတနေမလဲ။ ကျွန်မ မောင့်ကို မေ့ပစ်ဖို့ မုန်းပစ်ဖို့ ကြိုးစားရမယ်လေ။

ကျွန်မဆီကို အရှက်မရှိတဲ့ မျက်နှာနဲ့ မျက်နှာပြောင်တိုက်လာပြီး ဖိတ်စာကမ်းပေးခဲ့တာကို မြင်ရတော့ ကျွန်မမာနကို သက်သက်မဲ့ လာချိုးခဲ့တာပေါ့။ ဒါပေမဲ့ ဒီမင်္ဂလာပွဲကို တက်စေချင်လို့ ဖိတ်စာပို့လိုက်မှတော့ မင်္ဂလာပွဲကို တက်ဖြစ်အောင် တက်မယ်လို့ စိတ်ဆုံးဖြတ်လိုက်တယ်။

နောက်စားပွဲပေါ်က မင်္ဂလာဖိတ်စာကို နာကြည်းစိတ်နဲ့ အစိတ်စိတ် အမြွှာမြွှာဖြစ်အောင် ဆွဲဖြဲပစ်လိုက်ပြီး မျက်ဝန်းမှာတွဲခိုနေတဲ့ မျက်ရည်တွေကိုလည်း လက်ဖဝါးနှစ်ဖက်နှင့် ခပ်ကြမ်းကြမ်း ပွတ်သုတ်ပစ်လိုက်တယ်။

သည့်နောက်မှာတော့ ကျွန်မရဲ့ အကြံအစည်အောင်မြင်စေဖို့အတွက် ကားတစ်စီးနဲ့ အိမ်ကထွက်လာခဲ့တယ်။ ပထမဆုံး သတို့သမီးလေး စိမ်းလဲ့ဖြူတစ်ယောက် မည်သည့်အလှပြင်ဆိုင်မှာ မင်္ဂလာပွဲတက်ဖို့ အလှပြင်မလဲဆိုတာ လိုက်လံစုံစမ်းကြည့်ခဲ့တယ်။

ဒီလို လိုက်စုံစမ်းခဲ့ရသည့်အကြောင်းမှာ ကျွန်မကိုယ်တိုင် မင်္ဂလာပွဲကို တက်ရောက်မည်ဆိုတဲ့ ဆုံးဖြတ်ချက် ချပြီးချိန်မှာ ကျွန်မ အခန်းထဲက မှန်တင်ခုံလေးမှာ ကျွန်မကိုယ်ကိုကျွန်မ စူးစိုက်ကြည့်နေမိတယ်။

ဟိုတက္ကသိုလ်တက်နေစဉ်ကာလများမှာ ပိတုံးရောင်ဆံကေသာနဲ့ တစ်ပတ်လျှိုဆံထုံး ထုံးဖွဲ့ပြီး တစ်ပွင့်ပန်ဆင်ထားတဲ့ အလှကို ခုံမင်မြတ်နိုးခဲ့တဲ့ မောင်ကိုယ်တိုင် ယဉ်ယဉ်လေးနဲ့ သိပ်လှတာပဲ နွယ်ရယ်လို့ ချီးမွမ်းခဲ့တယ်။

ကျွန်မရဲ့ ခြေအောက်ပိုင်း ဒကောက်ကွေးနေရာထိတိုင် ရှည်လျားဖြာကျနေတဲ့ ဆံပင်ရှည်ရှည်ကို ကျွန်မကိုယ်တိုင် မြတ်နိုးခုံမင်လွန်းလို့ အလှဆင်ထားခဲ့တာပါ။ မောင်ဟာ ကျွန်မဆံပင်ရှည်ကို ဆွဲယူမပြီး ယုယုယယ၊ ခုံခုံမင်မင် မြတ်မြတ်နိုးနိုး မွှေးကြူလေ့ရှိတယ်။

ကျွန်မ ကိုယ်လုံးပေါ်မှန်ပေါ်မှာ မြင်တွေ့နေရတဲ့ တစ်ပတ်လျှို ဆံထုံးလေးကို စွန့်ပယ်ပစ်ဖို့ ဆုံးဖြတ်ခဲ့တယ်။ မောင်နဲ့ပတ်သက်ခဲ့ဖူးတဲ့



www.burmeseclassic.com

www.burmeseclassic.com



အမှတ်တရတွေ မှန်သမျှ အားလုံးကို မေ့ပစ်မှုန်းပစ်နိုင်အောင် ကြိုးစားရမယ်။

ဒါကြောင့် ခေါင်းပေါ်က ဆံပင်ထုံးဖွဲ့ထားတဲ့ တပတ်လျှိုဆံထုံးလေးကို ဖြေချလိုက်တယ်။ ဆံထုံးထုံးတဲ့နေရာမှာ အခုအခံအဖြစ် အသုံးပြုခဲ့ရတဲ့ ဆံထုံးစုလေးကို လှမ်းမြင်တော့မှ ကျွန်မ ဦးနှောက်ထဲမှာ အတွေးတစ်ချက် လင်းလက်သွားခဲ့တယ်။

☼ ☼ ☼

[၆]

ကျွန်မ တက္ကသိုလ်မှာ ဘွဲ့ယူတုန်းက ပြင်ဆင်ခဲ့ဖူးတဲ့ အလှပြင်ဆိုင်မှာ ပြင်မယ်ဆိုတဲ့သတင်းကို အတိအကျ စုံစမ်းရခဲ့တယ်။ အဲဒီဆိုင်က အလှပြင်ပေးတဲ့ ချောချောဆိုတာ ကျွန်မနဲ့ အရမ်း ရင်းနှီးခင်မင်သူဖြစ်တယ်။

ကျွန်မ သူငယ်ချင်းတွေ မင်္ဂလာဆောင်တဲ့အခါ အဲဒီဆိုင်မှာပဲ အမြဲပွဲတက်ဆံထုံးထုံးဖွဲ့လေ့ရှိတာကြောင့် ရင်းနှီးကျွမ်းဝင်နေတဲ့ ဖောက်သည်ဆိုင် ဖြစ်နေတယ်။

ဒါကြောင့် ကျွန်မ အကြံအစည်အောင်မြင်နိုင်ဖို့ ကြိတ်ကြိုးစားပြီး ကြံစည် စိတ်ကူးနေခဲ့တယ်။ အဲဒါကတော့ ကျွန်မ ဆေးခန်းလေးထဲက တိရစ္ဆာန်ကောင်လေးတွေကို မေ့ဆေးပေးပြီး အချိန်ကြန့်ကြာနိုင်မှုကို စမ်းသပ်နေတယ်။





မင်္ဂလာလက်ထပ်ပွဲကျင်းပမယ့် နံနက်ပိုင်းစောစော အချိန်မီအလှပြင်ဆိုင်ကို ကျွန်မရဲ့ မတ်ခ်တူးကားဖြူလေးကို ကိုယ်တိုင်မောင်းလာခဲ့တယ်။ နံနက်စောစောပိုင်းဖြစ်နေလို့ အလှပြင်ဆိုင်ထဲမှာ လူသူကင်းရှင်းလို့ နေတယ်။

ချောချောနဲ့ သူ့ဆိုင်က အလုပ်သင်နှစ်ယောက် နံနက်စာ စားနေတုန်းပဲရှိတယ်။ ကျွန်မလည်း ဆိုင်ထဲကို ဝင်ရောက်သွားခဲ့ပြီး ဆိုဖာတစ်လုံးပေါ် ဝင်ထိုင်နေလိုက်တယ်။

"ချောရေ . . . မမ ဆံပင်ဖြတ်ချင်လို့ကွယ်"

"ဟင် . . . ဘာဖြစ်လို့ဖြတ်မှာလဲ . . . မမရယ်၊ နှမြောစရာကြီး"

"ဟင်း . . . ဟင်း . . . သူမခုံမင်တဲ့အလှကို မမက ခုံမင်နေလဲ ဘာထူးမှာလဲ"

"ရှင် . . ."

"ဩော် . . . ဘာမှမဟုတ်ပါဘူး . . . ချောချောရယ်၊ မမ ဆံပင်ရှည် မထားချင်လို့၊ ဆံပင်အတိုထားမယ် စိတ်ကူးတာပဲ"

"ဘယ်လိုပုံစံမျိုး ညှပ်ပေးရမလဲ . . . မမ"

"သရီးစတက်ပုံစံ၊ ဆံပင်ကုပ်ဝဲလေးပေါ့"

ချောချောက ဆံပင်ညှပ်ခုံမှာ ထိုင်နေတဲ့ ကျွန်မရဲ့ဆံပင်ရှည်ကို ဘီးတစ်ချောင်းနဲ့ ဖြီးသင်နေတယ်။ ကျွန်မ ဆံပင်ရှည်ကို ဖြတ်လိုက်ရလို့ နှမြောနေခဲ့ပေမဲ့ သူ့အပေါ် နာကြည်းခံပြင်းစိတ်တွေ ရင်မှာ တဖွားဖွားပေါ်လာနေလို့ သူ့ကို မုန်းတီးစိတ်နဲ့ သူနှင့်ပတ်သက်တဲ့ အမှတ်ရစရာအားလုံးကို ကျွန်မ စွန့်လွှတ်ဖို့ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါတယ်။

"ချောတို့ဆိုင်က . . . လူရှင်းနေပါလား"

"ဟုတ်တယ် . . . မမရယ်၊ ဒီနေ့ မင်္ဂလာသတို့သမီးလေးနဲ့ အရံနှစ်ယောက်ကို မင်္ဂလာပွဲအမီ ဆံပင်ပြင်ဆင်ပေးရဖို့ ချိန်းထားလို့ သူများတွေကိုလက်မခံဘဲ မမက ချောတို့ရဲ့ ဖောက်သည်အရင်းဖြစ်နေလို့ လက်ခံပြီး လုပ်ပေးတာပါ"

"မင်္ဂလာပွဲချိန်က ဘယ်နှစ်နာရီလဲကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဆယ်နာရီက ဆယ့်နှစ်နာရီလေ၊ သတို့သမီးက မင်္ဂလာပွဲမစမီ မနက်ကိုးနာရီအရောက်လာမယ် ချိန်းထားတယ်"

ချောချောက ကျွန်မ ဆံပင်ရှည်ကြီးကို ကတ်ကြေးဖြင့် ကိုက်ဖြတ်ပေးနေတယ်။ ကျွန်မကလည်း ချောချောကို ဆံပင်ဖြတ်နေရင်း သိချင်တာလေးတွေ မေးမြန်းစပ်စုနေတယ်။ ချောချောဟာ ကျွန်မဆံပင်ဖြတ်ပြီးသွားလို့ ဆံပင်ကို ကုပ်ဝဲပုံစံ သရီးစတက်ပုံသွင်းညှပ်နေစဉ်မှာ အလှပြင်ဆိုင်ရှေ့သို့ အစိမ်းရောင်မာဇဒါကားလေးတစ်စီး ထိုးဆိုက်ရပ်လာတယ်။

ကားပေါ်က မိန်းကလေးသုံးယောက် ဆင်းလာပြီး အလှပြင်ဆိုင်ထဲကို ဝင်ရောက်လာတယ်။ အသက်အရွယ် နှစ်ဆယ်ဝန်းကျင်ခန့်ပဲရှိမယ်။ အသားဖြူဖြူ ရုပ်ရည်ချောမောလှပသူလေးဟာ သတို့သမီးလောင်း ဖြစ်မယ်ထင်တယ်။

ချောချောက သူနဲ့ ကြိုတင်ချိန်းထားတဲ့ သတို့သမီးလေးနံဘက်ကို ကူးပြောင်းသွားပြီး ကျွန်မကို သူ့တပည့်လေးကို ဆက်လက်ပြင်ဆင်စေခဲ့တယ်။ ကျွန်မ ဆံပင်ပုံသွင်းသွားပြီးလို့ မျက်နှာပြင်အလှခြယ်ဖို့ ပေါင်းတင်နေစဉ်မှာ သတို့သမီးလောင်းလေးကို စောင်းငဲ့ကြည့်လိုက်တယ်။

ကျွန်သတို့သမီးအရံတစ်ယောက်ကို ဆိုင်က တစ်ယောက်က ဘေးခုံမှာ ပြင်ပေးနေတယ်။ ကျွန်မကို အလှခြယ်ပြင်ဆင်ပေးနေတဲ့ ကောင်မလေးက ပြီးသွားခဲ့လို့ ကျွန်မ အလှပြင်ခုံကထလာပြီး ဆိုင်ထဲက ဆိုဖာခုံပေါ်မှာ အမောဖြေထိုင်နေတယ်။

သတို့သမီးအရံနှစ်ယောက်စလုံးကို မိန်းမလျာလေးနှစ်ယောက်က တစ်ယောက်စီ ပြင်ဆင်ပေးနေရင်း အလုပ်ရှုပ်နေကြတယ်။ ကျွန်မလည်း ချောချောကို သူအလှပြင်ပေးနေလို့ ကြွေရုပ်ကလေးလို လှပသွားတဲ့ သတို့သမီးလောင်းလေးရဲ့ အလှန်အကြူးလှပနေတာကို ချီးမြှောက်စကားဆိုရင်း အနီးကပ်ကြည့်နေတယ်။

သတို့သမီးလေးဟာ နဂိုရှိလို့ နဂိုင်းထွက်တယ် ဆိုရမလားဘဲ။ ကြွေရုပ်ကလေးတမျှ လှပလွန်းနေတဲ့ သူမကို ပြင်ဆင်ခြယ်သပေးနေတဲ့





မိတ်ကပ်ဆရာ ချောချောကပဲ တော်လွန်းလို့လားဆိုတာကို အကဲခတ်ကြည့်နေမိတယ်။

ကျွန်မ အလှပြင်ဆိုင်လေးကို အသာအယာ ဝေ့ဝဲကြည့်လိုက်တယ်။ အလှပြင်တဲ့ ခုံပေါ်မှာ အလှပြင်ပစ္စည်းတွေကို တင်ထားတာ ပြန့်ကြဲနေတယ်။ ချောချောကလည်း သတို့သမီးလေးစိမ်းလဲ့ဖြူကို အလှအပဆုံးပြင်ဆင်ခြယ်သပေးနေတုန်း အလှပြင်ပစ္စည်းတွေကို ခုံပေါ်မှာ အလွယ်တကူအသုံးပြုနေရလို့ လှမ်းတင်ထားခြင်းဖြစ်ပါတယ်။

ကျွန်မ သေသေချာချာ စူးစူးစိုက်စိုက်ကြည့်လိုက်တဲ့ခါ အလှပြင်ပစ္စည်းတွေကြားမှာ ဆံစုအထုံးလေးကို လှမ်းမြင်လိုက်ရတယ်။ ဒီဆံထုံးစုဟာ သတို့သမီးရဲ့ဆံပင်ကို ထုံးဖွဲ့တဲ့နေရာမှာ မပါမဖြစ်တဲ့ ပစ္စည်းလေးဖြစ်ပါတယ်။

ဒါကြောင့် ချောချောအလှပြင်တဲ့ နေရာနားမှာ ရပ်ကြည့်နေရင်းက ချောချောကို စကားရောဖောရော ပြောဆိုနေတယ်။ သတို့သမီးလေးမျက်နှာပြင်ပေါ်မှာ အလှပြင်ပြီးသွားလို့ ဆံထုံးထုံးဖို့ ပြင်ဆင်နေတယ်။

ဒီအချိန်မှာ ကျွန်မဆိုင်ထဲကို မျက်လုံးဝေ့ဝိုက်ကြည့်လိုက်စဉ်မှာ ဆံပင်ညှပ်ခုံသုံးခုစလုံးမှာ မိန်းမလျာလေးတွေက အရံမိန်းမိအောင် ပြင်ဆင်ပေးနေရလို့ အလုပ်ရှုပ်ယှက်ခတ်နေကြတယ်။

ကျွန်မလည်း လက်ထဲက ပိုက်ဆံအိတ်ကို အသာအယာ ဖော်ဆွဲဖွင့်လိုက်တယ်။ ကျွန်မအတွက် ဆံပင်ဖြတ်အလှဆင်ယင်ခ ကျသင့်ငွေကို ပေးဖို့အတွက် ချောချောကို လှမ်းမေးပြီး ကျသင့်ငွေကို ရေတွက်ထုတ်ယူလိုက်တယ်။

ချောချောက သတို့သမီးလေးကို ဆံပင်ထုံးဖွဲ့ဖို့ ဘီးတစ်ချောင်းနဲ့ ဖြီးသင်အလုပ်ရှုပ်နေလို့ အလှပြင်ပစ္စည်းတင်တဲ့ခုံပေါ် ငွေစက္ကူတွေကို လှမ်းတင်ရင်း အလှပြင်ခုံပေါ်က ဆံစုထုံးလေးနဲ့ ကျွန်မ အိမ်ထဲက ဆံစုလုံးလေးကို အလျင်အမြန် လဲလှယ်ယူလိုက်တယ်။

နောက်ဖေ့ကို ကမန်းကတန်း ဆွဲပိတ်လိုက်ပြီးနောက် ချောချောကို နှုတ်ဆက်လို့ အလှပြင်ဆိုင်လေးထဲက ခပ်သုတ်သုတ်ထွက်လာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှေ့မှာ ရပ်ထားတဲ့ မက်ခ်တူးကားက အဖြူလေးပေါ်တက်ပြီး စက်နှိုးလို့ အပြင်းမောင်းလာနေတယ်။

ကျွန်မ ကားလေးကို မောင်းလာနေရင်း မင်္ဂလာပွဲကျင်းပမယ့် ဟိုတယ်ဆီကို ဦးတည်မောင်းလာနေတယ်။ ကျွန်မရဲ့ အကြံအစည် အထမြောက်အောင်မြင်သွားခဲ့လျှင် မောင်တစ်ယောက် ဝမ်းနည်းကြေကွဲပက်လက်ဖြစ်သွားမှာကို မြင်ယောင်လျှက် ဝမ်းသာပီတိဖြစ်နေတယ်။

ကျွန်မ ကားလေးကို လီဘာတင်လို့ အရှိန်မြှင့်မောင်းလာစဉ်မှာ မင်္ဂလာအခမ်းအနားကျင်းပမှုယ့် ဟိုတယ်ဆီ ရောက်လာတယ်။ ဟိုတယ်ရှေ့မှာ ကားရပ်နားရန် နေရာတွင် ရပ်နားလိုက်တယ်။ ကားတံခါးကို သေချာပိတ်လို့ လက်ပွေ့အိတ်ထဲက မျက်မှန်နက်ကို ကောက်တပ်ကာ ခန်းမထဲကို ဝင်လာတယ်။

ခန်းမရှေ့ဝင်ပေါက်မှာ မင်္ဂလာပွဲတက်ရောက်လာတဲ့ ဧည့်သည်တွေကို ဧည့်ခံကြိုဆိုနေတဲ့ မောင့်ဖေဖေနဲ့ မေမေကို ပြုံးရွှင်ရယ်မောနေတာကို လှမ်းမြင်ခဲ့ရတယ်။

မောင့်မိဘတွေဟာ ကျွန်မကို မှတ်မိဟန်မတူပါဘူး။

ဒါဟာလည်း ဟိုတုန်းက စေ့စပ်ကြောင်းလမ်းခဲ့စဉ်မှာ ကျွန်မက ဆံပင်ရှည်ထားပြီး ဆံထုံးထုံးဖွဲ့ထားတဲ့ နွဲ့နွဲ့နှောင်းနှောင်းပုံစံမျိုးကိုပဲ မြင်တွေ့ခဲ့ဖူးတာကိုး။

ခုတော့ ကျွန်မလည်း မောင့်ကို နာကြည်းကြေကွဲစိတ်နဲ့ ကျွန်မရဲ့ သွင်ပြင်ဟန်ပန်စရိုက်ကို ပြောင်းလဲပစ်လိုက်တော့ ဘယ်လာမှတ်မိတော့မှာလဲ။ ကျွန်မလည်း မင်္ဂလာပွဲကျင်းပမယ့် ခန်းမကြီးထဲကို ခပ်တည်တည်ဝင်သွားခဲ့တယ်။

ခန်းမထဲကိုရောက်တဲ့အခါ မင်္ဂလာလျှောက်လှမ်းခင်းထားတဲ့ ဘယ်ဘက်ထောင့်ကျကျနေရာမှာ နေရာယူပြီး ပွဲခင်းထဲကို မျက်လုံးဝင့်ကြည့်နေတယ်။ မင်္ဂလာပွဲမစတင်မီ အချိန်မှာ ဧည့်ခံနေတဲ့ တီးဝိုင်းကနေသီချင်းတွေဆိုလို့ အဆိုတော်တွေက ဖျော်ဖြေပေးနေတယ်။





ကျွန်မရဲ့ စိတ်ထဲမှာတော့ အမူရူးကို ဟန်ဆောင်ဖုံးရင်း ပြုံးရင်းနဲ့ မျက်ရည်လည်နေရတဲ့ ဝေဒနာကို ဘယ်သူမှ စာနာထောက်ထားနိုင်မှာမဟုတ်ပါဘူးလေ။

စင်မြင့်ဘေးဆီက အဆိုတော်တွေရဲ့ တစ်လှည့်စီ သီဆိုနေတဲ့ တေးသံသာတွေကို ခံစားချက်မဲ့ နားထောင်နေမိတယ်။

နောက်ဆုံး သီဆိုဖျော်ဖြေနေတဲ့ အဆိုတော်မလေးရဲ့ သီချင်းသံစဉ်စာသားတွေကို ဂရုတစိုက် နားထောင်ခံစားကြည့်နေခဲ့တယ်။ ကျွန်မကိုများ တမင်ရည်ရွယ် သီဆိုနေသလား အောက်မေ့ရတယ်။ သူမရဲ့ ခံစားချက်နဲ့ သီချင်းလေးကို နှင့်နှင့်သီးသီး ဆိုနေရှာတယ်။ ပရိသတ်အားလုံးဟာ အဆိုတော်မလေးရဲ့ သီဆိုဟန်ပန်အဆွဲအငင်၊ အထိန်းအကွပ်သီဆိုနေမှုကို စိတ်ပါဝင်စားစွာ နားစိုက်ထောင်နေစဉ်မှာ ...

"ကန္တာရခရီးလမ်း ကြမ်းတမ်းပါစေ××× မောင်ရေ ××မောင်ရေ
ချစ်သူရဲ့ အချစ်ဝိညာဉ်ကလေး ×××နားခိုရာ နေရာ ×××
ဟင် ××× သို့မဟုတ် ×××ချစ်သူနားခိုရာနေရာ ×××
တစ်ခုခုတော့ ××× တွေ့ရမှာပဲလေ ×××
ခန္ဓာကိုယ်ရုပ် ဆုတ်ယုတ်ပျက်ယွင်းစေ မောင့်ကိုရှာမလေ ×××
မောင့်ကိုရှာနေ ×××
ဩော် ×××မောင့်အချစ်မြားရူး ×××မောင့်အချစ်မြားရူး ×××
ရူးရပြီကောလေ ×××
မောင့်ကို အသည်းနှလုံးက ချစ်တဲ့ဝေဒနာ ဖြေရာမရ×××
အသေအချာစွဲခဲ့ပြီလေ ××× ဝေဒနာရင်မှာ ပိုက်ပါလို့ ×××
အမိုက်ကဗျာ တေးဖွဲ့ ×××
ရှာပုံတော်ခရီးကရှည် ××× အဓွေးသည် ×××
အသည်းနာသူလေးရဲ့ ××× အဖြစ်တွေ ×××
မောင့်အချစ်မြား အသည်းမှာရူး ××နုတ်လည်းနုတ်ချင်ဘူးလေ
ချစ်ဦးမောင့်ကို ××× မောင့်ကိုချစ်တဲ့သက်သေ ×××
ဩော် ××× တရားမရလေရှာ ×××



www.burmeseclassic.com

www.burmeseclassic.com



အနားကသွေမခွာချင်ပေမယ့် ××× လောကခံလှည့်စား ×××
ချစ်အားငယ်ရအခါခါပေ ×××”

သီချင်းသံလေးဟာ ခန်းမကြီးထဲမှာ ဆွဲဆွဲငင်ငင် အဖြတ်အတောက်မှန်မှန်နဲ့ ပီသကြည်မြလို့ ကျယ်လောင်စွာကြားနေရလို့ နားစွင့်ထောင်နေမိတယ်။ ခန်းမကြီးထဲမှာ ရှိနေကြတဲ့ မင်္ဂလာပွဲလာ ပရိသတ်များရဲ့ ရင်မှာ နက်နက်ရှိုင်းရှိုင်း ထိခိုက်ကြေကွဲစွာ ခံစားနေကြရတယ်။

အချစ်ပျောက်မလေးရဲ့ ဒဏ်ရာအသည်းနဲ့ ချစ်သူပျောက်ကို ရှာနေတဲ့ အသံလေးဟာ လူတိုင်းရဲ့ ရင်မှ နှလုံးသားထိတိုင် ရိုက်ခတ်လာနေတယ်။

ထို့အတူ ကျွန်မလို ခံစားချက်ရှိနေတဲ့ အချစ်ရှုံးသမားလေးရဲ့ ရင်ထဲ နှလုံးသားထိတိုင် စွဲနစ်ဝင်ရောက်သွားပြီး ဘယ်လိုမှ မေ့မရ မှန်းမရနိုင်တဲ့ ဝေဒနာတစ်ရပ်ကို ခံစားနေရတယ်။

ဟုတ်ပါတယ် . . . ကျွန်မ ရင်ထဲမှာ စူးဝင်နေခဲ့တဲ့ ဆူးတစ်ခက်လို ထိခိုက်ကြေကွဲခဲ့ရတဲ့ မောင့်အချစ်မြားစူးကြောင့်ပါပဲ။ ဒါပေမဲ့ . . . မောင့်ရဲ့အချစ်တွေ ဖုံးလွှမ်းခဲ့တဲ့ အချစ်မြားစူးဟာ ကျွန်မရဲ့ နှလုံးသားမှာ အမုန်းတရားခွန်အားတွေ ပြည့်နှက်နေတဲ့ရင်မှာ စူးဝင်နေတဲ့ အမုန်းဆူးလေး တစ်ခက်ကြောင့်ပါပဲ။

“မင်္ဂလာပွဲလာ . . . ဧည့်ပရိသတ် အပေါင်းတို့ခင်ဗျာ . . .

မကြာမီမှာ မင်္ဂလာအခမ်းအနားဆင်ယင်ကျင်းပတော့မှာ ဖြစ်ပါတယ်။ မင်္ဂလာသတို့သားနဲ့ သတို့သမီး၊ အခြွေအရံသင်းပင်းတို့နှင့်အတူ မင်္ဂလာလျှောက်လမ်းပေါ်မှာ လျှောက်လှမ်းဝင်တော့မှာမို့ ကျက်သရေမင်္ဂလာအပေါင်း ခညောင်းစေမယ့် မင်္ဂလာတေးသံသာကို သီဆိုကျူးရင့်ပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ် ခင်ဗျာ”

အခမ်းအနား စီစဉ်သူမှ မင်္ဂလာတေးသံသာကို သီဆိုပေးရန် အခမ်းအနားဖွင့်လှစ်သံကို ကြားလိုက်ရတယ်။ မင်္ဂလာတေးသံဖြစ်သော အခါတော်ပေးတာက နတ်ရေးငယ်ရွှေစာ အစချီတေးကို သီဆိုနေချိန်မှာ မင်္ဂလာသတို့သား ခန့်မင်းမောင်နှင့် သတို့သမီး စိမ်းလဲ့ဖြူတို့နှစ်ဦးသားသည်





တစ်ဦးကိုတစ်ဦး လက်ချင်းချိတ်လျက် သတို့သား၊ သတို့သမီး အခြွေအရံများနှင့်အတူ ဝင်လာနေကြတယ်။

နှစ်ဦးသားကတော့ ရွှေလက်တွဲလို့ ပြုံးမော့မော့ဟန်ပန် အမူအရာတွေနှင့် ပြုံးရွှင်ကြည်နူးစွာ လျှောက်လှမ်းလာနေတယ်။ ရွှေပွဲလာမည့် ပရိသတ်များကလည်း နေနဲ့လ၊ ရွှေနဲ့မြလို တင့်တယ်ကျက်သရေရှိနေသော သူတို့နှစ်ဦးအား ရင်သပ်ရှုမော ကြည့်ရှုနေကြတယ်။

သတို့သား ခန့်မင်းမောင်တစ်ယောက် အောင်နိုင်သူအပြုံးတွေနှင့် ပန်ဆင်ဝေဆာလျက် ပြုံးပျော်ကြည်နူးနေတယ်။ ကျွန်မထိုင်နေရာကနေ မင်္ဂလာစုံတွဲကို လှမ်းမျှော်ကြည့်ရင်း နှလုံးသားနေရာမှာ တစစ်စစ်နာကျင်သလို ခံစားနေရတယ်။ ကျွန်မအပေါ် သစ္စာဖောက်သွားသူ မောင်ကတော့ အောင်နိုင်သူတစ်ယောက်လိုပဲ ဝင့်ဝင့်ကြွားကြွား၊ ခေါင်းတမော့မော့နဲ့ နေနိုင်ပေမဲ့ ကျွန်မမှာတော့ လူတောမတိုးရဲအောင် အရှက်ရနေတယ်။

သတို့သားနှင့် သတို့သမီးတို့ မင်္ဂလာစင်မြင့်ထက်မှာ နေရာယူပြီးချိန်မှာ အခမ်းအနားမှူးက မင်္ဂလာလက်စွပ် ဆင်မြန်းပေးပါရန် ဂုဏ်သရေရှိ လူကြီးမင်း ဖနီးမောင်နံ့ကို ဖိတ်မန္တက ပြုနေတယ်။ မင်္ဂလာလက်စွပ်ကို မင်္ဂလာမောင်နှံတို့လက်မှာ စွပ်လို့ ဆင်မြန်းဝတ်ဆင်ပေးနေတယ်။ နောက်တစ်ခါ မင်္ဂလာပန်းကုံးစွပ်ပေးပါရန် လူကြီးလူကောင်း ဖနီးမောင်နံ့ကို ဖိတ်ကြားပြန်တယ်။ မင်္ဂလာပန်းကုံးကို လာရောက်စွပ်ပေးနေခဲ့ပြန်တယ်။

ယင်းနောက်မှာတော့ ရွှေပွဲလာ ဧည့်ပရိသတ်အပေါင်းကို ဟိုတယ်မှ တည်ခင်းပေးသော အစားအစာများဖြင့် ဧည့်ခံကျွေးမွေးတော့တယ်။

မင်္ဂလာစင်မြင့်ထက်ဆီမှာ သတို့သားလောင်း ခန့်မင်းမောင်နှင့် သတို့သမီးလောင်း စိမ်းလဲ့ဖြူတို့နှစ်ဦးဟာ တစ်ဦးကိုတစ်ဦး ရေခဲမုန့်တွေ ခွံ့ကျွေးရင်း ကြင်နာယုယပြနေကြတယ်။

ကျွန်မ မျက်နှာပြင်ပေါ်မှာ တစ်ချက်မဲ့ရွဲ့ကြည့်လိုက်ပြီး လှောင်ပြုံး ပြုံးလို့နေတယ်။ နောက် မင်္ဂလာသတို့သားနှင့် သမီးစုံတွဲဟာ ပွဲခန်းထဲမှာရှိနေတဲ့ ဧည့်ပရိသတ်များကို ကိုယ်တိုင်ကိုယ်ကျ ကြွရောက်အားပေးကြ



www.burmeseclassic.com

www.burmeseclassic.com



တဲ့အတွက် ကျေးဇူးတင်စကားပြောဆို ညှိခံဖို့ ထိုင်ရာက အသာအယာ ထလာနေကြတယ်။

ဒီအချိန်မှာပဲ သတို့သမီးဖြစ်သူ စိမ်းလဲ့ဖြူတစ်ယောက် ထိုင်ခုံမှ အထဝယ် မူးမိုက်လဲကျမလို ရုတ်တရက်ဖြစ်ပေါ်သွားတယ်။ ယင်းအဖြစ်ကို သတို့သားလေးက အချိန်မီ ဖမ်းထိန်းပေးနိုင်လို့ ပုံလဲမကျသွားခဲ့တာဖြစ်ပါ တယ်။

ယင်းသို့ ဖြစ်ပျက်နေစဉ် မင်္ဂလာခန်းမထဲမှ ညှိပရိသတ်များအားလုံး တအံ့တသြနှင့် ဝိုင်းကြည့်နေကြတယ်။ သတို့သမီးလေး စိမ်းလဲ့ဖြူခမျာ မည်သည့်အကြောင်းကြောင့် ယင်းသို့ မူးမိုက်လဲကျမလို ဖြစ်သွားခြင်းအပေါ် ဝိုင်းဝန်းကြည့်ရှုနေခဲ့ကြတယ်။

ယခုလို မင်္ဂလာပွဲခင်းထဲမှာ ရုတ်ရုတ်သဲသဲ ဖြစ်ပေါ်နေချိန်မှာပဲ ကျွန်မ စားပွဲပေါ်က နေကာမျက်မှန်ကို ကောက်တပ်ပြီး လက်ပွေ့အိတ်ကို ဆွဲလို့ ပွဲခင်းထဲက အလျင်အမြန် ထွက်လာခဲ့တော့တယ်။

သတို့သမီးလောင်းလေးကို သတို့သားလေးက ပွေ့ချီလို့ ဆွေမျိုး အပေါင်းအသင်းများနှင့်အတူ ရန်ကုန်ဆေးရုံကြီးအရေးပေါ် ဌာနဆီကားဖြင့် အလျင်အမြန် သယ်ဆောင်သွားခဲ့ကြတယ်။

နောက်တစ်ပတ်လောက်အကြာမှာ ကျွန်မဖွင့်လှစ်ထားတဲ့ တိရစ္ဆာန် ဆေးကုခန်းလေးဆီကို ရဲတပ်ဖွဲ့မှ အရာရှိတစ်ဦးနှင့် အခြားအဆင့်နှစ်ဦးတို့ နှင့်အတူ ရပ်ကွက်လူကြီးပါ ရောက်ရှိလာခဲ့ကြတယ်။

သတို့သမီးလောင်း စိမ်းလဲ့ဖြူ သေဆုံးသွားခဲ့ရသည့် အမှုကိစ္စ နှင့်ပတ်သက်၍ မေးမြန်းစစ်ဆေးမှုတွေ ပြုလုပ်လာခဲ့ကြတယ်။ ကျွန်မက လည်းယင်းကိစ္စနှင့် လုံးဝပတ်သက်မှုမရှိကြောင်း ငြင်းဆိုခဲ့တယ်။ ဒုရဲအုပ် ဖြစ်သူက သေမှုသေခင်းဖွင့်ပြီး စုံစမ်းစစ်ဆေးနေစဉ်မှာ ရရှိလာတဲ့ အမှု နှင့် ပတ်သက်သော သဲလွန်စများကို တင်ပြလာသောအခါ . . .

"ဒီလိုပါ . . . ဒေါက်တာ၊ သတို့သမီးလောင်းလေးက မင်္ဂလာပွဲ ကျင်းပနေချိန်မှာ စားသုံးမိတဲ့ ရေခဲမုန့်ကပဲ အစာအဆိပ်တောက်လို့ ဖြစ်





တာလားဆိုပြီး သံသယဖြစ်မိတယ်။ ပထမတော့ ဒီသံသယအကျိုးနဲ့ပဲ သေမှု သေခင်း ဖွင့်လှစ်ခဲ့ပါတယ်"

ဒုရဲအုပ်ဖြစ်သူက အမှုတည်ဆောက်ပုံအနေအထားကို တစ်လုံးချင်း ရှင်းပြပြောဆိုနေတယ်။ နောက် ကျွန်မမျက်နှာကို စေ့စေ့တစ်ချက် စိုက် ကြည့်လိုက်ပြီး ဆက်လက်ပြောဆိုလာတယ်။

"အဲ . . . ဒါပေမဲ့ . . . သေဆုံးသွားတဲ့ သတို့သမီးလောင်းလေးရဲ့ ဦးခေါင်းပေါ်က ဆံပင်ထုံးဖွဲ့ထားမှုကို ရင်ခွဲရုံထဲက အလောင်းကိုင်တဲ့ ကုလား လေးက ဖြေချဖျက်ပစ်လိုက်ချိန်မှာ ဆံပင်စုတွေကြားထဲက ပစ္စည်းတစ်ခု ထွက်ကျလာပါတယ်။ အဲဒါ ဘာဖြစ်မယ်လို့ ဒေါက်တာထင်လဲ"

"ဟင့်အင်း . . . ကျွန်မမှ မမြင်ရတာ၊ ဘယ်ထင်တတ်မလဲ"

"ဟောဒီ . . . ပစ္စည်းလေးပါပဲ . . . ဒေါက်တာ"

"အမလေး . . ."

"မကြောက်ပါနဲ့ . . . ဒေါက်တာ။ ဒီလိုပစ္စည်းမျိုးဟာ ဒေါက်တာ တို့လို တိရစ္ဆာန်ဆေးကုသနေတဲ့ ဆရာဝန်တွေမှ အသုံးပြုနိုင်တဲ့ ပစ္စည်း မျိုးပါပဲ"

ဒုရဲအုပ်က ကျွတ်ကျွတ်အိတ်ဖြင့် ထည့်ယူလာသော ပစ္စည်းလေး ကို ကျွန်မစားပွဲပေါ်တင်ပြီး ပြလာတဲ့အခါမှာ ကျွန်မကလည်း သဏ္ဍာန်လုပ် သရုပ်တူအောင် မိန်းမတို့ဘာသာဘာဝ ကြောက်လန့်တကြား ဟန်ပန်အမူ အရာလုပ် သရုပ်ဆောင်လိုက်တယ်။

"ဒါ . . . ဒေါက်တာ့ဆေးခန်းထဲမှာ အသုံးပြုနေတဲ့ ပစ္စည်းမဟုတ် လား"

"ဟင့်အင်း . . . ကျွန်မ ဒီမြွေဟောက်သေလေးနဲ့ ဘာမှမပတ် သက်ပါဘူး"

"ဒါဆို . . . ဒေါက်တာ . . . ဘာ့ဖြစ်လို့ မြွေပွေးလား၊ မြွေဟောက် လားဆိုတာ တိတိကျကျ ခွဲခွဲခြားခြား ပြောနိုင်ရတာလဲ"

"မဟုတ်ဘူးလေ . . . ကျွန်မက မြွေသေလေးမြင်တော့ မြွေဟောက် လို့ထင်ပြီး လွှတ်ခနဲ ပြောလိုက်မိတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီလေ ... ဒေါက်တာ မသိဟန်ဆောင်ပြီး လိမ်ညာမှုသား စကားတွေ သုံးနိုင်ဦးမလားဆိုတာ လူတစ်ယောက်ကို သတ်ပစ်ချင်လောက်အောင် မုန်းတီးနေတဲ့ သတ်ရခြင်းအကြောင်း (Motive) ကို ကျွန်တော်တို့ စုံစမ်းပြီးပါပြီ။ အခင်းဖြစ်အရပ် (Scene of Crime) မှာ တွေ့ရှိခဲ့ရတဲ့ ဟောဒီ ဆံစုထုံးလေးနဲ့ မြွေဟောက်အကောင်ပေါက်အသေလေးဟာ လူသတ်ကြံစည်ခဲ့တဲ့လူကို ထွက်ပေါက်မရှိအောင် ချည်ပြီးတုပ်ပြီး ဖြစ်နေပါတယ်"

"ဒီပစ္စည်းတွေက ကျွန်မနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

"ဒေါက်တာက ခုထိ မသိကျိုးကျွံပြုပြီး ဟန်ဆောင်လိမ်ညာဖုံးကွယ်နေဦးမယ်ဆိုရင်တော့ အစိက မျက်မြင်သက်သေကို ခေါ်ပြရတော့မယ်ပေါ့"

ဒုရဲအုပ် လက်ခုပ်တစ်ချက် ခပ်ပြင်းပြင်းတီးလိုက်ချိန်မှာ ကျွန်မ ဆေးခန်းလေးထဲကို ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့်အတူ အလုပြင်ဆိုင်မှ မိတ်ကပ် အလုပြင်မိန်းမလျှာ ချောချောကို ခေါ်ဆောင်လာကြတယ်။

"ဘယ်လိုလဲ ... ဒေါက်တာ၊ ဆက်ငြင်းကွယ်နေဦးမှာလား"

"ဟီး ... ဟီး ... ကျွန်မ ... မငြင်းလိုတော့ပါဘူးရှင်"

"ဒါဆိုလည်း ... အမှုမှန်ကို ဖော်ထုတ်နိုင်မယ့် ဒေါက်တာရဲ့ ကြိုတင်ကြံစည်မှုကို အမှန်အကန် ထွက်ဆိုချက်ပေးပါ"

"ဟုတ်ကဲ့ ... ကျွန်မနဲ့ ခန့်မင်းမောင်ဟာ တက္ကသိုလ်မှာ ကျောင်းတက်စဉ်ကတည်းက အတူတွဲလာတဲ့ ချစ်သူတွေပါ။ ကျွန်မတို့ကျောင်းပြီးသွားလို့ ဘွဲ့ရတဲ့အချိန်မှာ နှစ်ဦးသဘောတူလက်ထပ်ကြမယ်လို့ ကတိထားခဲ့ကြတယ်။ နှစ်ဖက်မိဘ စေ့စပ်ကြောင်းလမ်းပြီးသည်ထိ လူသိရှင်ကြားလုပ်ခဲ့ပါတယ်။

ဒါပေမဲ့ သူဟာ ကျွန်မကိုပစ်ပြီး နောက်တစ်ယောက်နဲ့ ကောက်ကာငင်ကာ လက်ထပ်သွားတော့ ကျွန်မရင်ထဲမှာ ကြိတ်မခံနိုင်ခဲမရ ဒေါသတွေ ပေါက်ကွဲထွက်ခဲ့တယ်။ နောက်ဆုံး သူတို့မင်္ဂလာပွဲ ကျင်းပမယ့်နေ့မှာ ကျွန်မ ဆေးခန်းထဲက မြွေဟောက်ကောင်လေးကို အိပ်ဆေးထိုးပြီး ကျွန်မ





ဟိုတုန်းက အသုံးပြုနေတဲ့ ဆံစုထုံးလေးထဲမှာ အသာထည့်လို့ ကလစ်တွေနဲ့ ညှပ်ပြီး ဇက်သိမ်းထည့်ထားတယ်။ အလုပြင်ဆိုင်မှာ သတို့သမီးလာအလုပြင်တော့ ကျွန်မ စီမံထားတဲ့ ဆံစုထုံးလေးနဲ့ အလုပြင်ခုံပေါ်က ဆံစုထုံး လဲယူထားခဲ့တာပါ"

"ဒီမြွေဟောက်လေးကို အိပ်ဆေးထိုးထားရင် ဘယ်နှစ်နာရီကြာမလဲ"

"အနည်းဆုံး နှစ်နာရီ သုံးနာရီကြာပါတယ်"

"ဩော် ... ဒါကြောင့်မို့ မြွေဟောက်လေးဟာ အိပ်ဆေးပြယ်သွားချိန်မှာ ကျွန်တော်တို့မှန်းဆထားသလို ကြိုတင်မှန်းဆချက် (Preconceive Theory) အတိုင်း ဆံစုထုံးထဲက တိုးထွက်လာပြီး အမှုစစ်ဆေးရမယ့် လမ်းကြောင်း (Line of Ivestigation) ကို ဖော်ပြနေသလို ငယ်ထိပ်နေရာကို ပေါက်ချခံရလို့ မိနစ်ပိုင်းအတွင်းမှာ သေဆုံးသွားခဲ့ရတာကိုး"

"အမှန်တော့ ကိုယ့်ကိုစွာ ကျောခိုင်းသွားလို့ ယောကျ်ားတစ်ယောက်အပေါ် နာကြည်းခံပြင်းစိတ်နဲ့ ခံစားခဲ့ရတဲ့ဝေဒနာက ပိုပြီးနှလုံးသားမှာ ဒဏ်ရာဒဏ်ချက် ပြင်းထန်လာလို့ ကျွန်မနှလုံးသားမှာ စူးဝင်နေတဲ့ အမုန်းဆူးကို တုံ့ပြန်လက်စားချေရင်း သတို့သမီးလေးက ... ကြားကနေ မားစာခံ ဖြစ်သွားခဲ့ရတာပါ"

"ဘယ်လိုပဲ နာကြည်း ... နာကြည်း ရာဇဝတ်မှုတစ်ခု ကျူးလွန်ခဲ့မိသည်ထိ ဒေါက်တာလို ပညာတတ်တစ်ယောက်က ကိုယ့်အသက်အရွယ်ကိုမှမထောက် မစဉ်းစားမဆင်ခြင် မိုက်တွင်းနက်ခဲ့ကြလို့ ကြီးမှမိုက်တဲ့ 'ကြီးမိုက်' ကြီးတွေ အများကြီးပါပဲ။ ကိုယ့်ဂုဏ်သိက္ခာ၊ ကိုယ့်အဆင့်အတန်းနဲ့ မသင့်လျော်တဲ့ အာရုံတွေ ခံစားကြလို့ ထောင်ထဲရောက်နေသူတွေ ဘဝပျက်သွားသူတွေ အများကြီးပါပဲ"

ကျွန်မဆီက အမှုကိစ္စနှင့်ပတ်သက်ပြီး ဝန်ခံဖြောင့်ဆိုချက်ကို ရရှိသွားတော့ အမှုကို တည်ဆောက်သွားနိုင်ခဲ့တယ်။ ကျွန်မကို ရုံးတင်စစ်ဆေးပြီး နောက်ဆုံးမှာတော့ လူသတ်ကြံစည်ခဲ့မှုနှင့် ထောင်ဒဏ် (၁၀)နှစ် ချမှတ် ခြင်းကို ခံခဲ့ရတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com




မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိဆိုတဲ့ စကားလိုပါပဲ။ ကျွန်မရဲ့ အမုန်းအငြိုးအတေးတွေနဲ့ နှလုံးသားမှာ တမြှေမြှေ လောင်ကျွမ်းနေခဲ့ရတာကို မခံစားနိုင်လို့ တုံ့ပြန်လက်စားချေခဲ့မိတာပါ။

ခုတော့ ကျွန်မရဲ့ အမုန်းမီးတောက်ဟာ အရှိန်အဟုန်ကြီးမားပြင်းထန်လွန်းတာကြောင့် တစ်ဖက်လူကို ရာဇဝင်ကြွေးဆပ်ခဲ့ချိန်မှာ ကြားက မဆိုင်သူတစ်ယောက်က ဓားစာခံဖြစ်သွားခဲ့ရတာကို စိတ်မကောင်းဖြစ်မိနေတာပါပဲရှင်။

☼ ☼ ☼

စိုးဝေ



www.burmeseclassic.com

www.burmeseclassic.com

[၁]

❑

ကြားကြားချင်းတော့ ကျုပ်အံ့သြသွားတယ်။ ကိုယ့်နားတောင် ကိုယ်မယုံချင်ဘူး။ ဘယ့်နှယ်ဗျာ၊ ကျုပ်တို့ ဗုဒ္ဓဘာသာ "မစိုးရိမ်ကျောင်းတိုက်ကြီး" ရဲ့ ကျောက်ထီးတန္ဓု တကယ့်ထိတ်ထိတ်ကြဲ အဓိပတိဆရာတော်ကြီးတစ်ပါးကို ပုဒ်မ ၅(ည)နဲ့ ဆွဲလာသတဲ့။ ဆရာတော်ကြီးကဖြင့် သက်တော်ရွယ်တော် ကြီးရင့်အိုမင်းလှပြီတဲ့။ ထောင်ဗူးတံခါးကြီးထဲကိုတောင် ရောက်နေပတဲ့။ ကဲ ... ရင်ထဲမှာ ပူမောကြီးမောသွားလိုက်ပုံများ ပြောမပြောချင်တော့ပါဘူး။

"နေပါဦး ... လှိုင်ဦးရယ်၊ အဲဒီကိစ္စနဲ့ ငါနဲ့က ဘယ့်နှယ်ပတ်ပတ်သက်သက်ရှိလို့ ထောင်ပိုင်ကလေးက ငါ့ကို အခုချက်ချင်းလာခဲ့ပါလို့ ကြိမ်တံပြာရိုက်ပြီး ခေါ်ရပြန်တာတဲ့တုန်းဟ။ ညောင်ဦးက ကမ်းပါးပြိုတာနဲ့ ဧပွါးဂိုရ်က နွားမပေါင်ကျိုးဆိုသလို မဆီလေးရယ်မှ အိုမဆိုင်ပါကော လူရ"

"အဲဒါတော့ ကျွန်တော်မျိုးလည်း မလျှောက်တတ်တော့ဘူး ဆရာ။ ထောင်ပိုင်လေးက သွားခေါ်ချေဆိုလို့သာ ဒရောသောပါးပြေးလာခဲ့ရတာ။ ဗူးထဲမှာလည်း ချုပ်သစ်တွေ တထွေးကြီး၊ ထောက်လှမ်းရေးက မောင်တွေလည်း ခြေချင်းကိုလိမ်လို့"





ထောင်ပိုင်ရုံးက ရဲဘော်ကလေးများလည်း ဘာမှ ခြေခြေမြစ်မြစ် တိတိပပမပြောနိုင်ဘူး။ ဒါပေသိ မေးတော့မေးရမယ်လေ။ အခုကိစ္စက ကျုပ်ရဲ့ လက်ရှိအလုပ်တာဝန်နဲ့က အလှမ်းအကမ်းဝေးလှချည့်ကိုး ... နော့ ...။

ပြောမယ်လေ။ ထောင်မှူးဆိုတိုင်းလည်း ထောင်အလုပ်ဆိုတာတွေကို တရစေ လုပ်နေကြရတာမျိုးမှ မဟုတ်ဘဲကလား။ ကျုပ်က အလုပ်ရုံမှူးလေ။ အဲ ... အဲဒီထက် ခန့်ခန့်ညားညားလေးပြောရရင် စက်မှုလက်မှု အလုပ်ရုံဌာနမှူး (Workyards's Jailor) ဆိုကြပါစို့။ ယက္ကန်း၊ စက်ချုပ်၊ ဖိနပ်ချုပ်၊ သံဖြူပန်းပဲ၊ လက်သမား စတဲ့ ထောင်တွင်းစက်မှုလက်မှု လုပ်ငန်းတွေနဲ့ ထောင်ရဲ့ဆောက်လုပ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးကိစ္စအဝဝကို အုပ်ချုပ်စီမံရတာ။ ကျုပ်လက်အောက်မှာ လုပ်ငန်းကျွမ်းကျင်အကျဉ်းသားချည်း ၉၀၀၊ ၁၀၀၀၊ ဘောက်ဆင်းလို့ခေါ်တဲ့ အလုပ်ကြမ်းသမား လုပ်အားပေးအကျဉ်းသားက ၂၀၀၊ ၃၀၀ လောက်ရှိတယ်။ သူတို့တွေနဲ့ပဲ နိစ္စဓူဝ နေ့နေ့ညည ဝက်လချီးလည်ပြီး နှစ်ပါးသွားနေရတာတဲ့တာ။ ဘယ် ... ကျုန်တဲ့ ထောင်အလုပ် စုံစီနဖာတွေဘက်ကို စိတ်ရောလူရော မျက်နှာမူ အားပါတော့မတုန်း။ အဲဒီတော့ အခု ဘုန်းတော်ကြီးကိစ္စနဲ့နွယ်ပြီး ကျုပ်ကို ထောင်ပိုင်လေးက ခေါ်သတဲ့ဆိုတာ မျက်စိလည်ချင်စရာကြီး မဟုတ်လား။

"ဟော့ကောင်ရ ... တဆိတ်ငါမေးစမ်းပါရစေဦး။ ဘုန်းတော်ကြီးက ဘယ်နှယ်ဘက်ကလို့ မင်းကြားခဲ့မိတုံး"

ဟုတ်တယ် ... ဟုတ်တယ်။ အဲသလိုမေးလိုက်ရတာ ကျုပ်မှာ လုံလောက်တဲ့အကြောင်းရှိတယ်။ ရှိဆို ကျုပ်အဖေက ဘုန်းကြီးလူထွက်လေ။ ဘုန်းကြီးတောင်မှ သာမင်ညောင်ည ပါချိပါချဲ့ ဘုန်းကြီးမျိုးမဟုတ်ဘူးရယ်။ ရန်ကုန်-မန္တလေး ကားလမ်းဘေးက 'မြစ်ငယ်'အနားမှာ 'ဥယျာဉ်တော်ရွာ'ဆိုတာ ရှိပါရောလား။ မြန်မာဘုရင်များ လက်ထက်တော်တုန်းက မင်း၊ မိဖုရား မဟာနွယ်များ စားဖို့ သစ်သီးဝလံစိုက်ပျိုး ဆက်သရတဲ့ ဥယျာဉ်ကြီးများ ရှိခဲ့ဖူးတဲ့ ရွာပါကော။ အဲ ... အဲဒီ ဥယျာဉ်တော်ကျောင်းမှာ ဓမ္မစရိယ သုံးဘွဲ့ရတဲ့အထိ ပရိယတ္တိစာပေများကို ဂိတ်ကုန်အောင် ဆည်းပူးခဲ့

www.burmeseclassic.com



ဖူးတဲ့ စာချဆရာတော် ပဋ္ဌင်းပျို့ဘဝကနေ ကျုပ်အမေဖက်က အဖိုးက ကြည်ညိုလှချည့်။ သဘောကျလှချည့်ဆိုပြီး လူထွက်နိုင်း၊ သူ့သမီးတွေး ကျုပ်အမေနဲ့ ပေးစားခဲ့တာတဲ့လေ။ ကဲ ... မှတ်ရော့။ မိုးကုတ်ဆရာတော် ဘုရားကြီး 'ဦးဝိမလ' ဆိုတာ ကျုပ်အဖေ ပဋ္ဌင်းဘဝက ကန့်ကူလက်လှည့် ဆရာတစ်ဆူပဲတဲ့။ အဲဒီလို ဘုန်းကြီးသွေး၊ အဲလေ ... သာသနာ့သွေး ငါးမူး သားလောက်နှောနေတဲ့ ကျုပ်လိုလူက ၅ ညနဲ့ အဆွဲခံလာရရှာတဲ့ ကိုယ် တော်ကြီးဟာ ဘယ်နယ်ကလဲလို့ စေ့ငုမိတာ ဆန်းသလား။ မတော် ကျုပ် အဖေနဲ့ ဆက်စပ်ပြီး ကရွတ်ကင်းလျှောက်ဖြစ်လာခဲ့သော် ... ဘယ့်နှယ် လုပ်ပ။

"ကိုင်းပါ ... ကိုယ့်ဆရာရယ်၊ တောင်တောင်အီအီတွေ မေးစမ်း နေမဲ့အစား ကိုယ်တိုင်ပဲ လိုက်ကြည့်တော်မူလှည့်စမ်းပါ။ တော်နေကြာ ကြာလွန်လွန်းသကွဆိုပြီး ထောင်ပိုင်လေး 'ဗန္ဓုလမောင်ရစ်'က ဝက်အူ ကြောင်းနေပါဦးမယ်၊ တကတည်း ..."

"အေးပေါ့လကွာ ... ဝဋ်မကင်းသေးတဲ့ ဖွတ်မင်းဘဝ၊ ဒီအလုပ် နဲ့ပဲ ထမင်းတစ်လုပ် စားနေရလေတော့ 'သူ့ဆန်စားရဲမှ' ဆိုသလို ခေါ်တယ် ဆိုမှဖြင့် သွားကြရုံပ။ သူခိုး၊ ဓားပြ၊ မုဒိမ်းသမားတွေနဲ့တောင် ထွေးလုံးရစ် ပတ် နေနေရသေးတာ။ တကယ့် ဆရာတော် သမားတော်ကြီးကို အကြောင်းပြု လာတယ်ဆိုမှဖြင့် အကြောင်းမကောင်းစရာ ဆိုးဆိုးဝါးဝါး ရှိမယ်မထင် လောက်ပါဘူး"

'တွက်ရေးကတော့ စက်သူဌေး' ဆိုသလိုပ။ ကျုပ်အစက အဲသလို ပေါ့ပေါ့ပဲ တွေးထားခဲ့တာပါဆို။ ဘုန်းကြီးကျောင်းထွက်၊ ကျောင်းနားကန် နားနီးနီး၊ ဆရာတော် သံဃာတော်များကို သေသေချွေချွေ လျှောက်တတ်ပြ တတ်၊ ဘုန်းကြီးများနဲ့လည်း အလွမ်းသင့်တဲ့ ထောင်မှူးဆိုပြီ အုန်းပင်တက် လက်မှတ်ရထားတဲ့သူမို့ ဒီလိုပဲ ၅(ည) ဘုန်းတော်ကြီးကို မေးဟဲ့မြန်းဟဲ့ မှာ ဝေယျာဝစ္စလုပ်ပေး ထောက်လှမ်းရေးရဲ့ လက်ကသုံးတောင်ဝှေးဖြစ်ရုံ ထက် ပိုမထင်ပေါင်လို့ ဒွန်ကုန်တွက်ထားခဲ့တာ။

ဘယ်ဗျာ ... ပါစင်အောင် လွဲပါရောလား။





ပြောမပြောချင်တော့ပါဘူး။ ကျုပ် ကြုံလိုက်ရပုံနှယ်။

အညာနွေခေါင်ခေါင် ပူပူလောလောကြီးထဲမှာ မိုးကြိုးကြီး ကိုယ့် အနားကပ်ပြီး ဂျိမ်းခနဲ ဒိုင်းခနဲ ပစ်ချခံလိုက်ရသလိုပဲ။ ကိုယ်ကိုယ်တိုင် မီး မလောင်ပြာမကျဖြစ်လိုက်ပေမဲ့ ပြင်းလွန်လွန်းတဲ့ အပူအလျှံတွေ ဟုန်းခနဲ ပြေးဟပ်လာသလိုမျိုး။ တကယ့်ကို မွှန်ထူပြာဝေသွားမိခဲ့တာ။ ကျုပ်ဖြင့် အခုတွေးမိရင် အခု ရင်တုန်ပန်းတုန်ရှိချင်သေး။ တကယ် ... တကယ်။

✿ ✿ ✿

( ၂ )

❑

"အဲဒါပဲ ... ကိုဇော်မြင့်ရေ၊ ဒီဆရာတော်ကြီးကို ဗကပ ယူဂျီတွေ နဲ့ ဆက်သွယ်မှု၊ ဆရာတော်ကြီးရဲ့ ကျောင်းတိုက်ထဲက အစိုးရဆန့်ကျင် ရေး စာရွက်စာတမ်းတွေ ရှာဖွေတွေ့ရှိမှု၊ အဲဒီဘလက်လစ်(တ်) စာရွက် စာတမ်းတွေကို တရားမဝင်ပုံနှိပ်တဲ့ ပုံနှိပ်စက်နဲ့ တခြားစက်ပစ္စည်းတွေ ဖမ်းမိမှု စတဲ့ အမှုတွေ တသီကြီးကို ဖော်ထုတ်ဖို့အတွက် ကျုပ်တို့ ထောင်မှာ အချုပ် (Under trail) နဲ့ ထားကြဦးမတဲ့။ အဓိက တရားခံဟာ ဒီဆရာတော် ကြီး မဟုတ်မှန်းလည်း တိုင်းမှူးကအစ အားလုံးသိထားကြပါတယ်။ ဒါပေမဲ့ ဘယ်သူဘယ်ဝါရယ်လို့ ဆရာတော်ကြီးက လက်သည်တရားခံကို ဖွင့်ဟ မမိန့်လေတော့ ဘာဆက်လုပ်ရမှန်းလည်း တိတိပပ အစီအစဉ်ရှိကြသေးပုံ မရဘူး။ အဲဒီတော့ 'ငါးတကာ ယိုတဲ့ချေး ပုစွန်ဆိတ်ခေါင်းပုံ' ဆိုတာလို နောက်ဆုံးတော့ ကျုပ်တို့ထောင်ဆီကိုပဲ ဂိတ်ထိုးပြန်တော့တာပေါ့။ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ချုပ်မိန့်ရီမန်ရေးရဲ့ စစ်ကြောရေး အချုပ်သားခေါင်းစဉ်အောက်ကပဲပေါ့။ သူတို့တရားစွဲ အဖွဲ့အစည်းတွေကတော့ သူတို့အလုပ် သူတို့လုပ်ပြီး ဖုတ်ဖက်ခါပြန်သွားကြလေရဲ့။ ကျုပ်တို့မှာသာ သူတို့ရဲ့ ဒုက္ခပေးမှုကြီး ရင်ခွင်ပိုက်ပြီး ငုတ်တုတ်ကျန်ရစ်ခဲ့တာဗျို့။ ခင်ဗျားကို အပြေးအလွှား လှုလွှတ်ခေါ်နိုင်းလိုက်ရတာလည်း အဲဒီကိစ္စပဲ''

ထောင်ပိုင်ကလေး ဦးလူလှရဲ့ စကားသံတွေက ကျုပ်နားထဲကို ဝင်တစ်ချက်၊ မဝင်တစ်ချက်။ ကျုပ်လွှတ်အာရုံများနေမိတာက ထောင်ပိုင်ကလေးရဲ့ ရောမရုံးစားပွဲကြီးရှေ့၊ လက်တင်ပါတဲ့ ကြိမ်ကုလားထိုင်ကြီးပေါ်မှာ မတ်မတ်စန့်စန့်ကြီး ရှုတည်တည် မျက်နှာကြောတင်းတင်းနဲ့ ထိုင်နေတော်မူတဲ့ အရွယ်အိုအို ဘုန်းတော်ကြီးတစ်ပါးကိုပဲ။

အရွယ်တော်က အိုလှရှာပါပြီ။ မရှိဘူးဆိုရင်တောင် ခုနစ်ဆယ်၊ ခုနစ်ဆယ့်ငါးကို သီသီကလေးစွန်းရှာရော့မယ်။ တောထွက် ဘုန်းကြီးကြီးများ နှစ်သက်တတ်တဲ့ အရောင်ရင့်ရင့် ပိန္နဲရောင်၊ သင်္ကန်းခပ်နွမ်းနွမ်းကို ယှက်ယှက်ယပ်ယပ် ရုံထားသမှု။ အသားအရေတော်က အတော်ကလေး ညိုတယ်။ တောင်သာ–ဝဲလောင်ဖက်မှာ တွေ့ရရိုးထုံးစံ နေလောင်ထားတဲ့ ကြေးနီရောင် အသွေးမျိုးရယ်။ အားမနာပါးမနာပြောစတမ်းဆိုရင် မည်းချင်ယောင်ယောင်အောက်တောင် လှနေသေး။ အဲ ... မြင်မြင်ချင်း ဒင်းခနဲ ဘွင်းဘွင်းကြီး သိသာပေါ်လွင်နေတာကတော့ အရိုးနဲ့အရေ ကပ်တော့မလောက် ပိန်လှီတော်မူလွန်းတာနဲ့ အမေ မွေးကတည်းက ''ဘုန်းကြီးပဲဝတ်ပေရော့''လို့ ကံသေကံမ တုံးတုံးချ မီးရှူးသန့်စင်ပေးလိုက်သလို သာသနာ့သာရုပ္ပဖြစ်တော်မူလွန်းလှတဲ့ တကယ့်ဘုရားသားတော် ''ဓမ္မရက္ခိ'' ရဟန်းမြတ်တော်မှာသာ တွေ့ရတတ်မြဲ ရိုးရှင်းကြည်လင်မှု၊ အေးချမ်းငြိမ်သက်မှု၊ စွဲမြဲနိုင်မာမှု မျက်နှာတော်တွေပဲ။

အင်း ... ကျုပ်တို့အညာပြော ပြောရရင် ''ရိုးကြီးဂေါင်ဂင်ကြီး'' လို့ ပြောရမှာဗျ။ ဘယ့်နှယ်ဗျာ၊ အသားရယ်လို့မှ ရှိတယ်မထင်ရ။ အရိုးနဲ့ အရေကပ်နေလိုက်ပုံများ ကမ္ဗဋ္ဌာန်းအရိုးစုကို သားရေပူဖောင်းစွပ်ထားသလိုမျိုး။ ငေါ်ထွက်နေတဲ့ မျက်ခုံးရိုး၊ မေးရိုး၊ ပါးရိုးကြီးတွေ၊ အတွင်းကိုချိုင့်ဝင်





နေတဲ့ မျက်တွင်း၊ မြင်ရသမျှ ကျိုးကန်းခြေထောက်လို အရိုးအဆစ်ပိန်ပိန်ကလေးတွေနဲ့ လက်ချောင်းကလေးတွေ၊ တီကောင်အထွေးလိုက်ကြီး ပစ်တင်ထားသလို အရိုးပေါ်အရေကပ် လက်ရုံး၊ လက်မောင်း၊ လက်ဖျံ၊ လက်ချောင်းတွေပေါ်က အဖု၊ အထုံး၊ အကြောမျှင် အကြောတန်းတွေ၊ ပန်းပုဆရာကြီး ဦးဟန်တင်ရဲ့ ပလပ်စတစ် ပုံသွင်းရုပ်ထုတော်တစ်ဆူလို တစ်စက်ကလေးမှ အလှုပ်အခတ်မရှိဘဲ ငြိမ်ငြိမ်အေးအေး ထိုင်နေတော်မူတဲ့ အရိုးစု ကမ္ဗဋ္ဌာန်းသာသာ ဘုန်းတော်ကြီးကို ဖူးရင်း ''ဘုရား ... ဘုရား၊ ဒီလူတွေ ဆရာတော်ကြီးကို ဆွမ်း၊ ကွမ်း၊ ဘောဇဉ်၊ အာဟာရမကပ်ဘဲ ပစ်များထားခဲ့ကြလေရော့သလား။ သင်းတို့ဆီမှာ စစ်လိုက်ဆေးလိုက်နဲ့ ဘယ်လောက်တောင်ကြာခဲ့ပြီးမှ ''မကောင်းထောင်ပို့'' လုပ်ခဲ့ကြတာပါလိမ့်''

ဆိုတဲ့ အတွေးက ဖြုန်းစားကြီးဝင်လာခဲ့ပြီး ချောက်ချောက်ချားချား ဖြစ်သွားမိရတယ်။ 'ဖြစ်မှဖြစ်ရလေ' ဆိုတဲ့ ယူကျုံးမရ စိတ်ရယ်၊ 'ဘုရားသားတော် ထေရ်ကြီးဝါကြီးသာမဏေရဟန်းတွေကိုတောင် အလေးအမြတ် အရှိအသေ ပြုရကောင်းမှန်း မသိကြကော့ပါကလား၊ ဘုရား ... ဘုရား၊ သာသနာပျက်ကိန်းဖြင့် ကြုံချေပေါ့' ဆိုတဲ့ ကြေကွဲစိတ်ရယ် ထွေးလားလုံးလား အလုအယက် လည်ချောင်းမှာ လာဆို့နေသဗျ။ တစ်လစ်ကြီး။ ကျုပ်မှာ ကြီးတောင်ကြီးမားကျကာမှ အလိုလိုမျက်ရည်တောင် ကြည်လည်ဖြစ်မိရ။ ဟင်း ... ခက်သဗျ နော့ ...။

''အဲဒါကို ... ကျွန်တော်က ... ဘာ''

လူကြီးစကားကို အလုအယက်ဖြတ်ပြောဖို့ ရှိုင်းတယ်ထင်ချင်လည်း ထင်ရော့၊ မတတ်နိုင်ဘူး။ ကျုပ်ရင်ထဲက သိချင်စိတ်တွေကို ဘယ့်နှယ်မှ ချုပ်တည်းမျိုချပစ်လို့ မရဘူးလေ။ မထိတ်သာမလန့်သာ ဒီအရေးအခင်းကြီးထဲမှာ ကျုပ်က ဘယ်အခန်း၊ ဘယ်ဇာတ်ရုပ်က ဝင်က,ရဦးမှာတဲ့လဲ ... ကဲ။

''အင်း ... ဒီလိုဗျ ... ကိုဇော်မြင့်ရဲ့၊ ကျုပ်နဲ့ ထောင်ပိုင်ကြီးတို့က ဘုန်းတော်ကြီးကို တစ်ပါးတည်း သီးသီးသန့်သန့် သီတင်းသုံးစေတာကကောင်းမယ်လို့ တွေးမိကြတယ်။လောလောဆယ် ဒီကိစ္စကို ၅(ည)တွ



www.burmeseclassic.com

www.burmeseclassic.com



မသိစေချင်သေးဘူး။ အဆက်အသွယ် အစပ်အယှက် ရှုပ်ရှုပ်ပွေပွေတွေလည်း အဖြစ်မခံနိုင်ဘူး။ အဲဒီတော့ သီးသန့်ထောင်ကို ပို့လိုက ဘယ့်နှယ်မှ မဖြစ်ဘူး။ ထောင်မကြီးဘက်က (၂)တိုက်နဲ့ (၃)တိုက်ကို ပို့မယ် စဉ်းစားပြန်တော့လည်း ဒီလိုထေကြီးဝါကြီး ဆရာတော်ကြီးတစ်ပါးကို ဒီအတိုင်း ထောင်ထဲပို့ပြီး စစ်ကြောမေးမြန်းကြသတဲ့လို့ သိသွားကြရင် ထောင်ထဆွလိမ့်မယ်။ ခင်ဗျားလည်း သိတဲ့အတိုင်း လောလောဆယ်မှာ ထောင်ကိုက ခပ်လှုပ်လှုပ် ရုပ်ပွရုပ်ပွ မဟုတ်လား။ မီးပုံကြီးထဲ ဓာတ်ဆီလောင်းလိုက်သလို ဖြစ်သွားတော့မှာ။ အင်း ... အဲဒီတော့ ကျုပ်တို့က ခင်ဗျား အလုပ်ရုံဘက်က အဆောင်တစ်ခုခုမှာ ယာယီ သိတင်းသုံးစေချင်တယ်။ အဲဒါ ...''

အလိုလေးဗျာ ... ထောင်တိုက်မိမှ ကမ်းဆိုက်မှန်း သိဆိုသလို ကျနေပါရော။ ကျုပ်သိလိုက်ပြီ။ ထောင်ပိုင်ကလေး ဘာကို ရည်ညွှန်းချင်နေသလဲဆိုတာ ကျုပ်ထပ်ခနဲ ရိပ်မိလိုက်ပြီ။ ဟူး ... မလွယ်ကြောပါကလား။

ဒီလိုလေ ... ကျုပ်တို့ မန္တလေးထောင် ထောင်မကြီး (Central Jail) ထဲမှာ အကျဉ်းသား၊ အချုပ်သား မထားဘဲ ဗလာချီး လွတ်နေတဲ့ဝင်း (Compound) ကြီး တစ်ခုရှိတာကိုးဗျ။ တိလတ်ဆောင်တဲ့။ တိုး ၁၉၀၈–၁၉၂၆–၂၇ လောက်က အိန္ဒိယနိုင်ငံရေး ခေါင်းဆောင်ကြီး ''လောကမာညတိလတ်''ကို မဒရပ်ကနေ မန္တလေးထောင်ထဲမှာ ထိန်းသိမ်းချုပ်နှောင်ထားရင်း ထောင်ထဲမှာဘဲ အနိစ္စ ရောက်ခဲ့ရရှာတဲ့အတွက် ထိတ်ထိတ်ကြဲ အိန္ဒိယ လွတ်လပ်ရေးကြိုးပမ်းမှုရဲ့ ဖခင်ကြီးမို့ အိန္ဒိယနိုင်ငံအစိုးရက အထိမ်းအမှတ် အဆောက်အဦကြီးတစ်ခု ဆောက်ပြီး ဂုဏ်ပြုထားတဲ့ ဝင်းကြီးလေ။ အဲဒီအထဲမှာ အုတ်ကြွပ်မိုး၊ ကျွန်းသစ်ဒေါင်လိုက်တန်းတွေကာ၊ ကွန်ကရစ်ကြီးခင်းနဲ့ ၂၀'×၂၅'×၁၃' တစ်ထပ်အိပ်ဆောင်ကလေးတွေ ၃လုံးရှိတယ်။ မစ္စတာတိလတ်ကြီးခမျာ အဲဒီ တစ်ထပ်အိပ်ဆောင်လေးတစ်လုံးထဲမှာပဲ နှစ်အစိတ်၊ ၃၀ လောက်နေသွားခဲ့ရရှာတာ။ ဘာထူးတုန်း၊ ဖဆပလခေတ် ဝန်ကြီးချုပ် ဦးနုတို့၊ သတင်းစာဆရာကြီး လူထုဦးလှတို့၊ ဆရာကြီးရွှေဥဒေါင်းတို့ အထိမ်းသိမ်း ခံခဲ့ကြရတုန်းကလည်း အဲဒီ အဆောင်လေးတွေမှာ ပုဒ်မ





ငါးသမားတွေအဖြစ် ကာလတာရှည် နေသွားခဲ့ကြရသေးတာကလား။ ရေခံမြေခံကဖြင့် လွှတ်ကောင်းကိုးဗျနော။

ဒါပေတဲ့ အဲဒီဝင်းကြီးထဲမှာ အခုတော့ဖြင့် အကျဉ်းသား၊ အချုပ်သား မထားတော့ဘူးရယ်။ ဝန်ကြီးချုပ် ဦးနု အစိုးရလက်ထက်မှာ နှစ်နိုင်ငံချစ်ကြည်ရေးအတွက်တဲ့၊ အိန္ဒိယသံရုံးက 'တိလတ်' အထိမ်းအမှတ် အဆောက်အဦကြီးဆောက်ခဲ့တယ်။ အဲဒီတုန်းက နှစ်စဉ်တိလတ်ဂုဏ်ပြုပွဲတွေ၊ ဟောပြောပွဲတွေကို အဲဒီအဆောင်ထဲအထိ လာလုပ်ခဲ့ကြသေးတယ်။ ၁၉၆၂–ခုနှစ် စစ်တပ်ကလည်း အာဏာသိမ်းရော အဲဒီအစဉ်အလာလည်း ပျောက်ကရောတဲ့။ အဲ ... အခုတော့ဖြင့် အဲဒီအဆောက်အဦကြီးထဲမှာ ကျုပ်တို့အလုပ်ရုံက ချည်ထုပ်တွေ ထည့်သိမ်းထားသဗျ။ ၁/၁၄/၊ ၁/၂၀၊ ၁/၃၀ ချည်ထုပ်တွေ ပေါင်သောင်းချီပြီးပေါ့။ နော့ ... ကျုပ်တို့ အလုပ်ရုံကပဲ အထက်မြန်မာပြည် ထောင်အသီးသီးကို ပုံစံအကျီ၊ လုံချည်တွေ၊ စောင်တွေ ယက်ဟခတ်ဟ ချုပ်ဟနဲ့ ဖြန့်ဖြူးပေးနေရတာ မဟုတ်လား။ အင်း ... 'တိလတ်' ဝင်းထဲက အိပ်ဆောင်ကလေးတွေဟာ ဗလာဟင်းလင်း၊ အလွတ်တွေချည်း ဘုန်းတော်ကြီးကို အဲဒီ အဆောင်ကလေးတစ်ခုခုထဲမှာ ထားကြမလို့တဲ့။

ဘာတတ်နိုင်မှာတုံး။ ထားချင်လည်း ထားကြပေါ့။ ကျုပ်က ထောင်မှူးအဆင့်ပဲရှိတဲ့ အရာရှိပေါက်စ ချွတ်တားဝါလားကလေးပဲဟာ။ ဘယ့်နှယ် 'မသင့်တော်ပါဘူး၊ ဘာဘူး ညာဘူး'နဲ့ ဂျိုကျိုပတ်တလုပ်ရဲပမလဲ။ ကဲ ... မှန်တယ်၊ သင့်တယ်ထင်တဲ့အတိုင်း ဝေဖန်တိက အကြံပေးပြန်တော့ရော လက်ခံလိမ့်မယ်များ ထင်သလား၊ ဝေးသေး။ ခေတ်ဗျ ... သိရဲ့လား၊ ခေတ် ... ခေတ်။ ''ခိုင်းတာလုပ်၊ ခံမပြောနဲ့'' ခေတ်။ 'ဘူးပေါက်တာမလိုချင်ဘူး ရေပါတာပဲ လိုချင်တယ်'ဆိုတဲ့ခေတ်။ 'ပေါင်းတော်ငြိတ်စိတ်တော်သိ၊ သခင်အားရ ကျွန်ပါး၀' ခေတ်။ စစ်အစိုးရခေတ်။ ပြန်ပြောကြည့်လိုက်ပါလား၊ 'သာဒင်ကို ဘာထင်သလဲ' ဖြစ်သွားမယ်။ တကာတဲ ...။ ထုံးစံအတိုင်း ... ကျုပ်ကလည်း တစ်ခွန်းမှ ကြက်ခေါင်းဆိတ်မခံ 'ဟုတ်ကဲ့ ...'ချည်းပေါ့။ ဟင်း ... ဟင်း ... ဟင်း ...။

''အဲဒါဗျာ ... လိုအပ်မဲ့ အသုံးအဆောင်ပစ္စည်းတွေ၊ အခင်း



www.burmeseclassic.com

www.burmeseclassic.com



အကျင်းတွေကို ကိုဇော်မြင့်ပဲ ကြည့်စီစဉ်လိုက်စမ်းပါဦး။ တစ်ယောက်အိပ် ကုတင်လေးတစ်လုံးရယ်၊ ဖျာချောတစ်ချပ်ရယ်၊ ပက်လက်ကုလားထိုင်လေး တစ်လုံးရယ်၊ ရေအိုးနဲ့ ရေစစ်တွေရယ် သီလား''

''ဟုတ်ကဲ့''

ဟုတ်ကဲ့ပဲပေါ့။ တစ်ခွန်းမခံ ပါဆိုမှပဲ ... ဟုတ်စ။

''အဲဒီထက် အရေးကြီးတာရှိသေးတယ် ကိုဇော်မြင့်ရေ ...။ ခင်ဗျားကို ခေါ်လိုက်ရတဲ့ အဓိကအကြောင်းက ဒုတိယကိစ္စကြောင့်''

အောင်မလေးဗျာ။ ရေနစ်တဲ့သူ ဝါးကူလို့ထိုးဆိုတာဒါမျိုး ရှိမှာ ပါဘဲ။ ဘယ့်နှယ်ခင်ဗျာ၊ အခုကြားရ ကြုံရသလောက်နဲ့တင် ရင်ပြည့် ရင်ကယ် ရှိလှချည့်ဖြစ်နေပေါ့ဥစ္စာ၊ အဲဒီထက်ကို အရေးကြီးတာကြီးက ရှိသေးဆိုပဲ။ ဘုရား ... ဘုရား၊ ကြုံသေးတယ် ကုန်ဆွေးဗျာထုကြွယ်ပါကလားဗျာ။

''ဟုတ်ကဲ့ ... ဆရာ''

''ဒီလိုဗျ ... ဒီဆရာတော်ကြီးက သူတို့စဖမ်းတဲ့နေ့ကတည်းက ဆွမ်းမဘုဉ်းတော့တာ ၄၊ ၅ ရက်ရှိခဲ့ပြီတဲ့ဗျ။ 'ခဏကလေးပါဘုရား' ဆိုပြီး ပင့်လာခဲ့ရာက အခုတော့ ထောင်ထဲအထိ ဒုတ်ဒုတ်ထိ ပို့လွှတ်လိုက်လေ တော့ ရဟန်းသာမဏနဲ့ ထောင်ဆိုတာ ဘာဆိုင်တာမှတ်လို့။ ထောင်ထဲက မလွှတ်ပေးသရွေ့ လုံးဝ ဆွမ်းမဘုဉ်းပေးတော့ဘဲ 'အစာငတ်ခံ ဆန္ဒပြ' မတဲ့ ဗျ။ သီတင်းသုံးဖို့ စီစဉ်ထားတာလည်း ခင်ဗျားရဲ့ 'တိုလတ်ဆောင်' ထဲမှာ ဆိုတော့ တစ်လက်စတည်း ဘုန်းတော်ကြီးရဲ့ 'Hunger Strike' ကိစ္စမှာ လည်း ခင်ဗျားကိုပဲ တာဝန်ခံအဆောင်မှူးအဖြစ် ကြီးကြပ်ဆောင်ရွက်ဖို့ တာဝန်ပေးကြမယ်လို့ စီစဉ်ထားကြတယ်။ အဲဒါ လိုအပ်တဲ့ ဝန်ထမ်းစုဖွဲ့မှု တွေ၊ ရုံးကိစ္စတွေ၊ ပြင်ပဆက်သွယ် ဆောင်ရွက်ရမယ့်ကိစ္စတွေကို ခင်ဗျား စပြီး ပြင်ဆင်ပေတော့''

ကိုင်း ... 'သေလိုက်စမ်းပါ အရပ်ထဲက လူကြီးတွေ' ဆိုတဲ့ ကိန်း ကို ဆိုက်ကရောဗျို့။ ကျုပ်အဖို့တော့ ဝန်ထမ်းသက်တစ်လျှောက်မှာ ရောနှော အဆိုးဆုံးကပ်ကြီး ဆိုက်တာပဲ။ တကယ် ... တကယ်။ နားရှိလို့သာ ကြား လိုက်ရရုံဖြင့် ယုံလို့ မရချင်သေးဘူး။ သက်ရှယ်တော် ဒီလောက်အိုမင်းနေတဲ့





မထေရ်ကြီး တရင်းဝင် ရဟန်းတော်တစ်ပါးကို 'ပတိရူပ' မဖြစ်တဲ့ စစ်ကြော ရေး အချုပ်ခန်းထဲ ခေါ်စစ်၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ ဖြစ်ချင်စရာ စိတ် ပစ္စုပ္ပန်အရပ်ဆီကို 'ကိုယ့်လက်ကလွှတ် ဖြွတ်' ဆိုပြီး မျက်နှာလွှဲ ခဲပစ်လုပ်ခဲ့၊ ကဲ ... အခုတော့ ကိုယ်တော်ကြီးက 'Hunger Strike' တဲ့။ အစာငတ်ခံ ဆန္ဒပြမတဲ့။ ဘယ့်နှယ်လုပ်ကြပါ။

''ကျုပ် ဆွမ်းမဘုဉ်းပေးတော့ဘူးလို့ ဆုံးဖြတ်လိုက်တာက နိုင်ငံ ရေးနဲ့ မဆိုင်ပါဘူး ဒကာတို့ရယ်။ ဗုဒ္ဓဘာသာရဟန်းတော်တစ်ပါးအနေနဲ့ မအပ်မရာလှတဲ့ ဒီလိုအရပ်ဒေသမျိုးကို ရောက်ဖြစ်ရတဲ့အတွက် သာသနာ့ အသရေတော် ညစ်နွမ်းလွန်းလို့ပါ။ အဲဒါကြောင့် ဒီထောင်ထဲမှာ နေနေစဉ် ကာလအတွင်း ကျုပ်တရားဓမ္မကိုပဲ အချိန်ပြည့်နှလုံးသွင်းပြီး နေလိုက်တော့ မယ်။ ကျုပ်အတွက်လည်း ဘယ်သူ့ဘယ်သူမှ ကယိကထ မများ၊ ဗဟုကိစ္စ မပိုစေချင်တော့ဘူး။ ပြီးတော့ ဒီအစိုးရနဲ့ မကင်းတဲ့ ဆွမ်းကိုလည်း ကျုပ်ရဲ့ အသက်ဇီဝတည်တံ့ဖို့ အရေးသက်သက်အတွက် မသုံးမဆောင်နိုင်ဘူး။ အဲဒါ ပဲ ... ဒကာတို့''

အံ့ရောဗျာ။ ဆရာတော်ကြီး မျက်ဝန်းတော်ထဲက စိမ်းစိမ်းပြက် ပြက် အရောင်လျှံတွေ တလက်လက် တောက်စားနေသလိုပဲ။ ကိုယ့်ကိုယ် ကျင့်သီလ၊ ကိုယ့်မှာ ကိန်းနေတဲ့ တရားဓမ္မတွေကို ကိုယ့်ဖာသာ၊ ယုံယုံရဲရဲ နိုင်နိုင်ကျည်ကျည် ရှိလွန်းတဲ့ အရောင်အလင်းမျိုး။ အကြည့်ခံရသူရဲ့ ရင်လိုဏ် ဟိုးအတွင်းပိုင်းထဲအထိ ရှူးခနဲ ထိုးခွဲဝင်သွားတော့မယ့် အတိုင်း။ ပိန်လှီချိနဲ့ လှတဲ့ ချုံးချုံးကျ ရုပ်ခန္ဓာထဲက ဒီလောက်ခက်မာပြတ်သားတဲ့ သံန္နိဋ္ဌာန် စိတ်တွေ လင်းခနဲ ဖြာထွက်လာနိုင်တာဟာဖြင့် အံ့တစ်ပါးပါပဲဗျာ။

ကျုပ်စိတ်ထဲမှာတော့ စစ်ကြောရေးမှာလည်း ဆွမ်း လေးငါးနပ်ကို ပေရာမထိခဲ့ပြီးပြီ။ ကိုယ်ရေးကိုယ်တာကလည်း နဂိုကမှ ခပ်ပါးပါး ခပ်ယဲ့ယဲ့။ အခုလည်း ဆွမ်းဘုဉ်းမပေးဘဲ အစာငတ်ခံဆန္ဒပြ ပြန်ဦးမတဲ့။ ဒီပုံအတိုင်း ဆို ဘုန်းတော်ကြီး ဘယ်လောက်ဆက်ပြီး တောင့်ခံနိုင်ဦးမှာလဲ။ သိပ်မကြာ ခင် ဘုန်းဘုန်းလဲ၊ ပြီးတော့ ... ကျုပ် ဆက်ကို မတွေးရဲတော့ဘူးဗျာ။ စိတ် ထဲမှာလည်း ဗလာဟင်းလင်း ညစ်ကျူးလို့။ ရင်ဘတ်ပေါ်ကို စစ်ဖိနပ်ကြီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖိနှင်းခံထားရသလို ဆို့ကျုပ်ကျုပ်၊ မွန်းပိတ်ပိတ်ကြီး။ ‘ဖြစ်မှုဖြစ်ရပလေ . . . ကြုံမှုကြုံရပလေ’လို့ပဲ ကျုပ်ရင်ထဲမှာ ဘာသာ ညည်းနေမိရဲ့။

ဘာပဲပြောပြောလေ။ ကြုံကြုံကြိုက်ကြိုက် ကိုယ်နဲ့မှ တိုက်ဆိုင်လာတဲ့ ဘုန်းတော်ကြီးရဲ့ကံ၊ ကိုယ့်ရဲ့ကံလို့ပဲ မှတ်လိုက်ရတော့တာပေါ့။ ‘လက်ငင်းအခြေအနေကို လက်ခံ၊ ဖြစ်နိုင်သမျှ အကောင်းဆုံးစီမံ၊ ရနိုင်သမျှ ဖြစ်နိုင်ခြေတွေကို ဖန်တီး’တဲ့။ အရိုးစွဲအောင် သင်ကြားလေ့ကျင့်ပေးထားတဲ့ ငယ်ဆရာများရဲ့ ဩဝါဒကို ရင်ထဲသိုပြီး ဘုန်းတော်ကြီးကို ကျုပ်ပိုင်နက် ‘တီလတ်ဆောင်’ဆီ ပင့်လာခဲ့ရသဗျ။

ဟုတ်တယ် . . . ဟုတ်တယ်၊ ဘယ့်နှယ် ထောင်မကြီးထဲက ဖြတ်ပြီး ပင့်လို့ရမှာတဲ့လဲ။ ထောင်အပြင် အုတ်ရိုးကြီးရဲ့ အရှေ့တောင်ဘက်နားမှာ ထောင်ထဲကို . . . အဲ၊ ‘တီလတ်ဆောင်’ထဲကို တန်းခနဲ ဝင်လို့ရတဲ့ ၆'×၃' မလွယ်ပေါက် သံတံခါးတစ်ခုရှိသေးသဗျ။ အဲဒီ မလွယ်ပေါက်ကလည်း သူ့ရာဇဝင်နဲ့သူရယ်၊ ပါချီပါချဲ့မဟုတ်ဘူး။ ဟိုဗျာ အင်္ဂလိပ်လက်ထက် နယ်ချဲ့အစိုးရကို တစ်တစ်ခွခွ ဟောပြောဆန့်ကျင်ခဲ့တဲ့ ဦးဥတ္တမကိုယ်တော်ကြီးကို မန္တလေးထောင် ပို့ခဲ့တုန်းက ‘ငါ မင်းတို့ထောင်ဗူးတံခါးက အသွင်းမခံနိုင်ဘူး’ လို့ ဗီဗီခါခါငြင်းပြီး ဂလန့်တိုက်ခဲ့လို့ ထောင်အုတ်ရိုးကြီးကိုဖောက်ပြီး အရေးပေါ် လုပ်ပေးလိုက်ရတဲ့ တံခါးတဲ့။ ‘ဦးဥတ္တမ တံခါး’လို့ ခေါ်တယ်၊ ကျုပ်တို့ကိုယ်တော်ကြီးကို အဲဒီ ဦးဥတ္တမတံခါးက ပင့်လာခဲ့ရတာ။

“ခတ်တူနံ့တူဆေးဖက်ယူ”

တဲ့ဗျ။

“မတော်မတရားတဲ့ အစိုးရက ကပ်တဲ့ဆွမ်းကို ပါးစပ်ထဲအသွင်း မခံနိုင်ဘူး”

လို့ တင်းတင်းမာမာ ပြတ်ပြတ်သားသားမိန့်ပြီး အစာငတ်ခံဆန္ဒပြမဟဲ့လို့ ကြုံးပရဲတဲ့ ချိန့်နဲ့ ချုံးချုံးကျ ရဟန်းအိုကြီးတစ်ပါးဟာ အာဇာနည်မဟုတ်လို့ ဘယ်သူပြောရဲသလဲ။

ဟုတ်တယ်၊ ကျုပ်တော့ မပြောရဲတာ အမှန်။

✿ ✿ ✿

[၃]

❑

လကလည်း သာလွန်းလှသဗျာ။

ကျုပ်အိမ်လိုင်းခန်းကလေးရှေ့မှာ ကျုပ်ကိုယ်တိုင်နားတဲ့ အားတဲ့အခိုက် တကုပ်ကုပ်တလှုပ်လှုပ် အပတ်တကုတ် စိုက်ပျိုးယုယထားတဲ့ ပန်းခြံပေါက်စနီးပေါက်စနကလေး ရှိပေမဲ့လည်း နံ့စွဝှုဝထောင်သံသရာထဲမှာပဲ နစ်နေ မြုပ်နေခဲ့ရလေတော့ ကျုပ်ကိုယ်ပိုင် ပန်းခြံကလေးထဲ အေးအေးဆေးဆေးထိုင်ပြီး ညကသိုဏ်း လကသိုဏ်း မရှုမိခဲ့တာတောင် ကြာပေါ့။ လရောင်လင်းတဲ့ ညမျိုးများ မေ့သလောက်တောင်ဖြစ်လို့။

အခုတော့ဖြင့်ဗျာ “အစာငတ်ခံဆန္ဒပြ” နေတဲ့ ဆရာတော်ကြီးကို နေ့နေ့ညည စောင့်ကြည့်ဖို့ တာဝန်ဝင်နေရ၊ ထောင်မကြီးထဲမှာ ရှိနေပေမဲ့ သူ့ဝင်းသူ့တံတိုင်းနဲ့သူ တသီးတခြားဖြစ်နေတဲ့ ‘တီလတ်’ဆောင်ဝင်းကြီးထဲမှာ ညလုံးပေါက် လရောင်ချိုးနေခဲ့ရတာဟာဖြင့် သုံးရက်သုံးညတိုင်ခဲ့ပြီပေါ့။

ကာယကံရှင် ဆရာတော်ကြီးဖြင့် ဘယ်လိုရှိရှာလေတယ်မသိ၊ ကျုပ်နဲ့ ကျုပ်တပည့်တွေမှာဖြင့် နေ့ရောညပါ အအိပ်ပျက် အစားပျက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပ။ ဟုတ်တယ်လေ . . . ၊ 'Hunger Strike' အစာငတ်ခံဆန္ဒပြတဲ့ ပုဂ္ဂိုလ်ကို ထိန်းသိမ်းစောင့်ရှောက်ဆောင်ရွက်ပေးရတတ်တဲ့ လုပ်ထုံးလုပ်နည်းတွေက အရမ်းကိုအသေးစိတ်တာကလား။ စက္ကန့်၊ မိနစ်၊ နာရီတွေ တဖျတ်ဖျတ်ကုန်သွားတာနဲ့အမျှ ဆန္ဒပြနေတဲ့ ပုဂ္ဂိုလ်ရဲ့ ကျန်းမာရေးအခြေအနေ၊ အသက်အန္တရာယ်ကြီးက ပိုပိုအရေးကြီးကြီးလာနေတာ မဟုတ်လား။ ခန္ဓာကိုယ်ထဲမှာ ရေဓာတ်က တဖြည်းဖြည်း ခမ်းခြောက်လာမယ်။ သွေးထဲမှာလည်း အချိုဓာတ်က လျော့လျော့လာမယ်။ အစာအိမ်မှာ အစာမရှိတော့ ခန္ဓာကိုယ်ရဲ့ ပုံမှန်ဇီဝကမ္မဗေဒ ဖြစ်စဉ်တွေကလည်း ဖောက်ပြန်လာကြမယ်။

ဘယ်လောက်တောင် ကြံ့ခိုင်တောင့်တင်းတဲ့ ပုဂ္ဂိုလ်မျိုးပဲဖြစ်ဖြစ် အစာမစားဘဲ သုံးလေးရက်လောက်နေကြည့်၊ ရေသောက်မြစ်ပြတ်ပြီး နေလောင်ထားတဲ့ သစ်ပင်ကလေးလို ညှိုးနွမ်းရှိသွားတတ်တာမျိုး မဟုတ်လား။ အဲဒီတော့ အဲဒီလို စက္ကန့်နဲ့အမျှ ပြောင်းလဲနေတဲ့ အခြေအနေတိုင်းအတွက် အချိန်နဲ့တပြေးညီ တုံ့ပြန်ဆောင်ရွက်နေရတာတွေက အများသား။ ကျုပ်တို့လို ကိုယ့်အလုပ်ကိုကိုယ် ပုပန်ကြောင့်ကြများတတ်တဲ့ အလုပ်ရဲ့ သမားမျိုးအတွက်ကဖြင့် အဲဒီစက္ကန့် မိနစ်တွေဟာ ကမ္ဘာချဉ်းအောင် ကြာလွန်းလှသများ။ ဟုတ်ဟုတ်ငြားငြားစားလို့က မဝင်၊ ဟန်ရပန်ရ အိပ်လို့မပျော်နဲ့ ဒုက္ခနှယ် ကြီးလိုက်ပုံများ အရှင်လတ်လတ် ငရဲရောက်နေသလိုပါပဲဆို။

မျက်စိနဲ့ တပ်အပ်တွေ့နေမြင်နေရတဲ့ ဆရာတော်ကြီးရဲ့ ဖြစ်အင်လည်း ထိခိုက်ကြေကွဲရ။ ဒီအပူ ဒီဒုက္ခစက်ကွင်းကြီးကို ဘွားခနဲ ကျော်လွှားလွန်မြောက်သွားစေနိုင်တဲ့ 'အပ်ချလောင်း' နည်းလမ်း ဖော်နည်းကားကလည်း ကိုယ်ကမသိ။ ကိုယ့်နည်းအတူ လူစားလူလှယ် လုံးဝမရှိဘဲ နေ့မညမီးဆက် ဂျူတီဝင်နေကြရတဲ့ ကျုပ်တပည့်ကလေးတွေကို ကြည့်ပြီးလည်း သနား။ ဘာမျှ အရေးပါပါ လုပ်မပေးနိုင်ဘဲ ငုတ်တုတ်ထိုင် မိုးလင်းနေရတဲ့ ကိုယ့်ရဲ့ အသုံးမကျမှုအတွက်လည်း ရင်ဘတ်ထဲမှာ စလုံးစခု ဖုတုတုမအီမလည်ဖြစ်။ နွေပူလယ်ခေါင် ရှားသားမီးဖိုရဲရဲကြီးဘေးမှာ ငုတ်တုတ်သားကြီးတုပ်လျက်ပစ်အချ ခံထားရသလိုပါဗျာ . . . ဟူး"

သူရိန်စာပေ



အဲဗျို့ . . . ကျုပ်တို့ ဆရာတော်ကြီးကဖြင့် "အစာငတ်ခံဆန္ဒပြ" နေတယ်ပဲပြောတာ။ တုပ်တုပ်ကလေးရယ်မှမလှုပ် . . . ကျောက်ရုပ်။ 'ရေနွေးကလေး နည်းနည်းဘုဉ်းပေးပါဦး ဘုရား' လို့ အတန်တန်ပြောလွန်းမက ပြောတော့မှသာ မျက်လွှာကလေးဖွင့်၊ ကျုပ်တပည့်ကလေးတွေ အသင့်ကပ်လာတဲ့ မန္တလေးသောက်ရေသန့် အေးအေးကလေးကို အာစွတ်တယ်ဆိုရုံ နှုတ်ခမ်းများကလေးပေါ်တင်။ ပြီးတော့ မျက်လွှာပြန်ချ။ ကျောက်ရုပ်တုကလေးလို ငြိမ်သက်သွားပြန်ရော။ ဟော့ဒီ 'တီလတ်'ဝင်းထဲက တစ်လုံးအိမ်ကလေးထဲ နေသားတကျ ဖြစ်ပါပြီဆိုကတည်းက ဘုရားကိုယ်တော်မြတ်ကြီးဆီမှာ ကမ္မဋ္ဌာန်းတောင်း၊ တရားတော်မြတ်အတွက် အသက်ဇီဝကို ကပ်လှူဝေနေယျအများကို ရည်မှန်းမေတ္တာပို့ အမျှအတမ်းဝေပြီးတဲ့နောက် အာနာပါန ကမ္မဋ္ဌာန်းအာရုံမှာ သက်ဝင်နေလိုက်တာဟာ မင်္ဂအရသာ ဖိုလ်အရသာကို မျက်မှောက်ပြုနေတဲ့ ရဟန္တာ ကိုယ်တော်မြတ်ကြီးတစ်ပါးအတိုင်းပါပဲကလား။

အင်း . . . နေကာပူပူ၊ အစာရေစာက တစ်စက်တစ်ပေါက်ကလေးမှ မဝင်၊ အလှုပ်အရှား အထအကြွကလည်း နတ္ထိဆိုလေတော့ ကိုယ်တော်ကြီးခမျာ ဝမ်းတော်ထားလို့ ဆီးကလေးများသော်မှ စွန့်တော်မမူနိုင်ရှာတော့ဘူး။ ဘုရားပူဇော်ထားတဲ့ ဖယောင်းတိုင် အလင်းဝင်းဝင်းမှာ မြင်နေရတဲ့ ဘုန်းတော်ကြီးဘုရားရဲ့ အသွင်သဏ္ဌာန်တော်ဟာ ဆရာကြီး ဦးဘကြည်ဆွဲတဲ့ မဟာဗုဒ္ဓဝင် ပန်းချီကားတွေထဲက ဒုက္ကစရိယာ ကျင့်တော်မူခန်းလာ ကျုပ်တို့ ဘုရားအလောင်းသိဒ္ဓတ္ထပုံကိုသာ ကြည့်ရော့။ အဲသည့်အတိုင်း အရိုးနဲ့ အရေကြား အသားရယ်လို့ နတ္ထိ၊ ပိန်ချပ်ကပ်နေပါလေရော။

အဲဒီလိုသာ ဖြစ်နေတယ် အာနာပါန ကမ္မဋ္ဌာန်းရှုမှတ်နေတဲ့ ကျုပ်တို့ ဘုန်းတော်ကြီးရဲ့ 'ကိုယ်နေဟာ' ညှိုးတ်လာကိုင်းလာတယ်ရယ်လို့ မရှိ။ ပကတိ မတ်မတ်မားမားကြီးပဲဗျ။ အံ့စရာမကောင်းပေဘူးလား၊ စိတ်ရဲ့တန်ခိုး၊ ယုံကြည်စွဲမြဲမှုရဲ့ ခွန်အားသတ္တိလို့သာ ဩချလိုက်ဖို့ ကောင်းတော့တယ်။ တကယ့် အံ့ဩဘနန်းပါပဲဗျာ။ အဟုတ်။

"ဟဲ့ . . . တကာ"

သူရိန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘုရား"

"မင်းကျက်နေတဲ့စာတွေက မှားနေတယ်"

"တင်ပါ့"

"အလွဲကြီးကို ကျက်ပြီးဖြေလို့ဖြင့် မင်းဟာက အောင်နိုင်ပါ့မလား"

"တင်ပါ့"

"ဒီကို ယူလာခဲ့စမ်း ... မင်းရဲ့စာအုပ်တွေကို။ မှန်း ... ဒီကို ပေးစမ်း"

"တင်ပါ့"

အလိုလေး၊ ကျားသားမိုးကြိုး ခေါင်ခေါင်ခါးခါး ဖြစ်တော့ဖြစ်ခဲ့ပါကလားဗျို့။ ၄၀ ဝပ်အား လျှပ်စစ်မီးလုံးရောင် နီကြန့်ကြန့် ခပ်သဲ့သဲ့မှုန်မှုန်လေးအောက်မှာ ကျောက်ရုပ်တုကြီးလို ငြိမ်နေတဲ့ မတ်မတ်မားမား ကိုယ်တော်ကြီးဆီက ပီသပြတ်သားပြီး ကြဲ့ဇာသံပါတဲ့ အသံဩကြီးက ထွက်လာသဗျ။ ငြိမ်းချမ်းညှို့သက်လို့။ မေတ္တာ၊ ကရုဏာကြီးလွန်းတဲ့အသံ။ တက္ကသိုလ်ဝင်တန်း အတန်းတင် စာမေးပွဲကြီးဖြေဖို့ အပတ်တကုတ် ကျက်မှတ်နေကြတဲ့ ကျုပ်တပည့် တပ်သားဝင်းရွှေနဲ့ တပ်သားစန်းအောင်တို့ကို ပြောနေဟန်တူရဲ့။ စောစောကတော့ သူတို့ အင်္ဂလိပ်စာအက်ဆေးတွေ တွတ်တွတ် တွတ်တွတ်နဲ့ ခေါင်းချင်းဆိုင် ဆီမန်းမန်းနေကြတာကို တွေ့ခဲ့သေးတာပဲ။ ကိုယ့်အမူ ကိုယ့်သောကနဲ့ကိုယ်မို့ သူတို့ရွတ်နေဖတ်နေကြတာဟာ မှားသလား၊ မှန်သလားလည်း. သတိမထားမိပေါင်။

ဟုတ်တယ် ... ကျုပ်အတွေး တွေက

"ဒီမယ်ကိုဇော်မြင့် ... ဒီတစ်ရက်နှစ်ရက်အတွင်းမှာ ဆရာတော်ကြီးကို ဆွမ်းဖြန့်အကပ်ခံနိုင်အောင် ကြိုးစားကြည့်စမ်းဗျာ။ ခင်ဗျားက ဘုန်းဘုန်းတွေနဲ့ ပလဲနံပသင့်အောင် နေတတ်ပါတယ်။ ဘယ်သူကမှ ရှုတ်အတင်းတိုက်တွန်းလို့ မဟုတ်ပေမဲ့ အကြောင်းမညီမညွတ်လို့ ကျုပ်တို့ထောင်ထဲမှာပဲ ဆရာတော်ကြီး တစ်ခုခုဖြစ်ခဲ့သွားရင် ကျုပ်တို့၊ ခင်ဗျားတို့တတွေလည်း ဒီအကုသိုလ်စက်ကွင်းက မလွတ်ဘူးနော်။ ပြီးတော့





ဆရာတော်ကြီးက ဒွိပိဋကဓရတဲ့ဗျ။ ကျန်းမာရေးကြောင့် ခဏနားနေတာ။ သိပ်မကြာခင် ပိဋကဓရတစ်ပါးအဖြစ် ပွင့်ချင်ပွင့်လာမှာတဲ့။ သာသနာတော်အတွက် နိုင်ငံအတွက် ဘယ်လိုမှ တိမ်းတိမ်းပါးပါး မဖြစ်ကောင်းတဲ့ အာကပ္ပကိုလ်မျိုးနော်။ အဲဒါ ... ခင်ဗျားက သေရေး ရှင်ရေးလို သဘောထားပြီး အခြေအနေပေးသလောက် ကြိုးစားကြည့်စမ်းပါ"ဆိုတဲ့ ထောင်ပိုင်ကလေးဦးလူလုရဲ့ တိုးတိုးကပ်ပြီး လက်ပူတိုက်လွှတ်လိုက်တဲ့ စကားကို တွေးရင်းတွေးရင်း သွက်ချာပါတော လည်နေလို့ သောကများနေရသလား မမေးနဲ့။ ကျုပ်တို့ ထောင်ထဲမှာ ဆရာတော်ဘုရားကြီး ဆွမ်းမဘုဉ်းတော့တာကပဲ ၃ရက်ရှိခဲ့ပြီ။ နောက်ထပ် ဘယ်နှရက်အထိ တောင့်ခံနိုင်မှာတဲ့တုံး ... ကဲ။ ဘုရား ... ဘုရား မသင့်ကောင်းမသင့်ရာတွေကို ဘယ်သောအခါမှ မကြုံကြိုက်ရပါစေနဲ့ဘုရား။

"မင်းတို့ ဒီစာတွေကို ဘယ်က ကူးရေးလာတာတုံး"

"တင်ပါ့ ... လိုင်းထဲက ကျောင်းတက်တဲ့ကျောင်းသားတွေရဲ့ မှတ်စုတွေထဲကပါ ဘုရား"

"အိမ်း ... အမှားတွေချည်းပဲ။ မင်းတို့ ကျူရှင်မယူကြဘူးလား"

"ဂျူတီတစ်ဖက်နဲ့မို့ မအားရပါဘူး ဘုရား"

"ခက်တာပဲ ... လမ်းလျှောက်တတ်ရင်း ခရီးပေါက်တာမဟုတ်ဘူးကွယ့် ကြားလား။ ဆယ်တန်းကိုများ ဒီလိုပေါ့ပေါ့လွယ်လွယ်နဲ့ အောင်မယ်တွေးရင် မှားပေမပေါ့"

"တင်ပါ့"

"ကိုင်းပါကွယ် ... ဒီမီးအရောင်နားအထိ တိုးလာခဲ့ကြစမ်း"

'မစိုးရိမ်'လို့ မန္တလေးမြို့ပေါ် လေးပြင်လေးရပ်မှာ အကျော်ဖေယျဒိတ်ဒိတ်ကြဲ စာသင်စာချ ပရိယတ္တိပမာန စာသင်တိုက်ကြီးရဲ့ မဟာနာယက၊ ဒွိပိဋကဓရ အရှင်မြတ်ပေမို့လားမသိ။ ဘုန်းတော်ကြီးရဲ့ ပညာရေးအပေါ် အလေးတမူကြောင့် အကယ်မခံဘူး။ ခန္ဓာကိုပဲ စွန့်မယ်ဆိုတဲ့ အဓိဋ္ဌာန်နဲ့အတူ တကာယ့်ကို ဆွမ်းဘုဉ်းမပေးတာ ၇ ရက်အထိ ရှိနေတဲ့ ခက်ရှယ်



www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးကြီးမားမား၊ ထောင်တွင်း 'အစာတော်ခံဆန္ဒပြ' တိုက်ပွဲကြီးကို တစ်ကိုယ်တော် ရှိန့်ရှိန့်ချွံချွံ ဆင်နွှဲနေတဲ့ ယုံကြည်ချက်ပုဂ္ဂိုလ်တစ်ဦးရဲ့ ခပ်ယဲ့ယဲ့ အားအင်ကလေးတွေနဲ့ ဘဝရှုန်းကန်မှုအတွက် ခက်ရာခက်ဆစ် စာမေးပွဲကိုမှ နွမ်းနွမ်းပါးပါး ချို့ချို့တဲ့တဲ့အထဲက ကုတ်ကပ်ပြီး ဖွဲ့ခတ်ဖြေဖို့ ကြိုးစားနေတဲ့ အကျဉ်းထောင်ဝန်ထမ်းကလေးနှစ်ဦးအပေါ် စာနာသနားပြီး စာပြပေးဦးမလို့တဲ့။

"မသင့်ပါဘုရား၊ ဘုန်းဘုန်းရဲ့ အားအင်များ နည်းလွန်းလှပြီမို့ ကျန်းမာရေးကို ငဲ့တော်မူပါဘုရား"လို့ ကျုပ်မလျှောက်ဖြစ်ခဲ့ဘူး။ စိတ်ထဲ ထိခိုက်လွန်းလို့ ကျုပ်ထိုင်နေတဲ့ သာသာ ညောင်ပင်ရိပ်အောက်ကနေပဲ ခပ်မဆိတ် ကြည့်နေမိတော့တယ်။ မျက်ရည်မကျပေမဲ့ ကျုပ်ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲကြီး ငိုနေမိထင်ပါရဲ့။ တစ်ကိုယ်လုံးလည်း တုန်လို့။

ဆရာတော်ကြီးရဲ့ စာပြပေးနေသံကို ကြားနေရတုန်းပဲ။ အံ့ဩစရာကောင်းလိုက်ပုံက ဆရာတော်ကြီးရဲ့ အသံတော်ဟာ ရက်သတ္တတစ်ပတ်လောက် အစာရေမဝင်ခဲ့ဘူးဆိုတာကို မေ့ထားရတော့မလောက် မာမာချာချာ ရှင်းရှင်းပြတ်ပြတ်ကြီးပဲဗျာ။ တကယ်အသည်းကြီး ဖွဲ့ကြီးတဲ့ တိဟိတ်ပုဂ္ဂိုလ်မျိုးဗျာရေ့။

"ဘုန်းဘုန်းဘုရား ... ရေ ဘုရား"

"အိမ်း ... အေး ... အေး"

"ဘုန်း ... ဘုန်း"

"အိမ်း ... ပြော"

"ဘုန်းဘုန်း ... ဆွမ်းပြန်ဘုဉ်းပေးပါလား ဘုရား"

"ဘယ့်နှယ်ကွယ်"

"ဆွမ်းပြန်ဘုဉ်းပေးပါလားလို့ လျှောက်တာပါဘုရား"

"အံမယ် ... ရာရာစစ၊ အဲဒါ နင်တို့အရာလား"

အလို ... ဘုရား၊ ဘုန်းတော်ကြီးအသံက မာလိုက်တာ။ ကျုပ်ခပ်လှမ်းလှမ်းက လူတောင်တုန်သွားတယ်။ ကောင်းပြီ ကောင်းရဲ့ကနေ





ဘယ့်နှယ်ဖြစ်ကြပြန်တာပါလိမ့်။ ကျုပ်ကောင်လေးနှစ်ကောင်ကလည်း ရဟန်းသံဃာနဲ့ နီးစပ်လှတာမှဟုတ်။ မသင့်မအပ်တဲ့ စကားကို တုံးတိကြီး သွားလျှောက်မိကြတာကိုး။

"ဘုန်းဘုန်းကြီးသာ တကယ့်ကို ဆွမ်းပြန်မဘုဉ်းပေးဘဲ တစ်ခုခုဖြစ်သွားခဲ့ရင် တပည့်တော်တို့တော့ အလုပ်ပြုတ်ပြီဘုရား"

"ဟေ ... ဘယ်လိုကွယ့်"

"ဘုန်းဘုန်းကြီး ဆွမ်းဘုဉ်းမပေးခဲ့ရင် တပည့်တော်တို့ အလုပ်ပြုတ်မှာပဲလို့ လျှောက်တာပါဘုရား"

"ဟယ် ... မဟုတ်မဟပ်တွေ၊ ဘာဆိုင်လို့တုံး"

"အဲဒါတော့ တပည့်တော်တို့မသိပါဘူး ဘုရား။ ဒါပေမဲ့ အလုပ်ပြုတ်မှာကတော့ ကျိန်းသေပဲဘုရား"

"ဟဲ့ ... နင်တို့ဗျာကို ဘယ်သူကပြောလို့တုံး"

"ညနေတုန်းက ထောင်ပိုင်လေး ဦးလှုလှကပြောတာဘုရား။ တိုင်းမှူးက အဲဒီအတိုင်း အမိန့်ပေးထားသတဲ့ဘုရား"

"အို ... ဒီတကာဟာ ဒီလောက်အထိ မိုက်လုံးကြီးလှသကိုး"

ခက်လိုက်ပုံဗျာ။ ဒီအကောင်တွေ ဘယ်လိုမဟုတ်တရုတ်တွေကို ဘုန်းတော်ကြီးဆီမှာ လျှောက်နေကြပါလိမ့်။ ထောင်ပိုင်ကလေးကရော၊ ထောင်ပိုင်ကြီးကရော တစ်ခါဘူးမှ ဒီလိုမဟာခဲ့ဖူးပါဘူး။ လား ... လား၊ ဒီကောင်ကလေးတွေ သူတို့ဘုန်းဘုန်းကြီးကို ဆွမ်းပြန်ဘုဉ်းပေးစေချင်တဲ့ ဇောနဲ့ လံဘားဇကျောက်တံတား ပလီစီချောက်ချက်တွေ လျှောက်ပြောနေကြတာပါကလား။ တကယ်ခက်တဲ့ကရေလးတွေ။ ဘုန်းဘုန်းကြီးရဲ့ ယုံကြည်ချက်၊ ခံယူချက်၊ ဘာကြောင့် ဒီလို "အစာငတ်ခံဆန္ဒပြ"သို့ အထိ ဖြစ်လာခဲ့ရသလဲဆိုတဲ့ အကြောင်းစုံတွေကို သင်းတို့သိမှ မသိပဲ၊ ကလေးအတွေးနဲ့ စွတ်လုပ်နေကြတာ။

နို့ပေမဲ့ ဆရာတော်ကြီးက ငြိမ်လို့ဗျ။ အရင်ကအတိုင်း ကျောက်ဆင်းတု ကိုယ်တော်ပြန်ဖြစ်သွားပြန်ပြီ။ နှလုံးသားနည့်တဲ့ ဘုရားရှင်မို့ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေရဲ့ ထွင်လုံးမှာ စိတ်ထိခိုက်သွားရှာဟန်တူတယ်။ မျက်နှာလည်း မကောင်းဘူး။ နေပြင်းပြင်းထိထားတဲ့ သစ်တစ်ရွက်လိုပဲ။ ညှိုးလို့။

"ဟဲ့ . . . ဒကာတို့"

"ဘုရား"

"ငါ့ကို ရေကပ်ကြစမ်းကွယ်"

"တင်ပါ့"

"မင်းတို့ ပြောတဲ့စကားကို ငါသေချာပြန်စဉ်းစားရဦးမယ်ကွယ့်။ ကိုယ်ပြုလိုက်တဲ့အမှုဟာ ကိုယ့်အတွက်မှုစရာ မဟုတ်ပေမဲ့ ကိုယ့်ကြောင့် သူတစ်ပါး ထိခိုက်ရမယ်ဆိုရင် ဘယ်အဓိပ္ပါယ်ရှိပါ့မတုံး"

". . . . . . . . . ."

ကိုင်း . . . ကျုပ်မပြောဘူးလား။ ခါတိုင်းခါ "ရေဆွမ်းဘုဉ်းပေးပါဦးဘုရား" လို့ နှုတ်တရွရွ လျှောက်လွှန်းပါမှ တစ်စက်တစ်ပေါက်မျှသာ လျှာများတင်ခဲ့တဲ့ ကိုယ်တော်ကြီးက စိတ်လိုလက်ရ ရေတွေဘာတွေကပ်ခိုင်းလို့။ ကဲ . . . ဒါဟာဖြင့် နည်းတဲ့တိုးတက်မှုကြီးလား။

အဲဒီလောက်ပဲ။ အဲဒီည တစ်ညလုံး တရားထိုင်နေလိုက်တာဟာ တစ်ချက်ကလေးမှ မလွန့်တော့ဘူး။ လရောင်နဲ့ ညတောင် အယောင်ယောင် အမှားမှား အေးခဲစေးပျစ်လို့။ လေတစ်ညင်းလည်းမခတ်။ မျက်တစ်ဖျားသော်မှ အတိမ်းအညွတ်မရှိ။ အဲသလိုများ ကျုပ်ကပြောရင် ပိုလွန်းတယ် မထင်ပါနဲ့။ အဲဒါ အမှန်ဖြစ်ခဲ့တာ။

✿ ✿ ✿

[၄]

❑

"ဆရာရေ . . . ဆရာရေ"

"ဟေလကွာ"

"ဒီမနက် ဘုန်းဘုန်းကြီးက ကျွန်တော့်ကို ထူးထူးဆန်းဆန်းတွေ မိန့်တယ်"

"အေး . . . ပြောပါဦး"

"ဒီမယ် ဒကာတဲ့ . . .။ ဘုန်းကြီး ဆွမ်းပြန်မစားရင် မင်းတို့ ဝန်ထမ်းတွေ အလုပ်ပြုတ်မယ်လို့ ရဲဘော်လေးတွေက ညတုန်းက လျှောက်တယ်။ မင်းတို့ထောင်ပိုင်က အဲဒီအတိုင်း ပြောထားသတဲ့။ အဲဒါအမှန်ပဲလား . . . မင်းရောသိသလားတဲ့"

"အင်း . . . အင်း . . . မင်းက ဘာပြန်လျှောက်ခဲ့သတုံး"

"အမှန်ပဲဘုရား၊ ဘုန်းဘုန်းကြီး တစ်ခုခုဖြစ်ခဲ့ရင် တပည့်တော်တို့ ထောင်ဝန်ထမ်းတွေ အလုပ်ပြုတ်ရုံနဲ့တင် မပြီးလောက်သေးဘူးဘုရား။ ထောင်ပါ ကျချင်ကျနေဦးမှာလို့ လျှောက်လိုက်တယ်"

"ဟယ် . . . မင်းကွာ၊ မဟုတ်ကဟုတ်ကတွေ . . ."

---

သူရိန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ . . . ဆရာကလည်း၊ ကျွန်တော်တို့မှ ဘုန်းဘုန်းကြီးကို ဒုက္ခအရောက်မခံနိုင်တဲ့ဟာ။ အဲသလို လိမ်ပြောလို့ ငရဲမကာ ငအုံပဲကြီးကြီး။ ဘုန်းဘုန်းကြီး ဆွမ်းပြန်စားမယ်ဆိုရင် ကျွန်တော်တို့က လိမ်ပြောသင့်ပြောရမှာပဲ။ ဘုန်းဘုန်းကြီး ဒီဝင်္ဂကမြန်မြန်ကျွတ်ရင် ပြီးရော . . ."

ကျုပ်ရင်ထဲမှာ လှိုက်ခနဲကျင်သွားလိုက်တာများဗျာ၊ မျက်ရည်တောင်ဝိုလာကရော။ ရင်တွေလည်း တဒိတ်ဒိတ်ခုန်လို့၊ ဘုန်းဘုန်းကြီးအပေါ် တွယ်ငြိမိတဲ့ သံယောဇဉ်ကြောင့်လား၊ ကျုပ်တို့ဇာတ်ပွဲတွေထဲမှာ ပုဏ္ဏားရုံးချုပ်က အပူတိုက်ပွဲကြမ်းတဲ့ အခါများမှာ အဲဒီဇီလိန်ကို လွှတ်မြင်ပြင်းကတ်သလောက် အနှိပ်စက်ခံ၊ အဖိနှိပ်ခံ ဇာတ်ကောင်ကို အလိုလိုမေတ္တာညွှတ်လာတာမျိုးကြောင့်လား၊ ဘုန်းဘုန်းကြီးရဲ့ ထက်သန်ပြင်းပြလွန်းတဲ့ ဖွဲ့နှဲ့အဓိဋ္ဌာန်ရယ်၊ "မှန်တာလုပ်ရင် ဘယ်တော့မှ နောက်မဆုတ်ဘူးကွ" လို့ အသံတိတ်ကျယ်ကျယ်လောင်လောင်ကြီး မြည်နေဟိန်းနေတဲ့ ရဲရဲတောက် အာဇာနည်စိတ်တွေကို ကြည်ညိုလေးမြတ်လို့လား။ ဘာကြောင့်ရယ် ရေရေရာရာ မသိပေမဲ့ ကျုပ်လည်း ကျုပ်တပည့်တွေလို ဘုန်းဘုန်းကြီးကို ကျန်းမာပကတိချမ်းသာစွာ ရှိစေချင်တာပေါ့။ ဒါပေမဲ့ ကျုပ်က နည်းနည်းမိုတယ်။ ကျုပ်က 'သားရွှေအိုးထမ်းပြီး ပြန်လာတာကိုပဲ မြင်ပါရစေ'' ဆိုတဲ့ ဒုကူလနဲ့ ပါရိကာ လိုမျိုး။ ဘုန်းဘုန်းကြီး ဆန္ဒပြနေတာကို ရပ်တန်းကရပ်ပြီး ဆွမ်းပြန်ဘုဉ်းပေးစေချင်တယ်။ အဲ . . . ဘုန်းဘုန်းကြီး အခုလုပ်နေတဲ့အလုပ်က အဓိပ္ပာယ်ရှိတဲ့အလုပ်မှန်း သိမှတ် လက်ခံလာစေချင်တယ်။

"ဓမ္မောဟဝေရက္ခတိ ဓမ္မစာရီ" တဲ့ဗျ။ တရားကိုစောင့်တဲ့သူကို တရားက ပြန်စောင့်ရှောက်မယ်လို့ ကျုပ်တော့ယုံတယ်။ အဟုတ်။

ပြောလို့သာ ပြောနေရတာ။ ဘုန်းဘုန်းကြီးရဲ့ အားအင်တွေက ဆုတ်ယုတ်လှပြီ။ အလွန်ဆုံးခံလှ နောက်ထပ်တစ်ရက်၊ နှစ်ရက်ပဲ။ ဒါ အလွန်ဆုံးပဲ။ အိပ်ရာထဲ ဘုန်းဘုန်းလဲတော့မှာ။ အဲဒီလိုမျိုးတော့ လုံးဝအဖြစ်မခံနိုင်ဘူး။ ကျုပ်နဲ့ ကျုပ်ကောင်ကလေးတွေ အစီစီမှာ ချီးကပ်ချင်ကပ်ပလေ့စေ။





"အဲဒီတော့ . . . ဘုန်းဘုန်းကြီးက ဘာပြန်မိန့်သေးတုံး"

"ပြော် . . . ဒုက္ခ . . . ဒုက္ခ . . . ဒုက္ခတဲ့"

"ဘုန်းဘုန်းကြီးရဲ့ အခြေအနေကရော"

"စိတ်ဆောင်နေပေတဲ့ သိပ်မဟန်ချင်တော့ဘူး။ ဒယီးဒယိုင်ဖြစ်ချင်လာပြီ။ ဆရာ့ရုံးခန်းထဲက ပက်လက်ကုလားထိုင်တစ်လုံးယူပြီး ဘုန်းဘုန်းကြီးကို ကပ်ပေးထားတယ်။ အခုထိတော့ မသုံးဘူး။ တရားပဲ ထိုင်နေတုန်းပဲ"

"အေး . . . ဆရာစိန်ဝင်းက နည်းနည်းပိုပြီး ဂရုစိုက်ပေး။ ဆေးမှူးကြီး ဦးကြည်မောင်ကိုလည်း အသင့်ခေါ်ထား။ နာရီဝက်တစ်ကြိမ်လောက် ဆေးမှတ်တမ်းယူခိုင်းထား၊ အရေးပေါ်အခြေအနေမှာသုံးရမယ့် ဆေးဝါးကိရိယာတွေကိုလည်း တစ်ပါတည်း ယူလာခဲ့ဖို့ပြော . . . ကြားလား"

"ဟုတ် . . ."

"ဒါ . . . ဒီကအခြေအနေတွေကို ထောင်ပိုင်လေးဆီပြေးပြီး သတင်းပို့ချဦးမယ်။ ဘုန်းဘုန်းကြီး အခြေအနေ ထူးခဲ့ရင် ချက်ချင်း ပြေးလာပြောနော် . . . ဆရာစိန်ဝင်း"

"ဟုတ် . . . ဆရာ"

နေက အတော်ရင့်နေပြီဗျ။ မွန်းတည့်တော့မှာ။ ဒီ့ထက် ဒီအပူပြင်းလာခဲ့ရင် အဲဒီဒဏ်ကို ဒီနေ့ကျော်အောင် ဘုန်းဘုန်းကြီးခံနိုင်တော့မှာ မဟုတ်ဘူး။

အရပ်ရပ်အခြေအနေတွေကို တွေးပြီး ကျုပ်လည်း စိတ်လေးလေးနဲ့ ထောင်ဗူးဝဆီကို ခပ်သုတ်သုတ်လျှောက်လာခဲ့မိတယ်။ ကျုပ်တစ်ကိုယ်လုံးအပေါ် မိုးကောင်းကင်ကြီး နိမ့်ဆင်းလာပြီး ဖိညှပ်ထားသလိုပဲ။ ထွက်ပေါက်မရှိအောင် စိတ်ထဲမွန်းကျပ်နေမိရဲ့။

"ဆရာ . . . ဆရာ"

ဟော . . . ကျုပ်မှ အချုပ်ဆောင်ဝင်းထဲ ဝင်မိတယ်ရှိသေး၊ ခြေသံတဗုန်းဗုန်းနဲ့ ကျုပ်နောက်က အပြေးအလွှားပြေးလိုက်လာပြီး အမောတကောလှမ်းခေါ်လိုက်တဲ့ ကျုပ်တပည့် ဒုစပ်ကြပ်ဆရာစိန်ဝင်းရဲ့ အသံ။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ... ဆရာရေ"

"ဟ ... ဟ ... ဖြေးဖြေးလုပ်ပါ ငါ့လူရဲ့။ ဘာတွေ ဒီလောက် အရေးကြီးနေလို့ ရှင်မောဂ္ဂလန် ငရဲမီးလိုက်သလို ဖြစ်နေရတာတုံး"

ပြောလို့သာပြောရ၊ ကျုပ်စိတ်ထဲမှာလည်း ဘုန်းဘုန်းကြီးများ တစ်ခုခုဖြစ်လေပြီလားလို့ ထင့်ခနဲပဲ။ ခြေတွေလက်တွေနဲ့ တစ်ကိုယ်လုံးသာ ခွေယိုင်ဖြစ်၊ ဝမ်းပါးလျော့ရည်းသွားလိုက်တာများဟာ ကျုပ်ကိုယ်ထဲက သွေးတွေ ရုတ်တရက် ခမ်းခြောက်သွားသလို။

"ဟို ... ဟို"

"အေး ... ပြော ... ဘုန်းဘုန်းကြီး ဘာဖြစ်တုံး"

"အဲ ... အဲဒါ ... ဆရာနဲ့ပြောစရာရှိလို့တဲ့"

"ဟေ ... အခုလား"

"ဟုတ် ..."

ဝမ်းနည်းရမှာလား၊ ဝမ်းသာရမှာလား၊ ဘာမှန်း ရေရေရာရာ မသိသေးပါဘူး။ "အင်း ... တစ်ခုခုတော့ တစ်ခုခုပဲ" လို့သာ မှောင့်မှောင့် ရောင့်ရောင့်စလုံးစခုကြီးနဲ့ သုတ်ခြေတင်ခဲ့ရပြန်တာပေါ့။

ဟော ... တွေ့ပါပြီ။ ယုံကြည်မှုစိတ်ဓာတ်ခွန်အားတွေနဲ့ တလက်လက် လင်းတောက်နေတဲ့ မျက်ဝန်းတော်တစ်စုံကလွဲလို့ ချုံးချုံးကျချည့် နဲ့နေရှာတဲ့ ဘုန်းတော်ကြီးဟာ ကျုပ်ရဲ့ ပက်လက်ကုလားထိုင်ကလေးပေါ်မှာ သီတင်းသုံးနေရဲ့။ ကျုပ်ကို အရေးတကြီးပြောစရာရှိလို့ပဲ ခါတိုင်းပြုနေကျ တရားရှုမှတ်တဲ့အလုပ်ကို ခဏဖြုတ်ပြီး စောင့်စားနေတဲ့ဟန်က သိပ်ကို သိသာလွန်းတယ်။

တည်ခြင်းငါးပါးနဲ့ ဝတ်ချပူဇော်လို့မှ မပြီးသေးဘူး။ စူးရှတဲ့ အကြည့်တွေနဲ့အတူ ဆရာတော်ကြီးရဲ့ တင်းပြတ်တဲ့အသံကို ကြားလိုက်ရတော့ တယ်။

"ဒကာ ထောင်မှူး"

"တင်ပါ့ဘုရား"





"ကျုပ်သာ အခုလိုဆက်ပြီး ဆွမ်းဘုဉ်းမပေးဘဲနေခဲ့ရင် ဒီထောင် ကြပ်ကောင်ကလေးတွေ အလုပ်ပြုတ်ကြမယ်ဆို ဟုတ်သလား"

"တာဝန်ပေါ့လျော့မှုနဲ့ တစ်ခုခု အရေးယူခံရမှာကတော့ ကျိန်းသေ ပါပဲဘုရား"

"အိမ်း ... ခုတ်ရာတခြား ရှရာတလွဲဖြစ်ဖို့ ကိန်းပါကလားကွယ်"

ကဲ ... ကျုပ်လည်း မှသားမပါ လက်ာမချော ဖြောင့်ကွယ်ကလေး ကွယ်လိုက်ရပြီပေါ့။ နော့ ... ဆရာတော်ကြီး အခြေအနေက နေ့လား ညလား ဗုန်းဗုန်းလဲတော့မှာလေ။ ဆရာတော်ကြီးရဲ့ အဓိဋ္ဌာန်နဲ့ ယုံကြည်စွဲမြဲမှုကို အလံလှဲဖို့ မလိုလားပေမဲ့ အသက်အန္တရာယ်ထိပါးလောက်တဲ့အထိလည်း ဘေးမဖြစ်စေချင်ဘူးလေ။ ကျုပ်မှားတယ်ဆိုရင်လည်း ခံဖို့အသင့်ပါပဲ။

ဒီမယ် ... စိတ်အနေပြတ်သားတဲ့ တိဟိတ်ပုဂ္ဂိုလ်များဟာ စိတ်နှလုံး တုံးတုံးချဆုံးဖြတ်ဖို့ ကာလတာရှည် ထွေလီကေလာပြာလဲ့ဇာချဲ့တတ်ကြ တာ မဟုတ်ဘူးရယ်။ တိခနဲ ဒိုင်းခနဲပဲ။ ကဲ ... ကြည့်လေ။

"ကိုင်း ... ဒီကနေ့ ကျုပ်ပြန်ပြီး ဆွမ်းအကပ်ခံမယ်။ ကျုပ်ကိစ္စ ကို ကျုပ်ဘာသာ တစ်နည်းကြည့် စီစဉ်တော့မယ်"

"ဘုရား"

"ဆွမ်းကပ်ဖို့ ပြင်တော့ ... ဒကာ"

ခေါင်ခေါင်ခါးခါး ဖြစ်တောင့်ဖြစ်ခဲပါပဲလားဗျာ။ ကျုပ်အဖြစ်ဟာဖြင့် ဘုရားရှင်ရဲ့ ဆွမ်းသပိတ်ကို မဲပေါက်တဲ့ အာဂယောက်ျား မဟာဒုတ်ကြီး လိုပါပဲကလား။ ကြားလိုက်ရတဲ့ ကျုပ်နားတောင် ကျုပ်မယုံချင်ဘူး။ တကယ် တည်းမှ။

"ဆရာ ... ဘာလုပ်နေတာတုံး ... သွားတော့လေ"

"ဟုတ်ကဲ့။ ကျုပ်တပည့်ရင်း တပ်သားမောင်စန်းအောင်က ကျုပ် နားနားလေးကပ်ပြီး တိုးတိုးပြောတော့မှပဲ ကျုပ်သတိဝင်လာပြီး ဘုန်းဘုရား ကြီးကို တက်သုတ်ရိုက်ဦးချ၊ အလုပ်ရုံဘက်က ကျုပ်ရုံးခန်းကလေးဆီကို အသော့နှင်လာ မိတော့တယ်။ ကျုပ်ရဲ့မပေါ့သီက ကျုပ်နဲ့မောင်စန်းအောင်



www.burmeseclassic.com

www.burmeseclassic.com



ဆရာတပည့်နှစ်ဦးအတွက် ချက်ပြုတ်ကျော်လှော်ပြီး ထည့်ပေးလိုက်တဲ့ ထမင်းချိုင့်ကလေးဟာဖြင့် ဒွိပိဋကဓရ ဆရာတော်ဘုရားကြီးရဲ့ 'ဆွမ်းမဘုဉ်းပေး စတမ်းတိုက်ပွဲ'ကြီးရဲ့ နိဂုံးမှာ ပထမဦးဆုံး ကပ်ခွင့်ကြုံရတော့မယ့် ဆွမ်းတစ်နပ်ဖြစ်တော့မယ် မဟုတ်လား ဗျာတို့။

ကျုပ်ခြေထောက်နဲ့ မြေအပြင် ထိတယ်မထင်ပေါင်ဗျာ။ တကယ်ပါ။ ပျော်နေတာလေဗျာ၊ အဟုတ်တကယ် ကျုပ်ပျော်နေမိတာ။

✿ ✿ ✿

| ၅ |

❑

ဟုတ်ပ။

အဲဒီနေ့က ဆရာတော်ကြီးကို ကျုပ်ရုံးခန်း၊ ကျုပ်စားပွဲပေါ်မှာပဲ ဆွမ်းကပ်ခဲ့ရတယ်။ နဂိုက ကျုပ်ရဲ့ ဆွမ်းချိုင့်ကလေးတင်ပဲလို့ အောက်မေ့ထားတာ။ ဘယ်ဟုတ်ပမလဲဗျာ။ ဒီလို ဒီအကြောင်းတဲ့လို့ သတင်းကြားပြီး ကျုပ်အလုပ်ရုံက အကျဉ်းသား၊ အချုပ်သားတစ်တွေက သူတို့စားမဲ့ အမွန်အမြတ်ကလေးတွေကို ဝိုင်းလှူလိုက်ကြတာဟာ စားပွဲကြီးတစ်လုံး တောင် မဆန့်ဘူး။ အံ့ကိုသြရော။

ဒါပေမဲ့ . . . ဆရာတော်ကြီးက စတီလောက်ပဲ ဘုဉ်းပေးနိုင်ရှာတာ ပါ။ ဟင်းချိုရည်ကလေးတွေလောက်ပဲ အားပြု ဘုဉ်းပေးရရှာတာ။ ဘာပဲ





ဖြစ်ဖြစ် ကျုပ်တို့ ကိုယ်တော်ကြီး ဘယ်လိုမှ ဘေးမဖြစ်နိုင်တော့ဘူး။ ဒါ သေချာတယ်။

ပြောရဦးမယ်။ ဝိနည်းထိုရ်ပြီး သတိကြီးတဲ့ကျုပ်တို့ ဆရာတော်ကြီးက "မွန်းတည့်သွားပြီလား" တဲ့။ ဖျတ်ခနဲ မေးသေးတယ်။ ဒါကို ကြိုတွက်ထားတဲ့ကျုပ်က အသင့်စီစဉ်ပြီးသား နာရီကိုကပ်ရသေးတယ်။ ဆွမ်းစားချိန် မကျော်မှန်းသေချာတော့မှ ဘုဉ်းပေးတာဗျ။

ကျုပ်ဖြင့် အဲဒီလို နေတစ်ဆူလောက်နီးနီး ဩဇာတိက္ကမကြီးတဲ့ ကျုပ်တို့ဆရာတော်ကြီးနဲ့အတူ နေခွင့်၊ ဆည်းကပ်ပူဇော်ခွင့်ရခဲ့တဲ့ အဲဒီ သုံးလေးရက်လောက် ဘဝအစိတ်အပိုင်းကလေးရှိခဲ့ဖူးတာဟာ ကျုပ်ရဲ့ ထောင်ဝန်ထမ်းဘဝမှာ ပြန်တွေးမိလိုက်တိုင်း လွမ်းချင်စရာ ဖြစ်ခဲ့ရသဗျ။

"လူကို လူလို အုပ်ချုပ်တဲ့ အစိုးရတစ်ရပ်က မင်းလုပ်တဲ့ ကာလ မရောက်မချင်း ငါနိုင်ငံရေးဆက်လုပ်နေဦးမှာပဲ"

ဆိုတဲ့ ဆရာတော်ဘုရားကြီး တင်းတင်းပြတ်ပြတ်ကြီး မိန့်ဖူးခဲ့တဲ့ စကားတစ်ခွန်းကလည်း ကျုပ်ရဲ့ရင်ကြားမှာ ငုတ်တိုင်ကြီး စိုက်ထားသလို ထင်းထင်းကြီး ကျန်နေရစ်ခဲ့သဗျ။ သိလား။

အင်း . . . ဟုတ်တယ် . . . ဟုတ်တယ်။ အဲဒီဆရာတော်ဘုရားကြီးဆိုတာ "မစိုးရိမ် ပါဠိနှယူဒေသ" ကျောင်းက ဒွိပိဋကဓရ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တရာဇမ္ဗုဘိဝံသပါပဲ . . . ကဲ။

☼ ☼ ☼

မေတ္တာဖြင့် . . .

**ဧေယျမင်းသျှင်**

www.burmeseclassic.com

www.burmeseclassic.com




[၁]

❑

ကျွန်မတို့ဝန်ထမ်းဘဝဆိုတာ တစ်နေ့တစ်နေ့ ထောင်ထဲမှာပဲ အချိန်ကုန်နေကြရတာပါ။ ဒါကြောင့်လည်း မြင်ပကမ္ဘာနဲ့ ကင်းကွာနေခဲ့ကြတာပေါ့။ လူမှုရေး၊ စီးပွားရေး၊ ဆက်ဆံရေးကအစ အဖက်ဖက်က ဆုံးရှုံးနစ်နာနေခဲ့ရတာပါ။

အကျဉ်းသူဆိုတာ ဥပဒေစည်းကို ချိုးဖောက်ခဲ့ကြလို့လည်း ထောင်ထဲကို ရောက်လာခဲ့ကြတာ များတယ်။ ဒီလို စည်းခြားနေတဲ့ သီးခြားကမ္ဘာလေးထဲမှာ ကျွန်မတို့လို အကျဉ်းဦးစီးဌာနဝန်ထမ်းတွေက အကျဉ်းသူတွေကို ထိန်းသိမ်းစောင့်ရှောက်ရင်း သူတို့လို ထောင်ကျနေရတာ ဘာထူးသေးလဲ။

ကျွန်မတို့ အကျဉ်းဦးစီးဌာနမှာ ဆောင်ပုဒ်တစ်ခုရှိခဲ့တယ်။ အဲဒါကတော့ အင်္ဂလိပ်လိုတော့ Kind but firm တဲ့။ မြန်မာလို ဘာသာပြန်တာကတော့ ကြင်နာမှုရှိပါ။ သို့သော် ရပ်တည်ချက် ခိုင်မြဲပါစေတဲ့။

လူသားအချင်းချင်းအပေါ် ကြင်နာသနားစိတ်၊ စာနာစိတ်နှင့် ကူညီရိုင်းပင်းပြီး ဖေးဖေးမမ စောင့်ရှောက်ပေးရမယ်။ သို့သော်လည်း ပုဂ္ဂိုလ်ရေး



www.burmeseclassic.com

www.burmeseclassic.com



နှင့် တာဝန်ကိုတော့ ခွဲခြားဆက်ဆံတတ်ဖို့လိုတယ်။ တစ်နည်းအားဖြင့် ရပ်တည်ချက် မှန်မှန်ကန်ကန်နှင့် ခိုင်မြဲဖို့တော့လိုတယ်။

ကျွန်မတို့တာဝန်က အကျဉ်းသူတွေရဲ့ အကျင့်စရိုက် အမျိုးမျိုးကြားမှာ ပြဿနာမပေါ်အောင် ဘယ်လို ထိန်းသိမ်းစောင့်ရှောက်ရမယ်ဆိုတဲ့ အသိတရားနဲ့ တာဝန်ချိန် မလစ်ဟင်းရအောင် စောင့်ကြည့်နေရတာ အခါခါပဲ။

အကယ်လို့ ပြဿနာဖြစ်ပေါ်လာပြီဆိုရင်လည်း ဆင်းရဲချမ်းသာ မခွဲခြားဘဲ မှန်ကန်တဲ့ဘက်က မားမားမတ်မတ် ရပ်တည်ဆုံးဖြတ်ပေးဖို့ လိုပါတယ်။ ဒီလို အုပ်ချုပ်ရေးပိုင်းမှာ မညီမမျှ ဆက်ဆံခဲ့လျှင် ခံရတဲ့လူဘက်ကလည်း နစ်နာဆုံးရှုံးနိုင်ပါတယ်။

ထောင်ထဲမှာ အဆင့်အတန်း ခွဲခြားမှုဆိုတာ မရှိဘူး။ တန်းတူပဲ ဆက်ဆံရတယ်။ သူ့ဘာသာသူ ကျိုကျိုတက်အောင် ချမ်းသာနေလို့ ရွှေထီးပဲ ဆောင်းလာခဲ့ ဘက်လိုက်စရာ မလိုဘူး။ မျက်နှာသာပေးစရာ မလိုဘူး။ အထူးသဖြင့် အမျိုးသမီးတွေချည်း စုဝေးရောက်ရှိနေတဲ့နေရာမှာ ဘယ်သူမှ ခေါင်းငုံ့ခံနေကြမှာ မဟုတ်ဘူး။

ပစ်ပစ်ပျားတတ်သူတွေပီပီ ပွစိပွစိ လုပ်နေကြမှာ အမှန်ပဲ။ လူကို လူလိုမြင်တာ အကောင်းဆုံးပါ။ ငွေမရှိလို့ မျက်နှာငယ်ရမယ့် အဖြစ်မျိုးတွေ ထောင်ထဲမှာ မရှိပါဘူး။

☼ ☼ ☼

[၂]

❑

ထောင်ဖွင့်လိုက်ပြီဆိုတာနဲ့ ဇောင်းထဲက လွှတ်လိုက်တဲ့မြင်းတွေလိုပဲ အပြေးအလွှား၊ အလုအယက်ထွက်ကြလို့ တစ်ညတာလုံး အောင့်အည်းထားရသမျှတွေကို ဖွင့်ထုတ်ခဲ့ကြတာပေါ့။ ရေကန်မှာဆိုလည်း တဝုန်းဝုန်း၊ မိလ္လာချောင်မှာဆိုလျှင်လည်း တရုန်းရုန်းနဲ့ အုန်းအုန်းထနေကြတာပေါ့။ ပျားအုံကို တုတ်နဲ့ထိုးလိုက်သလို ပျားပန်းခတ်မျှ အုတ်အော်သောင်းနင်းဖြစ်လို့။

ဒီလိုအချိန်မှာ ကျွန်မတို့ဝန်ထမ်းတွေဆိုတာ အငြိမ်မနေရဘူး။ ဟိုပြေးကြည့်ရ၊ ဒီပြေးကြည့်ရနဲ့ ဖတ်ဖတ်ကိုမောလို့။ ဒီလောက်များပြားတဲ့ မိန်းမတွေကို တစ်နေရာထဲမှာ စုစုဝေးဝေးတွေ့နေရတော့ စည်ကားနေမှာပေါ့။

တကယ်တော့ ထောင်တို့၊ ဆေးရုံတို့ သုသာန်တို့ ဆိုတာတွေဟာ လူမစည်ကားအပ်တဲ့ နေရာတွေမဟုတ်ဘူးလား၊ အမင်္ဂလာ အတိတ်နိမိတ်မကောင်းတဲ့နေရာ မဟုတ်ဘူးလား။ ထောင်ထဲကိုရောက်လာပြီဆို အပြင်လောကနဲ့တော့ အရာရာ ဆန့်ကျင်နေမှာ အမှန်ပဲ။ ထောင်ထဲမှာ လူခန္ဓာကိုယ်ကြီးကိုသာ ပြစ်မှုပြစ်ဒဏ်အရ ပြစ်ဒဏ်ကာလတွေ မကုန်ဆုံးမချင်း ချုပ်နှောင်ထားလို့ရပေမယ့် စိတ်ကတော့ အပြင်ကမ္ဘာဆီ ဝဲလည်လည်။

သူရိန်စာပေ

www.burmeseclassic.com



အပြင်မှာ ကျန်ရစ်ခဲ့တဲ့ လင်ယောကျ်ားကိုပဲ လွမ်းနေရသလိုလို၊ သားသမီးလေးတွေကိုပဲ သတိရနေသလိုလို၊ စိတ်ဆိုတာက ရုပ်နှင့်နာမ် ယှဉ်တွဲနေတော့ ပူးတုံ့ခွာတုံ့ လုပ်လို့ရနေတာကိုး။ ထောင်ထဲရောက်စ အထာမကျသေးခင်မှာတော့ ဒီလိုပဲ သတိရ၊ တမ်းတခြင်းတွေနဲ့ ဒွေးရောယှက်တင်ဖြစ်ပေါ်ခံစားနေရမှာပဲ။

နောက်တော့လည်း နေသားကျသွားပြီး ထောင်ထဲမှာ အတူတူယှဉ်တွဲနေထိုင်ကြရတဲ့ အုတ်ရိုးပျော် မိတ်ဆွေတွေနဲ့ သဟဇာတဖြစ်လို့ ဒွေးရောယှက်တင်ပေါင်းဖက်မိကြတယ်။ ဒီအခါ မကြားချင်တဲ့စကားတွေကိုလည်း ကြားရ၊ မသိချင်တဲ့ အကြောင်းအရာတွေကိုလည်း သိရနဲ့ အားလုံးကို မေ့ရော။

ကျွန်မလည်း ရေကန်ဘက်ဆီကို စောင့်ကြည့်နေချိန်မှာပဲ ရေကန်ဘေးမှာ နံနက်ခင်းအလှအပတွေကို မမြင်ချင်လျက် မြင်နေရ၊ မတွေ့ချင်လျက် တွေ့နေရတော့တယ်။ အဲဒါကတော့ တစ်ညလုံး လွတ်လွတ်လပ်လပ် ပက်လက်အိပ်နေတဲ့ မိန်းမတွေ သွားရည်တွေယိုစီး၊ ဟောက်သံတွေမြိုင်ဟီးနေရာက နိုးထလာတော့ အလှကိုယ်စီ ပြင်နေကြလေရဲ့။

အကျဉ်းသူတစ်ချို့က လက်ဝါးပြင်ပေါ် ရေတင်ပြီး ရွှေပြည်နန်း သနပ်ခါးခဲလေးတင်သွေးလို့ မျက်နှာပြင်ပေါ်မှာ ပါးကွက်ဆင်တဲ့သူနဲ့၊ သနပ်ခါးထူပိန်းပိန်း လိမ်းလိုလိမ်း၊ ကိုယ့်ရုပ်ရည်နဲ့ လိုက်ဖက်ညီအောင် အလှပြင်လို့ ဆင်လို့။

ဒါပေါ့လေ . . . မိန်းမဆိုတာ အလှကြိုက်သူတွေ မဟုတ်လား။ အလှအပကို မက်မောကြသူတွေမို့ပီ အလှမဆင်ရလျှင် ဘဝင်မကျချင်ကြဘူးလေ။ ဒီတော့ ရတဲ့အချိန်လေးမှာ ထောင်ဝင်စာကသွင်းလာတဲ့ အလှပြင်ပစ္စည်းတွေနဲ့ အလှပြင်နေကြတာ မဆန်းပါဘူး။ ဒီလို အလှပြင်တာတော့ ဟုတ်ပါပြီ။ ဒီအလှကို ဘယ်သူတွေက ကြည့်နေမှာလဲလို့။

အိပ်ဆောင်ထဲမှာဆိုတာ သူလိုကိုယ်လို မိန်းမတွေချည်းပဲ ရှိနေတဲ့ဟာ ဘာထူးမှာလဲလို့။ ဘယ်လိုပဲဖြစ်ဖြစ် မိန်းမသဘာဝဆိုတော့ ဘယ်နေရာပဲရောက်ရောက် လှချင်တဲ့ဝါသနာက ကိုယ်စီပါလာကြတာပဲ။





လှတဲ့လူတွေက အလှပြင်တော့လည်း အလှမှာ အယဉ်ဆင့်လို့ တင့်တယ်ကြပေမယ့် မလှမပသူတွေ အလှပြင်ထားတာ မြင်ရပြန်တော့ ရယ်ချင်လျက် ပက်ကျိုလိုပဲ။ မျက်နှာပေါ်မှာ သနပ်ခါးထူထူလိမ်းပြီး ဘယ်သူ့ဆီက ငှားလာတဲ့ နှုတ်ခမ်းနီကို ခပ်ရဲရဲဆိုးထားတော့ စဉ်းစားသာကြည့်ရော။

အဲ . . . ဒီလိုအလှပြင်တတ်တဲ့လူတွေက ဘယ်သူတွေများမှတ်သလဲ။ ထုံးစံအတိုင်း သာတီးဒီအုပ်စုတွေပ်ပေါ့။ သူများတွေ အလှပြင်နေတာမြင်တော့ အားကျမခံ မပြင်တတ်၊ မဆင်တတ် ပြင်ဆင်တော့ ဘာရုပ်ပေါက်နေမလဲ။

ဟုတ်တယ်လေ။ သူတို့ဘဝတွေကလည်း နုံချာလွန်းခဲ့တာကိုး။ လမ်းဘေးမှာနေ၊ လမ်းဘေးမှာစားနေရတဲ့ဘဝတွေ မဟုတ်လား။ ခိုနားစရာ အိမ်ဆိုတာ နတ္ထိ။ ဂိုဒေါင်ကြိုဂိုဒေါင်ကြား၊ လမ်းဘေးအဖီထိုးနေရတဲ့ ဘဝတွေရယ်။

သက်ဆိုင်ရာကများ စီမံချက်နဲ့ဆွဲပြီဆို သူတို့က ထိပ်ဆုံးကပါလာကြတာပဲ။ သူတို့ဘဝက ထောင်ထဲနဲ့ ထောင်ပြင် ကူးချည်သန်းချည် လုပ်နေကြရသူတွေလေ။ သူတို့အဖို့တော့ ထောင်ဆိုတာ နိဗ္ဗာန်ပဲ။ ထောင်ထဲမှာက အရာရာပြီးပြည့်စုံနေတယ် မဟုတ်လား။ ဗိုက်ဆာလို့ စားချင်တောင် အပြင်မှာလို တလည်လည်လုပ်ပြီး တောင်းရမ်းနေစရာ မလိုဘူး။

မနက်ထောင်ဖွင့်လိုက်ပြီဆိုတာနဲ့ စားစရာက အဆင်သင့်။ နံနက်စာ ဆန်ပြုတ်ရည်ကြဆိုတာ ပိုက်ဆံချမ်းသာသူတွေအတွက် ရွံစရာအော့နှလုံးနာစရာထင်ပေမယ့် သူတို့မှာတော့ နတ်သုဒ္ဓါလိုပဲ။ မသောက်ချင်တဲ့လူများလေ သူတို့အတွက် ကိုတာ ပိုရလေပဲ။

ညဘက်အိပ်တော့လည်း အိပ်ဆောင်ထဲမှာ အိပ်ရာခင်းစောင်တို့ မျက်နှာသုတ်ပုဝါတို့ကို သက်ဆိုင်ရာက ထုတ်ပေးထားတော့ လမ်းဘေးရေအိုးစင်ကရေနဲ့ မျက်နှာသစ်ပြီး ကိုယ့်ထမိန်နဲ့ကိုယ် သုတ်နေစရာ မလိုဘူး။ အဆင့်မြင့်မြင့် မျက်နှာသုတ်ပုဝါကို သီးသန့်ထုတ်ပေးထားတယ်။

ဟော . . . နေ့လယ် ထမင်းစားချိန်ရောက်ပြန်တော့လည်း တစ်ပန်းတစ်ခါ အသားငါးကျွေးပြန်တော့ ဖိမ့်ပဲ။ ကြံတတ်ရင် နေ့တိုင်းတောင်



www.burmeseclassic.com

www.burmeseclassic.com



အသားစားလို့ ရနိုင်သေးတယ်။ ဆီမပါဆားမပါနဲ့ ရေလုံပြုတ်အမဲသားကို မစားတဲ့သူဆီက ဝယ်မလား၊ ပိုလျှံနေတဲ့လူက အသုံးမလိုလို့ ပြန်ရောင်းတာကို ဝယ်မလား။ ထောင်ထဲက ဈေးကွက်စီးပွားရေးနဲ့ဆို အံကိုက်ပဲ။

ဒီအတွက် ထောင်ထဲမှာ လှည့်လည်သုံးစွဲနိုင်တဲ့ ငွေကြေးစနစ်က ဟိုး ပဝေသဏီထဲက ကျင့်သုံးလာတာ။ ဆေးလိပ်ဆိုတာ ထောင်တွင်းငွေကြေးပဲ။ ဆေးလိပ်ကို ယောကျ်ားဆောင်ဘက်မှာဆို မကျင်လှလို့ ခေါ်တယ်။ ဒီဆေးလိပ်ရနိုင်ဖို့ ရှာဖွေဖို့ကလည်း အလွယ်လေး။ ထောင်ထဲမှာ ဗိုလ်ခံချင်သူတွေကို နှင်းနှိပ်ပေးလိုက်၊ အဝတ်လျှော်ပေးလိုက်ရင် ဆေးလိပ်က လာထားပဲလေ။

ဒီတော့ သာတီးဒီဆိုတာ ပျံကျတွေပဲ။ အပြင်လောကမှာလည်း ဒီလိုပဲ ကြုံသလို စားသောက်ရှာဖွေနေရတာ ထောင်ထဲမှာဆိုတော့ ဟိုလျှောက်သွားရ၊ ဒီလျှောက်သွားရ ခြေထောက်ညောင်းစရာ မလိုဘူး။ ကိုယ့်ရဲ့ ကပ်စ်တမ်မား တွေက ညဘက်အိပ်ဆောင်ထဲမှာ အဆင်သင့်ရှိနေပြီးသား။

ကိုယ့်ဘက်က လုပ်အားစိုက်နိုင်ရင် အိုကေပြီးသားပဲလေ။ ဘယ်သူမှ ထောင်ထဲကကျွေးတဲ့ဟင်းကို မက်မက်မောမော စားကြတာမှ မဟုတ်ဘဲ။ အပြင်ကလူကို တစ်ပတ်တစ်ခါ အသား၊ အခြောက်၊ အခြမ်း ကြော်လှော်ပို့နိုင်လိုက်ရင် ပြည့်စုံနေပြီပဲ။

အဝတ်မလျှော်ချင်တဲ့ အပျင်းထူမမတွေကတော့ သာတီးဒီတွေကိုပဲ အားကိုးအားထား ပြုနေကြရတာပေါ့။ သာတီးဒီတွေရယ်လို့ သီးခြားခွဲအိပ်ရတာ မဟုတ်ဘူး။ ညအိပ်ချိန်ဆို အိပ်ဆောင်ထဲမှာ လက်ရည်တစ်ပြင်တည်း တူတူအိပ်နေကြရတာပဲ။

ကျွန်မကတော့ သာတီးဒီအုပ်စုတွေကိုကြည့်ပြီး တရားကျနေတယ်။ သူတို့ဘဝက နုံချာလွန်းလို့ အပြင်မှာနေရေး၊ စားရေး ခက်နေကြပေမယ့် ထောင်ထဲမှာတော့ သူတို့ခွင်လိုဖြစ်နေလို့ အူစိုနေကြတယ်လေ။ ဒီတော့လည်း ထောင်ထဲက ဘယ်ထွက်ချင်ကြပါ့မလဲ။

ထောင်ထဲမှာ ခုနောက်ပိုင်း တရားစခန်းတွေ ဖွင့်လှစ်လာခဲ့တော့ ဘုရားမှန်းတရားမှန်း မသိခဲ့တဲ့ သူတို့ခမျာ ထောင်ထဲရောက်မှပဲ ဘုရားစာ၊





တရားစာတွေ ရွတ်တတ်ဖတ်တတ်လာတော့ အသိဉာဏ်ပွင့်လာပြီး အသိတရားတွေကို သတိနဲ့ ဆင်ခြင်တတ်လာတယ်။

အဲဒီလို တရားစခန်းတွေဝင်လာတော့ သူတို့တွေရဲ့ စိတ်ပိုင်းဆိုင်ရာ အသိအမြင်တွေက ကောင်းတဲ့ဘက်ကို တိမ်းညွတ်ပြောင်းလဲလာတယ်။ ကျွန်မတို့ဝန်ထမ်းတွေရဲ့ အုပ်ချုပ်ရေးပိုင်းမှာ လွယ်ကူညက်ညောလာတယ်။ စိတ်ဓာတ်ပိုင်း ပိုပြီး ပျော့ပျောင်းနူးညံ့လာကြတော့ ဆက်ဆံရတာ လွယ်ကူချောမွေ့လာတယ်။

နဂိုမူလပတ်ဝန်းကျင် အနေအထားကြောင့် ဆိုးခဲ့မိုက်ခဲ့ကြတဲ့ အကျင့်စရိုက်တွေ၊ မလေ့အပြုအမူတွေကို ထောင်ထဲက တရားစခန်းပတ်တွေ ဝင်လာမှပဲ ပြုပြင်ပြောင်းလဲလာတယ်။

ထောင်ထဲမှာဖွင့်လှစ်ထားတဲ့ ‘ဓမ္မဟိတသုခဂေဟာ’လို့ အမည်ပေးထားတဲ့ ထောင်တွင်း ဝိပဿနာ(၁၀)ရက် တရားစခန်းဆီကို ဝင်ချင်တဲ့လူများပြားလာတယ်။ အပြင်မှာ နေထိုင်တုန်းက သွားရေးသမီးရေး၊ အိမ်ထောင်ရေးအလုပ်တွေနဲ့ လုံးလည်ချာလည် လိုက်နေခဲ့ကြတာ ဘုရားဆိုတာ ဘယ်ဆီမှန်းမသိ၊ နေ့စဉ်မှန်မှန် ရှိခိုးဖို့ဆိုတာ ဝေးရောပဲ။

ဟော ... အမူဖြစ်လာလို့ ထောင်ထဲရောက်လာမှပဲ နံနက်ပိုင်းဘုရားရှိခိုး၊ ညဘက် ထောင်ပိတ်ပြီးချိန် ဘုရားရှိခိုးရနဲ့ လက်မလည်ဘူး။ ထောင်ထဲကိုရောက်လာတော့မှပဲ ဘုရားမှန်းတရားမှန်း သိလာကြတယ်။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

## [၃]

ဩော် ....တရားစခန်းဝင်တယ်ဆိုမှ အမှတ်ရစရာ အဖြစ်အပျက်တစ်ခု သတိရလာမိတယ်။ သူ့နာမည်က ဂျာတောင်။ ကချင်မလေးပေါ့။ သူက မူးယစ်ဆေးဝါးရောင်းဝယ်မှုနဲ့ ထောင်အနှစ်နှစ်ဆယ် ကျလာခဲ့တယ်။ ထောင်ထဲမရောက်ခင်ကတည်းက လင်နဲ့ကွဲသွားကြတာ သားလေးတစ်ယောက်ရှိတယ်။ စီးပွားရေးအဆင်မပြေတော့ သူတို့အရပ်၊ သူတို့ဓလေ့မှာက မူးယစ်ဆေးဝါးတို့၊ ကျောက်တို့၊ သစ်တို့ဆိုတာ အရောင်းအဝယ်ဖြစ်တဲ့နေရာ။

မိသားစုသုံးယောက်ရှိနေတဲ့ အိမ်ထောင်စုတစ်ခုမှာ လက်လှုပ်မှစားရသောက်ရ အခြေအနေဆိုတော့ မိသားစု စားဝတ်နေရေးအတွက် ဘဝကိုစွန့်စားကြရတာပေါ့။ ဘိန်းကာယ်ရီလုပ်ဖို့ အဖော်ကောင်းတော့ ဘိန်းချလာကြတယ်။ မိုးကောင်းဘူတာရောက်မှဘဲ ရှာဖွေရေးနဲ့တိုးလို့ အဖမ်းအဆီးခံရတော့တယ်။

ဒီတော့လည်း အပြင်မှာကျန်ခဲ့တဲ့ အမေခများ သားလေးနှင့်အတူ သူ့အပြန်လမ်းကို လည်ဆန့် မျှော်နေကြရှာမှာပဲ။ သူကတော့ မူးယစ်ဆေးဝါး သယ်ဆောင်မှုနဲ့ ထောင်ကျနေရပြီလေ။





"ညည်းက ဘာဖြစ်လို့ ဒီအလုပ်မျိုးကို လုပ်ခဲ့ရတာလဲ။ လူတွေကို လူညွှန့်တုံးစေတယ်။ လူ့ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးလွယ်တဲ့ အလုပ်မျိုးကို ညည်းမို့ လုပ်ရက်တယ်အေ"

"ဩော် ... ဆရာမရယ်၊ ဘယ်သူကလည်း လုပ်ချင်ကြမှာလဲရှင်။ ဖိုဝမ်းပူဆာ မနေသာတော့ လုပ်ခဲ့ရတာပေါ့။ ကျွန်မတို့လို မရှိဆင်းရဲသားတွေ စီးပွားရေး မဖူလုံတော့လည်း ပိုးဖလံမျိုးလို ဖွတ်တိုးလုပ်ရတော့တာပေါ့"

"ခုတော့ ညည်းမှာ သားတစ်ကွဲ၊ မိဘတစ်ကွဲနဲ့ ဒုက္ခတွေ ပင်ယယ်ဝေရတာပဲ အဖတ်တင်တယ်"

"ဟုတ်ပါတယ်။ ကျွန်မကိုချမှတ်လိုက်တဲ့ ပြစ်ဒဏ်ကြီးက နှစ်နှစ်ဆယ်တောင်ဆိုတော့ ကျွန်မဘဝကို ထောင်ထဲမှာ ဘယ်လိုဖြတ်သန်းရမယ်ဆိုတာ စဉ်းစားလို့မရအောင်ပဲ။ ခု ကျွန်မအသက် နှစ်ဆယ်ကျော်မှာ ထောင်ကျတာ နောက်နှစ်နှစ်ဆယ်ဆို လေးဆယ်နားနီးသွားပြီ။ သားလေးတောင်မှ လူပျိုပေါက်ဖြစ်မှ ပြန်တွေ့ရတော့မှာလေ"

"ညည်းဘဝက တွေးကြည့်လေ စိတ်ပင်ပန်းစရာကြီးပါအေ"

"ဟုတ်ပါတယ်။ စိတ်ပင်ပန်းတာကတော့ အတိုင်းမသိပါပဲ ဆရာမရယ်။ ရူးသွပ်သွားမလားတောင် မှတ်ရတယ်။ တစ်ခါတည်း သေသွားခဲ့တာဘဲမှ ကောင်းဦးမယ်။ ခုတော့ ငါ့သားလေး အပြင်လောကမှာ တစ်ယောက်တည်း အမိမဲ့သား ရေနည်းငါးဘဝနဲ့ ကျန်ရစ်ခဲ့တာကို တွေးမိတိုင်း ကိုယ့်ကိုယ်ကိုယ် မာန်တင်းလို့ ဒုက္ခပြေပျောက်လိုပြေပျောက်ငြား တရားစခန်းဝင်နေခဲ့တာပဲ"

ကျွန်မအဖို့ အတူအဆန်းတွေချည်းပဲ။ ကြားရကြားရ နားဝမချမ်းသာဆိုသလို အနိဋ္ဌာရုံတွေနဲ့ချည်း နေ့စဉ် ကြားနေမြင်နေရတယ်။ ခုလည်း ဂျာတောင်ဆိုတဲ့ ကချင်မလေးရဲ့ ဘဝထဲကို ထဲထဲဝင်ဝင် ကြားသိလာရတော့ ကိုယ်ပါရောပြီး စိတ်မကောင်းဖြစ်ရတယ်။

"ဒါနဲ့ တရားစခန်းဝင်လာဖြစ်ပုံလေးကို ပြောပြစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလည်း သောကတွေ ပွေလီရှုပ်လွန်းနေတဲ့ ကျွန်မဘဝကို ပြုပြင်ပြောင်းလဲချင်လို့ ဗုဒ္ဓဘာသာဝင် တစ်ယောက်ဖြစ်လာအောင် လေ့လာ ကျင့်ကြံ အားထုတ်ချင်လို့ တရားစခန်း ဝင်ကြည့်တာပါ"

"အေးလေ ... ခရစ်ယာန်ဘာသာဝင်တွေဆို တစ်ချို့မိုးကုတ် ယောဂီစခန်းဝင်နေကြတာ ဖတ်ရသိရတော့ တစ်မြေထဲနေ တစ်ရေထဲသောက် ကြတဲ့ ပထဝီနယ်မြေဆက်စပ်နေတဲ့ဒေသမှာ ကိုယ်ယုံကြည်ရာကိုယ် ကိုးကွယ် ကြတာပဲ။ အခုလို တရားစခန်းဝင်ကြည့်တော့ ဘယ်လိုအကျိုးကျေးဇူးတွေ ရသလဲ။ အခုဆို ဆရာကြီး ဂိုအင်ကာကနေတစ်ဆင့် ကမ္ဘာကို ဝိပဿနာ တရား ပြန့်ပွားနိုင်သမျှ ပြန့်ပွားအောင် ဖြန့်ပေးနေတယ်"

"ဟုတ်တယ် ... ဆရာမရဲ့ တရားစခန်းဝင်ကြည့်တော့မှ သဘော ပေါက်လာတယ်။ တချို့ဗုဒ္ဓဘာသာဝင်တွေဆို အိမ်မှာ ဘုရားစင်ရှိတယ်။ ငါးပါးသီလကို နားရည်သာဝနေပေမယ့် ဘယ်တော့မှ မထိန်းသိမ်းနိုင်ကြ ဘူး။ သူတို့က နတ်နဲ့ပေဒင်ယတြာတွေကိုပဲ ဘုရားထက်ပိုပြီး အားကိုးနေ ကြတယ်"

"ဟုတ်တယ် ... ဂျာတောင်။ ညည်းတို့လို ခရစ်ယာန်ဘာသာဝင် တစ်ယောက်ကနေ ဗုဒ္ဓဘာသာအပေါ် လေ့လာကြည့်ရှုရင်း ယုံကြည်သက် ဝင်လာခဲ့တယ်။ အဲဒီလို တရားစခန်းဝင်ကြည့်တော့ ဘယ်လိုစိတ်ခံစားမှု ရခဲ့သလဲ"

"ကျွန်မ အရာရာကို ဥပက္ခာ ပြုနိုင်လာတယ်။ အရင်တုန်းကတော့ စိတ်ဓာတ်ကျဆင်းနေတဲ့ ဘာမျှ မျှော်လင့်ချက် မရှိတော့ဘူးဆိုတဲ့ အားငယ် စိတ်အတွေးတွေ လျော့ပါးလာတယ်။ စိတ်ထဲမှာ လုံးဝကင်းစင်ပြီး ပိန်းပိတ် အောင်မှောင်နေတဲ့ အမှောင်ထုအောက်မှာပဲ အလင်းရောင်ကို ဖျတ်ခနဲတွေ့ လိုက်ရပြီ ဆရာမရယ်"

"သိပ်ကျေးဇူးတင်ပါတယ် ဂျာတောင်ရယ်။ ငါတို့ ဗုဒ္ဓဘာသာအပေါ် မှာ သက်ဝင်ယုံကြည်မှုရှိလို့ သာဓုခေါ်ပါတယ်"

ကျွန်မ အိပ်ဆောင်ထဲမှာ တက်တင်းဇာထိုးနေသည့် ကချင်မလေး ဂျာတောင်နှင့် အလုပ်လုပ်နေကြရင်း စကားလက်ဆုံကျနေမိတယ်။ ထောင်





ထဲရောက်လာခိုက်မှာ ခုလို အကျိုးရှိရှိ တရားစခန်းဝင်နေရင်း အသိဉာဏ် ဖွံ့ဖြိုးလာကြသူတွေကို တွေ့နေရတယ်။

ပျော်ရာမှာမနေ၊ တော်ရာမှာနေရမယ်ဆိုသည့် စကားလိုပဲ ကိုယ် ရောက်နေသည့် နေရာဒေသတစ်ခုမှာ စိတ်ကို ဖြူဖြူစင်စင်ထားပြီး အ ကျိုးရှိအောင် နေတတ်သူတွေလည်း ထောင်ထဲမှာ ရှိနေသေးပါလားဆိုတာ သဘောပေါက်လာတယ်။

☼ ☼ ☼

# [၄]

❏

ကျွန်မတို့ အိပ်ဆောင်ထဲမှာဆိုတာ လူ့အမျိုးမျိုး စိတ်အထွေထွေ ရယ်။ ရောက်သည့်အရပ်မှာ ပျော်အောင်နေတတ်ကြတာ သူတို့ သဘာဝပဲ လေ။ အိပ်ဆောင်တွေဘက်ဆီ လှည့်လည်စစ်ဆေးကြည့်နေတုန်း သန့်ရှင်း ရေးဘုတ်အဖွဲ့က ကောင်မတွေ ရုံးစုရုံးစုလုပ်နေတာကို ပက်ပင်းတိုးနေပြန် တယ်။ သူတို့ကတော့ သူတို့အုပ်စုနှင့်သူတို့ ဟုတ်နေကြတာပေါ့လေ။

"ဟော့ ... ဟော့ ... နွေမ ... နွေမရဲ့လုပ်ပုံလေးက ချစ်စရာ ကွယ်"

သကြြန်သီချင်းကို တစ်ယောက်ကသီဆိုပေးနေပြီး ကျန်လူတွေ က ဝိုင်းလက်ခုပ်တီးပေးနေတယ်။ ထိုင်နေတဲ့ အကျဉ်းသူအုပ်စုရှေ့မှာတော့ သာတီးဒီမတစ်ယောက် ကွေးနေအောင်ကနေတယ်။ သူက သိပ်ကျပ်မပြည့် တော့ သူများတွေ ဝိုင်းမြှောက်ပေးနေတာကို အဟုတ်ထင်ပြီး ကနေတော့ ရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . ကောင်မတွေ၊ ဘာဖြစ်လို့ အလုပ်မလုပ်ဘဲ ဆူညံလုပ်နေကြတာလဲ"

ကျွန်မ အိပ်ဆောင်ကွယ်ကနေ ချောင်းကြည့်နေရင်း လူလုံးထွက်ပြလိုက်တော့မှပဲ သီချင်းသံတိတ်သွားသလို အကလည်းရပ်သွားတယ်။

"ဆရာမ . . . ကျွန်မတို့ သန့်ရှင်းရေးလုပ်ပြီးသွားလို့ နားနေကြတာပါ"

"ညည်းတို့ ငါလိုက်ကြည့်လို့ အမှိုက်တွေ့ရင်တော့ သေပြီသာမှတ်။ နက်ဖြန် တနင်္လာ။ ထောင်ပိုင် (Round) ရောင်း လှည့်မယ့်နေ့။ သေသေချာချာ လုပ်ထားကြ။ ဘယ်မှာလဲ ဘုတ်ကိုင် ဖဲအေးမာ"

"ရှိပါတယ် ဆရာမ။ ကျွန်မကိုယ်တိုင် သေသေချာချာ လိုက်စစ်ဆေးပြီးလို့ ထမင်းကျွေးချိန်မရောက်သေးလို့ ထိုင်နားရင်း သီချင်းဆိုကနေကြတာပါ"

"အေး . . . တော်တော် သီချင်းဆိုကချင်နေတဲ့ကောင်မတွေ ဒီနှစ် သင်္ကြန်ပွဲမှာ နင်တို့ကို စင်ပေါ်တက်ဆိုကခိုင်းဖို့ ငါ စာရင်းပေးလိုက်မယ်"

"တကယ်လား ဟင်"

"တကယ်ပေါ့။ ဒီနှစ်သင်္ကြန်မှာ တို့အကျဉ်းဦးစီးဌာနက ထောင်ရှေ့လမ်းပေါ်မှာ ဇာတ်စင်ထိုးပြီး သင်္ကြန်းယိမ်းတွေနဲ့ အဆိုတော်တွေခေါ်ပြီး ဖျော်ဖြေဖို့ ထောင်ပိုင်ကြီး စီစဉ်နေတယ်။"

"ဟာ . . . ပွတာပဲ။ အဲဒီလိုသာ အပြင်ထွက် သီချင်းဆိုရမယ်ဆို ထမင်းမေ့ဟင်းမေ့ပဲပေါ့"

ဖဲအေးမာကတော့ တက်တက်ကြွကြွပြောဆိုနေလေရဲ့။ တက်ကြွမှာပေါ့။ သူက အဆိုကောင်းပဲ။ ရပ်ကွက်ထဲက ပွဲလမ်းသဘင်တွေမှာဆို သူမပါရင် မပြီးဘူး။ လူကသာ ဖဲကစားတာ ဝါသနာကြီးလို့ အကျင့်မကောင်းနေတာ။ ဂီတပိုးကတော့ မသေဘူး။ ဖဲအေးမာဆိုတာကလည်း ဖဲရိုက်ကြရင်း ရဲက သတင်းပေးတဲ့လူရှိလို့ တိုက်ခန်းပေါ်တက်ဖမ်းရာက ထောင်ကျလာခဲ့တာ။ သီချင်းဆိုတာကတော့ အမြဲ ပါးစပ်က သီချင်းလေး တအေးအေး ဆိုနေတတ်တဲ့ အကျင့်ကိုပါနေတာ။





သူက သီချင်းဆိုသာ ဝါသနာပါတာ။ ဖဲရိုက်တာက ဒီလောက်မဟုတ်ဘူး။ ရပ်ကွက်ထဲမှာနေတုန်း တနင်္လာနေ့နံနက်ကစထိုးလိုက်တဲ့ နှစ်လုံးထီဟာ သောကြာရောက်မှပဲ စာရင်းတွက်စစ်လိုက်တော့ နှစ်သောင်းသုံးသောင်းဖြစ်ကုန်ရော။ နှစ်လုံးဒိုင်ဆီမှာ အကြွေးထိုးပြီး ပတ်ရှင်းနဲ့ရှင်းရတာ။

ဟို ဘိုးတော်ဂဏန်းကောင်းနိုးနိုး၊ ဒီဘိုးတော်ဂဏန်း၊ ကောင်းနိုးနိုးနဲ့ ထိုးလိုက်လွဲလိုက်နဲ့ သောကြာနေ့လည်းရောက်ရော တစ်ပတ်စာထိုးကြွေးက သောင်းဂဏန်းခိုက်နေပြီ။ ဒီတစ်ပတ်မပေါက်လို့ နောက်တစ်ပတ်ငွေမျှော်ငွေနဲ့လိုက်ဖို့ဆိုပြန်တော့ လက်ထဲမှာ ငွေက တစ်ပြားမှမရှိဘူး။ ဒိုင်ကလည်း အကြွေးမပေးနိုင်ပြန်ရင် အရှေ့ပတ်မှာ အကြွေးရဖို့တောင် ခပ်ခက်ခက်ရှယ်။

ဒီတော့ ကြံရှုဖန်ရ ပြန်တာပေါ့။ ယောက်ျားတွေအတွက်တော့ နှစ်လုံးပိတ်တဲ့ စနေ၊ တနင်္ဂနွေလိုနေ့မျိုးမှာ တစ်လုံးလို့ခေါ်တဲ့ ဘောလုံးပွဲလောင်းစရာက ရှိနေတော့ ဘောလုံးပွဲ လောင်းကြပြန်ရော။ အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပွဲတွေကို မန်ယူဘက်ကလောင်းလိုက်၊ လီဗာပူးဘက်ကလောင်းလိုက်နဲ့ အဲဒီညတွေဆို လက်ဘက်ရည်ဆိုင်မှာ အုန်းအုန်းထနေတာပဲ။

အေးမာတို့လို နှစ်လုံးသမားတွေအဖို့ ဘောလုံးအကြောင်းလည်း နားမလည်တော့ အခက်တွေ့နေတယ်။ စနေ၊ တနင်္ဂနွေ ဘောလုံးပွဲနေ့မှာ သူတို့က ငွေပြန်ရှာလို့လွယ်ပေမယ့် အေးမာတို့လို မိန်းမသားတွေမှာ လောင်းစရာကန့်တွဲ့။

ဒါကို ဖဲဝါသနာပါတဲ့ ရပ်ကွက်ထဲက အဒေါ်ကြီးကနေ စလိုက်တာ အားလုံးကလည်း ဝါသနာတူတွေဆိုတော့ ကြာကြာမစည်းရုံးလိုက်ရဘူး။ အိုကေမှာ စုံပြေသွားတယ်။ ဒီလို ဖဲကစားကြမယ်ဆိုပြန်တော့ နေရာထိုင်ခင်းကလိုလာပြန်ရော။

ဒီတော့လည်း အားလုံး ဝါသနာပါသူချင်းတွေမို့ ဝိုင်းစည်းရုံးရာက အေးမာအိမ်မှာ ဖဲကစားဖို့ဖြစ်လာတယ်။ ဘာဖြစ်လို့လည်းဆိုတော့ အေးမာ



www.burmeseclassic.com

www.burmeseclassic.com



က သားအမိနှစ်ယောက်ထဲရှိနေတာ။ သူ့ဘဲကြီးက တစ်ပတ်တစ်ခါ မှန်မှန် လာတာ မဟုတ်ဘူး။ သူက ဆက်ကင်းဆိုတော့ မယားကြီးလစ်မှ လှည့်ပတ် ရှောင်ပြီး ပြေးလာရတာ။ သူတို့သားအမိအတွက် တစ်လငါးသောင်းတော့ မှန်မှန်ထောက်ပေးပါရဲ့။

ဒီခေတ်ငွေငါးသောင်းဆိုတာ ဘယ်လိုသုံးလို့ လောက်နိုင်ပါ့မလဲ။ ဒီတော့ ဘေးကနေ ကြံရဖန်ရတာပေါ့။ ကြံပြန်တော့လည်း နှစ်လုံးနောက် လိုက်ထိုးနေပေမယ့် ပေါက်သည့်အခါပေါက်၊ မပေါက်သည့်အခါ မပေါက် ဆိုတော့ လုံးလည်ချာလည် လိုက်နေတာပဲ အဖတ်တင်တယ်။

အေးမာကလည်း နှစ်လုံးထိုးဝါသနာကြီးတော့ တစ်ပတ်မပေါက် လည်း နောက်တစ်ပတ်ဆိုပြီး မလျှော့သောဖွဲနဲ့ လိုက်နေခဲ့တာပဲ။ ခုတော့ ငွေရပေါက်ရလမ်းကလည်း ပေါ်လာပြီလေ။ အိမ်မှာပဲ ဖဲဒိုင်ခံရင်း အကောက် ရမယ်ဆိုတော့ ဘယ်ဆိုးမလဲ။ ငွေပြတ်နေတဲ့ စနေ၊ တနင်္ဂနွေမှာတောင် ငွေဝင်လမ်းက ရှိနေပြီပဲ။ ဒီလိုနဲ့ ဖဲဒိုင်ခံနေလိုက်တာ တစ်နေ့မှာတော့ ဘယ် သူက တိုင်လိုက်တယ် မသိပါဘူး။ ရဲတက်ဖမ်းတော့မှပဲ ဖဲဒိုင်ခံမှုနဲ့ ထောင် သုံးနှစ်တဲ့။

"အေး . . . ညည်းတို့တွေ ကောင်းကောင်းလှူစုထားကြ။ သီချင်း ဆိုတဲ့သူကော၊ ယိမ်းကတတ်တဲ့သူရော တို့မိန်းမဆောင်ကဟာတွေကို ပွဲထုတ် မယ်"

"ဖြောင်း . . . ဖြောင်း"

အကျဉ်းသူတစ်သိုက်ကတော့ ကျွန်မစကားကိုကြားလိုက်ရမို့ ဝမ်း သာမျက်နှာပွင့်သွားပြီး လက်ခုပ်တဖြောင်းဖြောင်းတီးလို့ ပျော်မြူးနေကြလေရဲ့။ ဒီနှစ်သင်္ကြန်ပွဲမှာ လူကြီးတွေကလည်း အတာရေသဘင်ပွဲကို ပါဝင်ဆင်နွှဲရင်း ထောင်ရှေ့လမ်းမကြီးပေါ်မှာ စင်ထိုးပျော်ပြေဖို့ စီစဉ်နေတယ်။

အဲဒီလို စီစဉ်နိုင်အောင်လည်း မူးယစ်ဆေးဝါးမှုနဲ့ ထောင်ကျနေ ကြတဲ့ နာမည်ကြီးမင်းသားတွေ၊ အဆိုတော်တွေက ရှိနေကြတာကိုး။ သူတို့ အဆက်အသွယ်တွေကတစ်ဆင့် တီးဝိုင်းတို့၊ အဆိုတော်တွေကို ဖိတ်ပေး မယ်ဆိုတော့ ပိုအဆင်ပြေတာပေါ့။

---

သူရိန်စာပေ



ဒါကြောင့် ကျွန်မတို့ မိန်းမဆောင်ထဲမှာလည်း ကျလှူခဲ့သူမဟုတ် ဆိုသလိုပဲ ကာရာအိုကေဆိုင်ကနေ ပြည့်တန်ဆာမှုနဲ့ အဆိုတော်ကောင်မလေး တွေကလည်း ထောင်ကျလာနေတော့ အတော်ပဲပေါ့။

ကျွန်မလည်း သင်္ကြန်ပွဲမှာ ပါဝင်ဆင်နွှဲပျော်ချင်ရှာသူတွေအတွက် တော့ အခွင့်အလမ်းတစ်ရပ် ရသွားခဲ့တာပေါ့။ ထောင်ကျနေတဲ့ အကျဉ်း သူတွေမပြောနဲ့ ကျွန်မတို့ ဝန်ထမ်းတွေမှာလည်း သင်္ကြန်အခါရောက်နေတာ တောင် ပိတ်ရက်ကမရှိတော့ အပြင်ဘက်က လော်စပီကာဖွင့်နေတဲ့ တူးပို့ တူးပို့ သီချင်းသံကို နားစွင့်ရင်း လည်ချင်ပတ်ချင်စိတ်တွေက မရိုးမရွ ပိုးထ လို့ရယ်။

ဒီနှစ်တော့ သင်္ကြန်အတာသဘင်ပွဲကို ကျင်းပဖို့ ထောင်ကစီစဉ်နေ တော့ ဘာပဲဖြစ်ဖြစ် အကျဉ်းသူဘုတ်ကိုထုတ်ရင်း ကိုယ်လည်း သင်္ကြန်ပွဲ နွှဲပျော်ရမှာကိုတွေးပြီး ပျော်နေလေရဲ့။ နှစ်တိုင်း သင်္ကြန်ပွဲနဲ့ဝေးနေရတဲ့ ကျွန်မ တို့ဝန်ထမ်းတွေဘဝမှာ အခုလို အလုပ်တာဝန်ထမ်းဆောင်ရင်း သင်္ကြန်ပွဲ ဝင်ဆင်နွှဲခွင့်ရမှာကို တမ်းတကြည်နူးနေတယ်။

အကျဉ်းသူအုပ်စုတွေကတော့ ပိုလို့ပျော်ရှာမှာပေါ့။ သူတို့ကိုယ် တိုင် စင်ပေါ်တက်ပြီး ဖျော်ဖြေခွင့်ရမှာဆိုတော့ သူလိုက်ချင်၊ ငါလိုက်ချင် အလုအယက်ဖြစ်နေကြတယ်။ ထောင်ထဲက လူအကုန်လုံးတော့ ထွက်ပြီး လိုက်လို့ ဘယ်ရပါ့မလဲ။ သူတို့ထဲက အနုပညာဗီဇရှိသူတွေကို စီစစ်ရွေးချယ် မှာပေါ့။

ဒါကြောင့် အဆိုကောင်းတဲ့ ဖဲအေးမာကိုပဲ တာဝန်ပေးခိုင်းရတယ်။ သူနဲ့ ကာရာအိုကေဆိုင်မှာ သီဆိုနေကျ အလေ့အကျင့်ရှိသူတွေကိုပဲ ဦးစား ပေး ရွေးရတယ်။ သီချင်းဆိုလေ့ကျင့်ဖို့ ယိမ်းကကွက်တိုက်ဖို့ကိုတော့ အိပ် ဆောင်ထဲက တီဗွီမှာ အောက်စက်ကို အထဲသွင်းပြီး သင်္ကြန်သီချင်းခွေဖွင့် လိုက်က ဆိုကြရင် ဖြစ်ပါတယ်။ ကျွန်မမှာ သင်္ကြန်ပွဲ ဝင်နွှဲရအောင် အိပ်ဆောင် ထဲက အကျဉ်းသူတွေအတွက် သီချင်းခွေရှာရ၊ အောက်စက်ရှာရနဲ့ အလုပ်ကို ရှုပ်နေတော့တာပဲ။

www.burmeseclassic.com

www.burmeseclassic.com

## (၅)

❑

ကျွန်မတို့ ဝန်ထမ်းဂျူတီဆိုတာကလည်း ဆယ့်ငါးရက်တစ်ကြိမ် လဲကြရတာ။ နေ့ဆယ့်ငါးရက်၊ ညဆယ့်ငါးရက် လှည့်ဝင်နေရတာပဲ။ ကျွန်မ နေ့တာဝန်ကျပြီးသွားလို့ ဒီအပတ် ညတာဝန်ဝင်ရတယ်လေ။ ညတာဝန် ကတော့ ပိုပြီးသက်သာတာပေါ့။ ညဘက်ဆိုတော့ အိပ်ဆောင်တံခါးတွေ ကတော့ သော့ပိတ်ခတ်ထားပြီး အပြင်ကနေ ကင်းတာဝန်ယူရတာပဲရှိ တယ်။

အိပ်ဆောင်ကြီးတစ်ဆောင်လုံးကို ညနေထောင်ပိတ်ကျတဲ့အဖွဲ့က လူပေါင်းယူပြီးတာနဲ့ သော့ခတ်ပိတ်ထားတယ်။ ညဘက်ထောင်ပိတ်လူပေါင်း ကိုက်ညီမှပဲ အိပ်ဆောင်သော့ကိုယူသွားပြီး ညတာဝန်မှူးဆီမှာ အပ်ထား ရတာ။

ဒီတော့ ညဘက်အရေးပေါ်အခြေအနေရှိမှ ဂိတ်မကြီးပေါ်ကို အကြောင်းကြားပြီး ဂိတ်ကြီးကတစ်ဆင့် ဖုန်းနဲ့ ပူးတံခါးထဲမှာညအိပ်တဲ့ တာဝန်မှူးဆီကိုတစ်ဆင့် ဆက်သွယ်အကြောင်းကြားပေးတယ်။

ကျွန်မတို့ ညတာဝန်ကျတွေအိပ်တဲ့ ခုတင်လေးပေါ်မှာ ခြင်ထောင် ထောင်ပြီး ညဂျူတီစောင့်ရတယ်။ အိပ်ဆောင်ထဲက အကျဉ်းသူတွေကတော့





ညအိပ်ချိန်မပေးသေးတော့ လွတ်လွတ်လပ်လပ် နေခွင့်ရနေတယ်။ အုပ်စု ဖွဲ့ လက်ဘက်သုပ်စားပြီး ထွေရာလေးပါး ပြောနေတဲ့အုပ်စုတွေကတစ်ဖွဲ့၊ လူငယ်အကျဉ်းသူတွေကတော့ ဘာအနှောင်အဖွဲ့ သံယောဇဉ်မှ မရှိသလို သီချင်းဆိုသူကဆို၊ ကသူက ကနဲ့ ပျော်မြူးနေကြလေရဲ့။

ကျွန်မလည်း အိပ်ချိန်မရောက်သေးလို့ တစ်ကြောင်း၊ အိပ်ဆောင် ထဲက ကြွက်စီကြွက်စီနဲ့ ဆက်ရက်အုပ်ကျသလို ဆူညံသံတွေကတစ်ကြောင်း အိပ်မပျော်သေးတာနဲ့ အိပ်ဆောင်ကြီးတစ်ပတ် ကင်းလှည့်စစ်ဆေးရင်း လက်နှိပ် ဓာတ်မီးလေးထိုးသွားနေတယ်။

ညဘက်ထောင်ဝင်းကြီးတစ်ခုလုံး မည်းမှောင်နေတဲ့အောက်မှာ သစ်ပင်က သစ်ရွက်လေတိုးသံတွေကလည်း တရှဲရှဲမြည်နေတော့ ကြောက် စိတ်တွေ ဝင်လာချင်သလိုလိုရယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်မတို့ မိန်းမ ဆောင်နောက်မှာ ကြိုးစင်ကြီးက ရှိနေလို့လေ။

ကျွန်မ လက်နှိပ်ဓာတ်မီးလေး တဝင်းဝင်း ထိုးသာနေရတယ် ကြောက်စိတ်က ရှိနေတော့ ညအမှောင်အောက်မှာ သိပ်ဝေးဝေးသွားမနေ တော့ဘဲ အဆောင်ပတ်ပတ်လည်နားမှာပဲ ဟိုကြည့်သည်ကြည့်လုပ် ပြန်လာ ခဲ့တယ်။ ညရေးညတာဆိုတော့ ပြောလို့ရနိုင်တာ မဟုတ်ဘူးလေ

ကျွန်မအဖေ လက်ထက်တုန်းက ကြားဖူးထားတာတွေ ရှိနေတော့ တွေးပြီးကြောက်နေတာ ဖြစ်မှာပေါ့။ ယောကျ်ားဆောင်ဘက်ကနေ မိန်းမ ဆောင်ဘက်ကိုကျော်ပြီး ဝင်လာတဲ့ အကျဉ်းသားတစ်ယောက်ရှိတယ်တဲ့။ ဒါတောင် နေ့လယ်ဘက်ကြီးနော်။ ဘယ်ကဘယ်လိုများ ကျော်ဝင်လာတယ် မသိပါဘူး။ အမျိုးသမီးဆောင်တာဝန်ကျတွေက သတင်းပို့လို့ ဝိုင်းဖမ်းခဲ့ရ တယ်။

အဲဒီလိုများ ကျော်ဝင်လာရင်ဆိုတဲ့ အတွေးဝင်လာမှ ကြက်သီး ဖြန်းဖြန်း ထမိတယ်။ ဟုတ်တယ်လေ အရေးရယ်အကြောင်းရယ်ဆို အိပ် ဆောင်ထဲမှာသာ အကျဉ်းသူတွေက အများကြီး။ ဒါပေမယ့် သူတို့က သော့ခတ် ပိတ်ထားတဲ့ အိပ်ဆောင်ထဲမှာ။ အပြင်ဘက်မှာက ကျွန်မက တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

တည်း။ ဒီလိုတွေးမိမှ ပိုကြောက်လာလို့ အိပ်ဆောင်ဘေးဆီ ပြန်လျှောက်လာခဲ့တယ်။

"ယိမ်းနွဲ့ကာ ....."

ဟု သကြံနှိမ်းဓာတ်ကားထဲမှာ မေသန်းနုက ကပြီး မေရွက်ဝါသီဆိုနေတဲ့ သီချင်းလေးကို အကျဉ်းသူတစ်ဦးက အားပါးတရ သီဆိုနေလေရဲ့။ အသက်နှစ်ဆယ်ဝန်းကျင် အကျဉ်းသူမလေးက မေသန်းနုကဟန်အတိုင်း ခြေလက်ချိုးပြီး ညက်ညက်ညောညော ကနေတယ်။

ကျွန်မလည်း ကြည့်ကောင်းကောင်းနဲ့ မျဉ်းတန်းလေးဘေးကနေ အထဲကို ရပ်ကြည့်နေခဲ့တယ်။ သီချင်းဆိုနေတဲ့ အကျဉ်းသူကို သေသေချာချာ ကြည့်မိလိုက်တော့မှ ကာရာအိုကေဆိုင်က မိသဲဖြစ်နေတယ်။

သူမကတော့ မှုန်ဝင်နေဟန်နဲ့ အပီအပြင်ဟဲနေတယ်။ လက်ထဲမှာလည်း ရေသန့်ဘူးအခွံတစ်လုံးကို မိုက်လိုကိုင်ဆိုနေတာများ သူ့ကိုယ်သူ ကာရာအိုကေဆိုင်မှာ ဘီယာသောက်ဆိုနေတယ်လို့ ဈာန်ဝင်နေဟန်ထင်ပါရဲ့။

"ဖြောင်း ... ဖြောင်း ..."

ဘေးမှာရှိနေတဲ့ အကျဉ်းသူအုပ်စုက အဆိုရှင်မိသဲကိုဝိုင်းပြီး လက်ခုပ်တီးလို့ ဩဘာပေးနေကြတယ်။ မိသဲကလည်း သီချင်းတစ်ပုဒ်ကို စိတ်ပါလက်ပါသီဆိုဖျော်ဖြေလိုက်ရလို့ ထင်ပါတယ်၊ မောသွားလို့ ရေအိုးစင်မှာ ရေလာခပ်သောက်တုန်း ကျွန်မကိုမြင်သွားတယ်။

"ဘယ်လိုလဲ မိသဲ ... နင်ကတော့ နင့်ကိုယ်နင် ကာရာအိုကေဆိုင်မှာ ကိုယ့်ပါတနာကို ဖျော်ဖြေပေးနေသလို မှာန်သိပ်ပါတာပဲနော်"

"ဟဲ ... ဟဲ ... ဆရာမကလည်း ဒါ အကင်းလေးပဲရှိသေးတာ"

"ဟဲ့ ... ဒီလောက်ဆိုတာကောင်းတာများ အကင်းလေးပဲလား"

"ဆရာမက ဘာသိလို့လဲ။ ဒီကောင်မ မိသဲက သူတို့ ကာရာအိုကေဆိုင်မှာဆို ဝီစကီလေးတစ်ပက် ဘီယာထဲစပ်ပြီး အပီအပြင်ချပြီး ကာရာအိုကေဆိုနေကျလေ။ သူ့ဆိုဟန်ဆိုပေါက်ကိုကြည့်ပြီး သူ့ဘေးက အဖော်တဲ





ကြီးက ကြွေနေတာပဲ။ အိတ်ထဲကငွေတွေကိုလည်း ဟောတစ်ရွက်ဟောတစ်ရွက် ထုတ်ဆုချနေတယ်"

"သြော် ... ဒီလို ဝီစကီသောက်ပြီး လေ့ကျင့်လာခဲ့လို့များ သက်လုံကောင်းနေတာလား မသိဘူး။ ငါတောင် အပြင်ကနေ ရပ်နားထောင်နေရတာကိုပဲ အရမ်းသဘောကျနေတယ်"

အကျဉ်းသူတစ်သိုက်က ဘေးမှဝိုင်းပြီး မိသဲကို ဖော်ကောင်လုပ်ပေးနေတော့ ကျွန်မ အံ့ဩသွားတယ်။ ဟုတ်မှာပေါ့လေ။ သူတို့ဘဝလေးတွေက သမ္မာအာဇီဝနဲ့ ငွေရှာရတာ မလွယ်ကူတော့ စားသောက်ဆိုင်တကာမှာ လှည့်လည် သီဆိုဖျော်ဖြေနေခဲ့ရတယ်။

စားသောက်ဆိုင်ဆိုတာ ငွေကြေးချမ်းသာသူတွေရဲ့ အပန်းဖြေနေရာပဲ။ စတိတ်စင်လေးပေါ်က မီးရောင်အောက်မှာ မိုက်ကရိုဖုန်းလေးကိုင်ပြီး စကာတ်အတိုလေးနဲ့ သီဆိုဖျော်ဖြေနေတာကို အောက်က စားပိုင်းတွေက ငွေကြေးပိုလျှံသူတွေကတော့ ဘီယာကပဲမူးလို့လား၊ လူကပဲနှာဘူးကျလို့လားမသိ ကရောင်းတွေ၊ ပန်းကုံးတွေကို စင်ပေါ်တက် သိန်းနဲ့ချီ ပန်းကုံးစွပ်နေကြတယ်လို့ သူတို့ပြောပြမှ သိရတယ်။

တကယ်တော့ မိသဲတို့အလုပ်ဆိုတာကလည်း အရွယ်ကောင်းရှိတုန်းမှာ စင်မြင့်မီးရောင်အောက်မှာ အလှဆုံးပြင်၊ အဟော့ဆုံးဒီဖိုင်းတွေနဲ့ ပုရိသယောက်ျားတွေ အကြိုက်ကိုလိုက်ပြီး သီဆိုဖျော်ဖြေရတာ။ ဒီလို အလှပန်းလေးတွေ အစွမ်းကုန်ဖူးပွင့်ဝေဆာနေတဲ့အချိန်မှာ ဟော့ရှော့လုပ်ပြတော့ စင်အောက်က သွားရည်တမြားမြားနဲ့ ဘီယာနိုးဝေ၊ အရက်နိုးဝေနေတဲ့ ရမ္မက်မျက်လုံးတွေက စူးစူးစိုက်စိုက် သဘောကျ နှစ်ခြိုက်လို့ပေါ့။

အသက်နှစ်ဆယ်ကျော်လွန်လာချိန် အလှပန်းတွေ တစ်စတစ်စ ညှိုးမှိန်လာချိန်မှာတော့ နောက်ပေါက်ရွှေကြာတွေကလည်း သူ့ထက်သူချွတ်ဖော်သီဆိုပြလေတော့ မိသဲတို့လို အရွယ်ဟိုင်းစပြုသူတွေကို စိတ်မဝင်စားတော့ဘူးလေ။

ဒီတော့လည်း စားသောက်ဆိုင်တွေနဲ့ တဖြည်းဖြည်း ဝေးကွာလာရာက ကာရာအိုကေခန်းတွေဆီ ခြေဦးလှည့်ရပြန်တယ်။ ဟိုမှာက စတိတ်



www.burmeseclassic.com

www.burmeseclassic.com



စင်ပေါ်မှာ သီဆိုရသလို မဟုတ်ဘူးလေ။ လူတကာရင်ခွင်ကြားမှာ နိဝင်လှည့်ပြောင်းလို့ သီချင်းဆိုပြရတာမျိုး။

ဒီနေရာမှာက ကိုယ့်ပါတနာသာ ငွေထောထောပါလာရင် အပိုင်ကိုင်ထားလို့ရတဲ့နေရာ။ သူ့အလိုကျ သူ့အကြိုက်သီချင်းလေးတွေကို တီးဖွိ ဖန်သားပြင်ပေါ်မှာ တက်လာတဲ့ စာတန်းသံစဉ်ကြည့်ဆိုရတာ။

ပိုဆိုးတာက လူ့ခန္ဓာကိုယ်တစ်ခုလုံးက သူ့ရင်ခွင်ထဲမှာ ထွေးပိုက်ခံထားရတာ။ သူ့ကို ဘီယာငှဲ့ပေးလိုက်၊ သီချင်းလေးဆိုလိုက်၊ အစကတော့ ဝိုင်လောက်ပဲသောက်တာ။ ဝိုင်ကလည်း ဈေးကြီးတယ်လေ။ ကာရာအိုကေဆိုနေတဲ့ ကောင်မလေးတွေက မန်နေဂျာသဘောကျအောင် ကပ်စ်တမ်မာသကာ ငွေများများသုံးပေးနိုင်မှ ဘောက်ဆူးများများရမှာလေ။

ဒီတော့ သီချင်းဆိုနေတဲ့ကောင်မလေးတွေက ဝိုင်မှာလိုက်၊ ကျွဲနှိုင်းမှာလိုက်၊ ကြက်ကြော်မှာလိုက်နဲ့ ဈေးကြီးကြီးတွေကိုမှာချင်အောင် စွဲဆောင်စည်းရုံးရတာပေါ့။ ဒါက ဘာခက်တာမှတ်လို့။ သူတို့ရင်ခွင်ထဲမှာ ထွေးပိုက်ခံပြီး အကိုင်အနှိုက်ခံ၊ နှုတ်ခမ်းချင်းစုပ်၊ အနမ်းတွေဝေဖြာခံနေလိုက်ရင် ဘဲနာကြီးတွေ အိတ်ထဲက အရွက်ကြီးကြီးတွေ ထွက်လာတာပဲ။

ဆိုင်မှာ စွဲဆောင်အားကောင်းတဲ့သူဆို လက်တောင်မလည်ဘူး။ ဟိုဝိုင်းပြေးညှော်ခံရ၊ ဒီဝိုင်းပြေး ညှော်ခံရနဲ့ ဂျင်ဂျင်လည်နေရော။ ဒီလိုနေရာမျိုး လာတယ်ဆိုတဲ့လူကလည်း သီချင်းဆိုရင်း ဘီယာအရက်သောက်ချင်တာထက် လွတ်လွတ်လပ်လပ် ကိုယ့်ပါတနာမလေးကို ကိုင်တွယ်နမ်းဖက်ခွင့်ရလို့ အတွေ့ကို ခံစားချင်လို့ လာကြတာများတယ်။

အထိအတွေ့ ယဉ်ပါးလာတော့လည်း မိန်းမသားပီပီ သားယာမိန်းမူးလာတာပေါ့။ ဒီတော့ ကာရာအိုကေဆိုင်သိမ်းချိန်ထိစောင့်နေတတ်တဲ့ ကားတွေပေါ်ပါသွားပြီး တည်းခိုခန်းမှာ ညအိပ်ခဲ့ရတာက များပါတယ်။ အကြောင်းမသင့်လို့ တည်းခိုခန်းကို ရဲဝင်စစ်တော့ ညှော်စာရင်းမတိုင်တာတွေပြီး ကောင်မလေးတွေကို ပြည့်တန်ဆာအက်တပ်လို့ အရေးယူတော့ ထောင် (၃)နှစ် ကျလာခဲ့ရတာပဲ။

---

သူရိန်စာပေ



ညတာဝန်ကျနေရတဲ့ အချိန်တွေဟာ ကျွန်မအတွက် အေးချမ်းနေတာပေါ့။ ဘာဖြစ်လို့လည်းဆိုတော့ သော့ခတ်လှောင်ပိတ်ထားတဲ့ အကျဉ်းသူတွေကို အိပ်ဆောင်အပြင်ဘက်ကနေ ထိုင်စောင့်ကြည့်နေရတာ ဘာခက်ခဲတာမှတ်လို့။ ထောင်ဆိုတာ ပြဿနာမဖြစ်ရင် ဘာမှမဖြစ်ဘူး။ ပြဿနာဖြစ်ပြီဆိုရင်သာ ရှင်းရလင်းရတာ အလုပ်တစ်ခုပဲ။

ညအခင်း လေအေးအေးလေး တသုန်သုန် တိုက်ခတ်လာနေခဲ့လို့ အနွေးထည်လေး ကောက်ဝတ်ပြီး အိမ်ဆောင်တစ်ပတ် ကင်းလှည့်စစ်နေပြန်တယ်။ မိန်းမဆောင်ဆိုလို့ အထင်သေးလို့ မရဘူးလေ။ သူတို့က ဒုက္ခပေါင်းစုံကို ခါးစည်းခံနေရတဲ့ သူတွေမဟုတ်လား။ ဖြစ်ချင်တာဖြစ် စိတ်ထွက်ပေါက်ရှာသွားရင် မခက်ပေဘူးလား။

ဒီတော့ ကိုယ့်ဘက်က လုံခြုံရေးသတိ အမြဲရှိနေဖို့ပဲလိုပါတယ်။ ယောကျ်ားဆောင်ဘက်မှာဆိုရင်တော့ လုံးဝစိတ်မချရဘူး။ ထောင်ဖောက်ပြေးချင်တဲ့သူတွေက ခပ်များများရယ်။ ကျွန်မတို့ငယ်ငယ် ကျွန်မအဖေတို့လက်ထက်မှာတုန်းကဆို ထောင်ဖောက်ပြေးတယ်ဆိုတာ တစ်ခါမှ မကြားဖူးဘူး။

ခုနောက်ပိုင်းမှာတော့ ပြေးလိုက်ကြတဲ့ ထောင်ဖောက်ပြေးမှုတွေ သောက်သောက်လဲပဲ။ အဆိုးဆုံးက တိုက်ခန်းထဲကနေတောင် ထောင်ဖောက်ပြေးကြတယ်ဆိုမှတော့ ကမ်းကုန်ရောပဲ။ သူတို့က အမြဲ ကြံစည်နေချင်ကြသူတွေလေ။ လွတ်မြောက်မှုကို မတရားနည်းနဲ့ ရှာချင်ကြသူတွေ မဟုတ်လား။

ခုတော့ အကျဉ်းထောင်တွေထဲမှာ အကျဉ်းထောင်လက်စွဲ ဥပဒေနဲ့ မကိုက်ညီတဲ့ အခွင့်အရေးတွေကို သက်ဆိုင်ရာက အဆင်ပြေအောင်စီစဉ်ပေးပေမယ့်လည်း သူတို့တွေကတော့ ခွေးမြီးကောက် ကျည်တောက်စွပ်သလိုပါပဲ။

ခုဆို ထောင်တွေထဲမှာ ညစဉ်တီဗွီတွေဖွင့်ပြလို့ အပန်းဖြေကြည့်ခွင့်ရနေကြသလို သတင်းစာ၊ ဂျာနယ်တွေ ဖတ်ရှုနိုင်ဖို့ စာပေရေချမ်းစင်လေးတွေ ဖွင့်ပေးထားတယ်။ ရေကိုလည်း သောက်ရေအိုးကနေ အရင်လို ခပ်သောက်စရာမလိုပဲ ရေသန့်စက်ရုံတည်ပေးထားပြီး ရေသန့်ဘူးတွေ သောက်နေရပြီ။

---

သူရိန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မိလ္လာမှာဆိုရင်လည်း လှုမြင်ကွင်းမှာ စည်ပိုင်းပြတ်ပေါ်ထိုင် အခင်းသွားနေရတာ မဟုတ်တဲ့ မိလ္လာကန်စနစ်ကို ရေလောင်းအိမ်သာတွေ လုပ်ပေးထားပြီးပြီ။

အဲဒီလို အဖက်ဖက်က ဆောင့်စေအောင် ပြုပြင်ဆောင်ရွက်ပေးထားဟဲ့ သီးခြားကမ္ဘာလေးထဲမှာ စည်းကမ်းတကျ နေကြထိုင်ကြရင် မကောင်းပေဘူးလား။ ကိုယ်က ပြစ်မှုကို ကျူးလွန်လာခဲ့ကြသူတွေဆိုတော့ ဥပဒေစည်းကို အေးအေးဆေးဆေး၊ ကျေကျေနပ်နပ် ခံယူသင့်ကြတာပေါ့။

ကျွန်မစိတ်အတွေးထဲမှာတော့ အားလုံး တာဝန်ကိုယ်စီ ကျေပွန်ကြပြီးတော့ အေးအေးချမ်းချမ်း ရှိစေချင်ကြတာပါ။ဒါကို ကျွန်မတို့အကျဉ်းထောင်လက်စွဲဥပဒေကို နားမလည်နိုင်သူတွေက ကျွန်မတို့ ထောင်အုပ်ချုပ်ရေးပိုင်းက မတရား ဖိနှိပ်ချုပ်ချယ်ထားတယ်လို့ အသိမှားနေကြတာပါ။ ဒါကလည်း ဟိုး အင်္ဂလိပ်ခေတ် ကိုလိုနီစနစ်နဲ့ အုပ်ချုပ်ရေးပိုင်းအပေါ် ရေးဆွဲထားတဲ့ ဥပဒေတွေပဲ ဖြစ်ပါတယ်။

☼ ☼ ☼

[၆]

တစ်ညှ ကျွန်မအိပ်ဆောင်ပတ်ပတ်လည် ကင်းစစ်ဆေးကြည့်နေတုန်းမှာ အိပ်ဆောင်ထဲက တီဗွီထိုင်ကြည့်နေတဲ့ အကျဉ်းသူတစ်သိုက် ပူညံပူညံဖြစ်နေကြလို့ အသံဆူဆူညံညံလုပ်သံကြားလျှင် ထောင်ပိုင်ကြီး ခေါ်မေးမှာစိုးတာနဲ့ လက်ထဲက ကြိမ်လုံးနဲ့ စားပွဲကို ရိုက်လိုက်တယ်။

"ဖြန်း ... ဖြန်း ..."





"ဟဲ့ ကောင်မတွေ ... ဘာဖြစ်နေကြတာလဲ ... ဆူညံနေတာပဲ ..."

အိပ်ဆောင်ထဲမှာရှိနေတဲ့ အကျဉ်းသူတွေ တုတ်တုတ်မလှုပ်ကြတော့ဘဲ ငြိမ်သက်သွားတယ်။ အိပ်ဆောင်တန်းစီး ဒေါ်စောတင်က ...

"ဆရာမ ... တီဗီကြည့်နေတဲ့ဟာတွေ ... မြန်မာ့အသံကြည့်မယ် ... မြဝတီကြည့်မယ်နဲ့ ငြင်းခုံနေတာပါ ..."

"ဘာဖြစ်လို့ ဟိုဟာကြည့်မယ် ... ဒီဟာကြည့်မယ် ... ဖြစ်နေရတာလဲ ... နဂိုပြနေတဲ့ဟာပဲ ဆက်ကြည့်ကြပေါ့ ..."

"မဟုတ်ဘူးဆရာမရဲ့ ... ဂျူမုံလာတော့မှာ။ အဲဒါကို ဖွင့်မပြကြပဲ သူတို့က သီချင်းဆိုစာတွေပဲ ကြည့်နေလို့ ပြောင်းခိုင်းတာပါ ..."

"အလကား ... အဖွားကြီး။ အသက်ကပဲ သေခါနီးနေပြီ ... သူ့လင် ဂျူမုံကိုပဲ စွဲလမ်းနေလွန်းလို့ပါ ..."

"ညည်းတို့ကလည်းအေ ... ဂျူမုံလေးက ဘယ်လောက်ချစ်စရာကောင်းလဲ ...။ ဆိုအောနိုလေးလဲ လှတာပဲ။ ရာဇဝင်ဇာတ်ကားမို့ ကြည့်ချင်လို့ပါအေ ..."

အဲဒီလို အိပ်ဆောင်ထဲမှာ ဖြစ်တောက်ဖြစ်တောက် ဖြစ်နေကြလို့ ကျွန်မလည်း စိတ်မရှည်နိုင်တာကြောင့် အော်ပြောပစ်လိုက်ရတယ်။

"ကဲ ... ဂျူမုံဇာတ်ကားကြည့်ချင်တဲ့ လူတွေကများနေတော့ ... နင်တို့တွေက ... ညကင်းဗာရာတွေဆိုပြီး ... ဗိုလ်ကျမနေနဲ့ မြဝတီဘက်ပြောင်းပေးလိုက် ..."

ကျွန်မအဆုံးအဖြတ်ပေးလိုက်မှပဲ ကိစ္စက ပြတ်သွားတော့တယ်။ တန်းစီးက ရီမုခ်လေးယူနှိပ်ပေးလိုက်မှ ကိစ္စပြတ်သွားတယ်။ ကာရာအိုကေဆိုင်က အုပ်စုတွေက သိပ်မကျေနပ်ချင်ဘူး။ သူတို့ကတော့ ဝါသနာအလျှောက် ထောင်ထဲမှာ ရှိနေခိုက် သီချင်းသံလေးတွေနားဆင်ရင်း အပန်းဖြေချင်မှာပေါ့လေ။

ကျွန်မလက်မှာ ပတ်ထားတဲ့ နာရီလေးကို လှမ်းကြည့်လိုက်တော့ ညခြောက်နာရီလေးဆယ့်ငါးဆိုတော့ ဂျူမုံကားလာတော့မယ်လေ။ အမှန်



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျွန်မကိုယ်တိုင်ကလည်း ဂျူမုံခရေဖီပါ။ ဂျူမုံကားပြတိုင်း မလွတ်တမ်းကြည့်နေသူဆိုတော့ ခုလို ညဂျူတီကျနေတုန်းမှာ ဂျူမုံကားကို အမြဲကြည့်နေချင်တာပေါ့။ ကာရာအိုကေအုပ်စုတွေကတော့ သီချင်းနားထောင်ချင်သူတွေဆိုတော့ ဘယ်ကျေနပ်နိုင်ပါ့မလဲလေ။

အိပ်ဆောင်ထဲမှာ အငြိမ်းအခံ့ဖြစ်နေကြတဲ့ အကျဉ်းသူတွေကိုကြည့်လိုက်မှ ဂျူမုံကားကို ငမ်းငမ်းတက် ကြည့်ချင်နေတဲ့ အကျဉ်းသူမကြီးက ခေါင်းဖြူဖွယ်ကျိုးဖြစ်နေပြီ။ အသက်က ခြောက်ဆယ်နီးပါးရှိရော့မယ်။ ကိုယ်ပေါ်မှာတော့ ပုံစံအင်္ကျီအဖြူကို ဝတ်ဆင်ထားပြီး အောက်ပိုင်းက ယော်ရောင်ထမီနဲ့လေ။ လက်ထဲမှာလည်း ပုတီးကုံးလေးကို မပြတ်စိပ်လို့။

လား . . . လား . . . သေချာကြည့်မိတော့မှ ဒင်းအကြောင်းတွေက ရေးရေးပေါ်လာတယ်။ ဒါ . . . ဒေါ်အုန်းကြီးပဲ။ လူကသာ ဘုရားတရားလိုက်စားနေသလိုလိုဝတ်စားထားပေမယ့် အမှုက ပြည့်တန်ဆာခေါင်းအမှုနဲ့ ထောင်ဆယ်နှစ်ကျလာတဲ့သူပဲ။

ကြောင်သူတော် ကြွက်သူခိုးရုပ်နဲ့ ဘီလူးခေါင်းဆောင်းထားတဲ့ မိန်းမကြီးပဲ။ ရပ်ကွက်ထဲမှာတော့ သားပျို၊ သမီးပျိုလေးတွေကို စည်းရုံးဖျက်ဆီးနေတဲ့သူ။ သူများ သားပျို၊သမီးပျိုလေးတွေကို ငွေကြေးအရေးပေါ်လိုလာရင် ဟာဆွယ်လုပ်ပြီး အော်ဒါထည့်ပေးနေတဲ့ အကျင့်ယုတ်မိန်းမကြီးပဲ။

ခုတော့ ထောင်ထဲမှာတော့ သူမဟုတ်သလို သူတော်ကောင်းယောင်ဆောင်နေသေးတယ်။ ရပ်ကွက်ထဲက လူတွေအားလုံးဟာ အော့ကြောလန်နေတဲ့ဟာကြီး။ သမီးအပျိုပေါက်လေးတွေ အရွယ်ရောက်မယ် မကြံသေးဘူး ပိုက်ဆံ ချမ်းသာတဲ့ သူဌေးတွေနဲ့ပေါင်းပြီး ဆယ့်ငါးသိန်းနဲ့ ပါကင်ဖောက်ပေးနေတဲ့သူပဲ။

မကောင်းမှုဒုစရိုက်နွံထဲမှာ တစ်သက်လုံး နစ်မြုပ်နေခဲ့တာ။ ယောက်ျားကလည်း ဘာထူးသေးလဲ။ ခါးပိုက်နှိုက်။ လင်ရောမယားရော သူ့အမှုတွေနဲ့အတူ ထောင်ကျနေခဲ့ကြတာလေ။

ခုတော့ ထောင်ထဲရောက်လာပြီဆိုပြီး ကြောင်သူတော်ကြွက်သူခိုးဟန်ဆောင်ပြီး တရားဓမ္မလိုက်စားနေတဲ့ သူလိုလို ဟန်ဆောင်ဝတ်စားနေတာပဲ။

သူ့ရိုန်စာပေ



သူ့ဇာတိရုပ်ကို အကြောင်းသိသူတွေက ဆေးဖော်ကြောဖက်တောင် မလုပ်ချင်ကြဘူး။

သူကလည်း ထောင်ထဲရောက်လာခိုက် တရားစကားတွေ ဘယ်ကသင်လာတယ်မသိဘူး။ ကြားဘူးနားဝနဲ့ လျှောက်ဖြီးဖြန်းပြောနေတာကများတယ်။ လူပုံပန်းကတော့ ယောဂီဝတ်ပြီး အထင်ကြီးအောင် နေပြပေမယ့် တစ်ဖက်ကနေ ထောင်ထဲရောက်လာနေတဲ့ မိဘမဲ့ ကောင်မလေးတွေကို ဖာနန်းပို့ဖို့ စည်းရုံးသိမ်းသွင်းနေတာပဲ။

ကျွန်မ ဂျူမုံကားကိုသာကြည့်နေပေမယ့် စိတ်ထဲမှာတော့ ဒေါ်အုန်းအကြောင်းတွေက တရစ်ဝဲဝဲပေါ်လာနေတယ်။ ဒီဒေါ်အုန်းဆိုတာက မကောင်းတာလုပ်စားနေမှန်း သိနေပေမယ့် မေးထူးခေါ်ပြောလောက်ပဲ ဆက်ဆံနေရတယ်။ မတော် ကျွန်မပါစည်းရုံးသွားရင် မခက်ပေဘူးလား။ လူဆိုတာလောဘသားတွေ မဟုတ်လား။ ငွေကြေးအကြပ်အတည်းနဲ့ ကြုံလာရင် ဒေါ်အုန်းက ဖြေရှင်းပေးနိုင်သူ။ ဒီတော့ ငွေကြေးအဆင်မပြေ သူတွေကတော့ ဒေါ်အုန်းကိုပဲ ဆက်သွယ်အားထားနေရမှာပေါ့။

ဒေါ်အုန်းဥပတိရုပ်ကလည်း မထင်မှတ်စရာ။ ဖြူဖြူခန့်ခန့် သန့်သန့်ချောချောကြီး။ ရုပ်ရည်ကလည်း အသားအရေနဲ့ လိုက်အောင် ဖြူဝင်းလှပနေတယ်။ ကိုယ်လုံးကလည်း အချိုးအဆစ်ကျတယ်။ ဒီတော့ မသိတဲ့ လူတွေဆို ဒီလူဒီအလုပ် လုပ်စားပါတယ်လို့ ဘယ်သူထင်မှတ်မှာလဲ။

www.burmeseclassic.com

www.burmeseclassic.com

# [၇]

□

"ဂွပ် ... ဂွပ် ..."

တဂွပ်ဂွပ်နဲ့ အသံကြားနေရလို့ ကျွန်မခုတင်လေးပေါ်မှာ အပျင်းပြေ လဲလျောင်းနေရင်း အရှင်ဆန္ဒာဓိကရေးတဲ့ "မိဘကျေးဇူးအကျေဆပ်နည်း" တရားစာအုပ်လေးကို ဖတ်ရှုကြည့်နေစဉ်မှာ ကြားနေရတာပါ။

အိပ်ဆောင်ထဲမှာ ဒီလိုညဘက်ကြီး ဘယ်သူတွေများ ဘာမဟုတ် တာ ကြံစည်နေပြီလည်းဆိုသည့် စိုးရိမ်စိတ်နဲ့ စာအုပ်ဘေးချပြီး အိပ်ဆောင် နား လှည့်လည်ကြည့်လိုက်တယ်။

"ဟဲ့ ... တဂွပ်ဂွပ်နဲ့ ဘာတွေထုနေကြတာလဲ ..."

ကျွန်မအော်မေးလိုက်သံကြားလိုက်လို့ ထင်တယ်။ အိပ်ဆောင် အ လယ်မှာ တဂွပ်ဂွပ်နဲ့ ထုထောင်းနေတဲ့ အုပ်စု ခေါင်းထောင်ကြည့်လိုက်ပြီး ...

"ဒီမှာ ... လက်ဖက်စားမလို့ ... လက်ဖက်သားကို ကြည်သွန်ဖြူ ငရုပ်သီးစိမ်းနဲ့ ညက်အောင်ထောင်းနေလို့ပါ ... ဆရာမ ..."

သူတို့အထဲက မြှောက်ပြနေတဲ့ပစ္စည်းကို မီးရောင်အောက်မှာ မြင် လိုက်ရမှပဲ ဩော် ... ငါးသေတ္တာဘူးခွံပါလားဆိုတာ သိရတော့တယ်။





ငါးသေတ္တာဘူးခွံဆိုတာ ထောင်ထဲမှာတော့ ငရုပ်ဆုံအဖြစ် အသုံးပြုနေကြ တာပါ။ ပိုက်ဆံချမ်းသာတဲ့ အကျဉ်းသူအိမ်က ထောင်ဝင်စာထုပ်ထဲ ထည့် ပို့လိုက်တော့ပါလာတာပါ။

အဲဒီ ငါးသေတ္တာဘူးခွံကို ငရုပ်ဆုံလို သဘောထားပြီး ငရုပ်ကျည် ပွေ့ကို သူတို့လူးနေတဲ့ ရွှေဘိုသနပ်ခါးတုံး အပွေးတုံးနေတဲ့ သနပ်ခါးတုံးကို အသုံးပြုထုနေတာ။

ဒီလိုပါပဲ ထောင်ထဲမှာတော့ နံနက်ဟင်းခိုးချက်ကြတဲ့ အဖွဲ့တွေဟာ အဲဒီငါးသေတ္တာခွံနဲ့ သနပ်ခါးတုံးကို အသုံးပြုပြီး ငရုပ်သီးထောင်းကြ၊ မရမ်း သီးထောင်းကြနဲ့ အသုံးပြုနေကြတာပါ။

သူတို့ခများမှာလည်း ထောင်ကကျွေးတဲ့ အသားတုံးချည်းသက်သက် ကို ဘယ်စားလို့ ဝင်နိုင်ကြပါ့မလဲ။ ဒီတော့လည်း မိန်းမသားတွေပီပီ နဂိုက တည်းက ချက်တတ်ပြုတ်တတ်ကြသူတွေဆိုတော့ အသားပုံစံဝေတဲ့နေ့ဆို အသားကို ငရုပ်သီးနဲ့ဆီထည့်ပြီးတော့ ဟင်းချက်စားနေကြလေ။

ထောင်ထဲမှာ ဟင်းချက်စားရတာကလည်းလွယ်တော့ မလွယ်လှ ဘူး။ ဟင်းကို ခိုးချက်ကြရတာ။ ကင်းအထပ်ထပ်ချပြီး တာဝန်ကျ ဝန်ထမ်း တွေ လာလေ့လာထမရှိတဲ့ မိလ္လာချောင်လို နေရာမျိုးမှာ ထောင်ဝင်စာကပါ လာတဲ့ ကျွတ်ကျွတ်အိတ်ခွံတို့၊ သစ်ကိုင်းအကျိုးစတို့နဲ့ မီးမွှေးပြီး ချက်စား ကြရတာလေ။

ဒါတောင် မိလ္လာဘုတ်ကိုင်အမိနာနဲ့ ပြေလည်မှ အဆင်ပြေနိုင်တာ။ မိလ္လာသွားတဲ့ ခုံနောက်ဖက်မှာ မီးခိုးမထွက်အောင် ခိုးချက်စားကြရတာ လွယ်တော့ မလွယ်ဘူး။ ဒီလိုမှ ချက်မစားပြန်ရင်လည်း ထမင်းစားဝင်လို့ မလွယ်ဘူး။ ဒီတော့ ကိုယ်ရလာတဲ့ သားငါးကို အုပ်စုဖွဲ့ပြီး ဆီ၊ ငရုပ်သီး၊ ကြက်သွန် စုပေါင်းလို့ ချက်စားနေကြရတာ မဟုတ်လား။

ကျွန်မတာဝန်က ထောင်ထဲမှာ ပြဿနာမပေါ်ပဲ အေးအေးဆေးဆေး ဖြစ်နေရင်ပြီးတာပဲဆိုပြီး ခွင့်လွှတ်ထားရတယ်။ သူတို့ခမျာ ထောင်ကကျွေးတဲ့ ထမင်းဟင်းက ညနေသုံးနာရီလောက်ကတည်းက ညနေစာကျွေးတာ၊ ဒီတော့ ဗိုက်ဟာနေကြမှာပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com



ထောင်မှာကလည်း ညနေစာကို ဒီလိုစောစောကျွေးထားနိုင်မှလည်း ညနေထောင်ပိတ်ချိန်မီမှာ။ ထောင်က ညနေငါးနာရီလောက်ဆို ထောင်ပိတ်ဖို့ စိုင်းပြင်းနေကြပြီလေ။ ညနေလေးနာရီကျော်တာနဲ့ အပြင်ရုံးထွက်သွားတဲ့ နောက်မှုအကျဉ်းသူတွေ ပြန်လာသလို ဒီနေ့မှ ထောင်ကျလာတဲ့ အကျဉ်းသူသစ်တွေက ပါလာပြန်သေး။

ညနေငါးနာရီ မောင်းထိုးလိုက်တာနှင့် အပြင်ဘက်က ညဂျူတီသမားတွေ ထောင်ပိတ်ဝင်ဖို့ ဖောလင်းစီ ဝင်လာနေပြီ။ ထောင်ပိတ်တာဝန်ကျတဲ့ အဖွဲ့တွေက အိပ်ဆောင်ထဲကို အကျဉ်းသူတွေအားလုံး သွင်းလို့ ထောင်ပိတ်ဖို့ စောင့်နေကြပြီ။

ညနေငါးနာရီခွဲလောက်ဆို ရုံးပြန်တွေလည်း ပြန်ရောက်လာသလို အထဲက အထွေထွေဘုတ်တွေလည်း အစောကြီးကတည်းက သိမ်းလို့ ထမင်းကျွေးထားပြီးပြီ။

ဒီတော့ ညနေခင်း ဟန်ရေးတပြပြ လမ်းသလားနေကြတဲ့ အုပ်စုတွေလည်း အိပ်ဆောင်ထဲဆီ ရောက်ကုန်ကြပြီ။ အိပ်ဆောင်ထဲမှာ နှစ်ယောက်တစ်တွဲစီ ပုံစံထိုင်ပြီး ထောင်ပိတ်စောင့်နေကြရတယ်။

ကျွန်မတို့ ညကင်းတာဝန်ကျသူတွေကလည်း မိမိတို့တာဝန်ကို ဆက်လက်ဆောင်ရွက်ဖို့ အဆင့်သင့်ဖြစ်နေပြီ။ အိပ်ဆောင်ပိတ်ပြီး လူပေါင်းရေတွက်လို့ရတဲ့ လူဦးရေစာရင်းကို ထောင်မှူးမကိုယ်တိုင် မိန်းဂျေးလ်ရုံးကို စာရင်းသွားပေးရတယ်။

ညနေ့ထောင်ပိတ်လူပေါင်းကိုက်ညီသွားလို့ ထောင်ပိတ်ပြီးစီးသွားတဲ့ အခါ နေ့တာဝန်ကျအားလုံး နေအိမ်ဆီအသီးသီး ပြန်သွားကုန်ကြတယ်။ ညပိုင်းတာဝန်ကျတဲ့ ကျွန်မတို့ ညကင်းသမားနှစ်ယောက်ကပဲ ညရေးညတာကို တာဝန်ဆက်လက် ထမ်းဆောင်ခဲ့ကြတယ်။

အဲဒီလိုပါပဲ ထောင်ဆိုတာ မနက်စောစော ငါးနာရီလောက် ဖွင့်လိုက် ညခြောက်နာရီလောက်ဆို ထောင်ပိတ်လိုက်နဲ့ သံသရာ လည်ပတ်နေရတယ်။

ကျွန်မတို့ ညကင်းအဖွဲ့တွေက အိပ်ဆောင်လုံခြုံရေးအတွက် ဆက်လက် တာဝန်ယူစောင့်ရှောက်ရတယ်။ ညတာဝန်ကျချိန်မှာတော့ အကျဉ်း





သူအားလုံး အိပ်ဆောင်ထဲမှာ သော့ခတ်ပိတ်ထားလို့ သိပ်ကရိကထ မရှိပါဘူး။

အိပ်ဆောင်ထဲမှာ တာဝန်ကျနေသည့် ညကင်းဗာရာအဖွဲ့ကပဲ အိပ်ဆောင်ထဲမှာ ရှိနေသည့် အကျဉ်းသူများကို ထိန်းသိမ်းပေးနေခဲ့တယ်။ အထူးသဖြင့် ညဘက်ခြောက်နာရီမှ ကိုးနာရီထိ တာဝန်ကျသော ညကင်း ဗာရာများကတော့ အလုပ်ရှုပ်တာပေါ့။ ညနေ ထောင်ပိတ်ချိန်ထဲက တန်းစီဖို့ အော်ရဘုရားရှိခိုးကြဖို့ စုစည်းရန်နှင့် ဆူညံပွက်လောရိုက်နေတယ်။

တစ်ခါတရံမှာ မိန်းမဆောင်ထဲက အကျဉ်းသူများ၏ စကားသံတွေ ဆူညံပွက်လောရိုက်နေရင် ကျွန်မက အပြက်ဘက်ကနေ စားပွဲပေါ်တုတ်နဲ့ တဖြန်းဖြန်းရိုက်ပြီး သတိပေးရတယ်။ ဒီတော့မှ ဆူဆူညံညံ ပြောဆိုနေသံတွေဟာ တိတ်ဆိတ်သွားတော့တယ်။

ဒီလိုပါပဲ၊ ထောင်ဆိုတာ စည်းနဲ့ကမ်းနဲ့ နေတဲ့နေရာဆိုတော့လည်း စည်းကမ်းတကျ နေထိုင်ပြောဆိုတတ်အောင် သွန်သင်ဆုံးမပဲ့ တာဝန်ကရှိနေတယ်လေ။ မိန်းမသားတွေချည်းနေသည့် နေရာမျိုးမှာ စကား ဟောင်ဖွာ၊ ဟောင်ဖွာ ပြောတတ်ကြတာက မိန်းမတွေရဲ့ ဓလေ့ပဲလေ။ ဆူဆူညံညံ အသံတွေဆိုတာ ည လူခြေတိတ်ချိန်မှာ ပြင်ပကို လျှံထွက်လာလို့ ဂိတ်ကြီးပေါ်မှာ နေထိုင်သည့် ထောင်ပိုင်အိမ်ပေါ်က အတိုင်းသား ကြားနိုင်တာကြောင့် မနည်းဝတ်တုတ် ထိန်းနေရတာအမော။

အဲဒီလို ဆူညံနေသည့် အသံများကြားနေရလျှင် ကျွန်မမှာ အပြင်ဘက်က တုတ်ကိုင်ပြီး အော်ဟစ်ထိန်းသိမ်းနေရတယ်။ သူတို့ကတော့ တိုးတိုးတိတ်တိတ် ပြောဆိုနေကြတာမှန်ပေမယ့် အသံတွေစုပေါင်းသွားသည့်အခါ အသံကျယ်လောင်သလို ဖြစ်လာမှာ ဓမ္မတာပါပဲ။

ဒါကြောင့် ညအိပ်ချိန်မပေးမချင်း အကျဉ်းသူတွေကို အပြင်ဘက်က လိုက်လံထိန်းသိမ်းကြပ်မတ်ရတာလည်း မလွယ်ပါဘူး။ အမှန်တော့ ညဘက်ပိုင်းဆို အားလုံးတိတ်ဆိတ်နေလို့ အပ်ကျသံတောင် မကြားရပါဘူး။

ကျွန်မ အိပ်ဆောင်အပြင်ဘက်ကနေ လိုက်လံစောင့်ကြပ်ကြည့်နေရင်း မြောက်ဖက်ထောင့်မှ အဒေါ်ကြီးတစ်ဦးရဲ့ စကားသံဟာ ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်တယ်။ သူကတော့ သူကိုယ့်သူ ဘုရားဒကာမကြီးလို မှတ်ထင်ဟန် တူပါရဲ့။

ပြောနေလိုက်တဲ့စကားတွေက ဘုရားအကြောင်း၊ တရားအကြောင်း စုံနေတာပဲ။ တကယ် ယုံယုံကြည်ကြည် ကိုးကွယ်ဆည်းကပ်သလို မျက်စေ့ကို စုံမှိတ်ပြီးတော့ ဘုရားကို တိုင်တည်ပြောဆိုနေတာများ တကယ်အထင်ကြီးစရာပဲ။

အထဲက အကျဉ်းသူတွေကတော့ သူဟောပြောနေတဲ့ ဘုရားစာတွေကို အထင်တကြီး၊ တလေးတစားနဲ့ ဝိုင်းနားထောင်နေကြတယ်လေ။ အမှန်တော့ သူကျူးလွန်လာသည့် အမှုအကြောင်းများသိကြလျှင် လက်ဖျားခါသွားမည်။

သူ့အမှုက ခိုးမှု။ သူ့အမည်က ဒေါ်ဝိုင်းစိန်။ အပြင်မှာနေတုန်းအခုလိုပဲ ယောဂီထမီလေး အမြဲဝတ်ဆင်လို့ ဈေးဆွဲခြင်းလေးကိုင်ပြီး ဟန်နဲ့ပန်နဲ့ ဈေးထဲကို စတိုင်ကျကျ ဝင်သွားလေ့ရှိတယ်။

တော်ရုံတန်ရုံလူကတော့ သူ့ဝတ်ပုံစားပုံ၊ သူ့ဟန်ပန် စရိုက်ကိုကြည့်ပြီး အထင်ကြီးလေးစားချင်စရာပေါ့။ လူက ရုပ်ရည်ကလည်း သန့်သန့်ပြန့်ပြန့် ခန္ဓာကိုယ်ကလည်း ဝဝဖိုင့်ဖိုင့်ဆိုတော့ တကယ့် ဥပါသကာမကြီးလို့ပဲ ယူဆနေကြမှာ မလွဲဘူး။ စကားပြောတဲ့အခါမှာလည်း အာဘောင်အာရင်း သန့်သန့်နှင့် ပြောတတ်ဆိုတတ်တော့ ဝိုင်းအထင်ကြီးကြမှာ မဆန်းပါဘူး။

ကျွန်မ အိပ်ဆောင်ထဲကို မျက်လုံးဝေ့ကြည့်လိုက်တော့ တချို့အကျဉ်းသူတွေကတော့ အိပ်ရာလေးတွေပေါ်မှာ ခြေဆန့်သူက ဆန့်နေသလို တချို့ကြတော့လည်း ရေငတ်လာလို့ထင်ပါရဲ့ လက်ထဲက ရေသန့်ဘူးလေး ဖွင့်သောက်နေသလို တချို့က အုပ်စုဖွဲ့ လှောက်သုပ်ထိုင်စားနေကြတယ်။

ဒေါ်ဝိုင်းစိန်အနားမှာ အုပ်စုဖွဲ့ နားထောင်နေကြသူတွေကတော့ သာတီးဒီအုပ်စုတွေပဲရှိတယ်။ သူတို့တွေက ထောင်ထဲရောက်မှ လူလိုသူလို နေနိုင်စားနိုင်သူတွေဆိုတော့ ဒေါ်ဝိုင်းစိန်တရားနာပြီး အထင်ကြီးလေးစားနေမှာပေါ့။





တကယ်တော့ ဒေါ်ဝိုင်းစိန်ဆိုတာက ဟန်ဆောင်ပန်ဆောင်ကောင်းအောင်သာ ယောဂီထမီဝတ်ထားပေမယ့် ဈေးထဲမှာ လူလစ်တာနှင့် အလစ်သုတ်နေကျ မိန်းမကြီးပဲ။ အမြဲတန်း ယောဂီထမီအင်္ကျီဝတ်ထားတော့ ဘာသာရေး လိုက်စားသူရယ်လို့ မှတ်ထင်ယုံကြည်နေကြတယ်။

ဈေးထဲကို ဝင်လာကတည်းက လူတွေယုံကြည်လွယ်အောင်လို့ ဘုရားအကြောင်း၊ တရားအကြောင်းတွေ ဇန်းပြဟောပြောနေတာများ ပေါက်ပေါက်ဖောက်နေသလိုပဲ။ ပါးစပ်က အမြုပ်ထွက်မတတ် ဟောပြောနေခဲ့တာပေါ့။

ပြီးမှ အထည်တန်းတွေဘက်ဝင် ဟန်ဆောင်ပန်ဆောင် အထည်ဝယ်လာသူလို ဈေးထဲလျှောက်ကြည့်လုပ်နေရော။ သိတယ်မဟုတ်လား။ အထည်တန်းဆိုတာမျိုးက ဆိုင်ရှေ့ ခင်းကျင်းရောင်းချနေတာကိုက အထည်အုပ်လိုက်၊ အစည်းလိုက်ခင်းပြီး ရောင်းနေတတ်တာလေ။

ဒီတော့ ဒေါ်ဝိုင်းစိန်ကလည်း ဆွဲခြင်းတောင်းလေး လက်မှာချိတ်လို့ ခပ်တည်တည် ဟိုလျှောက်ကြည့် ဒီလျှောက်မေးလုပ်လိုက်။ အထည်ဆိုင်ရှင်က ဈေးဝယ်ကျနေလို့ ဆိုင်ပေါ်ကနေ ထမီအဆင်ဆန်းတွေ တစ်ထည်ပြီး တစ်ထည် ဖြန့်ပြနေချိန်ပေါ့။

အဲဒီလိုဆိုင်မှာ လူရှုပ်ပြီး ဈေးဝယ်ကျနေချိန်မျိုးမှာတော့ ဒေါ်ဝိုင်းစိန်ကလည်း ထုံးစံအတိုင်း ဘုရားစကားလေးပြောလိုက် အနိစ္စ အမြဲမရှိဆိုတဲ့ တရားစကားလေး ဟောလိုက်နှင့် မယောင်မလည် ရပ်ကြည့်နေသလိုမျိုး လုပ်နေရော။

ဟော. . . လူလစ်ပြီဆိုတာနှင့် ဈေးဝယ်ရော၊ ဈေးသည်ရော အထည်ဖြန့်ပြနေသည့်အပေါ် အာရုံစိုက်နေချိန်မျိုးမှာ လက်ထဲက လေးလံလို့ ချထားဟန်ဆောင်ထားတဲ့ ခြင်းတောင်းအလွတ်ထဲ ဘတ်ခနဲ ပုဆိုးအစည်းတစ်ထုပ်ထည့်ပြီးသား။

နောက် ဟိုလိုလို ဒီလိုလိုလုပ်ပြီး အဲဒီနေရာကနေ မယောင်မလည်နှင့် ထစ်တော့တာပဲ။ ဆိုင်ရှင်မှာတော့ ဝယ်သူစိတ်ကြိုက် ပါးစပ်ကတံတွေးထွက်



www.burmeseclassic.com

www.burmeseclassic.com



အောင် အထည်ကို ရောင်းချဖို့ စည်းရုံးပြောဆိုနေရတော့ သူ့ကို အာရုံမစိုက်မိတော့ဘူး။

ဒီတော့ ဒေါ်ပိုင်းစိန်က ဆွဲခြင်းတောင်းလေးခပ်တည်တည်ဆွဲပြီး ဈေးထဲကနေ လှစ်ခနဲ ထွက်သွားတော့တယ်။ ရလာတဲ့ အထည်ထုပ်ကတော့ ထုံးစံအတိုင်း သူ့ခိုးဈေးမှာ ရောင်းပြီး ငွေဖော်ပြီးနေပြီ။

အဲ . . . လည်လွှန်းတဲ့ဘီး ချေးသင့်တယ်ဆိုတဲ့ စကားကြားမိမှာပေါ့လေ။ ဘယ်လောက်ပဲ ဟန်ဆောင်ပန်ဆောင်ကောင်းကောင်းနှင့် ရှစ်စပ်ကျင်ကျင်လည်ပေမဲ့လည်း ခံရတဲ့လူဘက်ကလည်း တစ်ခါကနှစ်ခါဆိုတော့ သတိထားမိလာပြီလေ။

ဒီတော့ ဒေါ်ငါးယောင်ဆောင်တဲ့ကျီးကို စောင့်ဖမ်းဖို့ စီစဉ်ထားတုန်းမှာ ထုံးစံအတိုင်း စားနေကျကြောင်ဖားကတော့ ဟိုငေးဒီငေး။ ဟိုလူအချို့တွေလိုက် ဘုရားစာလေးရွတ်လိုက်၊ တရားစကားလေးပြောလိုက်နှင့် အထည်တန်းထဲ ဝင်လာပါရော။

ဈေးသည်တွေဆိုတာ ကိုယ့်ကုန်ပစ္စည်းဝယ်သူ စိတ်ကြိုက်ထုတ်ပြနေရသမ်းရ ခေါက်ရနဲ့ အလုပ်ရှုပ်နေတာပေါ့။ ဒေါ်ပိုင်းစိန်ကလည်း ဆွဲခြင်းတောင်းလေး အောက်ချပြီး ဈေးဝယ်သူနဲ့ရောပြီး ဟိုပစ္စည်းလေးက ကောင်းလိုက်တာ၊ ဒီအဆင်လေးက လှလိုက်တာနှင့် ဖောရော်ဝင်လုပ်နေတာပေါ့။

လူလစ်ပြီဆိုမှ ဆိုင်အောက်က အဝတ်ထုပ်ဆွဲခြင်းတောင်းထဲထည့် လို့ လစ်မယ်လည်းဆိုရော ဘယ်ကရောက်လာသည်မသိ သက်ဆိုင်ရာဈေးခေါင်းနှင့် ဈေးဝန်ထမ်းတွေက ပိုင်းဖမ်းတော့ ကွိခနဲမိရော။

ဒီတော့ ရဲစခန်းခေါ်ပြီးအပ်တော့ အထည်ခိုးမှုနဲ့ ဂုံးတင်တရားစွဲဆိုခဲ့ရာက ထောင်သုံးနှစ်ကျလာခဲ့တာပေါ့။ ခုလည်းကြည့်လေ ထောင်ထဲရောက်နေတာတောင် ဘုရားတတာပြီး ယောင်သလိုလို တစ်ခုခုဖြစ်လိုက်“အမလေး . . . ဘုရား . . . ဘုရား . . .”နဲ့ တလို့မဆုံးသေးဘူး။

“ဒေါင် . . . ဒေါင် . . . ဒေါင် . . . ဒေါင်”

ဆိုတဲ့ ဂါတ်မကြီးပေါ်က အစောင့်စန္ဒရီရဲ့ ကင်းသံချောင်းခေါက်သံက ပေါ်လာပြီး နာရီမောင်းဆက် ခေါက်နေလိုက်တာ ကိုးချက်တိတိပဲ။

သူရိန်စာပေ



“အိပ်ချိန်”

အဲဒီလို အချက်ပေးအော်ဟစ်သံအဆုံးမှာ ထောင်ထဲမှာရှိနေကြသော အိပ်ဆောင်အားလုံးမှာ ရှိနေကြသော အကျဉ်းသား၊ အကျဉ်းသူအားလုံးအိပ်ရန်နေရာလေးမှာ လဲလျောင်းအိပ်စက်ကြရတော့တယ်။ ဒီနောက်ပိုင်း ခေါင်းထောင်ထလို့မရတော့ဘူး။ လမ်းလျှောက်လို့ မရတော့ဘူး။ အားလုံး နောက်ပိုင်းတာဝန်တွေကို ကိုးဆယ့်တစ်တာဝန်ကျ ညကင်းဗာရာကနေ ဆက်လက်တာဝန်ယူဆောင်ရွက်သွားတယ်။

ကျွန်မလည်း အိပ်ချိန်ပေးမှပဲ အေးအေးဆေးဆေး နားရတော့မှာမို့ ခုတင်လေးပေါ်လှဲပြီး ဆရာတော်အရှင်ဆန္ဒဓိကရဲ့ “မိဘကျေးဇူး အကျေဆပ်နည်း” ဓမ္မစာအုပ်ကို ဖတ်ရှုရင်း အနားယူနေချိန်မှာပဲ ညကင်းဗာရာသတင်းပို့နေသံက စူးစူးဝါးဝါးလေး ပေါ်ထွက်လာနေတော့တယ်။

“ထောင်ဝင်အမှတ် ၁၄၃၅/စီ . . . ကိုး . . . ဆယ့်တစ်ဗာရာ . . . ခင်မမ . . . အမျိုးသမီးဆောင်လူပေါင်း နှစ်ရာရှစ်ဆယ့်တစ်ယောက် . . . အားလုံးကောင်းပါသည် . . . ရှင့်။ . . .။”

✶ ✶ ✶

ထောင်မျိုးမမ

www.burmeseclassic.com

www.burmeseclassic.com

# ဗဟိုဇော
# တရားခွင်ပေါ်ကစိန်ခေါ်ပွဲ



## [၁]

❑

ပန်းဆိုးတန်းလမ်းရှိ တရားလွှတ်တော်ရှေ့နေ ဦးမြသိန်း၏ ရုံးခန်းအတွင်းသို့ အသက်သုံးဆယ်ကျော်အရွယ် အမျိုးသမီးတစ်ဦး အပြေးအလွှား ဝင်ရောက်လာသည်။

"ဆရာဦးမြသိန်း ... ရှိပါသလားရှင်"

အမှုတွဲတစ်ခုတွင် အာရုံဝင်စားနေသော ဦးမြသိန်းသည် အမျိုးသမီး၏အသံကြောင့် စာကြည့်မျက်မှန်ပေါ်ကကျော်၍ ခေါင်းမော့ကြည့်လိုက်သည်။

"ဟို ... ဟိုလေ ... ကျွန်မ ... ကျွန်မ ဆရာဦးမြသိန်းနဲ့ တွေ့ချင်လို့ပါရှင်"

အမျိုးသမီးက ထစ်ထစ်ငေါ့ငေါ့ဖြင့် အလျင်စလို ပြောလိုက်သည်။ ဦးမြသိန်းက အမျိုးသမီးအား ခြေဆုံးခေါင်းဆုံး အကဲခတ်ရင်း ခေါင်းညိတ်ပြလိုက်သည်။

"ဦးမြသိန်းဆိုတာ ကျွန်တော်ပါပဲ"

အမျိုးသမီးက စားပွဲအနီးသို့ ခပ်ရှိရှိ တိုးလာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ . . . ကျွန်မ အရေးကြီးတဲ့ကိစ္စတစ်ခု ဆရာနဲ့ တိုင်ပင်ချင်လို့ပါရှင်"

ဦးမြသိန်းက စားပွဲရှေ့ရှိ ကုလားထိုင်တစ်လုံးဆီသို့ လက်ဝှေ့ရမ်းပြလိုက်သည်။

"ထိုင်ပါဦးလေ"

အမျိုးသမီးက ကုလားထိုင်တွင် ဝင်ထိုင်ရင်း ပခုံးတွင် လွယ်လာသော လက်ပွေ့အိတ်ကို သူမ၏ဖြောင့်စင်းသော ပေါင်တံများပေါ်သို့ ပြောင်းပြောင်းလိုက်သည်။

ဦးမြသိန်းက စာကြည့်မျက်မှန်ကို အသာအယာဆွဲချွတ်ကာ တစ်ငုံတစ်ခုကို ထိတ်လန့်ဟန်ဖြင့် ဂနာမငြိမ်ဖြစ်နေသော အမျိုးသမီးကို စိုက်ကြည့်မိသည်။ သူမ၏ ချောင်ကျနေသော မျက်ကွင်းများက အိပ်ရေးပျက်ထားသော လက္ခဏာများကို ဖော်ပြလျက်ရှိနေ၏။

"ကျွန်မနာမည် ခင်ဆွေဦးပါ။ ဆရာနဲ့ အရေးတကြီးတိုင်ပင်စရာရှိလို့ လာခဲ့တာပါရှင့်"

သူမက အသံကို တည်ငြိမ်အောင် သတိပြု၍ ပြောသည်။

"ဘယ်လို အရေးတကြီးကိစ္စများလဲ . . . ဒေါ်ခင်ဆွေဦး"

"ဟို . . . ဘယ်လိုပြောရမလဲ။ ကျွန်မအမျိုးသားကိစ္စ ဆိုပါတော့ဆရာ"

"အင်း . . . အမျိုးသားဆိုတာက . . ."

"ဟုတ်ကဲ့ . . . ကျွန်မ ခင်ပွန်း ဦးကိုကိုကြီးကိစ္စပါဆရာ"

"ဦးကိုကိုကြီးက ဘယ်လိုအရေးကိစ္စ ဖြစ်နေလို့လဲ"

အမျိုးသမီးက ခေါင်းကုတ်လိုက်ကာ . . .

"ဟိုလေ . . . ကျွန်မစိတ်တွေ ရှုပ်ထွေးနေလို့ ဘယ်ကစလို့ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး . . . ဆရာရယ်"

အမျိုးသမီးက ဝမ်းနည်းပက်လက်သံဖြင့် မျက်ဝန်းထောင့်စွန်းကို လက်ကိုင်ပုဝါဖြင့် တို့ရင်း ပြောလိုက်သည်။ ပြဿနာမှာ အတော်လေးရှုပ်ထွေး၍ အရေးလည်းကြီးနေမည် ဦးမြသိန်း တွေးမိသည်။





"ကျွန်တော့်ဆီ ရောက်လာမှတော့ စိတ်အေးလက်အေးသာ ထားပါ . . . ဒေါ်ခင်ဆွေဦး။ အဲ . . . ဘယ်ကစလို့ ဘယ်လိုပြောရမှန်းမသိရင်လည်း အစကနေသာ ပြောပြပါလားဗျာ"

ဦးမြသိန်း၏ နွေးထွေးသော နှစ်သိမ့်စကားကြောင့် သူမမှာ အတန်ငယ် စိတ်သက်သာသွားဟန် သက်ပြင်းတစ်ချက် ရှိုက်ထုတ်လိုက်သည်ကို တွေ့ရ၏။ ပြီးမှ ဦးမြသိန်းနှင့် မျက်လုံးချင်းဆိုင် လိုက်၏။

"ကျွန်မ ရေကျော်ဝတ်ကျောင်းလမ်းမှာ နေပါတယ်။ ခင်ပွန်းသည်က အစိုးရရုံးက ဦးစီးအရာရှိတစ်ယောက် ဆိုပါတော့။ ပြဿနာဖြစ်တာက မနေ့ည (၈)နာရီလောက်မှာပါ။ အဲဒီအချိန်မှာ ကျွန်မက ဘုရားခန်းမှာ ပန်းအိုးတွေလဲနေတုန်း အိပ်ခန်းထဲက ဒိုင်းခနဲ မြည်သံကြားတာနဲ့ ကမန်းကတန်း ပြေးကြည့်လိုက်တော့ ခင်ပွန်းသည်ကို ကြမ်းပြင်ပေါ်မှာ မှောက်လျက်လဲကျနေတာ တွေ့လိုက်ရပါတယ်။ သူ့ကျောပြင်မှာလည်း သွေးတွေစိုရွှဲနေတာမြင်တာနဲ့ ကျွန်မ ကြောက်လန့်ပြီး တအားအော်လိုက်မိပါတယ်။ ကျွန်မအော်သံကြားလို့ မေမေနဲ့ အိမ်နီးနားချင်းတွေ ရောက်လာကြပါတယ်။ တစ်ယောက်ယောက်က ဖုန်းဆက်လိုက်လို့ထင်ပါရဲ့။ မကြာခင် ရဲတွေရောက်လာပြီး အိပ်ခန်းထဲဝင်စစ်ဆေးကြတယ်။ ကျွန်မ ယောက်ျားကို အရေးပေါ်လူနာတင်ယာဉ်ခေါ်ပြီး ဆေးရုံကြီး ပို့ပေးကြတယ်။ ဆေးရုံကြီးရောက်လို့ သွေးသွင်းဖို့ပြင်ဆင်နေတုန်းမှာပဲ သူဆုံးသွားကြောင်း သိလိုက်ရပါတယ်။ ကျွန်မကိုတော့ ရဲစခန်းခေါ်သွားပြီး ဖြစ်ပျက်ပုံကို စစ်မေးကြပါတယ်။ အိမ်မှာပဲ နေဖို့နဲ့ သူတို့မသိဘဲ ဘယ်မှာမသွားဖို့လည်း ပြောသွားပါသေးတယ်။ ကျွန်မတို့အိပ်ခန်းကို ချိတ်ပိတ်သွားပါတယ်။ ခုမနက်အထိတော့ သူတို့ ထပ်မလာကြသေးပါဘူး။ အဲဒါ ဆရာ့ကို သတိရတာနဲ့ ကမန်းကတန်းထွက် လာခဲ့တာပါ"

အမျိုးသမီးက ရှည်လျားစွာရှင်းပြသည်။ သူမမှာ အခုချိန်အထိ အမောမပြေသေးဟန်ဖြင့် မို့မောက်သော ရင်နှစ်မွှာမှာ နိမ့်ချည်တစ်လှည့်၊ မြင့်ချည်တစ်လှည့် ဖြစ်နေသေးသည်ကို တွေ့ရ၏။ ဦးမြသိန်းကမူ နားမလည်သော မျက်လုံးများဖြင့် သူမအား စူးစိုက်ကြည့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးကိုကိုကြီးက ဘာလို့ သေဆုံးရတာလဲဗျ"

ဦးမြသိန်းက မေးသည်။ ဒေါ်ခင်ဆွေဦးက တံတွေးတစ်ချက် မျိုချလိုက်ပြီးမှ ...

"အမှန်တော့ သူ့ကိုယ်သူ သတ်သေတာပါ ဆရာ။ သူ့သေနတ်ကိုလည်း ကြမ်းပြင်ပေါ်မှာတွေ့လို့ ရဲတွေ သိမ်းသွားကြပါပြီ"

ဦးမြသိန်းက တစ်ခုခုကိုတွေးမိဟန် မျက်မှောင်ကြုတ်လျက် ...

"ဒါဖြင့် ဒေါ်ခင်ဆွေဦးက ရဲတွေ တားမြစ်ထားတဲ့ကြားက ကျွန်တော့်ဆီ ဘာလို့ထွက်လာရတာလဲဗျ"

ဒေါ်ခင်ဆွေဦးက မျက်တောင်ကို တဖျတ်ဖျတ်ခတ်လိုက်ပြီး ...

"ရဲတွေ ကျွန်မကို လာဖမ်းကြလိမ့်မယ် ထင်မိလို့ပါ"

"ဘာလို့ ဒီလိုထင်ရတာလဲ"

"အမှန်တော့ ကျွန်မ ယောက်ျားက သူ့ကိုယ်သူ သတ်သေတာပါ။ ဒါကို ကျွန်မ ပြောရဲတယ်။ ဒါပေမဲ့ မနေ့ညက ရဲတွေစစ်ဆေးပုံက ကျွန်မယောက်ျားကို တစ်စုံတစ်ယောက် လာသတ်သွားသလိုမျိုး ဖြစ်နေတယ်။ ကျွန်မအပေါ်မှာ သံသယရှိနေသလိုပဲ။ တစ်ချိန်လုံး သင်္ကာမကင်းတဲ့ မျက်လုံးတွေနဲ့ပဲ စူးစိုက်ပြီး အကဲခတ်နေကြတယ်။ အဲဒါကြောင့် သူတို့ ကျွန်မကို လာဖမ်းကြလိမ့်မယ်လို့ အလိုလို ထင်နေမိလို့ပါဆရာ"

ဦးမြသိန်းက သူမ မျက်လုံးများတွင်း စေ့စေ့ကြည့်ကာ ...

"ဒါနဲ့ ဦးကိုကိုကြီးက သူ့ကိုယ်သူ သတ်သေတာလို့ ဒေါ်ခင်ဆွေဦးက ဘာလို့ပြောရဲရတာလဲဗျ"

"ဒါကတော့ ရှင်းပါတယ်ဆရာ။ အိမ်မှာက ကျွန်မ ... မေမေရယ်၊ ကျွန်မ ယောက်ျားရယ်၊ ကျွန်မရယ် သုံးယောက်ပဲ နေကြတာလေ။ မနေ့ညက ဘုရားပန်းအိုးလဲနေတုန်း မေမေက ဘုရားစင်ရှေ့မှာ ပုတီးစိပ်နေပါတယ်။ သေနတ်သံကြားတော့ အိပ်ခန်းထဲ ကျွန်မ အရင်ရောက်သွားပြီး မေမေက ကျွန်မ အော်သံကြားမှ ရောက်လာတာပါ။ တခြား ဘယ်သူမှ မရှိဘူး။ အိမ်ရှေ့တံခါးနဲ့ ဝင်းခြံတံခါးလည်း ပိတ်ထားပါတယ်။ ကျွန်မ အော်





သံကြောင့် အိမ်နီးချင်းတွေ ရောက်လာတော့ မေမေတံခါးဖွင့်ပေးမှ ဝင်လာနိုင်ကြတာပါ"

"ဒေါ်ခင်ဆွေဦးတို့ အိမ်ထောင်ကျတာ ဘယ်လောက်ကြာပြီလဲ"

"ဆယ်နှစ်ကျော်ပါပြီ ... ဆရာ"

"ဟင် ... ဒါဆို သားသမီး မရှိဘူးလား"

"ဟင့်အင်း"

"ဒါဆို ဘယ်လိုမှတော့ မအောက်မေ့ပါနဲ့။ တစ်ခုလောက် မေးပါရစေ။ ဘာလို့ သားသမီးမရတာလဲ၊ ဘယ်သူ့ကြောင့်လဲ"

ဒေါ်ခင်ဆွေဦးက မသိမသာခေါင်းငုံ့လိုက်ကာ မျက်လုံးအကြည့်ကို စားပွဲခွန်းဆီ ရွှေ့ထားလိုက်သည်။ ခဏနေမှ တိုးညှင်းသောလေသံဖြင့် ..

"ကျွန်မကြောင့် ဆိုပါတော့"

ဦးမြသိန်းက ခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"ဦးကိုကိုကြီးမှာ သူ့ကိုယ်သူ သတ်သေလောက်အောင် ဘယ်လိုပြဿနာမျိုးများရှိနေလို့လဲ ဒေါ်ခင်ဆွေဦး"

ဒေါ်ခင်ဆွေဦးသည် ရှည်လျားသော သက်ပြင်းမောတစ်လုံးကို မှုတ်ထုတ်ရင်း မျက်လွှာချလိုက်သည်။ နီထွေးသော အောက်နှုတ်ခမ်းသားများကို အပေါ်သွားများဖြင့် မသိမသာ ဖိကိုက်ထားသည်ကို မြင်ရ၏။

ပြီးမှ ...

"တကယ်တော့ ဒီအကြောင်းတွေ သူများကို ပြန်ပြောပြရမှာ အလွန်ရှက်ဖို့ ကောင်းပါတယ်။ ဒီနေ့ထိ ဘယ်သူ့ကိုမှ ပြောမပြခဲ့ဖူးသေးဘူးရှင့်။ ဆရာ့ကိုတော့ မပြောရင်မဖြစ်လို့သာ ပြောပြရမှာပါ။ အပြစ်က ... ဒီလိုပါ ဆရာ။ ကျွန်မယောက်ျားဟာ သူ့ရုံးက စာရေးမလေး တင်တင်အေးဆိုတာ ငြိစွန်းနေတာ နှစ်နှစ်လောက်ရှိနေပါပြီ။ ကျွန်မ ကြားစက မယုံကြည်ခဲ့ပေမယ့် သေချာလိုက်စုံစမ်းကြည့်တော့ မှန်နေတာ တွေ့ရပါတယ်။ ဒါပေမဲ့ ကျွန်မ ယောက်ျားကို တစ်ခွန်းမှမမေးသေးဘဲ ပိုပြီးသေချာအောင် အခြေအနေကို စောင့်ကြည့်နေခဲ့တယ်။

www.burmeseclassic.com



ကျွန်မ သတိထားမိသလောက် သူဟာလွန်ခဲ့တဲ့ နှစ်လလောက်ကစပြီး အအိပ်မမှန်၊ အစားမမှန်ဖြစ်လာပြီး အကြောင်းအမျိုးမျိုးပြပြီးလည်း မကြာခဏ အပြင်ထွက်သွားတတ်လာတယ်။ လူလည်း တဖြည်းဖြည်း ပိန်ကျလာပြီး မျက်နှာက အမြဲလို သုန်သုန်မှုန်မှုန် ဖြစ်နေတတ်ပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့အပတ်က ကျွန်မအတိအလင်း ကြေညာလိုက်ပါတော့တယ်။ အဲဒီဝ၊ငတင်အေးဆိုတဲ့ ကောင်မလေးနဲ့မခွဲနိုင်တော့ဘူးဆိုရင် ကျွန်မ လူသိရှင်ကြား တရားဝင် ကွာရှင်းပေးမယ်။

အခုလို ပတ်ဝန်းကျင်က သွားပုပ်လေလွင့် အတင်းအဖျင်းတွေကြားထဲမှာ ကျွန်မ သိက္ခာအကျခံပြီး ကြာရှည် သည်းညည်းခံမနေနိုင်တော့ဘူးလို့ ပြောပစ်လိုက်တယ်။ သူက ပထမတော့ သူ ဘာမှမသိသယောင် အကြောင်း ရိုက်မလို စကားစခဲ့ပေမယ့် ကျွန်မက အထောက်အထားတွေနဲ့ အတိအကျ ပြောလိုက်တော့ သူ ဘာမှမပြောနိုင်တော့ဘဲ ငြိမ်ကျသွားတော့တယ်ဆရာ။ အဲဒီနေ့ကစပြီး ကျွန်မ သူနဲ့ မအိပ်တော့ဘဲ အမေ့အခန်းထဲ ပြောင်းအိပ်တယ်။ စကားလည်း မပြောချင်တော့ဘူး။

တစ်နေ့ညကတော့ ကွာရှင်းစာချုပ်မှာ ကျွန်မ လက်မှတ်ရေးထိုးပြီး သူ့ကိုပြလိုက်တယ်။ ဒီစာချုပ်မှာ လက်မှတ် ထိုးပေးမလား၊ ကောင်မလေးကို ဖြတ်မလား၊ ကြိုက်တဲ့လမ်းရွေးပါလို့ ပြောလိုက်တယ်။ သူက အင်းမလုပ် အဲမလုပ်ဘဲ ကျောက်ရုပ်တစ်ရုပ်လို ငြိမ်နေတာနဲ့ ကျွန်မစာချုပ်ကို ပြန်သိမ်းပြီး သူ့အခန်းထဲက ထွက်လာခဲ့တယ်။ မနေ့က ရုံးပိတ်ရက် တနင်္ဂနွေနေ့ကြီး သူ အိမ်က မိုးမလင်းခင် ထွက်သွားတယ်။ တစ်နေကုန် ပေါ်မလာဘူး။ ည (၇)နာရီခွဲလောက်မှ ပြန်ရောက်လာသံ ကြားရတယ်။ မကြာခင် ကျွန်မ ဘုရားခန်းထဲရှိနေတုန်း စောစောကပြောသလို သေနတ်သံ ကြားလိုက်တာပါပဲ ဆရာ''

ဦးမြသိန်း ခေါင်းဆတ်ပြကာ ...

''ဒီအကြောင်းတွေကို မနေ့ညက ရဲစခန်းမှာ ပြောပြခဲ့သေးလား''





''ဟင့်အင်း ... ကျွန်မ အဲဒါတွေ ပြောပြဖို့ နှုတ်မရဲဘူးရှင့်။ နတော့ ... ဒီကိစ္စကြောင့်ပဲ ကျွန်မ ယောက်ျားသေခဲ့ရပြီ။ သေပြီးမှ ဒါတွေ ပြန်ပြောနေလို့ လူသိရှင်ကြားဖြစ်ပြီး သူ့ကိုယ်ကျင့်သိက္ခာကျရုံပဲ ရှိမှာပေါ့ ဆရာ။ အို ... ဒါတွေ ပြန်ပြောနေရတာ သူ့အစား ကျွန်မ ရှက်လှပါပြီရှင်''

ပြောရင်း သူမ၏ မျက်ဝန်းဝယ် မျက်ရည်များပြည့်လျှံကာ ပါးပြင်တစ်လျှောက် တသွင်သွင် စီးကျလာပါတော့၏။ အတန်ငယ်ကြာမှ ကျွန်ုပ်က ...

''အင်း ... ဒေါ်ခင်ဆွေဦးပြောပြတဲ့အတိုင်းဆိုရင်တော့ ဦးကိုကိုကြီး သူ့ကိုယ်သူ သတ်သေတာဖြစ်နိုင်စရာအကြောင်းရှိပါတယ်။ ဒါနဲ့ သေနတ်ဒဏ်ရာက ဘယ်နေရာမှာလဲဗျ။ သူ့နားထင်မှာလား၊ ဒါမှမဟုတ် ပါးစပ်ထဲ ပြောင်းငုံပြီး သတ်သေတာလား''

''ဟင့်အင်း ... အဲလိုမျိုးမဟုတ်ဘူး ဆရာ။ သေနတ်ဒဏ်ရာက သူ့ကျောပြင်တည့်တည့်မှာတဲ့ရှင့်''

''ဗျာ ... ဘယ်လို ... ကျောပြင်တည့်တည့်မှာ ဟုတ်လား''

ကျွန်ုပ် အလွန်အမင်းအံ့အားသင့်သွားမိသည်။ ဘယ့်နှယ် ... ကိုယ့်ကိုယ်ကိုယ် သတ်သေသူ၏ ဒဏ်ရာက ကျောပြင်တည့်တည့် ဖြစ်နေရသနည်း။

''ဟုတ်တယ် ... ဆရာ၊ မနေ့ညက စခန်းမှူးက ပြောတယ်။ သေနတ်ကျည်ဆန်က ကျောပြင်တည့်တည့်ကဝင်ပြီး ရင်ညွန့်အောက်က ဖောက်ထွက်သွားတာတဲ့''

''ဒါနဲ့ ... ဦးကိုကိုကြီးမှာ သေနတ်ရှိလား''

''ဟုတ်ကဲ့ ... သူ့မှာ လိုင်စင်နဲ့ ကိုင်ထားတဲ့ ခြောက်လုံးပြူးတစ်လက်တော့ရှိတယ်။ အဲဒီသေနတ်ကို သူလဲကျနေတဲ့ ခြေရင်းဘက်ခြောက်ပေအကွာ ကြမ်းပြင်ပေါ်မှာ တွေ့ရတယ်တဲ့''

ဖြစ်ရပ်များက ကျွန်ုပ်ကို အံ့အားသင့်ပြီးရင်း သင့်စေသည်။ ကြားရသော အချက်အလက်များက သဘာဝယုတ္တိနှင့်လည်း မကိုက်ညီ။ လက်



www.burmeseclassic.com

www.burmeseclassic.com



တွေ့လည်း မကျချင်။ ဦးမြသိန်း၏ အာရုံဝယ် ဒေါ်ခင်ဆွေဦး၏ စကားနှစ်ခွန်းက ပဲ့တင်ထပ်လျက်ရှိသည်။

ဒဏ်ရာ ကျောပြင်တည့်တည့်။

သေနတ်က ခြေရင်းခြောက်ပေအကွာ ကြမ်းပြင်ပေါ်မှာ။

ဦးမြသိန်းက ဒေါ်ခင်ဆွေဦးအား . . .

"ဒါနဲ့ ကျွန်တော်က ဘာများ အကူအညီပေးရမလဲဗျာ"

ဒေါ်ခင်ဆွေဦးက လက်ဆွဲအိတ်ထဲက ကျပ်တစ်ထောင်တန် ငွေစက္ကူတစ်အုပ်ကို ထုတ်ယူကာ စားပွဲပေါ်တင်ပေးလိုက်သည်။

"ဒါက လောလောဆယ် စရန်သဘောပေးတာပါ။ လိုအပ်ရင် ထပ်ပေးပါဦးမယ်"

"နေပါဦး . . . ကျွန်တော်က ဒီငွေကို ဘာအတွက် လက်ခံရမှာလဲ"

"ခုနေတော့ ဘာအတွက်ရယ်လို့ သေချာမပြောနိုင်သေးဘူးရှင့်။ အယ် . . . တကယ်လို့များ မပြောကောင်းမဆိုကောင်း ကျွန်မ အဖမ်းခံရင် ဆရာက ကျွန်မရဲ့ ရှေ့နေအနေနဲ့ ရပ်တည်ပေးနိုင်အောင်လို့ပါ"

ဦးမြသိန်း၏ မျက်လုံးများက ဒေါ်ခင်ဆွေဦး၏ ဝန်းလုံးသော နှာသီးများထိပ်မှ သပြေသီးရောင်မှဲ့ရွာလေးကို ငေးစိုက်ကြည့်နေမိသည်။ အတန်ငယ်ကြာမှ . . .

"ကောင်းပြီလေ . . . ဒါဆိုလည်း ဒေါ်ခင်ဆွေဦးကို ကျွန်တော့်အမှုသည်အဖြစ် လက်ခံလိုက်ပါပြီ။ ဒါကြောင့် . . . ခုချိန်ကစပြီး အမှုနဲ့ ပတ်သက်တဲ့ကိစ္စမှန်သမျှ ဘယ်သူမေးမေး မဖြေပါနဲ့တော့။ ကျွန်မ ရှေ့နေ ဦးမြသိန်းက တစ်ဆင့်ပဲ ဖြေနိုင်မယ်လို့ ပြောပါ . . . ဒေါ်ခင်ဆွေဦး။ နားလည်တယ်နော်"

"ဟုတ်ကဲ့ . . . ဆရာ"

ဦးမြသိန်းက ငွေလက်ခံရရှိကြောင်း ပြေစာရေးပေးကာ ပြေစာလက်ခံ နောက်ကျောဝယ် ဒေါ်ခင်ဆွေဦး၏ အိမ်လိပ်စာနှင့် ဖုန်းနံပါတ်ကို ရေးပေးစေသည်။

---

သူရိန်စာပေ



"ဒါနဲ့ ဒေါ်ခင်ဆွေဦး လက်မှတ်ထိုးထားတယ်ဆိုတဲ့ ကွာရှင်းစာချုပ် ဘယ်မှာလဲ"

"အိမ်မှာ သိမ်းထားပါတယ်"

"အဲဒါကို ဘယ်သူ့ကိုမှ မပြပါနဲ့။ ဒေါ်ခင်ဆွေဦးရဲ့ အမေလက်ထဲ သေချာအပ်ထားဖို့တော့ လိုလိမ့်မယ်နော်"

"ဟုတ်ကဲ့ . . . စိတ်ချပါဆရာ။ ကျွန်မ . . . ကျွန်မ . . . ဆရာ့ကို အားကိုးပါရစေ"

ဒေါ်ခင်ဆွေဦးက ပြောရင်းနေရာမှ ထရပ်လိုက်သည်။

"စိတ်အေးအေးထားပြီးသာ ပြန်ပါ . . . ဒေါ်ခင်ဆွေဦး။ ဥပဒေဆိုတာ အမှန်တရားကို ဖော်ထုတ်ဖို့ ပြဋ္ဌာန်းထားတာပါ။ တရားကို နတ်စောင့်ပါလိမ့်မယ်"

ဒေါ်ခင်ဆွေဦးသည် ဦးမြသိန်းအား နှုတ်ဆက်ကာ အလာတုန်းကကဲ့သို့ပင် ရုံးခန်းထဲမှာ အပြေးအလွှား ပြန်လည်ထွက်ခွာသွားပါလေ၏။

နောက်တစ်နေ့ထုတ် နေ့စဉ် သတင်းစာများတွင်ကား . . .

'ခင်ပွန်းကိုသတ်သော ဇနီးချော' ဟူသော လေးလိုင်းစာလုံးမည်းကြီးများဖြင့် ဖော်ပြထားသော သတင်းဆိုးကို ဖတ်လိုက်ရလေတော့၏။

☀ ☀ ☀

www.burmeseclassic.com

www.burmeseclassic.com

## [၂]

❑

အဆုံးတကာ့ အဆုံး၏ အဆိုးရွားဆုံး အခြေအနေမျိုးသို့ မိမိဘဝ ဆိုက်ရောက်ခဲ့ရလေပြီဟု တင်တင်အေးရင်ထဲ ခံစားနားလည်လာမိသည်။

စင်စစ် မိမိအထက်အရာရှိတစ်ဦးဖြစ်သော ဦးကိုကိုကြီးအား ဆရာကဲ့သို့တစ်မျိုး၊ အစ်ကိုကြီးနှယ်တစ်ဖုံ သူ၏ဂုဏ်သရေကို လေးစားခဲ့မိသည်။ သူ၏ ကိုယ်ကျင့်သိက္ခာကို ယုံကြည်ကိုးစားခဲ့မိလေသည်။

ဤသည်ပင်လျှင် မိမိ၏အမှား။

ဤသည်ပင်လျှင် မိမိ၏အညာလွယ်မှု။

ဤသည်ပင်လျှင် မိမိဘဝ ရေတိမ်တွင်နစ်မျှောရစေမည့် မိမိကြမ္မာ၏ အစဖြစ်ခဲ့သည်ကိုတော့ အလျဉ်းမရိပ်မိခဲ့။

တကယ်ဆိုလျှင် ပထမ အမှားကြီးမှားခဲ့စဉ်က သည်ကိစ္စကို မိမိ ယတိပြတ် ဆန့်ကျင်ခဲ့ဖို့ကောင်းသည်။ အစကတည်းက ပျော့ညံ့ခဲ့မိသော အမှားကြောင့် ဒုတိယအကြိမ် မရှုန်းနိုင်မကာယ်နိုင် ဖြစ်လာသောအခါမှ ငြင်းဆန်မှုကိုတော့ ဦးကိုကိုကြီး လုံးဝ လက်မခံချင်တော့။ ပထမအကြိမ်က ကဲ့သို့ပင် ဖျောက်ဖျက်ပစ်ရန် အားပေးကာ အတင်းတိုက်တွန်းလာပါတော့သည်။





စင်စစ် မိမိသည် သွေးနှင့်ကိုယ် သားနှင့်ကိုယ်ဖြစ်၏။ မိကောင်းဖကောင်းမှ ပေါက်ဖွားလာသော မိန်းမကောင်းတစ်ဦးသာဖြစ်၏။ ကိုကြီးက ပထမအမှားကို ရှင်းလင်းပြီးလျှင် လက်ထပ်ယူပါမည်ဟု ကတိအထပ်ထပ်ပေးခဲ့သည်။ တကယ်တမ်း ဒုတိယအမှားကို ကျူးလွန်မိချိန်ဝယ် ကိုကြီး၏ သစ္စာမဲ့သော စကားများက မိမိရင်ကို ပေါက်ကွဲလုမတတ် ခံစားခဲ့ရ၏။

သေချာသတ္တုချကြည့်တော့ မိမိမှာ ချစ်ခြင်းမေတ္တာအလျဉ်း မပါသော ယောကျ်ားတစ်ယောက်၏ အပျော်ဖြေခံ၊ အသုံးတော်ခံဘဝသို့ ရောက်မှန်းမသိ ရောက်လာနေသည်ကို တွေးမိတိုင်း အသည်းတဆတ်ဆတ် နာကျင်မိသည်။

ဘာပဲဖြစ်ဖြစ်၊ ယခုတစ်ကြိမ်တော့ မိမိ သတ္တိရှိရတော့မည်။ ရဲဝံ့ပြတ်သားသော ဆုံးဖြတ်ချက်ချနိုင်မှ ဖြစ်တော့မည်။ သူများက တံတွေးခွက်မှာ ပက်လက်မျောကာ တစ်သက်လုံး ခေါင်းမဖော်နိုင်သည့် ဘဝမျိုးတော့ အဖြစ်မခံနိုင်။

ထို့ကြောင့် မယားငယ်ဟုပင် ခေါ်ချင်ခေါ်၊ ဒုတိယမယားပါ သတ်မှတ်ချင် သတ်မှတ်ကြစေတော့။ ကိုကြီး၏ တရားဝင်မယားဘဝ ရောက်ရေးသည်သာ အဓိကဖြစ်၏။ ကိုကြီး၏ စည်းစိမ်ဥစ္စာကို တစ်ပြားတစ်ချပ်မှ မမက်မောမလိုလား။ ကိုကြီးနှင့်လက်ထပ်ရရေးသာ မိမိ၏ တစ်ခုတည်းသော ရည်မှန်းချက်။

"အဲလိုတော့ ဘယ်လိုဖြစ်နိုင်ပါ့မလဲ ... တင်တင်ရယ်၊ ကိုကြီး ဘဝနဲ့ ဂုဏ်သိက္ခာက ရှိသေးတယ်လေ၊ ပြီးတော့ အိမ်ထောင်ရေးမှာလည်း ဖျက်မရတဲ့ဘဝအမည်းစက်ကြီး စွန်းထင်သွားမယ်လေကွယ်"

ကဲ ... ကြည့် ... ဘယ်လောက်အထိ အတ္တ၏သားကောင်ဆန်သည့်ကိုကြီးလည်းဆိုတာ။ မိမိ၏လက်ထပ်ဖို့ဆန္ဒကို ခါးခါးသီးသီး ငြင်းပယ်ခဲ့သည်။ သူ့ဘဝသူ့သိက္ခာ ဂုဏ်သရေ ထိခိုက်ကျဆင်းမှာကိုသာ သေမလောက်စိုးရိမ်နေသည်။ အကြိမ်ကြိမ် ပန်းကောင်းအညွန့်ချိုးခံနေရသော မိမိဘဝကိုမူ တစ်စက်ကလေးမှ သနားကြင်နာရကောင်းမှန်းမသိ။ ထုံးစံအတိုင်း ငွေပုံပေး၍ ကိုယ်ဝန်ဖျက်ချဖို့သာ ကြိုးစားလာသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါလည်းမဟုတ်၊ နှစ်ခါလည်းမက ခုတစ်ကြိမ်မှာတော့ မိမိသည်းမခံနိုင်တော့။ ကိုကြီးမိမိအား လက်ထပ်မယူလျှင် ဖြစ်ကြောင်းကုန်စင်ကို တရားရုံးတော်၌ ဦးတိုက်လျှောက်ရန်ကိုပင် မိတ်ဆွေရှေ့နေမတစ်ဦးနှင့် စီစဉ်ထားခဲ့မိသည်။

ထိုဦးတိုက်လျှောက်လွှာကို ကိုကြီးအား ထုတ်ပြလိုက်သောအခါ သူ ရှုံးရှုံးရှဲရှဲဖြစ်သွားကာ . . .

"ဩော် . . . မင်းက ငါ့ကို အလဲထိုးဖို့အထိတောင် ကြံစည်ထားနေမှကိုး။ ဒီမယ် . . . တင်တင်၊ တစ်ခုတော့ မြဲမြဲမှတ်ထားပေ့။ မင်း . . . ဒီလျှောက်လွှာကို တရားရုံးတင်လိုက်တာနဲ့ ငါကိုယ်ငါ သတ်သေပြီးသားဖြစ်နေလိမ့်မယ်ဆိုတာကို"

ကိုကြီးကား အတော်တတ်နိုင်သည့် မာယာများသည့် ယောကျ်ားတစ်ယောက်ပါပေ။ သူ၏ဆန္ဒမပြည့်မချင်း အလွန်ဖွဲ့နဘဲ ကြီးသောယောကျ်ားဖြစ်ချေသည်။ အနုနည်းနှင့် မအောင်မြင်သောအခါ အကြမ်းနည်းသုံးတော့ မယောင် နည်းဗျူဟာပြောင်းလဲခြင်းသာ ဖြစ်ပေမည်။

"ဒါကတော့ . . . ကိုကြီးသဘောပဲလေ။ တင်တင်ကတော့ ကိုကြီးကို လက်လွှတ်မခံနိုင်တော့ဘူး။ ကိုကြီးအပေါ် တင်တင် တစ်သက်မှာ တစ်ခါသာပေါ်တဲ့ မေတ္တာမျိုးနဲ့ ချစ်မိတယ်ဆိုတာလည်း ကိုကြီးအသိပဲလေ။ ဒါကြောင့် တင်တင် ကိုကြီးကို အခွင့်အရေးတစ်ခုတော့ ပေးလိုက်မယ်။ မနက်ဖြန်မနက်(၁၀)နာရီ ကိုကြီးနဲ့ လက်ထပ်ဖို့ တင်တင် တရားရုံးမှာစောင့်နေမယ်။ ဒါ နောက်ဆုံးအခွင့်အရေးပဲ။ ကိုကြီး မလာရင်တော့ တင်တင့်ကို အပြစ်မတင်နဲ့။ အစီအစဉ်အတိုင်း ရုံးတော်မှာ ဦးတိုက်လျှောက်ရပါလိမ့်မယ်"

သည်စကားများကို ကိုကြီး မျက်နှာတည့်တည့်ကြည့်၍ ပြောပြလိုက်သည်။ ကိုကြီး မျက်လုံးများက ကျွန်မ တစ်ကိုယ်လုံး အရည်ပျော်ကျလုမတတ် အလျှံတညီးညီးထကာ မီးဝင်းဝင်းတောက်သွားသည်ကို ယခုတိုင် ပြန်မြင်ယောင်မိသေးသည်။ ထိုစဉ်က မုန်းတီးစက်ဆုပ်ဖွယ်အသွင်သို့ ရုတ်ခြည်းပြောင်းလဲသွားသော ကိုကြီး၏ အေးစက်စက်မျက်လုံးများသည်လည်း





မိမိ၏ နှလုံးသားတွင်းသို့ ဖောက်ထွင်းဝင်ရောက်ကာ ခြေမွပစ်လိုက်သည်နှယ် ခံစားခဲ့ရ၏။

နောက်ဆုံးတွင် စကားတစ်လုံးမှမဆိုဘဲ ချာခနဲ လှည့်ထွက်သွားသော ကိုကြီး၏ သက်ရှိရုပ်သွင်ကို ထိုနေ့က နောက်ဆုံး မြင်တွေ့လိုက်ရခြင်းပါပေ။ နောက်တစ်နေ့မနက်မှာတော့ ကိုကြီးသေဆုံးကြောင်း အမင်္ဂလာသတင်းဆိုးက ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာပါတော့သည်။

အမှန်အတိုင်း ဝန်ခံရလျှင် ကိုကြီးလို စိတ်ဓာတ်မာကြောသော၊ မာန်မာနကြီးသော ယောကျ်ားတစ်ယောက် သည်မျှ မိုက်တွင်းနက်ခဲ့မည်ဟု လုံးဝမထင်မှတ်မိခဲ့။ ခုတော့ သူ၏ အတ္တမာနက အစွန်းရောက်အောင် လွန်ကဲခဲ့လေပြီ။ နှစ်ဦးသဘောတူ ကျူးလွန်ခဲ့သောပြစ်မှုကို မျှဝေခံမခံစားဘဲ ဒုက္ခအပေါ်င်းကို မိမိတစ်ဦးတည်းအပေါ် ပစ်ချခဲ့ကာ သူကား ကိုယ်လွတ်ရုန်းသွားခဲ့ပါလေပြီ။

ဤလောက၌ ကိုကြီးမရှိတော့ကြောင်း သိလိုက်ရသည့်ခဏဝယ် မိမိတစ်ကိုယ်လုံးသည် ကမ္ဘာမြေကြီး၏ ပြင်ပတစ်နေရာသို့ လွင့်စဉ်ကျသွားသလို နင့်ခနဲ ခံစားလိုက်ရ၏။ ကိုကြီး မရှိတော့သည့် မိမိဘဝသည်လည်း ဘာမှအဓိပ္ပာယ်မရှိတော့။ ဤလောကကြီးသည်လည်း နေချင်စဖွယ်မကောင်းတော့။

ရင်ထဲအသည်းထဲ ဆောက်တည်ရာမရဖြစ်ကာ အမှောင်ထုထဲ ပြုတ်ကျသွားသလို ခံစားရခိုက် ကိုယ့်ကိုယ်ကိုယ် ဘာလုပ်လို့ ဘာကိုင်မိမှန်း မသိတော့။ သတိပြန်လည်လာချိန်မှာတော့ မိမိကိုယ်မိမိ ဗဟိုအမျိုးသမီးဆေးရုံအရေးပေါ် လူနာခန်းမှာ ရောက်ရှိနေသည်ကို သိလိုက်ရတော့၏။

ဩော် . . . မိမိ၏သတင်းဆိုးကား ဟုတ်၍ကျော်ခဲ့သလို ပုပ်၍ပေါ်ခဲ့ရသည်အထိ ကျော်မကောင်းကြားမကောင်း ဖြစ်ခဲ့ရပါလေပြီတကား။

ထို့ကြောင့်လည်း မိမိဘဝမှာ အဆုံးတကာ့အဆုံး၏ အဆိုးရွားဆုံးအခြေအနေမျိုးသို့ ဆိုက်ရောက်ခဲ့လေပြီဟု ဆိုရခြင်းပါပေ။

"အန်တီ့ကိုသနားပါ . . သမီးရယ်။ အန်တီဟာ အရာရာကို တရား နဲ့ ဖြေဖျောက်နိုင်စွမ်းရှိတဲ့ တရားသမားပါကွယ်။ ဒါပေမဲ့ မောင်ကိုကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်သူ သတ်သေတဲ့ကိစ္စမှာ အန်တီသမီး ခင်ဆွေဦးကပါ လူသတ်မှုနဲ့ ကြိုးစင်တက်ရမယ့် အဖြစ်မျိုးဆိုတော့ အန်တီခံနိုင်ရည်မရှိတာ အမှန်ပဲကွယ်။ ဒါကြောင့်မို့ အန်တီကို ကူညီပါလား . . . သမီးရယ်''

မိမိ၏ ခုတင်ဘေးဝယ် မျက်ရည်လည်ရွဲဖြင့် တတွတ်တွတ် လာ၍ တိုးလျှိုးတောင်းပန်နေသူကား ဒေါ်မြခင်ဆိုသူဖြစ်၏။ ဒေါ်မြခင်ကား တခြားသူမဟုတ်။ သေသူဦးကိုကိုကြီး၏ဇနီး ဒေါ်ခင်ဆွေဦး၏ မိခင်ပါပေတည်း။

ထို ဒေါ်မြခင်၏ တောင်းပန်စကားကြောင့် တင်တင်အေး၏အတွေးစဉ်တို့ လွင့်စဉ်ပျောက်ကွယ်ကုန်ကျလေ၏။ တင်တင်အေးက ဖော်ပြရန် ခက်ခဲသော ဝေဒနာကို ကြိတ်မှိတ်ခံစားရင်း ခုတင်ပေါ်တွင် လက်တစ်ဖက်ထောက်ကာ ခန္ဓာကိုယ်ကို နံရံဝယ် အသာမှီထားရ၏။ တစ်ဖက်ကလည်း ဒေါ်မြခင်၏ စကားအဓိပ္ပာယ်ကို ဉာဏ်မီသလောက် စဉ်းစားဆင်ခြင်နေရ၏။

သူမ တွေးကြည့်ရင်း တဖြည်းဖြည်း သဘောပေါက်လာလေသည်။ ဒေါ်မြခင်ဆိုလိုသည်မှာ ဦးကိုကိုကြီး သူ့ကိုယ်သူ သတ်သေရသည့်အကြောင်းကို တင်တင်အေးသာ အတွင်းကျကျ အသိဆုံးဖြစ်၏။ ထိုသူမနှင့် သေသူဦးကိုကိုကြီးတို့၏ အတွင်းရေးကို တရားရုံးတော်ရှေ့တွင် တင်ပြနိုင်မှသာလျှင် သမီးဖြစ်သူ ဒေါ်ခင်ဆွေဦး အချုပ်ဒုက္ခနှောင်မှ လွတ်မြောက်နိုင်မည်ဖြစ်၏။

''ဖြစ်ပါ့မလား . . . အန်တီရယ်၊ ဒီအကြောင်းတွေကို တရားရုံးတော်ရှေ့ လူပုံအလယ်မှာ သက်သေခံလိုက်ရင် ကိုကြီးကောသမီးပါ တစ်ရှက်က နှစ်ရှက် အကွဲခံနေရပါဦးမယ်''

တင်တင်အေးက ဝေဒနာဒဏ်ကို ခံစားရင်း တိုးညှင်းသော လေသံဖြင့် တွေးတွေးဆဆ ပြောလိုက်သည်။ ဒေါ်မြခင်၏မျက်စောင်းများ တဖျတ်ဖျတ်ဖြစ်သွားကာ တင်တင်အေးလက်များကို တယုတယဆုပ်ကိုင်ထားလိုက်သည်။ ပြီးမှ ဖြူဖွေးညီညာသော သွားတန်းများပေါ်လာသည်အထိ အချိုသာဆုံး ပြုံးပြလိုက်၏။





''ဒီအတွက်တော့ ဘာမှပူမနေပါနဲ့ . . . သမီးလေးရယ်။ သမီးရဲ့ ...ကားကို တရားသူကြီးနဲ့ နှစ်ဖက်ရှေ့နေတွေကလွဲပြီး တခြား ဘယ်သူမှ ကြားစေရပါဘူးကွယ်။ ဒီအတွက်တော့ အန်တီ့တာဝန်ထား၊ အန်တီ သေ...စီစဉ်ပေးမယ်။ သမီးကသာ အန်တီ့ကို ကူညီဖို့ ကတိပေးပါလားကွယ်။ အန်တီ အနူးအညွတ်မေတ္တာရပ်ခံပါရစေ . . . သမီးလေးရယ်''

တင်တင်အေး ဘာမှပြန်မပြောနိုင်သေး။ ပင့်သက်တစ်လုံးကို ခပ်...ရှင်းမှုင်း ရှူထုတ်ကာ မျက်လုံးများကို အသာအယာ မှိတ်ထားလိုက်မိသည်။ ...အခါ အတိတ်ပုံရိပ်တို့က အရိပ်ပမာ ထင်ဟပ်လာပြန်လေသည်။

မိမိအပေါ် သစ္စာမဲ့ရုံမျှမက တစ်ယောက်တည်း ကိုယ်လွတ်ရုန်း...ထွက်ပြေးသွားသူ၏ ယောက္ခမအတွက် မိမိအကူအညီပေးသင့်ပါ၏လော။ ...သူ၏ ကျန်ရစ်သူ ဇနီးအနှောင်အဖွဲ့မှ လွတ်မြောက်စေရန် မိမိအရှက်ဖြင့် ...၍ အကာအကွယ်ပေးထိုက်ပါ၏လော။ ထိုသို့ အကူအညီမပေးလျှင် မိမိ...ကို ကိုယ်ချင်းစာစိတ်ကင်းမဲ့သူဟု ပြစ်တင်ရှုပ်ချကြမည်လား။ အကယ်၍...ခဲ့လျှင်ကော မိမိအား မည်သူတို့က တရားမျှတသောသူအဖြစ် ကောင်းချီး...ကြပါအံ့နည်း။

တစ်ခုတော့ ရှိသည်ပေါ့လေ။

မိမိ၏ ပယောဂကြောင့်ပင် အသက်နှစ်ချောင်း ဆုံးရှုံးခဲ့ရပါလေပြီ။ ...ခုတစ်ဖန် ဒေါ်ခင်ဆွေဦးပါ လူသတ်မှုဖြင့် ကြိုးစင်တက်ရပါက တစ်...ကလုံးက မိမိကိုပင် တရားခံအဖြစ် ဝိုင်း၍ကဲ့ရဲ့သဂြိုလ်စကားတင်းဆို...ပါလေဦးမည်လား။

တကယ်တမ်း တွေးကြည့်ပါက တရားခြင်း၊ မတရားခြင်း၊ ချီးမွမ်း...ခြင်း ကဲ့ရဲ့ခြင်းတို့မှာ အဆိုးရွားဆုံးအခြေအနေသို့ ဆိုက်ရောက်နေပြီဖြစ်...သော မိမိအတွက် သန်းခေါင်ထက် ညဥ့်မနက်နိုင်တော့ပါချေ။

တင်တင်အေး မျက်လုံးများ မှေးစင်းကာ ဒေါ်မြခင်အား အကဲခတ်...ကြည့်မိသည်။ ဒေါ်မြခင်ကား ဥပဓိရုပ်ကောင်းလှကာ ကျက်သရေရှိသော ...မျက်နှာပိုင်ရှင်မျိုးဖြစ်၏။ မေတ္တာရှင်တို့၏ ကြင်နာရိပ်က သူမ၏မျက်လုံးများ...တွင် ထင်ဟပ်ယှက်သန်းနေသည့်နှယ်။ သူမ၏အသံက ချိုသာသည်လား။



www.burmeseclassic.com

www.burmeseclassic.com



အေးမြသည်ဆိုမလားတော့ မသိ။ ကိုယ့်ရင်သွေးအပေါ် ယုယပိုက်ထွေး တတ်သော မိခင်ကောင်းတို့၏ အသံမျိုးတော့ အမှန်ပါပေ။

ပြန့်ပြူးညီညာသော နဖူးပြင်၊ ဖြောင့်စင်းသောနှာတံနှင့် မပွင့်တ ပွင့် နှုတ်ခမ်းနှစ်လွှာတို့မှာ ကောင်းမြတ်သောနှလုံးသားပိုင်ရှင်တို့၏ နိမိ ပုံများသဖွယ် ခံစားလာမိစေသည်။

နောက်ဆုံးတွင်ကား တင်တင်အေး၏ မိကောင်းဖခင် သမီးတင် ၏ မွေးရာပါအကြင်နာမှ နှလုံးသားက အနိုင်ရ လွှမ်းမိုးသွားပါတော့၏။

"သမီး ဆုံးဖြတ်ချက် ချလိုက်ပါပြီ ... အန်တီရယ်"

ဒေါ်မြခင်၏ မျက်လုံးများ အရောင်တလက်လက် ဖြစ်သွားသည် မျှော်လင့်ခြင်းကြီးစွာဖြင့် တင်တင်အေး၏လက်များကို တယုတယဆုပ်ကို ထားလိုက်သည်။

"ဘယ် ... ဘယ်လိုများ ဆုံးဖြတ်လိုက်တာလဲ ... သမီးရယ် ပြောစမ်းပါဦးကွယ်။ အန်တီ ရင်ထိတ်လိုက်တာ"

ဒေါ်မြခင်မှာ မျက်တောင်ခတ်ရန်၊ အသက်ရှူရန်ပင် သတိမရ ဘဲ တင်တင်အေး၏နှုတ်ဖျားမှ ထွက်လာမည့် စကားသံများကိုသာ စူးစိ နားစွင့်နေမိသည်။ တင်တင်အေး၏ နှုတ်ခမ်းထောင့်စွန်းတစ်ဖက် ကွေးညွ သွားသည်နှင့်အတူ မျက်ရည်တစ်စက်ပါ ပါးပြင်တစ်လျှောက် လိမ့်ဆင်း လေသည်။ ငိုမဲ့မဲ့အပြုံးကြားမှ အားယူ၍ မချိတင်ကဲလေသံဖြင့် ပြောလို သည်။

"တခြားတော့ မဟုတ်ပါဘူးရှင်၊ အန်တီ့ဆန္ဒအတိုင်း ကူညီပေ ပါ"

"အမယ်လေး ... သူတော်ကောင်းမလေးရယ် ... ကြား အန်တီ ဝမ်းသာလိုက်တာကွယ်"

ဒေါ်မြခင်တစ်ယောက် ဝမ်းသာလုံး ဆို့သွားသည်ကို မထိန်း တော့ပဲ တင်တင်အေးတစ်ကိုယ်လုံးကို ယုယစွာ ပွေ့ဖက်ထားလိုက်မိပါ တော့၏။

☀ ☀ ☀

# [ ၃ ]

❑

ဦးမြသိန်းသည် သက်ပြင်းတစ်ချက်ကို ဖူးခနဲနေအောင် မှုတ်ထုတ် လိုက်မိသည်။ ဖတ်လက်စအမှုတွဲကို စားပွဲပေါ်သို့ စိတ်ပျက်စွာ ပစ်တင် လိုက်မိသည်။ သူ၏ခေါင်းကို ဘယ်ပြန်ညာပြန်ခါရမ်းကာ ကုလားထိုင်နောက်မှီ သယ် စိတ်မောစွာ ထိုင်ချလိုက်မိ၏။ သူ၏ လက်ချောင်းကလေးများကမူ စားပွဲထောင့်စွန်းတွင် တဒေါက်ဒေါက်ဖြင့် စန္ဒရားခလုတ်များ နှိပ်နေသည့် နှယ် ပြေးလွှားနေကြ၏။

မိမိရှေ့နေ သက်တမ်းတစ်လျှောက် လိုက်ပါဆောင်ရွက်ခဲ့သော အမှုမှန်သမျှ အနည်းနှင့်အများတော့ အခက်အခဲကြုံရသည်ချည်း ဖြစ်၏။ သို့တစေ ... ဤဒေါ်ခင်ဆွေဦး၏အမှုလို မိမိကို ဦးနှောက်ခြောက်ခမန်း ဒုက္ခ ပေးသောအမှုမျိုးကိုကား မတွေ့ခဲ့စဖူး။ တစ်သက်တွင်တစ်ခါသာ ရှားရှားပါးပါး တွေ့ရသောအမှုအဖြစ်သာ မှတ်တမ်းတင်လိုက်ချင်ပါတော့၏။

စင်စစ် ဤအမှုတွင် ဦးကိုကိုကြီးအား ဒေါ်ခင်ဆွေဦးသတ်ခဲ့ကြောင်း မျက်မြင်သက်သေရှိသည်မဟုတ်သော်လည်း ကျွမ်းကျင်သော ပါရဂူတို့၏ ထင်မြင်ယူဆချက်အပေါ် အဓိကအားယူ၍ စွပ်စွဲထားသည်ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



မှုခင်းဗေဒအရ မျက်မြင်သက်သေမရှိသော လူသတ်မှုများတွင် (Circumstial Evidence) ခေါ် ပတ်ဝန်းကျင်သက်သေခံချက် (သို့မဟုတ်) စကားမပြောသော သက်သေခံအထောက်အထားများအပေါ် မူတည်၍ အမှုမှန်ကို စစ်ဆေးဖော်ထုတ်ရ၏။

ဤအခြေအနေမျိုးတွင် တတိယပုဂ္ဂိုလ်ခေါ် ကျွမ်းကျင်သူပါရဂူတို့၏ (Opinion of Experts) ထင်မြင်ယူဆချက်များသည် တရားစီရင်ရေးတွင် အရေးပါသော အခန်းကဏ္ဍတစ်ရပ် ဖြစ်လာသည်။

ကျွမ်းကျင်သူပုဂ္ဂိုလ်ဆိုသည်မှာ ခွဲစိတ်ဆရာဝန်၊ လက်ဗွေပါရဂူ၊ လက်ရေးပါရဂူ၊ လက်နက်ပါရဂူ စသော သက်ဆိုင်ရာဘာသာရပ်များတွင် ထိုးထွင်း၍ လိမ္မာရေးခြားရှိသော တတ်သိကျွမ်းကျင်သည့် ပညာရှင်များပင် ဖြစ်၏။

ထိုပုဂ္ဂိုလ်တို့၏ ထင်မြင်ယူဆချက်များကို ယနေ့ တရားရုံးတော်များတွင် အလွန်အလေးထား၍ ဆင်ခြင်သုံးသပ်ကြလေ့ရှိ၏။ ယင်းသို့ မဟုတ်ပါက လူမသမာတို့သည် မျက်မြင်သက်သေမရှိသော အရပ်များတွင်သာ ပြစ်မှုများကို ကျူးလွန်ခြင်းဖြင့် ပြစ်ဒဏ်ခံရခြင်းမှ လွတ်မြောက်နေကြမည် မဟုတ်ပါလား။

သို့ပင်ဖြစ်သော်လည်း . . .

ထိုတတိယပုဂ္ဂိုလ်တို့၏ ထင်မြင်ယူဆချက်တို့သည် အစဉ်ထာဝရ မှန်ကန်တိကျနေပါ၏လော။ ကျွမ်းကျင်ရာနည်းစနစ်နှင့် ဥပဒေသများသည် မမှားယွင်းနိုင်သော အချက်အလက်များကိုသာ အမြဲတစေညွှန်ပြဖော်ထုတ်ပေးနေပါ၏လော။ အကယ်၍ ကောက်ချက်လွဲသော ထင်မြင်ယူဆချက်တစ်ခုကို အကြွင်းမဲ့အမှန်ဟုယူဆကာ တရားခံအား အပြစ်ပေးစီရင်မိခဲ့မည်ဆိုပါလျှင် အမှန်တရားကိုသာ ဖော်ထုတ်ပေးတတ်သော တရားစီရင်ရေးအခန်းကဏ္ဍသည် မည်သို့သော အခြေအနေမျိုးသို့ ဆိုက်ရောက်သွားပါလေမည်နည်း။





ယခု ဒေါ်ခင်ဆွေဦးအမှုတွင် ဦးမြသိန်းအား ဒုက္ခပေးနေသည်မှာ တစ်သံတည်းထွက်နေသော ကျွမ်းကျင်သူ ပုဂ္ဂိုလ်သုံးဦးတို့၏ ထင်မြင်ယူဆချက်များ ဖြစ်လေသည်။

ဦးမြသိန်း စိုးရိမ်နေသည်မှာလည်း ထိုအချက်များပင်ဖြစ်၏။

အချင်းဖြစ်နေရာမှာ သေသူ ဦးကိုကိုကြီး၏ အိပ်ခန်းတွင်း၌ဖြစ်၏။ ဦးကိုကိုကြီးသည် ကြမ်းပြင်ပေါ်တွင် ဝမ်းလျားမှောက်အနေအထားဖြင့် လဲကျနေကာ ၎င်း၏နောက်ကျောဘက်အလယ်ဗဟည့်တည့်ခန့်တွင် သေနတ်ဒဏ်ရာတစ်ချက်တွေ့ရ၏။ သက်သေခံသေနတ်မှာ ဦးကိုကိုကြီး လိုင်စင်ဖြင့်ကိုင်ဆောင်သော စမစ်အင်ဝက်ဆန် (Smith & Weson) ၃၈ မို စပယ်ရှယ်ပြောင်းတို သေနတ်ဖြစ်၏။ ထိုသေနတ်ကို သေသူ၏ ခြေရင်းဘက်ခြောက်ပေအကွာ ကြမ်းပြင်ပေါ်တွင် တွေ့ရ၏။

ဒဏ်ရာဝင်ပေါက်ဘေးတွင် ကျပ်ပြားဝိုင်းခန့် ယမ်းငွေ့လောင်ရာရှိနေပြီး ကျည်ဆန်သည် ခါးဆစ်ရိုး၏ လက်ဝဲဘက် လက်နှစ်လုံးခန့်အကွာမှ ခန္ဓာကိုယ်အပေါ်ပိုင်းသို့ ၃၅ ဒီဂရီခန့် ဖြတ်ဝင်ကာ ရင်ညွန့်အောက်တည့်တည့် နံရိုးနှစ်ဖက်ကြားတွင် နှစ်လက်မအဝိုင်းခန့် ပွင့်ထွက်နေသည်။

ကျည်ဆန်ထိပ်ဖူးသည် အိပ်ခန်း၏မျက်နှာကျက်အောက် နံရံကိုထိမှန်ကာ ကြမ်းပြင်ပေါ်သို့ ပြန်ကျနေသည်ကိုတွေ့ရ၏။ လက်နက်ပါရဂူက အဆိုပါကျည်ဆန်ထိပ်ဖူးသည် သက်သေခံသေနတ်ဖြင့် ပစ်ခတ်ထားခြင်းဖြစ်သည်ဟုဆို၏။

လက်ဗွေပါရဂူက သေနတ်ပြောင်းပေါ်နှင့် အခြားနေရာများတွင် လက်ဗွေရာများ ပြတ်သားစွာ မတွေ့ရသော်လည်း သေနတ်၏ လက်ဝဲဘက်ခင်ပေါ်တွင် သေသူ၏ လက်ဝဲလက်ညှိုးဗွေရာနှင့် သေနတ်၏လက်ယာဘက်ခင်ပေါ်တွင် သေသူ၏ လက်ယာလက်ညှိုးဗွေရာများကို အောက်စိုက်လျက်ဒေါင်လိုက်အနေအထားများဖြင့် ထင်ထင်ရှားရှား တွေ့ရသည်ဟု ဆို၏။

မှုခင်းဆရာဝန်၊ လက်နက်ပါရဂူနှင့် လက်ဗွေပါရဂူသုံးဦးစလုံးက ဤအမှုသည် ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်မှု (Suicide) ဖြစ်ရန်လွန်စွာခဲယဉ်းပြီး လူသတ်မှု (Homicide) သာ ဖြစ်နိုင်ဖွယ်ရာရှိကြောင်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အသီးသီး တစ်လေသံတည်း ထင်မြင်ယူဆချက် (Opinion of experts)ပေးထားကြသည်ကို တွေ့ရ၏။

ဒေါ်ခင်ဆွေဦးက သူမအနေနှင့် ခင်ပွန်းသည် တင်တင်အေးဆိုသူနှင့် ငြိစွန်းနေသဖြင့် ကွာရှင်းစာချုပ်တွင် လက်မှတ်ရေးထိုးနိုင်းခဲ့ရုံအထိသာ ဖြစ်ခဲ့ကြောင်း၊ သူမမှာ ခင်ပွန်းဖြစ်သူအား သတ်ပစ်လောက်သည်အထိ အကြောင်း နောက်ခံ (Motive) မရှိပါကြောင်းဖြင့် ဖြစ်ရပ်မှန်အတိုင်း တရားရုံးတော်ရှေ့၌ ကတိသစ္စာပြု၍ ထွက်ဆိုခဲ့ပါသော်လည်း သူမ၏ ထွက်ဆိုချက်များသည် ပါရဂူသုံးဦးတို့၏ ထင်မြင်ယူဆချက်များကို လွှမ်းမိုးနိုင်ခြင်း မရှိခဲ့ပါချေ။

လက်ရှိအခြေအနေတွင် ဦးမြသိန်းအနေနှင့် တရားခံပြသက်သေအဖြစ် တင်တင်အေးတစ်ယောက်ထည်းကိုသာ တင်ပြနိုင်ခြေရှိ၏။ တင်တင်အေးသည်သာ ဦးကိုကိုကြီး သူ့ကိုယ်သူသတ်သေခဲ့ကြောင်း အကြောင်းနောက်ခံ (Native) ကို ထင်ရှားအောင် သက်သေခံနိုင်ပေလိမ့်မည်။ တရားရုံးတော်အနေဖြင့်လည်း မိန်းမတစ်ဦး၏ အရှက်သိက္ခာကို အထိပါးခံ၍ ဝန်ခံထွက်ဆိုချက်ကို လက်ခံယုံကြည်နိုင်သည်ဟု ဦးမြသိန်း ယူဆသည်။

သို့တစေ တင်တင်အေး၏ ထွက်ဆိုချက်တစ်ခုတည်းဖြင့် ပါရဂူတို့၏ ထင်မြင်ယူဆချက်များကို အင်အားချိနဲ့အောင် ထိုးနှက်ချေဖျက်နိုင်ပါမည်လား။

ဦးမြသိန်းသည် စိတ်ပျက်လက်ပျက်ဖြင့် ကုလားထိုင်မှ ထကာ ရုံးခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန်လျှောက်ကာ အတွေးနယ်ချဲ့နေမိသည်။ သူ၏အာရုံဝယ် ဦးကိုကိုကြီး၏ အိပ်ခန်းမြင်ကွင်း တရေးရေး ပေါ်လာသည်။ ကြမ်းပြင်ပေါ်တွင် ဦးကိုကိုကြီး လဲကျနေပုံ၊ ကျောပြင်တည့်တည့်မှာ သေနတ်ဒဏ်ရာရှိနေပုံ၊ သူ၏ ခြေရင်းဘက်ခြောက်ပေအကွာတွင် သေနတ်ကျနေပုံတို့ကို ပြန်လည်ဆက်စပ် ပုံဖော်ကြည့်နေမိသည်။

စင်စစ် ပါရဂူတို့၏ ထင်မြင်ယူဆချက်များ မမှားချေ။ ကျိုးကြောင်းဆီလျော်သင့်မြတ်လှ၏။ သူတို့သည် မိမိထက်ကျွမ်းကျင်သော၊ မိမိထက် အတွေ့အကြုံရှိ၍သာ ပါရဂူဖြစ်နေကြခြင်းပါပေ။

သူရိန်စာပေ



တစ်ဖက်ရှုထောင့်မှ တွေးကြည့်ပြန်ပါလျှင်လည်း ဒေါ်ခင်ဆွေဦးအနေနှင့် ခင်ပွန်းသည်ကို အိမ်ထောင်ရေးဖောက်ပြန်သည့်ကိစ္စနှင့် ကွာရှင်းပစ်လိုသည်မှတစ်ပါး သေသည်အထိ သတ်ပစ်လိုသော သဘောဆန္ဒအလျှင်း မရှိသည်မှာလည်း အမှန်ပါပေ။ တင်တင်အေးနှင့် တွေ့ဆုံမေးမြန်းခွင့်ရျင်းချိန်ဝယ် ထိုအချက်သည် ပို၍ ခိုင်မာလာခဲ့၏။

သို့ဖြစ်ရာ နောက်ဆုံး သဏ္ဌာန်ချကြည့်လျှင် ဦးကိုကိုကြီးသည် ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံခြင်းမှတစ်ပါး အခြားမရှိတော့ပါပေ။

ပါရဂူတို့၏ ထွက်ဆိုချက်များအနက် လက်ဗွေပါရဂူ၏ အယူအဆကို ဦးမြသိန်း အတော်ဘဝင်မကျဖြစ်မိသည်။ သေနတ်ဒင်နှစ်ဘက်ပေါ်တွင် သူ၏ ဘယ်လက်ညှိုးဗွေရာနှင့် ညာလက်ညှိုးဗွေရာများ အောက်စိုက်လျက် ဒေါင်လိုက်အနေအထားရှိနေခြင်းမှာ သဘာဝယုတ္တိ ကင်းလွတ်နေသည်ဟု ထင်မိ၍ ဖြစ်၏။ ယင်းကိစ္စနှင့်ပတ်သက်၍ ဦးမြသိန်းက ပြန်လှန်မေးခွန်းထုတ်ခဲ့ရာတွင် လက်နက်ပါရဂူက ‘လူသတ်သမားက သေသူ၏ လက်ညှိုးရာများကို သေနတ်ဒင်နှစ်ဖက်တွင် ထင်ကျန်ရစ်အောင် ကယောက်ချောက်ချားဖြင့် သွေးရူးသွေးတန်း ဖန်တီးမိခဲ့ခြင်းသာဖြစ်သည်’ ဟုသာ ဖြေကြားခဲ့သည်။

ဤအဖြေကိုလည်း ဦးမြသိန်းက လက်မခံချင်ပေ။

အကယ်၍ လူသတ်သမားအနေဖြင့် ဦးကိုကိုကြီး ကိုယ့်ကိုယ်ကိုယ် သတ်သေသည်ဟုထင်မြင်စေလိုလျှင် သေနတ်ကို သေသူ၏လက်ထဲမှာပင် ထည့်ထားခဲ့ရန်သာရှိသည်။ သေသူ၏ ညာလက်ညှိုးရာနှင့် ဘယ်လက်ညှိုးရာများကို သေနတ်ဒင်တစ်ဖက်စီပေါ်တွင် ထင်ကျန်အောင် ပြုလုပ်ခြင်း သေနတ်ကို သေသူနှင့် ခြောက်ပေအကွာကြမ်းပြင်ပေါ်တွင် ချထားခဲ့ခြင်းတို့မှာ အလွန်အင်မတန် ယုတ္တိကင်းမဲ့သော ယူဆချက်များပါပေ။

ထို့ပြင် အိပ်ခန်းတွင်း၌လည်း လူသတ်သမား၏ ခြေရာလက်ရာများမရှိသည့်အပြင် အချင်းဖြစ်ပွားချိန်၌ ဝင်းတံခါးများပင် ပိတ်လျက်သာရှိနေသေးသည်။

သူရိန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ဆိုလျှင် တာကယ်လက်တွေ့တွင် သေသူ၏ လက်ညှိုးရာများသည့် သေနတ်ဒင်နှစ်ဖက်ပေါ်တွင် ဘယ်တစ်ချောင်း၊ ညာတစ်ချောင်း အောက်စိုက်၍ ဒေါင်လိုက်အနေအထားရှိနေရခြင်းမှာ မည်သို့သော ထူးခြားသည့်အကြောင်းကြောင့် ဖြစ်ပေါ်နေရပါလေသနည်း။

ဦးမြသိန်းသည် ရှည်လျားသော သက်ပြင်းတစ်ချက်ကို ပင်ပန်းကြီးစွာ ရှိုက်ထုတ်လိုက်ရင်း လက်မှနာရီကို မြှောက်ကြည့်လိုက်သည်။ နံနက် ဆယ်နာရီပင် ခွဲနေပါလေပြီ။ ထို့ကြောင့် အမှုတွဲကို အသာကောက်ကိုင်ကာ လေးလံသော ခြေလှမ်းများဖြင့် တရားရုံးဆီသို့ ထွက်လာခဲ့လေသည်။

တရားရုံးခန်းအဝင်ဝတွင် လက်ထိတ် နောက်ပြန်ခတ်ထားသော တရားခံတစ်ယောက်ကို ရဲအရာရှိနှစ်ဦးက တရားသူကြီးရှေ့သို့ ဆွဲခေါ်သွားသည်ကို တွေ့ရ၏။ အရာရှိတစ်ဦးက စာရွက်စာတမ်းများကို တရားသူကြီးထံ တင်ပြနေသည်။ အရေးကြီးသော တရားခံဖြစ်၍ ရုံးချိန်းရိမန်လာယူခြင်း ဖြစ်ပေမည်။

ဦးမြသိန်း၏မျက်လုံးများက လက်ထိတ် နောက်ပြန်ခတ်ထားသည့် တရားခံ၏ လက်များဆီ အမှတ်မထင်ရောက်သွားကြသည်။ တရားခံလက်မ နှစ်ချောင်းသည် ကျောပြင်ကို ထောက်လျက်အနေအထားရှိနေကာ လက်ချောင်းများမှာ အောက်ဘက်သို့ စိုက်လျက်သား ပုံစံတွေ့ရ၏။

ထိုလက်ထိပ်မြင်ကွင်းကြောင့် လုံးဝမျှော်လင့်မထားသော အတွေးဆန်းတစ်ခုက ဦးမြသိန်း၏ ဦးနှောက်လျှပ်စစ်ကြောင်းကို ဝင်းခနဲ လက်ခနဲ ဖြတ်စီးသွားစေလေသည်။

ဦးမြသိန်းသည် အတွင်းရုံးခန်းထဲသို့ ခြေလှမ်းကျဲကြီးများဖြင့် ခပ်သွက်သွက်လျှောက်ဝင်သွားကာ တရားရုံးစာရေးထံမှ ဒေါ်ခင်ဆွေဦး၏ အမှုတွဲကို တောင်းယူလိုက်သည်။ ပြီးမှ စားပွဲလွတ်တစ်လုံးတွင် ဝင်ထိုင်ကာ သေသူ ဦးကိုကိုကြီးအား ရိုက်ထားသော သေမှုသေခင်း မှတ်တမ်းဓာတ်ပုံများကို တစ်ပုံပြီးတစ်ပုံ စိတ်လှုပ်ရှားစွာ လှန်လှောကြည့်နေမိသည်။ ကြမ်းပြင်ပေါ်တွင် မှောက်လျက်လဲကျနေပုံကို ရှုထောင့်အမျိုးမျိုးမှ ရိုက်ယူထားသော ဓာတ်ပုံများ၊ ကျောပြင်တည့်တည့်ခန့်မှ သေနတ်ဒဏ်ရာကို အနီးကပ်ညှိညွှန်းရိုက်ပြထားသော ဓာတ်ပုံများ၊ သေသူမှ ခြောက်ပေအကွာကြမ်းပြင်ပေါ်တွင် ကျနေသော သက်သေခံခြောက်လုံးပြူးသေနတ်၏ ဓာတ်ပုံအမျိုးမျိုး။

ဦးမြသိန်းသည် စိတ်အတွေးဖြင့် ဓာတ်ပုံများကို အစီအစဉ်ကျအောင် ဆက်စပ်ကာ ဦးကိုကိုကြီးအား လဲကျနေသော နေရာမှ သေနတ်ကျနေသော ခြေရင်းခြောက်ပေအကွာဆီသို့ စိတ်မှန်းဖြင့် နောက်ပြန် ပြန်ရွှေ့ကြည့်မိ၏။ ထိုအခါ သူ၏အာရုံဝယ် ဗီဒီယိုအခွေအား နောက်ပြန်ရစ်လိုက်သည့်နှယ် ဦးကိုကိုကြီးသည် လဲကျနေရာမှ နောက်ပြန်ထလာကာ သူ၏ခြေရင်းခြောက်ပေအကွာအထိ တရွေ့ရွေ့ ပြန်ဆုတ်လာသော မြင်ကွင်းကို ပီပြင်စွာ မြင်ယောင်ခံစားလာမိပါတော့သည်။

ဦးမြသိန်း၏ တစ်ကိုယ်လုံး ကြက်သီးတဖြန်းဖြန်းထသွားကာ ရင်ဝသို့ ဆို့တက်လာသော ဝမ်းသာလုံးကို အနိုင်နိုင်ချုပ်တည်းရင်းက အမှုတွဲကို ပြန်အပ်လိုက်သည်။

အခုတော့ ညပေါင်းများစွာ နှိပ်စက်နေခဲ့သော စိတ္တဇဝေဒနာများမှာ အဝေးသို့ လွင့်စဉ်ပျောက်ကွယ်သွားကြပါလေပြီ။

အားလုံးသော ဥပဒေပညာရှင်များ၊ ပါရဂူကြီးများပင်လျှင် တစ်နိုင်လုံး မျက်စိလည်နေခဲ့ကြသော ဆန်းကြယ်လှသည့် လျှို့ဝှက်မြှုပ်ကွက်ကို ဦးမြသိန်း ပြက်ပြက်ထင်ထင် တွေ့မြင်လိုက်ရပါလေပြီတကား။

☼ ☼ ☼





www.burmeseclassic.com

www.burmeseclassic.com

## [၄]

ရှတ်တရက်ဆိုသော်လည်း တရားရုံးတစ်ခုလုံး လူသူကင်းမဲ့နေသလို ထင်စရာရှိနေလေသည်။

အဘယ်ကြောင့်ဆိုသော် ...

တရားရုံး၏ ရှိသမျှတံခါးမှန်သမျှ တစ်ပေါက်မကျန်အောင် ပိတ်ထားသည့်အပြင် တရားခွင်ရှေ့ရှိ ပရိသတ်များ လာရောက်နားထောင်သော ထိုင်ခုံများတွင် လူဟူ၍ တစ်ယောက်တစ်လေမျှပင် ရှိမနေ၍ ဖြစ်လေသည်။

သို့တစေ ...

တရားခံဒေါ်ခင်ဆွေဦးကိုမူ ဝက်ခြံထဲတွင် ညှိုးငယ်သောမျက်နှာဖြင့် မတ်တတ်ရပ်နေသည်ကို တွေ့ရလေသည်။ ထို့အတူ တရားခံသက်သေဖြစ်သူ တင်တင်အေးကိုလည်း သက်သေခုံတွင် ခေါင်းငုံ့လျက် ငြိမ်သက်စွာ ထိုင်နေသည်ကို တွေ့ရလေသည်။ ထို့အပြင် နှစ်ဖက်သော အကျိုးဆောင်ရှေ့နေကြီးများကိုလည်း ၎င်းတို့၏ နေရာအသီးသီးတွင် အသင့်ရှိနေသည်ကိုပါ တွေ့မြင်ရလေသည်။





၎င်းပြင် မှတ်တမ်းလိုက်ရေးနေသော တရားရုံးစာရေးကိုပါ ထုံးစံအတိုင်း တွေ့နေရပါလေသည်။ ထိုမျှပင်မကသေး၊ တရားသူကြီးကိုပင်လျှင် တရားခွင်ပေါ်၌ ခန့်ညားတည်ကြည်စွာ ထိုင်လျက်ရှိနေလေသည်။

တရားခွင်တစ်ခုလုံး ဤသို့ ထူးထူးခြားခြား ဖြစ်နေရခြင်းမှာ တရားခံရှေ့နေကြီး ဦးမြသိန်း၏ လျှောက်ထားတင်ပြချက်အရ သက်သေတင်တင်အေး၏ အရှက်ကို ငဲ့ညှာသောအားဖြင့် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ တံခါးပိတ်၍ စစ်ဆေးကြားနာနေသော တရားခွင်ဖြစ်နေ၍ပါပေ။

"အဲဒီလို မတင်တင်အေးက တရားရုံးကို ဦးတိုက်လျှောက်မယ့် လျှောက်လွှာကို ထုတ်ပြလိုက်တော့ ဦးကိုကိုကြီးက ဘာပြောပါသလဲ"

ဦးမြသိန်းက မေးခွန်းများကို ဆက်မေးနေခြင်းဖြစ်ပါသည်။ တင်တင်အောင်က တွေတွေးတစ်ချက် မျိုချလိုက်သည်။

"သူက ဒီလျှောက်လွှာကို တရားရုံးတင်တဲ့အချိန်မှာ သူ့ကိုယ်သူ သတ်သေပြီးသား ဖြစ်နေလိမ့်မည်လို့ ပြောပါတယ်"

"ဪ ... ဒါကြောင့်မို့ ဦးကိုကိုကြီးက သူ့ကိုယ်သူ အဲဒီညက သတ်သေခဲ့တာပေါ့နော်"

ထိုအခိုက်တရားလို ရှေ့နေကြီး ရုတ်တရက်ထရပ်ကာ ...

"ရုံးတော်ခင်ဗျား ... ဒီမေးခွန်းကို ကျွန်တော် ကန့်ကွက်ပါတယ်။ မျက်မြင်မဟုတ်တဲ့ သက်သေကို အတင်းကောက်ချက်ဆွဲခိုင်းနေတာ ဖြစ်ပါတယ်"

တရားသူကြီးက ဆတ်ခနဲ ခေါင်းညိတ်ပြသည်။

"ကန့်ကွက်ချက်ကို လက်ခံတယ်"

ဦးမြသိန်းက ရုံးတော်ဘက်လှည့်ကာ ဦးညွှတ်လိုက်သည်။ ပြီးမှ တင်တင်အေးဘက် ပြန်လှည့်ကာ ...

"အဲလို ဦးကိုကိုကြီးက သူ့ကိုယ်သူ သတ်သေမယ်ပြောတော့ မတင်တင်အေးက ဘာများ ပြန်ပြောခဲ့ပါသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက သူ့ကို ဇနောက်ဆုံးအခွင့်အရေးပေးတဲ့အနေနဲ့ မနက်ဖြန် မနက် (၁၀)နာရီ တရားရုံးမှာ လက်ထပ်ဖို့စောင့်နေမယ်။ သူ မလာရင်တော့ ကျွန်မ လျှောက်လွှာတင်ရလိမ့်မယ်လို့ ပြောခဲ့မိပါတယ်"

"ဒီတော့ ဦးကိုကိုကြီးက ဘာပြန်ပြောလဲ"

"သူ ဘာမှမပြောဘဲ ချာခနဲ လှည့်ထွက်သွားပါတယ်။ နောက် မနက်ကျတော့ သူဆုံးတာ ကြားရတော့တာပါပဲရှင်"

တင်တင်အေးက ငိုသံတစ်ဝက်ဖြင့်ဖြေရင်း ခေါင်းငုံ့ချလိုက်သည်။

"မတင်တင်အေး ... ဟို ... ဇဟိုအမျိုးသမီးဆေးရုံမှာ တက်ခဲ့ ရသေးတယ်နော်"

"ဟုတ် ... ဟုတ်ကဲ့"

ဦးမြသိန်းက တင်တင်အေးအား မေးခွန်းတစ်ခု ထပ်မေးလိုက်သည်။ တင်တင်အေးက ရုတ်တရက်ပြန်မဖြေဘဲ ဦးမြသိန်းကို မော့ကြည့်သည်။ အတန်ငယ်ကြာမှ မျက်လုံးအကြည့်ကို ကြမ်းပြင်ပေါ်ရွှေ့ကာ တိုးညှင်းစွာ လေသံဖြင့် ဖြေလိုက်သည်။

"ကိုကြီး ... ဟို ... ဦးကိုကိုကြီးနဲ့ ရခဲ့တာပါ"

တရားသူကြီးက တင်တင်အေးအား စူးစူးရှရှကြည့်ကာ အကဲခတ် နေသည်။ ဝက်ခြံတွင်းမှ ဒေါ်ခင်ဆွေဦးမှာ ခေါင်းကို အသာငုံ့ကာ အံတင်း တင်းကြိတ်လိုက်သည်။ ကျလုလုမျက်ရည်စများက မျက်ဝန်းနှစ်ဖက်တွင် ဟီးလေး ခိုနေကြသည်။

ဦးမြသိန်းက ...

"ဒါနဲ့ အခုပျက်ကျခဲ့တဲ့ကလေးက ဦးကိုကိုကြီးနဲ့ရခဲ့တဲ့ ပထမဆုံး ကလေးပေါ့နော်"

တင်တင်အေးက ငိုမဲ့မဲ့လေသံဖြင့် ...

"မ ... မဟုတ်ပါဘူးရှင့် ... ဒါ ... ဒါဟာ သူနဲ့ရခဲ့တဲ့ ဒုတိယ ကလေးပါ"

လှုပ်စဉ်ထွက်သွားသော ရှိုက်သံတစ်ချက်က တရားရုံးနံရံဝယ် ပဲ့တင်ထပ်သွားပါလေသည်။





"ဦးကိုကိုကြီးက သူ့ကိုယ်သူ သတ်သေမယ်လို့ပြောခဲ့တဲ့ အဓိက အကြောင်းရင်းက ဘာလဲ ... မတင်တင်အေး"

"အဲဒါက ဒုတိယကလေးကို သူမလိုချင်ဘူးပြောတာကို ကျွန်မ လက်မခံဘဲ ငြင်းပယ်ခဲ့မိလို့ပါပဲရှင်"

ဦးမြသိန်းက ခေါင်းတဆတ်ဆတ်ညိတ်ကာ တရားသူကြီးဘက်သို့ လှည့်၍ ရိုသေစွာ ဦးညွတ်လိုက်သည်။

"ရုံးတော်ခင်ဗျား ... ဒီသက်သေမတင်တင်အေးရဲ့ ထွက်ဆိုချက် တွေကို ရုံးတော်အနေနဲ့ ဆင်ခြင်သုံးသပ်ကြည့်မယ်ဆိုရင် သေသူ ဦးကိုကို ကြီးဟာ တစ်စုံတစ်ယောက်ရဲ့ အသတ်ခံရတာမဟုတ်ဘဲ သူနဲ့ ဒီသက်သေ မတင်တင်အေးတို့ရဲ့ လူမှုရေးအရှုပ်အထွေးကို ရင်မဆိုင်ဝံ့တဲ့အတွက် သူ့ ကိုယ်သူ သတ်သေသွားတာဆိုတာ ထင်ရှားနေပြီဖြစ်ပါတယ်။ ခုအမှုမှာ တရားခံဖြစ်နေရရှာတဲ့ ဒေါ်ခင်ဆွေဦးဟာ တကယ်တော့ ..."

ထိုအခိုက် တရားလိုအစိုးရရှေ့နေကြီး ရုတ်တရက် ထရပ်လိုက် ကာ ...

"ရုံးတော်ခင်ဗျား။ တရားခံ ရှေ့နေကြီးဟာ သူ့သက်သေကို စစ် လို့ပြီးမပြီး မကြေညာသေးဘဲနဲ့ ရုံးတော်ကို ကြားဖြတ်လျှောက်လဲချက်ပေး သလို ဖြစ်နေပါပြီ"

တရားသူကြီးက ...

"တရားခံရှေ့နေကြီးအနေနဲ့ သက်သေကို ဆက်မေးဖို့ ကျန်ပါသေး သလား"

ဦးမြသိန်းက ဦးညွတ်လျက် ...

"ဆက်မေးစရာ မလိုတော့ပါဘူး။ ဒီသက်သေ ထွက်ဆိုခဲ့တာ နဲ့ပဲ ဦးကိုကိုကြီး သူ့ကိုယ်သူ သတ်သေတာ ပေါ်လွင်နေပါပြီ"

တရားလိုရှေ့နေက ဒေါသသံဖြင့် ...

"ရုံးတော်ခင်ဗျား ... သေဆုံးသွားပြီဖြစ်တဲ့ ဦးကိုကိုကြီးနဲ့ ပြော ခဲ့တယ်ဆိုတဲ့ စကားတွေဟာ ဥပဒေအရ သက်သေခံမဝင်ပါဘူး။ သူ့တို့ နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ပြောခဲ့တာကို ကိုယ်တိုင်ကြားခဲ့ရသူရဲ့ ထောက်ခံသက်သေရှိဖို့ လိုပါသေးတယ်''

ဦးမြသိန်းက ပြုံးရယ်လျက် . . .

''ရုံးတော်ခင်ဗျား၊ ဒီစကားတွေဟာ သေသူ ဦးကိုကိုကြီးနဲ့ သက်သေမတင်တင်အေးတို့ရဲ့ နှစ်ကိုယ်ကြားပြောခဲ့ကြတဲ့ အတွင်းရေးကိစ္စဖြစ်ပါတယ်။ ဒါမျိုးကို ကြားနိုင်တဲ့ သက်သေဆိုတာ မရှိနိုင်ပါဘူးခင်ဗျား''

တရားသူကြီးက လက်ကာပြကာ . . .

''ကဲ . . . ကဲ . . . ခင်ဗျားတို့ အကျိုးဆောင်တွေ အချင်းချင်း ငြင်းခုန်နေတာတွေ ရပ်ကြပါ။ ရုံးတော်ကို အနှောင့်အယှက်ဖြစ်အောင် မလုပ်ကြပါနဲ့။ ကဲ . . . ကျုပ်မေးမယ်၊ တရားခံရှေ့နေကြီး ဒီသက်သေကို နောက်ထပ်မေးဖို့ ရှိသေးလား''

''မရှိတော့ပါဘူး''

''တရားလိုဘက်ကရော ပြန်လှန်မေးခွန်းထုတ်ဖို့ ရှိသေးလား''

''မရှိတော့ပါဘူး ခင်ဗျား''

''ကောင်းပြီ . . . ဒါဆိုရင် မတင်တင်အေး ပြန်နိုင်ပါပြီ''

တင်တင်အေးက နေရာမှ ထရပ်လိုက်သည်။ တရားရုံးစာရေးက တံခါးပေါက် ဖွင့်ပေးလိုက်သည်။ တင်တင်အေး တရားရုံးအပြင်ရောက်သည်နှင့် အသင့်စောင့်ကြိုနေသော ဒေါ်မြခင်က နွေးထွေးစွာ ပွေ့ဖက်ဆီးကြိုလိုက်လေသည်။

တရားသူကြီးက . . .

''တရားခံဘက်က နောက်ထပ် သက်သေတင်ပြစရာ ရှိသေးလား''

''မရှိတော့ပါဘူး''

''ကောင်းပြီ . . . ဒါဆို ရုံးတော်ကို ရှေ့ဆိုင်းဖို့ပဲ ရှိတော့တယ်''

''ရုံးတော်ခင်ဗျား''

ဦးမြသိန်းက တရားသူကြီးရှေ့သို့ အနည်းငယ်တိုးကာ ပြောလိုက်သည်။





''ကျွန်တော့်အနေနဲ့ ဒီအမှုအတွက် အလွန်အရေးကြီးတဲ့ သက်သေခံချက်တစ်ခု ရုံးတော်ကိုတင်ပြဖို့ ရှိနေပါသေးတယ်''

တရားလိုရှေ့နေက ဦးမြသိန်းအား လှမ်းကြည့်ရင်း မဲ့ပြုံး ပြုံးလိုက်သည်။ တရားသူကြီးက နားမလည်ဟန် မျက်မှောင်ကုတ်ကာ ဦးမြသိန်းကို စိုက်ကြည့်သည်။

''ဆိုစမ်းပါဦး . . . အကျိုးဆောင်ကြီးရဲ့၊ ဘယ်လိုအရေးကြီးတဲ့ သက်သေခံချက်မျိုးများလဲကွယ်''

''ဒီလိုပါခင်ဗျား . . . ဒီအမှုမှာ သေသူ ဦးကိုကိုကြီးအနေနဲ့ သူ့ကိုယ်သူ(Suicide) လုပ်နိုင်တဲ့ အကြောင်းနောက်ခံ (Motive) ရှိနေပါတယ်။ ဒါပေမဲ့ အကြောင်းအနေအထား၊ ဒဏ်ရာအနေအထားနဲ့ သက်သေခံသေနတ်အနေအထားတွေကြောင့် ပါရဂူကြီးတွေက သေသူက တစ်စုံတစ်ယောက် လုပ်ကြံသတ်ဖြတ်ခံရမှု (Homicide) ဖြစ်နိုင်ဖွယ်ရာ ရှိသည်ပြီး တစ်သံတည်း ထွက်ဆိုထားတာ တွေ့ရပါတယ်''

''အဲဒါတွေ ကျုပ် လေ့လာပြီးပါပြီ။ အကျိုးဆောင်ကြီးက ဘာကို ပြောချင်တာလဲကွယ့်''

''ကျွန်တော့်အနေနဲ့ ပါရဂူကြီးတွေရဲ့ ထင်မြင်ယူဆချက်တွေ လွဲမှားနေတယ်လို့ ဆိုချင်ပါတယ်''

တရားသူကြီး၏ မျက်ခုံးနှစ်ဖက်မှာ နဖူးပြင်၌ အရေးသုံးကြောင်း ပေါ်လာအောင် မြင့်တက်သွားကြသည်။

''အလို . . . ဒီပညာရှင် ပါရဂူကြီးတွေရဲ့ ထင်မြင်ချက်တွေကို တောင် လွဲမှားနေတယ်လို့ ဆိုရအောင် ရှေ့နေကြီးက ဘာအထောက်အထား ပြနိုင်လို့ပြောတာလဲ''

''ဟုတ်ကဲ့ . . . ပြနိုင်ပါတယ်။ ဒါပေမဲ့ . . . ခုကိစ္စက လက်တွေ့သရုပ်ပြပြီး ရှင်းပြမှ ပိုကောင်းမှာပါခင်ဗျား''

''ဘယ်လို လက်တွေ့သရုပ်ပြမှာလဲ . . . ရှေ့နေကြီး''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ . . . ရုံးတော်က ခွင့်ပြုမယ်ဆိုရင် ရုံးတော်မှာ သက်သေခံ တင်ပြထားတဲ့ သေသူဦးကိုကိုကြီးရဲ့ သေနတ်ကို ခဏထုတ်ပေးစေချင်ပါတယ်။ ဒီသေနတ်နဲ့ သရုပ်ပြမှ ပိုပြီး ရှင်းရှင်းလင်းလင်း ဖြစ်မှာမို့လို့ပါ"

တရားသူကြီးက ဦးမြသိန်းအား မျက်တောင်မခတ် စိုက်ကြည့်နေရင်းက ကုလားထိုင်တွင် ကျောမှီ၍ ထိုင်ချလိုက်သည်။ သူ၏ ဘယ်ဘက်လက်က မေးစေ့ကို ကုတ်ခြစ်ပွတ်သပ်နေသည်။ မျက်လုံးများကမူ ဦးမြသိန်းထံမှမခွာဘဲ စူးစမ်းအကဲခတ်နေသည်။ အတန်ငယ်ကြာအောင် သုံးသပ်ဆင်ခြင်နေပြီးမှ တရားရုံးစာရေးဘက်လှည့်ကာ ပြောလိုက်သည်။

"ကဲ . . . စာရေးကြီး၊ ရှေ့နေကြီးကို သေနတ်ခဏ ထုတ်ပေးလိုက်ပါ"

စာရေးကြီးက နေရာမှထကာ အတွင်းရုံးခန်းထဲသို့ ဝင်သွားသည်။ ခဏအကြာ ပြန်ထွက်လာသောအခါ သူ၏လက်ထဲ၌ စမစ်အင်ဝ်ဝပ်ဆင် (၃၈) မို့ စပါယ်ရှယ်ပြောင်းတိုသေနတ်တစ်လက် ပါလာတာကာ ဦးမြသိန်းအား လှမ်းပေးသည်။

ဦးမြသိန်းက သေနတ်ဆုံလည်ကို ကျွမ်းကျင်စွာ တွန်းဖွင့်၍စစ်ဆေးကြည့်သည်။ ဆုံလည်အတွင်း ကျည်တစ်တောင့်မျှ မရှိပေ။ ဦးမြသိန်းက ဆုံလည်ကို ဘယ်လက်ဖြင့် တစ်ပတ်လှည့်ကာ နေသားတကျဖြစ်အောင် ပြန်ရိုက်သွင်းလိုက်သည်။

ထို့နောက် တရားသူကြီးနှင့် အတွင်းရုံးခန်း တံခါးပေါက်ကြားရှိ ကွက်လပ်နေရာသို့ လျှောက်သွားကာ တရားသူကြီးဘက် မျက်နှာမူ၍ ရပ်လိုက်သည်။

"ရုံးတော်ခင်ဗျား . . . အချင်းဖြစ်ဓာတ်ပုံမှတ်တမ်းတွေအရ ဦးကိုကိုကြီးဟာ ဒီဘက်နံရံနားလောက်မှာ ဒီပုံစံမျိုးအတိုင်း လဲကျနေတာ တွေ့ရပါတယ်"

ဦးမြသိန်းက တိုက်ပုံအကျႌထဲ အသင့်ပါလာသော မြေဖြူတောင့်ကို ထုတ်ယူ၍ နံရံအနီး သမံတလင်းပေါ်တွင် လူတစ်ယောက်မှောက်လျက် လဲကျနေဟန်၊ လူရုပ်ပုံကြမ်းတစ်ခုကို ရေးခြစ်လိုက်သည်။

---

သူရိန်စာပေ



"အလောင်းရဲ့ခြေရင်း ခြောက်ပေအကွာမှာ သေနတ်ကျနေပါတယ်"

ဦးမြသိန်းက တိုက်ပုံအကျႌထဲမှ ပေတံတစ်ချောင်းကို ထုတ်လိုက်ပြန်သည်။ လူရုပ်ပုံ၏ ခြေရင်းမှအစပြု၍ တရားသူကြီးရှိရာဘက်သို့ ခြောက်ပေတိတိ တိုင်းယူလိုက်ကာ ထိုနေရာတွင် သေနတ်ပုံတစ်ခုကို မြေဖြူဖြင့် ရေးလိုက်ပြန်သည်။

"ရုံးတော်အခုမြင်ရတဲ့အတိုင်း သေနတ်ဟာ ဒီနေရာမှာ ကျနေတာဖြစ်ပါတယ်။ လက်ဗွေပါရဂူက သေနတ်ရဲ့ ဘယ်ဘက်ဒင်ပေါ်မှာ သေသူရဲ့ ဘယ်လက်ညှိုးရာ ဒေါင်လိုက်အောက်စိုက်နေတာတွေ့ရပြီးတော့ သေနတ်ရဲ့ ညာဘက်ဒင်ပေါ်မှာလည်း သေသူရဲ့ ညာဘက်လက်ညှိုးရာကို ဒေါင်လိုက်အောက်စိုက်ရက်အနေအထား တွေ့ရတယ်လို့ ဆိုထားပါတယ်။ ဘာ့ကြောင့် ဒီလိုဖြစ်ရသလဲဆိုတာ ကျွန်တော် လက်တွေ့ပြပါ့မယ်"

ဦးမြသိန်းက တရားသူကြီးဘက် ကျောပေးကာ သေနတ်ပုံရေးဆွဲထားသောနေရာတွင် ရပ်လိုက်သည်။ သေနတ်ကို သူ၏နောက်ကျောတွင် ထားကာ သေနတ်ပြောင်းဖြင့် ကျောပြင်တည့်တည့်ကို ထောက်ထားလိုက်သည်။ သူ၏ လက်ဝါးနှစ်ဖက်အပေါ်မှ မိုး၍ သေနတ်ဒင်ကို လက်ပြန်ဆုပ်ကိုင်ထားသည်။ လက်မနှစ်ချောင်းကို သေနတ်မောင်းကွင်းထဲသွင်း၍ ညာလက်မကို မောင်းခလုတ်ပေါ် တင်ထားသည်။ အောက်ဘက်သို့ ဒေါင်လိုက်အနေအထားရှိနေသော လက်ညှိုးနှစ်ချောင်းကို သေနတ်ဒင်၏ တစ်ဖက်တစ်ချက်စီတွင် စိုက်ခ်ထားလိုက်သည်။

တရားသူကြီးသည် ဦးမြသိန်း၏ အပြုအမူကို စိတ်ဝင်စားလာဟန်ဖြင့် တရားခွင်ပေါ်မှဆင်းကာ ဦးမြသိန်း၏နံဘေးတွင် ရပ်လျက် သေနတ်ကို နောက်ပြန်ကိုင်ပြထားသော အနေအထားကို အနီးကပ်၍ သေချာငုံ့ကြည့်သည်။

ပြီးမှ ခေါင်းကိုမသိမသာညိတ်လိုက်သည်ကို တွေ့ရ၏။ ဦးမြသိန်းက . . .

---

သူရိန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အခုပြထားတဲ့ပုံစံအတိုင်း သေနတ်ပြောင်းဝကို ကော
မှာထောက်ပြီး မောင်းခလုတ်ကို လက်မနဲ့ နောက်ပြန်ဆွဲလိုက်တာ ဖြစ်
တယ်။ သေနတ်မောင်းကို နောက်ပြန်အဆွဲမှာ သေနတ်ပြောင်းဝဟာ အပေ
ကို နည်းနည်းမော့သွားပါလိမ့်မယ်။ ဒါကြောင့် ကျည်ဆန်ဟာ ကိုယ်ထဲ
၃၅ ဒီဂရီပြဲဘ်ဝင်ပြီး ရင်ညွှန့်အောက်နံရိုးနှစ်ဖက်ကြားက အပေါ်ကို ဖော
ထွက်သွားတာဖြစ်ပါတယ်"

တရားသူကြီးက ဘာမှမပြောဘဲ မျက်မှောင်ကုတ်၍ စဉ်းစား
သည်။ ဦးမြသိန်းက ဆက်ပြောသည်။

"ခြောက်လုံးပြူးရဲ့ သဘောက ရိုင်ဖယ်သေနတ်လို နောက်ပြ
ကန်အား မရှိပါဘူး။ ကျည်ထွက်သွားတာနဲ့တစ်ပြိုင်နက် သေနတ်ဟာအပေ
ကို ထောင်ချင်ထောင်သွားနိုင်သလို အောက်ဘက်ကို စိုက်ချင်လည်း စို
သွားနိုင်တဲ့သဘောမျိုး ရှိပါတယ်။ ဒါကြောင့် သေနတ်က အခုမြေပြူနဲ့ ဆွဲ
ထားတဲ့နေရာမှာ ကျကျန်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ကျည်ဆန်ရဲ့ ပေါ
ကွဲတွန်းကန်အားကြောင့် အပစ်ခံရတဲ့လူဟာ ရှေ့ဆီကို သုံးလေးလ
လောက် လွင့်ထွက်သွားနိုင်ပါတယ်။ အခုလည်း ကြည့်ပါ"

ဦးမြသိန်းသည် သေနတ်မောင်းခလုတ်ကို ညာလက်မဖြင့် နော
ပြန်ဆွဲလိုက်ရာ ချောက်ခနဲ မောင်းရိုက်သံတစ်ချက် ထွက်ပေါ်လာသည်။
မှ သေနတ်ပစ်ခံရသူတစ်ဦးပမာ ရှေ့သို့ခါးကော့၍ ဒယီးဒယိုင်ဖြင့် သုံးလေ
လှမ်းမျှ လေအဟုန်ဖြင့် ရောက်သွားကာ လူရုပ်ပုံပေါ်သို့ လဲကျမည့်ဟန်
လုပ်ပြလိုက်သည်။

တရားသူကြီးက ဦးမြသိန်း၏ လှုပ်ရှားသရုပ်ပြဟန်၊ ရေးဆွဲထ
သော လူရုပ်ပုံကြမ်း၏ အနေအထား၊ ခြေရင်းခြောက်ပေအကွာမှ သေ
ပုံကြမ်းတို့ကို အတန်ငယ်ကြာသည်အထိ အပြန်ပြန်အလှန်လှန် လေ့
သုံးသပ်နေလေသည်။

ပြီးမှ ဦးမြသိန်းအား ...

"ရှေ့နေကြီး ... Suicide လုပ်တဲ့လူတွေဟာ သေနတ်ပြောင်း
ပါးစပ်ထဲငုံပြီးပစ်တာတို့၊ နားထင်မှာကပ်ပြီး မောင်းဖြုတ်တာတို့ပဲ ရှိ





တယ်မဟုတ်လားဗျ။ အခု ဦးကိုကိုကြီးကျမှ ဘာလို့ သေနတ်ပြောင်းကို
ကျောတည့်တည့်မှာထောက်ပြီး နောက်ပြန်မောင်းဖြုတ်ရတာလည်း ဦးမြ
သိန်း"

"မှန်ပါတယ် ... ရုံးမင်း၊ သာမန်အားဖြင့်တော့ လူတွေဟာ ရုံးမင်း
ပြောသလိုမျိုး suicide လုပ်တတ်ကြပါတယ်။ ဒါပေမဲ့ ... ဦးကိုကိုကြီးက
တော့ အဲလို မလုပ်ရဲခဲ့ပါဘူး။ သူဟာ ကိုယ့်ကိုယ်ကိုယ် suicide လုပ်တဲ့
လူတွေထဲမှာ သတ္တိအနည်းဆုံး၊ သူရဲဘောအကြောင်ဆုံး လူတစ်ယောက်ဖြစ်
နေလို့ပါပဲ ခင်ဗျား"

တရားသူကြီးက ခေါင်းတဆတ်ဆတ်ညိတ်ကာ ဦးမြသိန်းအား
ကျေနပ်စွာ ကြည့်လိုက်သည်။ စိတ်ထဲကမူ ခင်ဗျားက တကယ့်ပုဂ္ဂိုလ်ကြီး
တွေကိုမှ စိန်ခေါ်လိုက်တာပါလား ဦးမြသိန်းဟု တွေးနေသည်။ ပြီးမှ တစ်
ချက်ပြုံးကာ ပြောလိုက်သည်။

"အင်း ... ခင်ဗျားဟာ ရှေ့နေမဖြစ်ဘဲ ပါရဂူဖြစ်ခဲ့ဖို့ ကောင်း
တယ် ... ဦးမြသိန်း"

တရားသူကြီးသည် ပြောပြောဆိုဆို တရားခွင်ပေါ် ပြန်တက်၍
နေရာယူကာ တည်ငြိမ်သောအသံဖြင့် ...

"နှစ်ဖက်လျှောက်လဲချက်ကို လာမယ့်ကြာသပတေးနေ့မှာ ကြား
နာမယ်"

တရားသူကြီးက ရုံးချိန်းရက် ကြေညာပြီးသည်နှင့် တရားလိုရှေ့နေ
ကြီးအား တစ်ချက်လှမ်းကြည့်ကာ တရားခွင်ပေါ်မှဆင်း၍ အတွင်းရုံးခန်း
ထဲ ဝင်ရောက်ပျောက်ကွယ်သွားပါလေတော့၏။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

# [၁]

❑

ချိန်းထားသော ကြာသပတေးနေ့တွင် တရားလို၊ တရားခံနှစ်ဖက် အကျိုးဆောင်များ လျှောက်လဲချက်ပေးကြသည်။

ဦးမြသိန်းက သေသူဦးကိုကိုကြီးသည် သူ၏ ကိုယ်ရေးကိုယ်တာ လူမှုရေးပြဿနာကြောင့် ကိုယ့်ကိုယ်ကိုယ် သတ်သေခဲ့ခြင်းသာဖြစ်ကြောင်း၊ ပညာရှင်ပါရဂူများ၏ လွဲမှားနေသော သမရိုးကျထင်မြင်ချက်များကို မိမိ အယူအဆဖြင့် ရုံးတော်ရှေ့တွင် လက်တွေ့သရုပ်ပြကာ သက်သေထင်ရှား တင်ပြခဲ့ပြီးဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ တရားခံဒေါ်ခင်ဆွေဦးအား အမှုမှ အပြီး အပြတ်လွှတ်သင့်ပါကြောင်း လျှောက်လဲတင်ပြခဲ့လေသည်။

တရားလို အစိုးရရှေ့နေကြီးက ဦးမြသိန်း၏ သက်သေတင်ပြချက်များမှာ သာမန်အားဖြင့် မှန်ကန်နိုင်သယောင် ရှိနေသော်လည်း ဦးမြသိန်းမှာ သာမန်ရှေ့နေတစ်ဦးဖြစ်၍ သူ၏ ပညာရှင်ဆန်ဆန် သရုပ်ပြချက်များမှာ သက်သေခံမဝင်နိုင်ပါကြောင်း၊ ပညာအရာတွင် လိမ္မာရေးခြား၍ ထိုးထွင်းသိမြင်ကြသော ကျွမ်းကျင်သူပညာရှင်ပါရဂူကြီးတို့၏ ထင်မြင်ယူဆချက်များသည်သာ ဥပဒေအရ တရားဝင်သော သက်သေခံချက်များ ဖြစ်





ပေသည်။ သို့ဖြစ်လေရာ ပြစ်မှုထင်ရှားနေသော တရားခံဒေါ်ခင်ဆွေဦးအား ထိုက်သင့်သော ပြစ်ဒဏ်ချမှတ်သင့်ပါကြောင်းဖြင့် လျှောက်လဲတင်ပြခဲ့လေသည်။

တရားသူကြီးက နှစ်ဖက်လျှောက်လဲချက်များကို ကြားနာခဲ့ပြီးနောက် နောက်ဆုံးစီရင်ချက်ချမည့်ရက်ကို ကြေညာလိုက်လေသည်။

ထိုနောက်ဆုံး စီရင်ချက်ချမည့်နေ့တွင် နှစ်ဖက်ရှေ့နေကြီးများနှင့် ပရိသတ်များသာမက မှုခင်းဆရာဝန် လက်ဖွေပါရဂူနှင့် လက်နက်ပါရဂူများပါ တရားခွင်သို့ တက်ရောက်နားထောင်ခဲ့ကြလေသည်။

တရားသူကြီးက အမှုဖြစ်စဉ်အကျဉ်းချုပ် တရားလို သက်သေများနှင့် တရားခံပြသက်သေတို့၏ ထွက်ဆိုချက်များအပေါ် တွေ့ရှိချက်များကို အသေးစိတ် ဖတ်ကြားပြသည်။ ပါရဂူကြီးများ၏ထင်မြင်ချက်များနှင့် တရားခံရှေ့နေကြီး ဦးမြသိန်း၏ အယူအဆ သက်သေပြချက်များကိုပါ ထည့်သွင်းဖော်ပြလေသည်။

အမှုတစ်ခုလုံးကို ခြုံငုံသုံးသပ်သော အပိုင်းတွင်ကား တရားသူကြီးက အသံကို အနည်းငယ် မြှင့်တင်လိုက်လေသည်။

မျက်မြင်သက်သေမရှိသော အမှုများတွင် တတိယပုဂ္ဂိုလ်ဖြစ်သော ပညာရပ်အလိုက် ကျွမ်းကျင်လိမ္မာသော ပညာရှင်ကြီးများ၏ ထင်မြင်ယူဆချက်များအပေါ် အလေးဂရုပြု၍ တရားစီရင်ရသော စနစ်သည် ယနေ့ဖွံ့ဖြိုးပြီးသော ကမ္ဘာ့နိုင်ငံကြီးများ၌ပင် ကျင့်သုံးလျက်ရှိသည့် မူတစ်ရပ်ဖြစ်၍ စောဒကတက်ဖွယ် အငြင်းပွားဖွယ်မမြင်ပါကြောင်း။

ပါရဂူတို့သည် လောကဓာတ်ပညာခေါ် သိပ္ပံပညာပေါ်ထွန်းလာပြီးသည့်အချိန်မှစ၍ ခေတ်အဆက်ဆက် ဆက်ကျင့်သုံးခဲ့ကြသော ပြစ်မှုဆိုင်ရာဆေးပညာနည်းစနစ်များနှင့် အထောက်အထား အချက်အလက်များအပေါ် အခြေပြု၍ ၎င်းတို့၏ ထင်မြင်ယူဆချက်များကို တာဝန်အရ တင်ပြရသူများဖြစ်ပေရာ လွဲမှားချွတ်ချော်သော အယူအဆမျိုး ပေါ်ပေါက်ရန်မှာ လွန်စွာမှခဲယဉ်းလှပါကြောင်း ဦးစွာရှင်းလင်းဖတ်ကြားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဆက်လက်၍ ပါရဂူဆိုသူမှာ မှုခင်းဖြစ်စဉ်၏ မျက်မြင်သက်သေမဟုတ်သဖြင့် တစ်ထစ်ချကောက်ယူနိုင်သည့် သက်သေခံချက်မျိုးကို ပေးစွမ်းနိုင်သူမဟုတ်ဘဲ ၎င်းတို့၏ ထင်မြင်ယူဆချက်များဖြင့်သာ အမှုမှန်ပေါ်ပေါက်ရေးတွင် အထောက်အကူပြုနိုင်သူများသာဖြစ်ကြောင်း၊ အဆိုပါ ထင်မြင်ယူဆချက်များကိုပင် တိကျသေချာစွာ တင်ပြနိုင်သည်မဟုတ်ဘဲ ၎င်းတို့ အများဆုံးပေးနိုင်သည်မှာ ဖြစ်နိုင်ဖွယ်ရာရှိသည်ဟူသော ကောက်ချက်မျိုးသာဖြစ်ပါကြောင်း ရှင်းလင်းဖတ်ကြားလေသည်။

တစ်ဖန် ဆက်လက်၍ ယခုအမှုတွင် အထက်ကတင်ပြခဲ့သည့်အတိုင်း တရားခံရှေ့နေဖြစ်သူက ပါရဂူများ၏ ထင်မြင်ချက်နှင့် ဆန့်ကျင်၍ ၎င်း၏ အယူအဆကို ထူးထူးခြားခြား သက်သေတင်ပြခဲ့ပါကြောင်း။ ရုံးတော်ရှေ့၌ လက်တွေ့သရုပ်ပြခဲ့သော ဦးမြသိန်း၏ တင်ပြချက်သည် လက်ဗွေပါရဂူ၏ ထွက်ဆိုချက်နှင့် အံဝင်ခွင်ကျဖြစ်နေသဖြင့် ၎င်း၏ယူဆချက်ကိုလည်း ဖြစ်နိုင်ဖွယ်ရာရှိသည်ဟုပင် ရုံးတော်မှ မှတ်ယူရမည်ဖြစ်ပါကြောင်း။ ဦးမြသိန်းမှာ ပညာရှင်ပါရဂူတစ်ဦးမဟုတ်သော်လည်း ပညာရှိ ရှေ့နေတစ်ဦးဖြစ်သဖြင့် ၎င်း၏ ယုတ္တိတန်သောအယူအဆကို ရုံးတော်အနေနှင့် အသိအမှတ်ပြုမှတ်တမ်းတင်ရမည်ဖြစ်ကြောင်း ရှင်းလင်းဖတ်ကြားသည်။

ထို့နောက် နိဂုံးပိုင်းတွင် သို့ဖြစ်ရာ ယခုအမှုတွင် ပါရဂူတို့၏ ထင်မြင်ယူဆချက်များ ဖြစ်နိုင်ဖွယ်ရာရှိသကဲ့သို့ တရားခံရှေ့နေကြီး၏ တွေးခေါ်ယူဆချက်သည်လည်း ဖြစ်နိုင်ဖွယ်ရာရှိသည်ဟုပင် ရုံးတော်အနေဖြင့် ကောက်ချက်နှစ်မျိုးချရမည်ဖြစ်ပါကြောင်း၊ ကောက်ချက်နှစ်မျိုးနှင့် ပတ်သက်၍ အမ်၊ အေ၊ အာရာဖ်ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (၁၉၇၀ အထူးရာဇဝတ်အယူခံအမှု) တရားစီရင်ထုံးတွင် အောက်ပါအတိုင်း ဆုံးဖြတ်ထားခဲ့ပါကြောင်းဖြင့် ဖော်ပြခဲ့လေသည်။

"ကောက်ချက်နှစ်မျိုးယူနိုင်လျှင် တရားခံဘက်သို့ သက်ညှာသည့်ကောက်ချက်ကို လက်ခံခြင်းသည် တရားမျှတသည်"

---

သူရိန်စာပေ



သို့ဖြစ်၍ ဤအမှုတွင်လည်း တရားမျှတမှု ရှိစေခြင်းငှာ ရုံးတော်မှ တရားခံဘက်သို့ သက်ညှာသည့် ကောက်ချက်ကိုပင်လက်ခံ၍ အောက်ပါအတိုင်း အမိန့်ကို ချမှတ်လိုက်သည်။

အမိန့် ...

တရားခံဒေါ်ခင်ဆွေဦး (ဘ) ဦးမောင်မောင်ဦးအပေါ် ရာဇသတ်ကြီး ပုဒ်မ၃၀၂ (၁) (ခ)အရ တရားစွဲမှုသည် ပြစ်မှုထင်ရှားမရှိသဖြင့် ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၅၈(၁)အရ အမှုမှ အပြီးပြတ်လွှတ်စေ။

☼☼☼

ဗဟိုဇော

www.burmeseclassic.com



[၁]

❑

အကျဉ်းသား ကိုသာမြသည် အပြင်လောကမှ မြိမ့်မြိမ့်ညံနေသော လုပ်သားတို့၏ အောင်ပွဲ၊ မေဒေးနေ့အထိမ်းအမှတ် တေးသီချင်းသံများကို နားထောင်ရင်း တစိမ့်စိမ့် ပီတိဖြာ၍ ကြည်နူးအားရ တက်ကြွနေမိသည်။

ထောင်အုတ်ရိုးအပြင်မှ ကျော်လွှားရ၍ ဝင်လာသော လုပ်သားအောင်ပွဲ တေးသီချင်းသံတို့သည် အကျဉ်းသားများရှိရာ ထောင်ကြီးအတွင်းသို့ လေလှိုင်းနှင့်အတူ လွင့်၍လွင့်၍ တက်နေသည်။

(တို့ခေတ်ကိုရောက်လို့လာပြီ ... တို့တတွေ လုပ်အားညီ၊ သွေး၊ ချွေး ဖွဲ့နှဲ့သာပင် အရင်းတည်ကြရမည်။ သွေးစုတ်လက်ငုတ်မကျန် တွန်းလှန်ဖယ်ရှား ပြည်သူ့အတွက် ထုနက်တူသံ ပြင်းထန်ခဲ့ကြသည်။

လူ့ဘောင်သစ်ကို ဖြစ်အောင်ဖန်တီးမည်။ ရှေ့သို့ တက်ညီလက်ညီ ချီတက်မည်။

တို့ရဲ့ နောင်အဖြစ်ကိုသာ တွေးကာ ရင်နာသည် ... တို့တတွေ ကျောပြင်မှာ ဒဏ်ရာဒဏ်ချက် ပြည့်နှက်လို့ပင် ... မနရှင်တစ်စု ထင်တိုင်းပြုရာ ခေါင်းငုံကာသာ ခံခဲ့ရသည်။

---
သူရိန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တူသံတွေညံညံစီ ... တော်လှန်ကာအောင်မြင်မည့် ... အင်အားညီညီ ... တို့တတွေ စုပေါင်းမည်။)

အကျဉ်းသား ကိုသာမြသည် မေဒေးအကြို လုပ်သားတေးသီချင်းသံတို့ကို နားထောင်ရင်း အားရကြည်နူးနေရာမှ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ...

"ဟင်း ... တို့ အလုပ်သမားဘဝတုန်းကများတော့ ကွာပါပေ့ကွာ"

ဟု တကိုယ်တည်း အော်ဟစ်၍ ညည်းလိုက်မိလေ၏။

ကိုသာမြတို့ အလုပ်သမားဘဝကဆိုလျှင် လုပ်သားတို့ အောင်ပွဲသံဟူသည် ဆိတ်သုဉ်းခဲ့၏။ နေရှင်အမည်ခံ လယ်ပိုင်ရှင်၊ မြေပိုင်ရှင်၊ စက်ပိုင်ရှင်တို့၏ အောင်ပွဲသံသာလျှင် သူ့နားဝယ် ထပ်မနား ကြားခဲ့ရဖူး၏။

အလုပ်သမားတို့ သွေးချွေးဖြင့် လှုပ်ရှားစေခဲ့ရသော လုပ်ငန်းပေါင်းများစွာမှ အကျိုးအမြတ်ဟူသည်မှာ အလုပ်ရှင်၊ နေရှင် သူဌေးများအတွက်သာဖြစ်ခဲ့၏။ ကိုသာမြတို့ အလုပ်သမားများအတွက်မူ နှမ်းစေ့ခန့်မျှသော အခွင့်အရေးကလေးပင် မခံစားခဲ့ရဖူးချေ။

ဤကဲ့သို့ ကိုသာမြ နားလည်ခဲ့ရသည်မှာလည်း ဖိနှိပ်သွေးစုပ်မှုတွင် ကမ်းကုန်၍ အကြင်နာတရားခေါင်းပါးလှသော အလုပ်ရှင် စက်ပိုင်တစ်ဦး၏ ဆန်စက်လုပ်ငန်းတွင် ခေါင်းမဖော်နိုင်အောင် ငုံ့ခံခဲ့ရဖူးသောကြောင့်ဖြစ်၏။

ထိုစဉ်က ကိုသာမြအဖို့ သိကားသိ၏။ မပြောရဲ၊ ပြောကားပြောရဲ၏။ မညီညွတ်၊ ညီကားညီညွတ်၏။ ခေါင်းဆောင်အားပေးမည့်သူ မရှိလေသော အကြောင်းများကြောင့် ဖိနှိပ်မှုသံသရာမှ လွတ်မြောက်ရန် ထွက်ပေါက်ပင် မရခဲ့ကြပေ။

ထို့ကြောင့်ပင် ကိုသာမြတစ်ယောက် သီးမခံနိုင်သည့် နောက်ဆုံးခေါင်းငုံ့ခံခဲ့ရသမျှ အတိုးချ၍ အကြင်နာမဲ့ကာ နေရှင်ပြိုင်လေလေသော အလုပ်ရှင်စက်ပိုင်တစ်ဦးအား တစ်ကိုယ်တော် လူမိုက်အဖြစ်နှင့် လှလှကြီး လက်စားချေခဲ့ရသည်။





ထိုအပြစ်နှင့်ပင် ကိုသာမြတစ်ယောက် အုတ်ရိုးပတ်လည်ကာထားသော အကျဉ်းထောင်အတွင်းမှာ ထောင်ဒဏ်တစ်သက် အပြစ်ပေးခံနေခဲ့ရသည်။

ကံကောင်းထောက်မ၍ သေဒဏ်ကြိုးစင်မှ လွတ်မြောက်ခဲ့ရသော်လည်း ထောင်တစ်သက်ဆိုသော အပြစ်ဒဏ်ကိုခံ၍ ဘဝကို မြှုပ်နှံခဲ့ရသည်မှာ ဘဝနှစ်ပင်ကျော်ခဲ့ချေပြီ။

ခေတ်တို့သည် ပြောင်းခဲ့၏။ အတွေးအခေါ်တို့သည် တိုးတက်ခဲ့၏။ ဖြစ်ရပ်တို့သည် ဆန်းကြယ်၍ စနစ်ဟောင်း၊ အဖြစ်ဟောင်းတို့သည် ဆိတ်သုဉ်းပျောက်ကွယ်ခဲ့ချေပြီ။

ကိုသာမြသည် အုတ်ရိုးပတ်လည်ကြားမှ အပြင်လောကကို ခပ်ဝါးဝါးသာ စိတ်ကူးနှင့် ကြည့်၍ မြင်ရ၏။ တော်လှန်ရေးကောင်စီအစိုးရသည် အလုပ်သမားတို့၏ ဘဝကို မြှင့်တင်ပေးနေသည်ဆိုသော သတင်းသည် အုတ်ရိုးအပြင်ဘက်မှ ကျော်လွှား၍ ဝင်လာခဲ့သည်။ သို့သော် ကိုသာမြအဖို့ အိပ်မက်ပမာ မြင်ရုံသာ မြင်ရရှာလေ၏။

အလုပ်ရှင်နှင့် အလုပ်သမား အပေးအယူမျှကြသောအခါ လုပ်သားတို့၏ဘဝသည် စိုပြေလာခဲ့ရသည်။ သို့ကြောင့်လည်း လုပ်သားတို့၏ အောင်ပွဲသံသည် မြိမ့်မြိမ့်သဲ၍ မစဲအောင် စည်ကားခဲ့လေပြီ။

ကိုသာမြသည် ငှက်ကလေးတစ်ကောင်လို အပြင်လောကသို့ ပုံထွက်၍များ ကြည့်လိုက်ချင်သည်။ အလုပ်သမားများ၏ ဘဝသစ်တွင် အငတူအလုပ်သမားများနှင့်အတူ လုပ်အားပေးလိုက်ချင်သေး၏။ သို့သော် ကြည့်နေရုံ တမ်းတရုံထက် မပိုနိုင်သော သူ့ဘဝကို သူတွေးမိသောအခါ သူ့မျက်နှာသည် ရုတ်ချည်း ညှိုးလျော်နွမ်းလျသွားခဲ့ရှာ၏။

တစ်ဆက်တည်းပင် ကိုသာမြ၏ မျက်စိအစုံရှေ့ဝယ် သားကလေးခွေညို၏မျက်နှာသည် မှုံဝါးဝါးဖြင့် ရစ်ဝဲ၍ ပေါ်လာလေ၏။ ထိုအခါ ကိုသာမြ၏ မျက်လုံးတို့တွင် မျက်ရည်များဖြင့် လွှမ်းခြုံသွားလေ၏။ သားကလေးအတွက် မျက်ရည်စက်နှင့် ရတက်ပွေနေစဉ် ရုတ်တရက် ခွေညိုမျက်နှာ၏နောက်မှ စက်ပိုင်ဦးစံဘ၏ မျက်နှာကြီးသည် ဘွားခနဲ ပေါ်လာပြန်သော



www.burmeseclassic.com

www.burmeseclassic.com



အခါ ကိုသာမြ၏မျက်နှာသည် ချက်ချင်းပင် ခက်ထန်မာကျောသော အသွင်ကို ပြောင်းသွား၏။ ကိုသာမြ၏ မျက်လုံးအစုံမှ မျက်ရည်ပေါက်တို့သည် ပျောက်ကွယ်ခမ်းခြောက်၍ အရောင်တလက်လက် ထွက်လာ၏။ အလျှံတဝင်းဝင်းဖြင့် ဒေါသမာန်ပြင်းလာသော ကိုသာမြ၏ မျက်လုံးရှေ့တွင် လွန်ခဲ့သော (၁၀) နှစ်ကျော်ကာလမှ သူ့အလုပ်သမားဘဝကို တရိပ်ရိပ်တွေးရင်း မြင်ယောင်လာလေတော့သည်။

☼ ☼ ☼

[၂]

စက်ရုံခေါင်းတိုင်မှ မီးခိုးမဲမဲတို့သည် မှုံပြာပြာ မိုးကောင်းကင်ဆီသို့ အလီပ်လိုက်တက်နေသည်။ 'ဥူ'ခနဲ ဆွဲဆွဲငင်ငင် ထွက်ပေါ်လာသော စက်ရုံခေါင်းတိုင်မှ ဥသြသံသည် စက်ရုံအလုပ်သမားရပ်ကွက်တစ်ခုလုံး ဆူညံလှုပ်ရှားသွားစေသည်။

ဆန်စက်အလုပ်သမား ကိုသာမြသည် ညက သားကလေးခွေးညို အပြင်းဖျားနေ၍ တစ်ညလုံး မအိပ်ရပေ။ နံနက်(၃) နာရီထိုးပြီးမှ ခွေးညိုသည် ညည်းညူရင်း အနည်းငယ် မှိန်းသွားသဖြင့် ကိုသာမြပါ ကလေးနှင့်အတူ မှေးခနဲ အိပ်ပျော်သွားခဲ့သည်။

နံနက်(၆)နာရီထိုး၍ စက်ရုံမှ ဥသြဆွဲသောအချိန်တွင် ကိုသာမြမှာ တခေါခေါနှင့် အိပ်မောကျလျက်ရှိသေး၏။

သူရိန်စာပေ



ခွေးညိုလေး အဖျားတက်နေသည်မှာ (၃) ရက်မျှ ရှိခဲ့ပြီဖြစ်၏။ အလုပ်သမား ကိုသာမြအဖို့ ဆေးတိုက်ကို သွားနိုင်ဖို့ဝေးစွ မြန်မာဆေးဆရာပင့်ရန် ခြောက်ကြွခငွေကလေး (၃) ကျပ်မျှပင် မတတ်နိုင်ရှာပေ။

အိမ်မှာရှိသော ငန်းဆေးလေးကို ကွမ်းရွက်ပြုတ်ရေနှင့် တိုက်ပြီး တစ်နေ့ပျောက်နိုးနိုးနှင့်သာ ကုသခဲ့ရရှာသည်။

မနေ့ညကမူ ခွေးညိုကလေးမှာ အရင်နေ့များထက် ပို၍ အပြင်းဖျားပြီး ပါးစပ်မှလည်း ကယောင်ကတန်း အော်ဟစ်နေရှာသည်။

ကိုသာမြ၏ဇနီး မမယ်မသည် သားငယ်အတွက် ခြေမကိုင်မိ၊ လက်မကိုင်မိနေသလို ကိုသာမြမှာလည်း ရေနံဆီမီးခွက်ရောင် ခပ်မှိန်မှိန်တွင် သားလေးခွေးညိုအား ညှိုးလျော်သော မျက်နှာဖြင့် ပွေ့ချီထားရရှာသည်။

တအီအီနှင့်ညည်းညူရင်း ဝေဒနာကို ခံစားနေရသော သားကလေးခွေးညိုအား ပွေ့ချီထားရသော ကိုသာမြ၏ ရင်ခွင်ထဲတွင် သားငယ်အတွက် မချိတင်ကဲ ဝမ်းနည်းကြေကွဲစွာ 'ဟင်း' ခနဲ သက်ပြင်းချ၍ ဇောချွေးများပင်ကျလာ၏။

ကိုသာမြသည် တစ်နေ့လုပ်မှ တစ်နေ့စားရသော စက်ရုံအလုပ်သမားတစ်ယောက်ဖြစ်သည်။ တစ်နေ့မှ နှစ်ကျပ်ခွဲမျှသော လုပ်ခကလေးဖြင့် ကလေး (၃) ယောက်နှင့် သူတို့မိသားစုကို ထမင်းမှန်အောင်ပင် အနိုင်နိုင် ရုန်းကန်နေရသူဖြစ်သည်။

မမယ်မလည်း ကိုယ်ဝန်ကြီး နေ့စဉ်လစဉ်နှင့်ပင် အကြော်ဗန်းကို ခေါင်းပေါ်ရွက်၍ ရောင်းခဲ့ရသေးသည်။ အကြော်မရောင်းရသည့်ရက်များတွင် လူကုံထံအိမ်များမှ အဝတ်အထည်များကို အငှားလျှော်ဖွပ်၍ တစ်ဖက်တစ်လမ်းမှ ကလေးများမုန့်ဖိုးနှင့် ဟင်းဖိုးလေးများရအောင် ရှာခဲ့ရရှာသည်။

လွန်ခဲ့သည့်ရက် (၂)ပတ်ကျော်ကမှ အငယ်ဆုံးသမီးလေးကို မွေးဖွား၍ ရက်သားမျှသာ ရှိသေးသော ကလေးငယ်ကြောင့် မမယ်မအဖို့ မနေသာသော အိမ်မှုကိစ္စများမှအပ ပိုက်ဆံဝင်သော အလုပ်များကို မလုပ်နိုင်သေးပေ။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

## [၃]

❑

ကိုသာမြသည် ရုတ်တရက် အိပ်ရာမှနိုးလာ၍ မျက်စိကိုဖွင့်ကြည့်လိုက်သည်နှင့် ဝါးထရံကြားမှ နေရောင်ခပ်ကျဲကျဲကို မသဲမကွဲ မြင်လိုက်ရသည်။

"ဟော့ ... မယ်မ၊ ဥညြဲခွဲသွားပလား"

ကိုသာမြသည် အိပ်ရာမှ ကပျာကယာ ခေါင်းထောင်၍ မေးလိုက်ပေ၏။

"ဥညြဲခွဲပြီးလို့ အလုပ်သမားတွေတောင် ဝင်သွားကြပြီ ... ကိုသာမြရေ"

မမယ်မသည် မီးဖိုပေါ်မှ ထမင်းအိုးကို ယောင်းမနှင့်မွှေရင်း လှမ်း၍ အော်ပြောလိုက်သည်။

"ဟာ ... မယ်မနယ် ... ငါ့ကို ဘာလို့ မနှိုးတာလဲဟ"

ကိုသာမြသည် အိပ်ရာမှ လူးလဲထပြီး သူ့နံဘေးတွင် အိပ်မောကျ၍နေသော ခွေးညိုလေး၏နဖူးကို လက်ဝါးနှင့် အသာစမ်းကြည့်လိုက်သည်။

"အော် ... ကျူပ်ကလည်း တော် ညက အိပ်ရေးပျက်ပြီး တစ်ညလုံး မအိပ်ရလို့ အိပ်ပါစေတော့ဆိုပြီး မနှိုးတာ"





မမယ်မက မီးဖိုဆီမှ လှမ်း၍ပြောနေစဉ် ကိုသာမြသည် ခွေးညို၏နဖူးပေါ်မှလက်ကို ကပျာကယာ ရုတ်လိုက်ပြီး ...

"ဟာ ... ပူကျက်လို့ပါလား။ ဘုရား ... ဘုရား ... ဒုက္ခပဲ"

တစ်ယောက်တည်း ခပ်တိုးတိုးညည်းရင်း မီးဖိုဘက်သို့ မျက်နှာသစ်ရန် ထွက်လာခဲ့သည်။

"မယ်မကလဲ ငါ့ကို နှိုးရောပေါ့ဟာ ...။ အလုပ်မသွားလို့ မဖြစ်မှန်း သိသားနဲ့။ တစ်ရက်နားရင် တစ်ရက်လုပ်ခမရဘူးဟ။ စက်ပိုင်ကြီးက ဆယ်မိနစ်နောက်ကျရင် နေ့ဝက် တွက်ဖြတ်မယ်တဲ့"

ကိုသာမြသည် သုံးရေအိုးမှ ရေတစ်မှုတ်ခပ်၍ မျက်နှာသစ်လိုက်ပြီး လှမ်းထားသော ချည်လုံချည် အဟောင်းတစ်ထည်ဖြင့် မျက်နှာကို သုတ်နေသည်။

"ကလေးကလည်း အပူကို မကျဘူးဟော့။ ဒီငန်းဆေးလောက်နဲ့တော့ မဖြစ်တော့ဘူးထင်တယ်။ ဆရာလေး ဘာလေးပင့်ဦးမှပဲ"

ကိုသာမြက မျက်နှာသုတ်ရင်း လှမ်းပြောနေစဉ် မမယ်မသည် အကြီးဆုံးသမီး မိတူးအား ဖလုံထဲသို့ ထမင်းရေငှဲ့ပေးပြီး ညကကျန်သော ထမင်းကြမ်းခဲကလေးကို ဖလုံထဲသို့ ချေမွ၍ ထည့်ပေးလိုက်သည်။

"ခေါ်နိုင်ရင်တော့ ကောင်းတာပေါ့ ... ကိုသာမြရယ်။ အခုရက်မှာ ကျူပ်ကလည်း အလုပ်မလုပ်နိုင်သေး။ တော်ရတဲ့ပိုက်ဆံလေးနဲ့ စားဖို့မှ အနိုင်နိုင် မဟုတ်လား"

မမယ်မသည် ရစ်ဝဲလာသော မျက်ရည်စကို ခေါင်းပေါင်းထားသော ညစ်ထေးသော မျက်နှာသုတ်ပုဝါဖြင့် သုတ်လိုက်လေ၏။

မမယ်မပြောနေသည်ကို နားထောင်ရင်း ကိုသာမြသည် မြေကရားအိုးထဲမှ လက်ဖက်ရည်ကြမ်းကို ပန်းကန်ထဲသို့ ငှဲ့လိုက်စဉ် အိမ်ထဲမှ အငယ်ဆုံးသမီးကလေးက 'ဝါး' ခနဲ အော်၍ ငိုလိုက်ပြန်၏။

မမယ်မသည် ငိုနေသော သမီးငယ်ဆီသို့ အပြေးသွားရင်း ထမင်းညှိသောက်နေသော သမီးကြီးမိတူးအား ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... သမီး၊ ထမင်းအိုးအောက်က မီးနဲနဲ လျှော့ထားလိုက်"

ဟု လှမ်း၍ ပြောလိုက်ရသေးသည်။

သမီးအကြီးဆုံးမိတူးမှာ ၆ နှစ်ကျော်နေပြီဖြစ်၍ တောက်တိုမယ်ရ ကူညီဖော်ရနေပြီဖြစ်၏။ သားကလေး ခွေးညိုမှာ ၄ နှစ်သာသာရှိသေးသဖြင့် ဘာမျှ နားမလည်တတ်သေးချေ။

ကိုသာမြသည် ပြောင်းဖူးဖက် ဆေးလိပ်တိုကို ဖွာရှိုက်ရင်း ကလေး ကို နို့တိုက်နေသော မမယ်မအနီးသို့ တိုးသွား၍ ...

"ကိုင်း ... ဒီကနေ့ ငါစက်ပိုင်ကြီးဆီက ငွေကလေးငါးကျပ် လောက် အပိုထုတ်ပေးဖို့ ပြောမယ်ကွာ။ ဒါမှ သားကလေးအတွက် ဆေးဆရာ ပင့်ပြီး သင့်တဲ့အစားအစာကလေးများ ဝယ်ကျွေးရအောင်"

ဟု ပြောပြလိုက်သည်။

"ရရင်တော့ အကောင်းသားပေါ့ ... ကိုသာမြရယ်။ ကျုပ်တို့ ကြားသလောက်တော့ စက်ပိုင်ကြီးက အလုပ်သမားအပေါ် စေတနာမရှိဘူး လို့ ပြောကြတယ်"

"အေးလေ ... ဒါတော့ ငါ သိပါတယ်။ ဒါပေမဲ့ ငါ့သားကလေး တကယ်ဖြစ်နေတာ သနားအောင်ပြောပြရင်တော့ သနားကောင်းပါတယ်။ သူ လည်း တို့လိုလူသားပဲ။ ပြီးတော့ သူမှာလည်း သားသမီးတွေနဲ့။ ကိုယ်ချင်း စာကောင်းပါတယ် ထင်ပါရဲ့ကွာ"

"ပြောကြည့်ဦးပေါ့တော် ... ကျုပ်လည်း ကလေးတစ်လလောက် ရရင် အကြွေးပြန်ရောင်းပါ့မယ်။ အခုတော့ အညှော်နံ့နဲ့ ခေါင်းနေပူရင် ကလေး နေထိုင်မကောင်းဖြစ်မှာစိုးသေးလို့ပါ"

"အို ... မယ်မကလည်းကွာ၊ ၄၅ ရက်ပြည့်အောင်တော့ ... နေပါဦးကွ။ သွေးနုနုနဲ့ မလုပ်ပါနဲ့။ ညှော်မိလို့ ဒုက္ခရောက်နေပါဦးမယ်"

"ဒါတော့ ဒါပေါ့တော်။ အဝတ်လိုက်လျှော်ရမှာလည်း ဆပ်ပြာ မကိုင်ဝံ့သေးတော့ အကြွေးရောင်းတာက တော်သေးတယ်။ ကျုပ်တို့တော် တာက အရေးမကြီးပါဘူး။ ကလေးတွေတော်မှာ စိုးလို့ပါ"





"အေးပါဟ ... မယ်မနယ် ငါလည်း နှလုံးသားရှိတဲ့ အဖေပါ။ ငါ့သားသမီးတွေ ဘယ်အငတ်ခံပါ့မလဲ။ ငါ့သားကလေး ကျန်းမာဖို့က ပိုပြီး အရေးကြီးနေတယ် ... မယ်မရဲ့။

ငါ့သားကလေးခွေးညိုဟာ ငါ့အသက်ပါမယ်မရယ်၊ ငါ သား ကလေးအတွက်ဆိုရင် ငါ့အသည်းနှလုံးကို ထုတ်ရောင်းဝံ့ပါတယ်"

ကိုသာမြသည် အဖျားတက်၍ မှိန်းနေသော ခွေးညိုကလေးအား ပါးချင်းကပ်၍ မျက်ရည်လည်လာ၏။

ဟုတ်လည်းဟုတ်၏။ ကိုသာမြသည် သူ့သားကလေး ခွေးညိုအ တွက် သူ့မှာ ရည်ရွယ်ချက်တွေ မျှော်မှန်းချက်တွေ တစ်ပုံကြီးနှင့်ဖြစ်၏။

သူ့သားကလေးအား ဝအောင်ကျွေးရန်၊ လှအောင်ဆင်ရန်သာမက ရှင်ပြုရန်နှင့် ပညာသင်ရန် စသော ရည်လျားများမြောင်သည့် တာဝန်တွေ ကိုပါ တွေးတောအားခဲကာ ကြိုးစားနေသူဖြစ်၏။

သို့သော် အလုပ်သမား ကိုသာမြသည် ဖောင်စီးရင်း ရေငတ်နေသူ ပမာ အလုပ်လုပ်ရင်း ထမင်းငတ်ရမည့်အခြေသို့ ရောက်လုရောက်လု ဖြစ် နေရှာ၏။

ကိုသာမြသည် ခွေးညိုအနီးမှ မခွာနိုင်ပဲ တရစ်ဝဲဝဲ လုပ်နေရာမှ ...

"ကဲ ... မယ်မရေ ... ငါသွားဦးမှ"

ဟုပြောရင်း ပုဆိုးဟောင်းတစ်ထည်ကို ပခုံးတွင် သိုင်း၍ ချီလိုက် ပြီး ခွေးညိုအား တစ်ချက်ကုန်း၍ နမ်းလိုက်ပြန်၏။

"ကဲ ... ငါသွားမယ်"

ဟု မမယ်မအား နှုတ်ဆက်ပြီး နောက်ဆံတတင်းတင်းဖြင့် တဲအပြင် သို့ ထွက်သွား၏။

ကိုသာမြ ထွက်သွားမှ မမယ်မက သတိရ၍ ...

"အော် ... ကိုသာမြ ထမင်းကျက်နေပြီလေ ... စားသွားဦး။ ကျုပ်တို့တော့ အကြော် ၂ ခု ဝယ်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု တဲပေါက်ဝမှ ငုံ့၍ထွက်သွားသော ကိုသာမြအား မယ်မက လှမ်းအော်၍ ပြောလိုက်၏။

"နေပစေ . . . မယ်မရေ။ ကလေးတွေသာ ကျွေးလိုက်တော့။ ငါ မစားတော့ဘူး"

ကိုသာမြလည်း တဲအတွင်းသို့ တစ်ချက်လှည့်ကြည့်ပြီး စက်ရုံဆီသို့ ဆက်၍ ထွက်သွားလေတော့သည်။

☼ ☼ ☼

[ ၄ ]

❑

"ဟာ . . . ကိုသာမြ၊ နောက်ကျလှချေလားဗျ"

စက်ရုံအဝင်ဝတွင် အဆင်သင့်တွေ့ရသော မန်နေဂျာ ဦးလှဖေက ဆီးကြိုမေးမြန်းလိုက်၏။

"ဟုတ်ပါတယ် . . . မန်နေဂျာကြီးရယ်။ ကျွန်တော့်သားကလေး မနေ့ညက အပြင်းဖျားပြီး တစ်ညလုံး မအိပ်ရလို့ နဲနဲနောက်ကျသွားပါတယ်။ ကျွန်တော့်ကို တစ်နေ့လုံး အလုပ်ဆင်းပြပါ"

"အေးဗျာ . . . စက်ပိုင်ကြီးကလည်း အလုပ်နောက်ကျတာ နဲနဲလေးမှ မကြိုက်ဘူး။ ခက်ပါတယ်ဗျာ။ အလုပ်သမားတွေအတွက်ဆိုရင် ကျုပ်တို့ စက်ပိုင်ကြီးက ကြင်နာစိတ်ကို မရှိဘူး"





"ဟုတ်ပါတယ် . . . မန်နေဂျာကြီးရယ်။ ကျွန်တော်တို့ကလည်း တကယ့်ကို မတတ်သာလို့ နောက်ကျရတာပါ"

"ကဲဗျာ . . . သွား . . . သွား၊ အလုပ်ခွင်ကို မြန်မြန်ဝင်ချေ။ နောက်တစ်ခါတော့ သတိထားဗျို့။ ကျုပ်ပါ အလုပ်က ပြုတ်သွားဦးမယ်"

"ဘာကွ . . . နောက်ကျတဲ့အကောင်ကို မင်းက တစ်နေ့လုံး အလုပ်လာစာရင်းပြမလို့လား။ (၁၀) မိနစ်နောက်ကျရင် နေ့ဝက် တွက်ဖြတ်ပါလို့ မှာထားတာ။ ခု ဘယ်လောက်နောက်ကျသလဲ . . . ကြည့်စမ်း"

ရုတ်တရက် နောက်မှရောက်လာသော စက်ပိုင်ကြီးဦးစံဘ၏ အသံသည်။ ကိုသာမြ၏နားဝယ် မိုးကြိုးပစ်လိုက်သကဲ့သို့ ထင်လိုက်ရသည်။

"ဟုတ်ကဲ့ . . . (၇) နာရီ ထိုးနေပါပြီ"

မန်နေဂျာဦးလှဖေလည်း ကိုသာမြကဲ့သို့ ရုတ်တရက် လန့်သွားပြီး အသံများပင် တုန်လာ၏။

"အဲ . . . (၆) နာရီခွဲ အလုပ်ဝင်ရမှာ အခု (၇) နာရီ ထိုးနေတော့ နာရီဝက်နောက်ကျတယ်။ နေ့ဝက်တွက်ပဲ ပေးရမယ်"

အလုပ်သမားများအပေါ် စေတနာထားတတ်သော မန်နေဂျာနှင့် အဆင်ပြေပြီးမှ ရုတ်တရက်ပေါက်လာသော စက်ပိုင်၏ စကားများကြောင့် ကိုသာမြနှင့် မန်နေဂျာဦးလှဖေတို့ ပါးစပ်အဟောင်းသားနှင့် ငိုင်သွားကြသည်။

ကိုသာမြသည် ငိုင်နေရာမှ စက်ပိုင်ဘက်သို့လှည့်၍ ရိုရိုသေသေနှင့် အကျိုးအကြောင်း ပြောပြတောင်းပန်လိုက်ပြန်၏။

"အောင်မာ . . . မင်းတို့ကတော့ ပါးစပ်ကလေးနဲ့ ဆင်ခြေပေး။ ချက်ရေခံလိုက် ပြီးရောကိုးကွ။ ငါ့အလုပ်မှာတော့ အလုပ်သမားတစ်ယောက် နာရီဝက်ရှောနေရင် ဘယ်လောက်နစ်နာတယ်ဆိုတာ မင်းတို့သိရဲ့လား"

"သိပါတယ်ဗျာ . . . ကျွန်တော် ဆင်ခြေပေးနေတာ မဟုတ်ပါဘူး။ ကျွန်တော်နောက်ကျတာ ဒီတစ်ခါပါ။ အလုပ်အရေးကြီးတဲ့အခါများ ကျွန်တော်တို့ အချိန်ပိုမရဘဲ ပိုလုပ်ခဲ့တဲ့ရက်တွေလည်း ရှိပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ် ... အောင်မယ် ... မင်းက အချိန်မှီတွေ ဘာတွေများ နားလည်နေပြီလား။ မင်းမလုပ်ချင် မလုပ်နဲ့ပေါ့ကွ။ ငါ့စက်မှာ အလုပ်သမားတွေ မှီနေတာ အပုံကြီး"

စက်ပိုင်ကြီးသည် မျက်နှာကြီးနီလာပြီး မန်နေဂျာဘက် လှည့်၍ ...

"မောင်လှဖေ ... သူ့ကို လျော်တဲ့အထဲ ထည့်လိုက်"

ကိုသာမြသည် စက်ပိုင်၏စကားကြောင့် မျက်လုံးများပင် ပြာသွား၍ ...

"ခင်ဗျာ ... ကျွန်တော့်ကို အလုပ်တော့ မထုတ်ပါနဲ့ခင်ဗျာ။ နောက်ကို ကျွန်တော် ကြိုးစားပြီးလုပ်ပါ့မယ်။ ကနေ့လည်း နေ့ဝက်တွက်ပဲ လုပ်ခပေးပါ။ ကျွန်တော် အလုပ်ဝင်ပါ့မယ်"

ကိုသာမြသည် စက်ပိုင်နောက်မှ မျက်ရည်ဝဲ၍ မည်မျှပင် မျက်နှာငယ်နှင့် တောင်းပန်စေကာမူ စက်ပိုင်ကြီးသည် လှည့်၍ပင် ကြည့်ဖော်မရတော့ဘဲ သူ့ရုံးခန်းဆီသို့ ထွက်သွားလေသည်။

ကိုသာမြသည် မန်နေဂျာအား အားကိုးသောမျက်နှာဖြင့် လှမ်း၍ ကြည့်လိုက်စဉ် မန်နေဂျာဦးလှဖေသည် ပါးစပ်မှ ဘာမှမပြောတော့ဘဲ စက်ပိုင်အခန်းဆီသို့ ခေါင်းညိတ်၍ ခေါ်သွားလေသည်။

ကိုသာမြသည် မန်နေဂျာ၏နောက်မှ စက်ပိုင်အခန်းဆီသို့ ခပ်ကုတ်ကုတ်ဝင်လိုက်သွားရသော်လည်း ရင်ထဲမှာမူ တဒိတ်ဒိတ်နှင့် ခုန်နေရှာ၏။ အကယ်၍များ စက်ပိုင်ကြီးက အလုပ်ပြန်မပေးနိုင်ဘူးဆိုရင် ကိုသာမြသည် ရှေ့သို့ပင် ဆက်မစဉ်းစားရဲတော့ပဲ အိမ်ရာပေါ်တွင် ပက်လက်ကလေး ကျန်ခဲ့သော ချွေးညှိုအားလည်းကောင်း၊ သမီးငယ်ကို နို့တိုက်နေခဲ့သော ဇနီးသယ်မမယ်မအားလည်းကောင်း မီးဖိုလေးတွင် ထမင်းရည်သောက်နေရစ်သော သမီးကြီး မိတူးအားလည်းကောင်း မြင်ယောင်လာလေသည်။

စက်ပိုင်ကြီး ဦးစံဘသည် ၎င်း၏ အလုပ်စားပွဲတွင် စီးကရက်ကို ခဲ၍ သတင်းစာကိုဖတ်နေစဉ် ကိုသာမြသည် စားပွဲရှေ့ မလှမ်းမကမ်းမှ မတ်





တတ်ရပ်လိုက်သည်။ သို့သော် တဆတ်ဆတ်တုန်နေသော ဒူး(၂)လုံးကိုပင် ယိုင်လဲ မသွားအောင် မနဲဟန်၍ ထိန်းထားရသည်။

ကိုသာမြသည် မရဲတရဲဖြင့် ...

"စက်ပိုင်ကြီးခင်ဗျား ကျွန်တော့်ကို အလုပ်ဆက်လုပ်ခွင့်ပေးပါ"

စက်ပိုင်ဦးစံဘသည် သတင်းစာ ဖတ်နေရာမှ မျက်လုံးကို လှန်ကြည့်ပြီး တည်ငြိမ်စွာဖြင့် ...

"မင်း အလုပ် ပြန်လုပ်ချင်သလား"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... လုပ်ချင်ပါတယ်ခင်ဗျာ။ ကျနော့်သားကလေး အပြင်းဖျားပြီး ကျနော်တို့မှာ ဒုက္ခရောက်နေပါတယ်။ စက်ပိုင်ကြီးကသာ အလုပ်ဖြုတ်ပစ်မယ်ဆိုရင် ကျနော်တို့မိသားစု ငတ်ကြရပါတော့မယ်"

"မင်းငတ်တာတော့ ငါနဲ့မဆိုင်ပါဘူးကွ။ မင်းအလုပ်ကောင်းကောင်းလုပ်ရင် ငါက လုပ်ခပေးရုံပဲ။ အေး ... လူပါးဝ လူတွင်ကျယ် စကားပြောလာရင်တော့ ချက်ချင်း အလုပ်က ထုတ်ပစ်မယ်။ မင်းတို့ အလုပ်သမားကို ငါတို့က အားကိုးနေတာမဟုတ်ဘူး။ တို့ထားချင်ထားမယ်။ တို့မထားချင် ဖြုတ်ပစ်လိုက်ရုံပဲ။ အေး ... ဒါပဲ မှတ်ထား"

"ဟုတ် ... ဟုတ်ကဲ့"

ကိုသာမြသည် ခါးလေးကုန်း၍ ခေါင်းညိတ်လိုက်ရသည်။

စက်ပိုင်ကြီး ဦးစံဘသည် မန်နေဂျာအား လှမ်းကြည့်ပြီး ...

"ကဲ ... မောင်လှဖေ သူ့ကို ကနေ့ညနေပိုင်းကစပြီး အလုပ်ပြန်သွင်းလိုက်ပါ"

ဟု ခပ်တိုတိုပင်ပြော၍ သတင်းစာကို ဆက်ဖတ်နေလိုက်သည်။

ကိုသာမြသည် စက်ပိုင်ကြီးရှေ့မှ နောက်သို့ တစ်လှမ်းချင်းဆုတ်၍ အခန်းတွင်းမှ အလုပ်ခွင်ရှိရာသို့ ထွက်ခွာသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# [၁]

❑

"အမေ ... အမေ ..."

ခွေးညိုလေးသည် ဖျော့တော့သော နှုတ်ခမ်းနှစ်ခုကို မဟတဟဖွင့်၍ လေသံလေးဖြင့် ကိုသာမြအား တမ်းတရင်း မျက်ဖြူကလေး လန်နေ၏။

အနားမှာထိုင်၍ ကြည့်နေသော မိခင်မမယ်မသည် ဘာလုပ်ရမှန်းမသိ၊ တုန်တုန်ရီရီဖြင့် အိမ်နီးချင်းဒေါ်အေးလှအား လှမ်းခေါ်၍ အကူအညီတောင်းရသည်။

မမယ်မ၏ ခေါ်သံကြောင့် ဒေါ်အေးလှသည် ကပျာကယာ ပြေးလာပြီး ခွေးညိုအားကြည့်၍ ဆုပ်ထားသော ကလေး၏လက်များကို ဖြေပေးရင်း ...

"ဟဲ့ ... မယ်မရေ ညည်းတို့သားကလေးက အပူကြီးပြီး အတွင်းတက် တက်နေတာအေရဲ့၊ ပေါ့မနေနဲ့ ဆရာလေး ဘာလေး မြန်မြန်ပင့်မှ ဖြစ်မယ်"

ဒေါ်အေးလှသည် ကလေး၏ အခြေအနေကိုကြည့်ပြီး အကဲမရသည်နှင့် မမယ်အား သတိပေးလိုက်သည်။





"ဟုတ်တယ် ... ဒေါ်အေးလှရဲ့၊ သူ့အဖေလည်း စက်ပိုင်ကြီးကို ပြောပြီး ရက်တွက်ကလေး ကြိုထုတ်ခဲ့မယ်လို့ ပြောတာပဲ၊ အိမ်မှာတော့ အနုပိုက်ဆံဆယ်ပြားပဲ ရှိတယ်တော့"

"ဒုက္ခပဲအေ ... ညည်းတို့သားကလေးတော့ ဒီအတိုင်းဆိုရင် ရေတိမ်နစ်တော့မယ်။ သွား ... သွား စက်ထဲကိုသွားပြီး သာမြကို မြန်မြန်ခေါ်ချေ။ ငွေရရင်လည်း ရွာထိပ်က ဆရာကြီးဦးအေးဘကို တစ်ခါထဲ ပင့်ခဲ့"

မမယ်မသည် ဒေါ်အေးလှပြောသည့်အတိုင်း ကလေးအင်္ကျီကို ခါးတွင်းချီထိုးပြီး ကိုသာမြရှိရာ ဆန်စက်ဆီသို့ ဒုံးစိုင်း၍ ပြေးရှာလေ၏။

ဆန်စက်ဝင်းအတွင်း စပါးပုံကြီးဘေးတွင် ကိုသာမြအား တွေ့ရသည်နှင့် မမယ်မမှာ မောကြီးပန်းကြီးနှင့်ပင်။

"ကိုသာမြ ... တော့်သားခွေးညို တက်နေတယ်တော့။ ကျုပ် ဒေါ်အေးလှကို ခေါ်ပြီး ထားခဲ့ရတယ်။ ငွေရရဲ့လား။ ငွေရရင် ဆရာမြန်မြန်ပင့်ချေပါ။ ကျုပ်တို့သားကလေး ရေတိမ်နစ်တော့မယ်"

ကိုသာမြသည် မမယ်မစကားကို ကြားလိုက်ရသည်နှင့် စပါးအပြည့်ယက်၍ ထည့်ထားသော ပခုံးပေါ်မှ စပါးတောင်းသည် ဝေါခနဲ လျှောကျသွားလေသည်။

ကိုသာမြသည် မမယ်မအား ...

"သွား ... သွား ... နင်ပြန်နှင့်၊ ကလေးကို ကြည့်နေချေ၊ ငါအခု ဆရာပင့်ပြီး လိုက်ခဲ့မယ်"

ဟုပြော၍ လွှတ်လိုက်ပြီး စက်ပိုင်ကြီးအခန်းဆီသို့ တည့်တည့်ဆော်မတ်ကြီး ပြေးဝင်သွားလေ၏။

အခန်းထဲဝင်လိုက်သည်နှင့် အသင့်ထိုင်နေသော စက်ပိုင်ကြီးအား တွေ့လိုက်ရသဖြင့် ...

"စက်ပိုင်ကြီးခင်ဗျာ ... ကျနော့်သားကလေး တက်နေလို့ အိမ်ကလိုက်ခေါ်နေပါတယ်။ ကျ ... ကျ ..."

ကိုသာမြ၏ ပါးစပ်မှ စကားမထွက်လာမီ စက်ပိုင်ဦးစံဘက ...



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . လာခေါ်နေရင်လည်း ပြန်ပေါ့။ ဒါပေမဲ့ နေ့တွက်တော့ မရဘူးနော်"

"ခင် . . . ခင်ဗျာ"

"အေးလေကွာ . . . မင်းပြန်ချင်လည်း ပြန်။ အခုပြန်ရင်တော့ နေ့ဝက်တွက် မပေးနိုင်ဘူး။ နေ့ဝက်တွက် လိုချင်ရင်တော့ ဉာဏ်ဆွဲမှပဲပြန်ဒါပဲ"

"ဟုတ် . . . ဟုတ်ကဲ့ . . . နေ့တွက်တော့ ကျွန်တော် မလိုချင်ပါဘူးခင်ဗျာ။ ဒါပေမဲ့ ကျွန်တော့်သားကလေးအတွက် ဆေးဆရာပင့်ချင်လို့ ငွေငါးကျပ်လောက် အပိုထုတ်ပေးပါ"

"ဩော် . . . သာမြရယ်။ မင်းသားဆေးကုဖို့ ငါက ငွေထုတ်ချေးရဦးမယ်လို့။ ခက်ပါဘိတော့ကွာ"

"ဟုတ်ပါတယ်ခင်ဗျာ . . . စက်ပိုင်ကြီးမှ မကယ်ရင် ကျွန်တော့်သားကလေး ရေတိမ်နစ်ရပါတော့မယ်။ အခုယူတဲ့ ငွေကိုလည်း ကျွန်တော့်လုပ်ခ နှစ်ရက်တွက်နဲ့ နှိမ်လိုက်ပါခင်ဗျာ"

ကိုသာမြသည် စက်ပိုင်ကြီးအား ရှိခိုးမတတ် တောင်းပန်ပြောပြ အသနားခံနေရှာ၏။

"ဟာ . . . မင်းတို့အလုပ်သမားပါးစပ်က ကတိပေးတိုင်းသာ ငါက ယုံကြည်ပြီး ငွေပိုထုတ်ပေးရရင် ငါမွဲတာ ကြာလှပြီကွ။ သွား . . . သွား . . . ငွေပိုတော့ ထုတ်မပေးနိုင်ဘူးဟေ့"

စက်ပိုင်ဦးစံဘသည် ကိုသာမြအား စကားဆက်မပြောတော့ဘဲ ခေါင်းငုံ့၍ စာရင်းစာအုပ်ကို ကြည့်နေလိုက်သည်။

ကိုသာမြသည် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်၍ နှုတ်ခမ်းနှစ်ခုမှာ ထိ၍ပင် မရတော့ပေ။

"စက်ပိုင်ကြီးပြောတာ မှန်ပါတယ်ခင်ဗျာ။ ဒါပေမဲ့ ကျွန်တော့်သားကလေးအတွက်တော့ ကျွန်တော် အထူးထပ်ပြီး တောင်းပန်ပါတယ်။ ကျွန်တော်တို့ အလုပ်သမားဆင်းရဲသားတွေဟာ ပစ္စည်းဥစ္စာမရှိလို့ ဆင်းရဲတာ





ကလွဲရင် ကတိနဲ့သစ္စာကိုတော့ ငွေရှင်၊ ကြေးရှင်၊ နေရှင်များထက် ပိုပြီး လေးစားတတ်ကြပါတယ်"

"ဟေ့ကောင် . . . သွားစမ်းကွာ . . . မြန်မြန်။ မင်းတို့ဘာသာ မွေးတဲ့သား မင်းတို့ဘာသာပဲ ကျန်းမာအောင် ကုကြပေါ့။ သွား . . . သွား"

စက်ပိုင်ဦးစံဘ၏ ခက်ထန်မာကျောသော အသံနှင့် စကားလုံးတို့သည် ကိုသာမြ၏ နှလုံးသားကို နာကြည်းထိခိုက်လွန်းသဖြင့် ကိုသာမြ၏ မျက်လုံးတို့မှာ မျက်ရည်ဝဲ၍ အရောင်တလက်လက်ထွက်ကာ အောက်နှုတ်ခမ်းကို ပြတ်လုမတတ်ကိုက်ပြီး ဦးလှဖေ၏ အခန်းထဲမှ ထွက်ပြေးသွားလေ၏။

သည်လူ့ဘောင်၊ သည်လူ့လောကတွင် လူတွေနှင့် အတူနေကြသော လူဆိုသည့် လူတိုင်းမှာ မေတ္တာနှလုံးသား မရှိကြပါတကား။

☼ ☼ ☼

[၆]

ကိုသာမြသည် ဆန်စက်ဝင်းပေါက်ဝသို့ ပြေးထွက်လာပြီး အိမ်သို့ မပြန်နိုင်သေးပဲ ရွာထိပ်မှ ဆေးဆရာအိမ်သို့ ပြေးရှာပြန်လေ၏။

မမယ်မသည် အိမ်မှနေ၍ ဆေးဆရာနှင့်အတူ ပြန်လာမည့်ကိုသာမြအား မျှော်ရင်းနှင့်ပင် သားကလေး ခွေးညိုအား ပွေ့ချီထားရှာလေ၏။

ခွေးညိုကလေးသည် မမယ်မ၏လက်ထဲမှ အားယူရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"အဖေ ... အဖေ"

ဟု ပါးစပ်မှ ခေါ်နေသော်လည်း အသံမထွက်လာတော့ဘဲ မျက်ဖြူကလေးလန်၍ မောနေရှာပေသည်။

မမယ်မသည် မျက်ရည်ကို ထိန်းထားရင်း ခွေးညိုအား ...

"သားရေ ... သားအဖေ ပြန်လာတော့မယ်"

ဟု ကလေးကိုသာ ပါးစပ်မှ အားပေးနေရသော်လည်း ရင်ထဲတွင်မူ လှိုက်၍ လှိုက်၍လာကာ ကလေး၏ဝေဒနာကို မကြည့်ရက်တော့ပေ။

မမယ်မသည် အကဲမရတော့သော ခွေးညိုအားကြည့်၍ အနီးတွင်ရှိသော သမီးကြီး မိတူးအား ...

"မိတူးရေ ... မိတူးရေ ... သွား ... သွား စက်ထဲက နင့်အဖေကို မြန်မြန်ခေါ်ချေတော့။ ဆေးဆရာ မပင့်ရချင်နေပါစေ။ အဖေသာ မြန်မြန်ပြန်ခဲ့ပါတော့လို့ပြော"

မမယ်မသည် ခွေးညိုအခြေအနေ မလှသည်ကို ရိပ်မိ၍ ကိုသာမြအား အခေါ်ခိုင်းရပြန်၏။ မရှေးမနှောင်းပင် ဒေါ်အေးလှသည် ကလေးကိုကြည့်၍ မျက်ရည်များလည်ကာ ကလေးအနီးမှထ၍ ပြန်သွားလေတော့သည်။

ကလေးပီပီ ဒုန်းစိုင်း၍ပြေးသော မိတူးသည် ဆေးဆရာအိမ်ဘက်သို့ ခြေကုန်သုတ်နေသော ကိုသာမြကို မြင်လိုက်သည်နှင့် ...

"အဖေရေ ... အဖေ ... အမေက မြန်မြန်ပြန်လာခဲ့ပါတဲ့"

ဟု အော်၍ ခေါ်လိုက်၏။

ဆေးဆရာကို ခြေကြွငွေအစား ခြေသလုံးဖက်၍ ပင့်ရန် ဆုံးဖြတ်ထားသော ကိုသာမြမှ မိတူး၏ အော်ခေါ်သံကြောင့် နောက်သို့လှည့်ကြည့်ပြီး အိမ်ဘက်ဆီသို့ တစ်ဖန် အားကုန်သုတ်၍ ပြေးလာခဲ့ရပြန်သည်။

အမောတကောနှင့် ကိုသာမြ အိမ်ပေါက်သို့ အပြေးရောက်လာပြီး ...

"သားရေ ... သား ..."

သူရိန်စာပေ



ဟု ခေါ်ရင်း တဲအတွင်းသို့ ဝင်လိုက်ရာ တဲတံစက်မြိတ်နှင့် ကိုသာမြ၏ ဦးခေါင်းမှာ မလွတ်တော့ဘဲ 'ဒုန်း'ခနဲတိုက်၍ ကိုသာမြ ဖင်ထိုင်လျက် ကျသွားလေ၏။

ကိုသာမြ၏ ဦးခေါင်းနှင့် တံစက်မြိတ်ကို တိုက်မိ၍ 'ဒုန်း'ခနဲမြည်သံနှင့်အတူ မမယ်မ၏ရင်ခွင်ထက်မှ ခွေးညိုကလေးမှာ ဇက်ကျိုး၍ ကျသွားလေတော့သည်။

မောကြီးပန်းကြီးဝင်လာသော အဖေကိုသာမြအား သူချစ်သော သားကလေးခွေးညိုမှာ မစောင့်နိုင်ရှာတော့ပေ။ အကြောင်းမသိရှာသေးသော ကိုသာမြသည် မမယ်မ၏ရင်ခွင်ထက်မှ ခွေးညိုကလေးအား လှမ်း၍ ပွေ့ယူလိုက်ပြီး ...

"သား ... သား ..."

ဟု ခေါ်လိုက်သည်နှင့် မမယ်မ၏ ...

"အမယ်လေး ... သားရဲ့ ရေတိမ်နစ်ပါပြီလား။ မင်းမျှော်နေတဲ့ အဖေ ပြန်လာပြီလေ"

အော်၍ငိုလိုက်သော အသံသည် ကိုသာမြ၏နားဝယ် ပဲ့တင်ထပ်၍ အသဲနှလုံးတို့သည် ဆတ်ဆတ်ခါ သွားလေတော့သည်။

ကိုသာမြသည် သူ၏အသက်နှင့် ထပ်တူချစ်ရှာသော သားငယ်ကလေးခွေးညို၏ အလောင်းကို ရင်ခွင်ပိုက်၍ ခေါင်းငိုက်စိုက်ကျကာ ကိုသာမြ၏ မျက်လုံးမှ မျက်ရည်တို့သည် ခွေးညိုအပေါ်သို့ တပေါက်ပေါက် ကျနေလေတော့သည်။

ကိုသာမြ၏ ရင်တွင်းဝယ် နေ (၇) စင်း ပြိုင်၍ထွက်သည့်ပမာ ဝိုးဒေဝမီးသည် အရှိန်ပြင်းစွာ တောက်လောင်ခဲ့ချေပြီ။

ကိုသာမြ၏ မျက်လုံးအစုံမှ မျက်ရည်တို့သည် တစ်ပေါက်ချင်း စီးကျနေသည့်အချိန်တွင် ကိုသာမြ၏ ရင်အတွင်းမှ အသဲနှလုံးသားတို့သည်လည်း တစ်ခုချင်း ပြုတ်၍ပြုတ်၍ ကျကြလေတော့သည်။

သူရိန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သားသမီးဆိုသည်မှာ မိဘတို့၏ အသဲနှလုံးပင်ဖြစ်၏။ သားသမီး ဆုံးရှုံးခြင်းမည်သည် မိဘတို့၏ အသည်းနှလုံး ပြုတ်ကျခြင်းနှင့် ထပ်တူပါ တကား။

ကိုသာမြ၏ တရှုရှုလှုပ်နေသော နှုတ်ခမ်းအစုံမှ 'သား . . . သား . . . သား' ဟု တစ်လုံးချင်းခေါ်ရင်း တဆတ်ဆတ်တုန်နေသော လက်နှစ်ဖက် ဖြင့် ခွေးညိုလေး၏အလောင်းကို မမယ်မရင်ခွင်ဆီသို့ ထိုးပေးလိုက်၏။

ပြူးကျယ်၍ ဒေါသရောင်လွှမ်းနေသော ကိုသာမြ၏ မျက်လုံးတို့ သည် တစ်စုံတစ်ခုကို လှမ်း၍ ရှာဖွေလိုက်၏။ ကိုသာမြသည် ရုတ်တရက် မီးဖိုဆီသို့ လှားခနဲခုန်လိုက်ပြီး ဝါးထရံတွင် ထိုးထားသော ဓားဦးချွန်ကို ဆတ်ခနဲဆွဲ၍ ဖြုတ်လိုက်သည်။

မမယ်မသည် ရုတ်တရက် ကြောင်နေရာမှ ကိုသာမြ၏ အခြေ အနေကို ရိပ်မိလိုက်သည်နှင့် ခွေးညို၏အလောင်းကို ပွေ့ထားရာမှ . . .

"ကိုသာမြ . . . ကိုသာမြ . . . တော်မှားမယ်။ မလုပ်ပါနဲ့ . . . မလုပ် နဲ့"

ဟု လှမ်း၍ တားနေသော်လည်း ကိုသာမြသည် မမယ်မအား လှည့်၍ပင် မကြည့်တော့ပေ။

ချစ်သောသားငယ်အတွက် ပူပြင်းလောင်ကျွမ်းနေသော ပရိဒေဝမီး ကို သောကဇောနှင့် ဒေါသစိတ်ဖုံးလွှမ်းလေသောအခါ ကိုသာမြ၏ မျက်စိ တို့သည် မြာ၍ ဘာကိုမျှ မမြင်နိုင်တော့ဘဲ အကြင်နာမဲ့သော စက်ပိုင်ရှင် ဦးစံဘ၏ မျက်နှာကြီးကသာ ကွက်ခနဲကွက်ခနဲ ပေါ်လာလေ၏။

ကိုသာမြသည် ဆန်စက်အပေါက်ဝကို ရောက်သည်နှင့်တစ်ပြိုင် နက် မောကြီးပန်းကြီးဖြင့် စက်ပိုင်အခန်းဆီသို့ တည့်တည့်မတ်မတ်ကြီး ဝင် ပြေးသွားလေ၏။

အဆင်သင့်ပင် အလုပ်စားပွဲ၌ စီးကရက်ကိုခဲ၍ စာဖတ်နေသော စက်ပိုင်ဦးစံဘသည် ပြာယီးပြာရာ ပြေးဝင်လာသော ကိုသာမြအား ဣန္ဒြေ မပျက် မော့ကြည့်လိုက်ပြီး ခေါင်းပြန်ငုံ့၍ . . .





"ဘာလဲဟေ့ . . . မောင်သာမြ၊ မင်းသားအတွက် ငွေလိုပြန်နိုင် လား"

ဟု မထေ့တထေ့ လှမ်း၍ မေးလိုက်သည်။

ကိုသာမြသည် ရုတ်တရက် ဘာမျှ ပြန်မပြောနိုင်သေးဘဲ စက်ပိုင် ဦးစံဘ၏ မျက်နှာကိုသာ အရောင်တလက်လက် ထွက်နေသော မျက်လုံး များဖြင့် စိုက်၍ကြည့်နေသည်။

ဦးစံဘသည် အနည်းငယ် မှုပျက်လာသော ကိုသာမြအား အကဲ ခတ်ရင်း . . .

"ဟေ့ကောင် . . . ပြောလေကွာ၊ ငွေလိုချင်ပြန်ပြီလား"

မေး၍မဆုံးမီ ကိုသာမြက ရုတ်တရက် . . .

"ဟား . . . ဟား . . . ဟား . . . ဟား . . ."

ဟု အသံနက်ကြီးဖြင့် အော်၍ ရယ်လိုက်သည်။

"ငွေ . . . ငွေ . . . ငွေ . . . မဟုတ်ဘူးဗျ . . . ငွေမဟုတ်ဘူး။ ခင်ဗျား အသည်းနှလုံးလေ။ ကျုပ်သားအတွက် ပြုတ်ကျခဲ့ရတဲ့ ကျုပ်ရဲ့အသည်း နှလုံးတွေ ခင်ဗျားဆီက အစားလာယူတာ"

"ကျုပ်တို့ အလုပ်သမားတွေရဲ့ သွေးတွေချွေးတွေနဲ့ အရင်းတည်၊ ကျုပ်တို့လုပ်အားကို အကုန်သုံး။ ကျုပ်တို့အပေါ် ခေါင်းပုံဖြတ်။ မတရားသွေး စုတ်၊ အမြတ်ကြီးစားပြီးတော့ ချမ်းသာနေတဲ့ သူဌေးမင်းရဲ့။ လူလူချင်း ရှိ အပ်တဲ့ အကြင်နာတရား၊ မေတ္တာစိတ်နဲ့ ကိုယ်ချင်းစာတရားဆိုတာ ခင်ဗျား တို့ နားလည်ရဲ့လား"

စက်ပိုင်ဦးစံဘသည် ထိုင်နေရာမှ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်၍ မတ်တတ်ရပ်လိုက်ပြီး . . .

"ဟေ့ကောင် သွား . . . သွား . . . ထွက်သွား"

ဟု အော်နေစဉ် ကိုသာမြသည် ခါးကြားမှ ဓားချွန်ကြီးကို ဆက်ခ နဲ ဆွဲထုတ်လိုက်လေသည်။

"ဟား . . . ဟား . . . ဟား၊ သွားတာပေါ့ စက်ပိုင်ကြီးရယ်။ ဒါပေ မယ့် အလုပ်သမားတစ်ယောက်ရဲ့ သားလေးအသက်ကို ငွေငါးကျပ်လောက်



www.burmeseclassic.com

www.burmeseclassic.com



မှ တန်ဖိုးမထားတတ်တဲ့ ခင်ဗျားရဲ့ နှလုံးသားကို ဟောဒီကျုပ်ဓားနဲ့ ပါးပါးပါးပါး လှီးခဲ့ပါရစေဦး"

ကိုသာမြသည် စကားဆုံးသည်နှင့် စက်ပိုင်ဦးစံဘ၏ စားပွဲပေါ်သို့ လွှားကနဲ ခုန်တက်လိုက်၏။ ဦးစံဘသည် စားပွဲနှင့် ကုလားထိုင်ကြား မတ်တတ်ရပ်နေရာမှ ဖောချွေးများပြန်၍ ထွက်ပြေးရန် ကြိုးစားသေးသော်လည်း အားရပါးရ အပေါ်မှ စီး၍ထိုးချလိုက်သော ကိုသာမြ၏ ဓားသွားကို ရှောင်တိမ်း၍ မလွတ်တော့ပေ။

"အား ... သာမြ ... ငါ့ကို ..."

ဟူသော အသံသာ ဦးစံဘ၏ ပါးစပ်မှ အော်နိုင်၍ နောက်ထပ် စကားလုံး ပီပီသသမထွက်လာတော့ဘဲ 'ဂူး ... ဂူး ..' နှင့် ရှန်းကန်ရင်း ကိုသာမြ၏ လက်မောင်းပေါ်တွင် ငြိမ်သက်၍ သွားလေတော့သည်။

စက်ပိုင်၏ အခန်းထဲမှ ဆူဆူညံညံ အသံများကြောင့် အနီးအနားမှ အလုပ်သမားများနှင့် မန်နေဂျာ ဦးလှဖေတို့ ပြေးလာကြသောအခါ စက်ပိုင် ဦးစံဘ၏ ခန္ဓာကိုယ်ကြီးသည် ကြမ်းပြင်ပေါ်တွင် ခွေလျက်ကျနေလေပြီ။ ဦးစံဘ၏ အလောင်းအနီးတွင် ကိုသာမြသည် သွေးစက်ကျနေသော ဓားဦးချွန်ကြီးကို ကိုင်လျက် ငိုင်ငိုင်ကြီးရပ်နေသည်ကို တွေ့ရလေ၏။

"ဟေး ... ဟေး ... ကိုသာမြ ... ဘယ့်နှယ်လုပ်လိုက်တာလဲ"

ဟု ဝင်လာကြသော မန်နေဂျာနှင့် အလုပ်သမားများက လှမ်း၍ မေးလိုက်ကြသည်။

"ဟား ... ဟား ... ဟား ... ကျေနပ်ပြီ ကျေနပ်ပြီ။ ခင်ဗျားတို့ အလုပ်သမားတွေအပေါ် မညှာမတာ သွေးစုတ်ခေါင်းပုံဖြတ်၊ မတရား လုပ်အားယူနေတာတွေ ခင်ဗျားတို့ မကျေနပ်ဘဲ ခံနေကြတယ်မဟုတ်လား"

"ကျုပ်ရဲ့ ဘဝတူ အလုပ်သမားတွေကိုယ်စား၊ ကျုပ်သားချွေးညို့ ကိုယ်စား၊ ကျုပ်ဘဝကို ကျုပ်စတေးပြီး ကလဲ့စားချေရလို့ ကျုပ်ကျေနပ်ပြီ။ ကဲ ... ကျုပ်ကို ဖမ်းတဲ့သာ ဖမ်းကြပေတော့"





ကိုသာမြသည် လက်ထဲမှ ဓားမြှောင်ကြီးကို စားပွဲပေါ်သို့ ပစ်၍ တင်လိုက်သည်။ အလုပ်သမားများသည် ကိုသာမြပြောသော စကားကို နား ထောင်၍ လက်သီးများကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ငိုင်သွားကြသည်။

ကိုသာမြ၏ စကားလုံးတို့သည် မှန်၏။ ကိုသာမြ၏ သတ္တိကို ချီး ကျူးကြ၏။ သို့သော် ကိုသာမြ၏ တော်လှန်ရေးသည် တစ်ကိုယ်တော် မိုက် ရူးရဲကျ၍ သူ့ဘဝနှင့် သူ့သတ္တိကို နှမြောတသ ယူကျုံးမရကြချေတကား။

☼ ☼ ☼

[၇]

❑ ကိုသာမြသည် သူ၏အသက်နှင့် ထပ်တူချစ်ရှာသော သားငယ် ချွေးညို့အတွက် လက်စားချေသည်လည်းမှန်၏။ အနှစ်နှစ်၊ အလလက နာနာကြီး ခံစားလာခဲ့ရသော အရင်းရှင် စနစ်ဆိုးကို တော်လှန်လိုက်သည် လည်း ဆိုနိုင်၏။ သို့သော် တရားဥပဒေကို ဆန့်ကျင်ချိုးဖောက်၍ လူတစ် ယောက်၏အသက်ကို သတ်ခဲ့မိသော ရာဇဝတ်မှုကြောင့် တရားဥပဒေကပင် ကိုသာမြအား လူ့ဘဝ၏ အခွင့်အရေးတို့ကို ဆုံးရှုံးစေသည့် ဒဏ်ပြန်အပြစ် အဆိုကို ပေးရလေတော့သည်။

တော်လှန်သည်ပဲဖြစ်ဖြစ်၊ လက်စားချေသည်ပဲဖြစ်ဖြစ်၊ တရား ဥပဒေဘောင်အတွင်းမှ ညီညွတ်ရေးကို အရယူ၍ သူ၏ သတ္တိနှင့်လုပ်အား



www.burmeseclassic.com

www.burmeseclassic.com



ကို အသုံးချပြီ သူမှန်းတီးသည့် အရင်းရှင်စနစ်ဆိုးကို တိုက်ဖျက်ရန် သားငယ်၏အော်ဖြင့် ကိုသာမြ မစဉ်းစားနိုင်ခဲ့ချေ။

တော်လှန်ရေး အစိုးရလက်ထက်ကျမှပင် အပြင်လောကမှ လုပ်သားတို့၏ အောင်ပွဲသံများ တစ်စည်ကြားရသည်နှင့်အမျှ သူ့ဘဝ သူယူကြုံးမရ တသသ ရှိချေတော့သည်။

(တို့ရဲ့ နောင်ဖြစ်ကိုသာ တွေးကာ ရင်နာသည်။ တို့တွေ ကျောပြင်မှာ ဒဏ်ရာဒဏ်ချက် ပြည့်နှက်လို့သာပင်၊ နေရှင်တစ်စု ထင်တိုင်းပြုရာ ခေါင်းငုံ့ကာသာ ခံခဲ့ရသည်။

တူသံတွေညံညံစီ။ တော်လှန်ကာ အောင်မြင်မည်။ အင်အားညီညီ တို့တတွေစုပေါင်း)

ထောင်အုတ်ရိုးကို ကျော်လွှားလာသော မေဒေးနေ့အကြို လုပ်သားအောင်ပွဲ တေးသီချင်းသံ ပြီးဆုံးသွားသည်နှင့် ကိုသာမြသည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်၏။ သူ့ရှေ့တူရူမှ ကာဆီးထားသော ထောင်သစ်သားတန်းများကို ကိုင်၍ မတ်တတ်ရပ်လိုက်ပြီး . . .

"သာမြ နောက်မဖိုက်တော့ဘူးဟေ့။ ငါ့သတ္တိနဲ့ အင်အားကို ငါ့တိုင်းပြည်၊ ငါ့လူမျိုး၊ လုပ်သားတွေအတွက်သာ ငါ့ဘဝတွေ ငါစတေးပြီး ပေးလှူမယ်။ ရာဇဝတ်ဘေးဆိုတာ ဘယ်ခါမှ ကောင်းကျိုးမပေးဘူးကွ"

ကိုသာမြသည် အိပ်ထောင်ခန်းဆီမှ ထောင်အပြင်လောကဆီသို့ လှမ်းမျှော်၍ တကျော်ကျော်အော်နေရင်း သားကလေး ချွေးညို၏ မျက်နှာကို တရေးရေး မြင်ယောင်လာတော့သည်။

☀ ☀ ☀

မင်းသုရိန်

## စိတ်ကူးသစ်စာပေမှ ထုတ်ဝေပြီးစာအုပ်များစာရင်း

| စဉ် | စာရေးသူ | စာအုပ်အမည် | | ရောင်းဈေး |
|---|---|---|---|---|
| ၁။ | မောင်ညိုမှိုင်း | မြွေဝင်စားမခင်မြွေ | | ၁၂၀၀ိ/- |
| ၂။ | (သန်လျင်) | လူထူးဆန်းဘတိုက်ဖုံဦးရာကျော် | | ၁၂၀၀ိ/- |
| ၃။ | ။ | သည်းထိတ်ဆန်းကြယ်ချွေးနတ်ကြီး | | ၁၂၀၀ိ/- |
| ၄။ | ။ | သေရွာငါးကြိမ်ပြန်ခင်ဒေါင်းဇံ | | ၁၂၀၀ိ/- |
| ၅။ | ။ | မြွေဟောက်ဝါးဖြူရောထမင်းသားဗိုးစည်နှင့်ကျောက်ခဲ | | ၁၂၀၀ိ/- |
| ၆။ | ။ | ပြိတ္တာရွာသူမကြွေ | | ၁၂၀၀ိ/- |
| ၇။ | ။ | ကြောင်တစ်ရာသတ်ပြင်းနှင့် အင်းထစ်ထောင်မင်းဝေါင် | | ၁၂၀၀ိ/- |
| ၈။ | ။ | ပရလောကနှင့် ဖြစ်ရပ်ဆန်းကြယ် | ဂမ္ဘီရဝတ္ထုတိုများ | ၁၂၀၀ိ/- |
| ၉။ | ။ | မိစ္ဆာဒိဋ္ဌိမရဏလမ်းကြမ်း | | ၁၅၀၀ိ/- |
| ၁၀။ | ။ | အံ့ဖွယ်နှင့်ဖြစ်ရပ်ဆန်းကြယ် | ။ | ၁၅၀၀ိ/- |
| ၁၁။ | ။ | ကျောယံကြီးငြေ | | ၁၅၀၀ိ/- |
| ၁၂။ | ။ | နတ်မြင်းခွာသံ | ။ | ၁၅၀၀ိ/- |
| ၁[illegible] | ။ | ငြိမ်းဆင်တဲ့လက် | ဝတ္ထုတိုများ | ၁၅၀၀ိ/- |
| ၁၄။ | ။ | ရွှေသုံ့ပြန်လွှမ်းအိမ်သစ် | | ၁၅၀၀ိ/- |
| ၁၅။ | ။ | ချစ်သုံးဆိုင်ရေအော်ထဲတော့တစ်မိတျောင်း | ဂမ္ဘီရဝတ္ထုတိုများ | ၁၅၀၀ိ/- |
| ၁၆။ | ။ | ပြည်ကြီးစည်တီးဝင်တဲ့မိုးကြိုး(အထူးထုတ်လုံးချင်းဝတ္ထု) | | ၃၀၀၀ိ/- |
| ၁၇။ | ။ | စီးငြိမ်းမိုးအဝါအဝင်လျှို့ဝှက်ဆန်းကြယ် | ဝတ္ထုတိုများ | ၁၅၀၀ိ/- |
| ၁၈။ | ။ | နာနာဘာဝဖိုင် | ဂမ္ဘီရဝတ္ထုတိုများ | ၂၀၀၀ိ/- |
| ၁၉။ | ။ | ပြိတ္တာရာသီဖွားနန်းအိမ်ကြို | | ၃၀၀၀ိ/- |
| ၂၀။ | ။ | ချစ်ရည်မြစ်ဝေါ်မှာသောင်မတင်ထဲ့အပြာရောင်ဗေဒါ | | ၁၅၀၀ိ/- |
| ၂၁။ | ။ | လေးမည်ရထွန်းကြိုင် | ဂမ္ဘီရဝတ္ထုတိုများ | ၂၀၀၀ိ/- |
| ၂၂။ | ။ | ဘော့တုန်းပေါ်ထလာတဲ့ဝါးရာ | ။ | ၂၀၀၀ိ/- |
| ၂၃။ | ။ | ဆေးသွားပေါ်မှာထတဲ့ပန်းပွင့် | | ၂၅၀၀ိ/- |
| ၂၄။ | ။ | စိန်စီထကြိုးရေချမ်းအိုး | | ၂၅၀၀ိ/- |
| ၂၅။ | ။ | ရင်ထဲ့ရွှေတျိုးညို | ။ | ၂၀၀၀ိ/- |
| ၂၆။ | ။ | ပြိတ္တာရေဆန် | | ၂၀၀၀ိ/- |
| ၂၇။ | ။ | ဝံပုလွေဝန်းပျက်ရသေ့ကြီးနှင့် အရိန္ဒမာရွှေလုံလက် | | ၂၀၀၀ိ/- |
| ၂၈။ | ။ | သိဂ်ဳါရမြွေဆိပ် | | ၃၀၀၀ိ/- |
| ၂၉။ | ။ | ငှက်ကြီးတောင်ဘချမ်း | ဂမ္ဘီရဝတ္ထုတိုများ | ၃၀၀၀ိ/- |
| ၃၀။ | ။ | စောရနက္ခတ်ကြောင်နယ်နှစ်ထောင် | | ၃၀၀၀ိ/- |
| ၃၁။ | ။ | ရွှေပြည်ဝင်ရထွေးစိုးအိုးစည် | | ၁၅၀၀ိ/- |
| ၃၂။ | ။ | နယ်ပျက်စိမောင်စုန် | ဂမ္ဘီရဝတ္ထုတိုများ | ၂၀၀၀ိ/- |
| ၃၃။ | ။ | မားတျိုးလိုလုံဒွေ စံဖေတဲ့ထော | | ၂၅၀၀ိ/- |
| ၃၄။ | ။ | နရသိန်ပြန်အိပ်မတ်ရှား | ဝတ္ထုတိုများ | ၂၀၀၀ိ/- |
| ၃၅။ | ။ | သေခင်း | | ၂၅၀၀ိ/- |

www.burmeseclassic.com

www.burmeseclassic.com

| စဥ် | စာရေးသူ | စာအုပ်အမည် | ရောင်းဈေး |
|---|---|---|---|
| ၃၆။ | ဓာင်ညိုမိုင်း | ထစ္ဆေသချိုင်းကုန်း | ၂၅၀၀/- |
| ၃၇။ | (သန်လျင်) | ဂမ္ဘီရမိုင် | ၂၀၀၀/- |
| ၃၈။ | ။ | အစိမ်းမိုးရှော်(ပထမပိုင်း) | ၂၅၀၀/- |
| ၃၉။ | ။ | အစိမ်းမိုးရှော်(ဒုတိယပိုင်း) | ၂၅၀၀/- |
| ၄၀။ | ။ | ဘီလူးခေါင်းဖြတ်သချိုင်း (ပထမပိုင်း) | ၂၅၀၀/- |
| ၄၁။ | ။ | ဘီလူးခေါင်းဖြတ်သချိုင်း (ဒုတိယပိုင်း) | ၂၅၀၀/- |
| ၄၂။ | ။ | ဦးကမ္ဘာလျှံဂရုန်ဆရာစံ ပြန်လာလိမ့်မည်ဟေ့ | ၁၅၀၀/- |
| ၄၃။ | ။ | ဆင်ဓနင်းဘုန်းတော်ကြီး | ၂၅၀၀/- |
| ၄၄။ | ။ | မိုးခေါင်ကျော်စွာ | ၁၃၀၀/- |
| ၄၅။ | ။ | သိုက်ကြိုး | ၁၈၀၀/- |
| ၄၆။ | ။ | ကျည်ဆန်ခြောက်တောင့်နှင့် လက်ဗွားဆိုင် | ၂၅၀၀/- |
| ၄၇။ | ။ | သချိုင်းစောင့်ဦးပေါက်တူး | ၁၈၀၀/- |
| ၄၈။ | ။ | လင်မုန်းဘုရင်မဝန်ထွာ (ပထမပိုင်း) | ၁၈၀၀/- |
| ၄၉။ | ။ | လင်မုန်းဘုရင်မဝန်ထွာ (ဒုတိယပိုင်း) | ၁၈၀၀/- |
| ၅၀။ | နေမိုးသော် | ရွှေနေမလေးမေစံရှားနှင့် ဝတ္ထုမြားဖြစ်သွားတဲ့သွေး | ၇၀၀/- |
| ၅၁။ | ။ | ၂။ ။ ထတိယမျက်လုံး | ၇၀၀/- |
| ၅၂။ | ။ | ၃။ ။ ထပေမပေဟသီဇော်ဒေဝီ | ၇၀၀/- |
| ၅၃။ | ။ | ၄။ ။ သံသထသံခြေချင်းနဲ့လူ | ၇၀၀/- |
| ၅၄။ | ။ | ၅။ ။ သိဒ္ဓိဆောင်မထိဒ္ဓိဆရာအောင် | ၇၀၀/- |
| ၅၅။ | ။ | ၆။ ။ သေရွာပြန်တို့၏တြေးရှင်းပွဲ | ၇၀၀/- |
| ၅၆။ | ။ | ၇။ ။ သည်းထိတ်ဖိုဖိုညာဥ်များအသံ | ၇၀၀/- |
| ၅၇။ | ။ | ၈။ ။ သတ်တွင်းထဲမှာတိုးနာရီ | ၇၀၀/- |
| ၅၈။ | ။ | ၉။ ။ သွေးစွန်းသောနှလုံးသားများရာဇဝင် | ၈၀၀/- |
| ၅၉။ | ။ | ၁၀။ ။ သုညကိုးခြောက်ရွှေဖင့်ကူ | ၁၀၀၀/- |
| ၆၀။ | ။ | ၁၁။ ။ ဟောင်ထောင်ဂျတ်မ မြနှင်းဆီ | ၁၂၀၀/- |
| ၆၁။ | ။ | ၁၂။ ။ သဓာမိဓောင်ရှင် | ၁၂၀၀/- |
| ၆၂။ | ။ | ၁၃။ ။ သုန္ဒရီဆယ့်နှစ်ကြိုး | ၁၂၀၀/- |
| ၆၃။ | ။ | ၁၄။ ။ သစ္စာမခြောက်သားတောင် | ၁၂၀၀/- |
| ၆၄။ | ။ | ၁၅။ ။ မုဆိုးမသုံးယောက်အမှု | ၁၂၀၀/- |
| ၆၅။ | ။ | ၁၆။ ။ သေနဝံမှားသောကျား(အထူးထုတ်) | ၂၅၀၀/- |
| ၆၆။ | ။ | ၁၇။ ။ နယ်စားမြင်းဓောင်တင်း | ၁၂၀၀/- |
| ၆၇။ | ။ | ၁၈။ ။ အာနိုးတို့ဆရာထဝည် | ၁၂၀၀/- |
| ၆၈။ | ။ | ၁၉။ ။ တဏှာပိုင်နစ်သောဖျံများ | ၁၅၀၀/- |
| ၆၉။ | ။ | ၂၀။ ။ သံမဏိတိုက်ဓောင်း | ၁၅၀၀/- |
| ၇၀။ | ။ | ၂၁။ ။ သွေးစုပ်ဖုတ်တောင် | ၁၅၀၀/- |
| ၇၁။ | ။ | ၂၂။ ။ ဝံပုလွေခင်းသဘီး | ၁၅၀၀/- |
| ၇၂။ | ။ | ၂၃။ ။ သောနတ္တိုနှင့် စူဠသုဘဒ္ဒာများ | ၁၅၀၀/- |

| စဥ် | စာရေးသူ | စာအုပ်အမည် | ရောင်းဈေး |
|---|---|---|---|
| ၇၃။ | နေမိုးသော် | ရွှေနေမလေးမေစံရှားနှင့် ထာမဘုံသားဆိုလည်နှား | ၁၅၀၀/- |
| ၇၄။ | ။ | ၂၅။ ။ သံလက်ကောက်ဘဂျမ်း | ၁၅၀၀/- |
| ၇၅။ | ။ | ၂၆။ ။ တံကြမ္မာထားစားပွဲ | ၁၅၀၀/- |
| ၇၆။ | ။ | ၂၇။ ။ သေမင်း၏သထင်းပို့သံ | ၁၅၀၀/- |
| ၇၇။ | ။ | ၂၈။ ။ နံရုံထဲကနား | ၁၅၀၀/- |
| ၇၈။ | ဓောင်မှူးကြီးသိန်းဇင်း | ဓောက်ထွင်းဝိဇ္ဇာတျော်ကြီး | ၁၀၀၀/- |
| ၇၉။ | ။ | ၂။ ပြဒါးရှင်မြင့်ဦး | ၁၀၀၀/- |
| ၈၀။ | ။ | ၃။ ပုဝံမြို့ဟောင်းမှလွမ်းဝံပြင် | ၁၂၀၀/- |
| ၈၁။ | ။ | ၄။ တျွန်တော်နှင့်ဟောင်စခန်းများ | ၁၂၀၀/- |
| ၈၂။ | ။ | ၅။ ပဋ္ဌာန်းဆက်ဝတ်ပါ | ၁၂၀၀/- |
| ၈၃။ | ။ | ၆။ ဆင်ဦးစီးရဲဘတ်မုဆိုးပြောသောဇာတ်လမ်းများ | ၁၂၀၀/- |
| ၈၄။ | ။ | ၇။ ဣဿိရှုပ်ဇာလံ | ၁၂၀၀/- |
| ၈၅။ | ။ | ၈။ ငဓောတ်မိဗုရားပဏ္ဍာမြားကြီး | ၁၂၀၀/- |
| ၈၆။ | ။ | ၉။ ဝိုင်းစိန်မနှင့်ဟောင်တွင်းဝတ္ထုတိုများ | ၁၂၀၀/- |
| ၈၇။ | ။ | ၁၀။ ထုံငယ်ဝရတနာသိုက် | ၁၂၀၀/- |
| ၈၈။ | ။ | ၁၁။ အင်ဂျန်းယန်ကပျားဘုရင်မ | ၁၂၀၀/- |
| ၈၉။ | ။ | ၁၂။ ဂမ္ဘီရဆန်သောဟောင်ထောက | ၁၂၀၀/- |
| ၉၀။ | ။ | ၁၃။ လူဝင်စား | ၁၂၀၀/- |
| ၉၁။ | ။ | ၁၄။ လက်စားချေခြင်းသည်ပျားရည်လိုချိုမြိန် | ၁၂၀၀/- |
| ၉၂။ | ။ | ၁၅။ ဂမ္ဘီရဝက်ပါ | ၁၂၀၀/- |
| ၉၃။ | ။ | ၁၆။ အဖန်ငါးရာငါးကမ္ဘာတိုဝကြောက်တြသူများ | ၁၅၀၀/- |
| ၉၄။ | ။ | ၁၇။ သစ်တောအရေးပိုင်ဦးနေအောင်နှင့်ထောတွင်းဆန်း | ၁၅၀၀/- |
| ၉၅။ | ။ | ၁၈။ ဓောတ်ထွင်းဝိဇ္ဇာရတနာမုဆိုးများ | ၁၅၀၀/- |
| ၉၆။ | ။ | ၁၉။ ဖြိုးဖြတ်မွေ့သောစနေအိမ်ကြီး | ၁၅၀၀/- |
| ၉၇။ | ။ | ၂၀။ ငါးပေါက်တွင်းရတနာသိုက် | ၁၅၀၀/- |
| ၉၈။ | ။ | ၂၁။ တစ်ပွဲစားမုဆိုးအင်နီ | ၁၅၀၀/- |
| ၉၉။ | ။ | ၂၂။ သွားသတ်ရှည်နှင့်ဝိဇ္ဇာသားများ | ၁၅၀၀/- |
| ၁၀၀။ | ။ | ၂၃။ မှန်စီရွှေချသိုးသိုးကြီး | ၁၅၀၀/- |
| ၁၀၁။ | ။ | ၂၄။ မြိုင်ထလေးတစ်ပွဲစားဦးကုလား | ၁၅၀၀/- |
| ၁၀၂။ | ။ | ၂၅။ ဝ .ထ .က .လ .သ | ၁၅၀၀/- |
| ၁၀၃။ | ။ | ၂၆။ စိတ်ရိုင်းတောင်းသော လူပေလူရှုတ်ကြီးများ | ၁၅၀၀/- |
| ၁၀၄။ | ။ | ၂၇။ ဟောင်မှူးဘဝ အမှတ်တရလေးများ | ၁၅၀၀/- |
| ၁၀၅။ | ။ | ၂၈။ နှောင်းခေတ်ဟောင်းမှုဝံ့ရိဝ်များ | ၁၅၀၀/- |
| ၁၀၆။ | ။ | ၂၉။ မြန်မာနိုင်ငံအကျဉ်းထောင်၏နောက်ခံသမိုင်း | ၁၅၀၀/- |
| ၁၀၇။ | ။ | ၃၀။ နတ်ဆိုးကျိန်စာတျိန်း | ၁၅၀၀/- |
| ၁၀၈။ | ။ | ၃၁။ အတိတ်ဘဝက ပဋ္ဌာန်းဆက်အိပ်မက် | ၁၅၀၀/- |
| ၁၀၉။ | ။ | ၃၂။ သစ်တောအရေးပိုင်ဦးနေအောင်နှင့် ရှာဝုန်းများ | ၁၅၀၀/- |

www.burmeseclassic.com